
www.burmeseclassic.com

# လမင်းရိုရို




## နောင်တစ်သက်လုံး မကြုံချင်

www.burmeseclassic.com

NYNY

www.burmeseclassic.com

# လမင်းမိုမို

## နောင်တစ်သက်လုံးမကြုံချင်


စာမူခွင့်ပြုချက်အမှတ် - ၁၅၃၃/ ၂၀၀၃ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၄၈/ ၂၀၀၃ (၁၀)

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊


BURMESE CLASSIC



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com







# ယမင်းမိုမို

## နှောင်တစ်သက်လုံး
## မကြုံချင်


စိစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ရွှေဘုန်းလက်ျာ ...

... ဆိုသော လူငယ်ကလေးဟာ မွေးကတည်းကစ၍ အဘွား၊ ကြီးတော်၊ အဒေါ်၊ အမေ၊ အစ်မတို့ရဲ့ သည်းသည်းလှုပ် အလိုလိုက် ပြုစုယုယ ဖူးဖူးမှုတ်ခံတာ ကြီးပြင်းအရွယ်ရောက်ခဲ့ရသည့် လူငယ်ကလေး ဖြစ်ပါသည်။

မွေးကတည်းက ငယ်စဉ်ကာလမှာ တချူချူ တချာချာနှင့် ပိုးမွေးသလို မွေးခဲ့ရသည်ဖြစ်ရာ အိမ်ရှိလူကုန် ဘယ်တစ်ယောက်ကမှ သူ့ကို မျက်နှာတစ်ချက် အညိုမခံခဲ့ကြပေ။ လိုချင်တာကို ချက်ချင်း၊ ဖြစ်ချင်တာကို ချက်ချင်း၊ ပူဆာသမျှ အစစ အရာရာ ချက်ချင်း၊ အလိုဆန္ဒ ပြည့်ဝပြီးမြောက်စေခဲ့သည် သာမက ချထားစရာ နေရာမရှိလောက်အောင် အသည်းပိုပို အရိပ်ကြည့်ခံခဲ့ရသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က ချောင်းဆိုးရင်ကျပ်ရောဂါနှင့် ထစ်ခနဲရှိ ဆေးရုံကို အပြေးပြေးခဲ့ရသည်က ဆယ်နှစ်သားလောက် အရွယ်အထိ။ နည်းနည်း အရွယ်ရလာတော့ ကျန်းမာရေး တိုးတက်ကောင်းမွန်လာသော်လည်း ဖခင် ကွယ်လွန်ကာ ဖတဆိုးလေး ဖြစ်ရပြန်သည်နှင့် အသနားပို အလိုလိုက်ကြရပြန်တာပင်။

သုံးနှစ်ကြီးသည့် အစ်မရင်း မြကြာဖြူနှင့်ပင် အခွင့်ထူးခံရတာခြင်း မတူ။ အမျိုးထဲလည်း ယောကျ်ားလေး နည်းပါးရှားပါးလှ၍ ဤသားယောကျ်ားလေး တစ်ယောက်ကို ထားစရာနေရာကို မရှိပါ။ ကိုးတန်း ဆယ်တန်း ရောက်သည်အထိ ထမင်းခွံ့ကျွေးတာ ခံရတုန်းတည်း။

သူ့ အခွံ့ခံချင်လည်းခံ၊ မခံချင်လည်းခံ။ သူ့ကို ထမင်းခွံ့မည့် သူတွေက တစ်ယောက်မက အသင့်ရှိနေသည်။ ခြေနှစ်ချောင်းကို မြေပေါ်ချပြီး ခြံတစ်လျှားစာလောက် လျှောက်ဖူးသည်ပင် အတော်ရှားပါသည်။

"သားလေး ... အဲဒါမကိုင်နဲ့ လွှတ်ကျကွဲပြီးရှမယ်"

"သားလေး ... ဒန်းသိပ်မလွဲနဲ့ လိမ့်ကျမယ်"

"သားလေး ... ခြံထောင့်မသွားနဲ့ မြွေဂါးကင်းပါး"

"သားလေး ... စက်ဘီးမစီးနဲ့ ချော်လဲမယ်"





ဤအသံများကား တစ်ဦးမဟုတ် တစ်ဦးထံမှ ညံစာ ထွက်ပေါ်နေတတ်ပါသည်။ ကြက်မောက်သီးကို ကိုယ့်ဘာသာ ခွာမစားရဘဲ အခွံခွာပြီးသော အသားဖတ်တွေ ဖဲ့ပုံ၍ အစွင်းက အစေ့ထုတ်ပြီးမှ ထိုအသားဖတ်တွေကို ဇွန်းနှင့် ကလော်ခတ်စားခွင့်ရှိပါသည်။

စပျစ်သီးက အစ အစေ့ထုတ်ပြီးမှ ကျွေးသည်။ ဟင်းချက်လျှင် ရွှေဘုန်းလက်ျာ အတွက် စပါယ်ရှယ်။ ကလေးကို ကျွေးသလို ကြက်ဥကြော်၊ ဝက်အူချောင်းကြော်၊ အာလူးကက်တလိပ်၊ ငါးကြော် အရိုးနွှင်ပြီးသား။ ကြက်၊ ဝက် ဆိုလျှင် ပြုတ်ကြော် အဖြူထည် ခပ်နူးနူး။

နေကြာစေ့ မစားရ၊ သွေးကျဲမည်။ ဆားငန်စေ့ မစားရ၊ အစေ့တစ်မည်။ ဆီးသီးထုပ် မစားရ၊ ဆိုးဆေးပါသည်။ ဟိုဟာမစားရ အစာမကြေ။ ဒီဟာမစားရ အကြောတက်မည်စသည်နှင့်ပင် လောကဥ္စ ရွှေဘုန်းလက်ျာ မစားဖူးတာတွေ အများကြီး။

ပြင်းပြင်းထန်ထန် မဆော့ရ၊ လေးလေးပင်ပင် မသယ်ရ၊ ပင်ပင်ပန်းပန်း ဘာမှမလုပ်ရ စသည့် ပညတ်ချက်တွေနှင့် ပိုးတောင့်တဲကလေးလို ဖြူဥဥ နူးညံ့ညံ့ ကြီးပြင်းခဲ့ရသော ဤလူငယ်ကလေး အခြောက်ဖြစ်မသွားခဲ့တာသည်ပင် အလွန်တရာကံကောင်းသည် ဆိုရပေမည်။

www.burmeseclassic.com



ဆယ်တန်းအောင်ပြီးတဲ့နောက်မှာ အရွယ်ရောက်လာသော လုပို့ပေါက်ကလေးဟာ သူ နေရထိုင်ရပုံ ဘဝကို အီနောက်ငြီးငွေ့လာပါသည်။ သူလုပ်ချင်တိုင်း မလုပ်ရ၊ သွားချင်တိုင်း မသွားမလာရ။ အစားအသောက်ကအစ အချိန်မှန်မှန် တိတိကျကျ ပုံစံခွက်ထဲက ဖြူဖပ်ဖြူရော်တွေ။

ရွယ်တူကောင်လေးတွေ ကားတဝီဝီ မောင်းချိန်တွင် သူ့မှာ သွားလိုရာကို ဒရိုင်ဘာကြီးတစ်ဦးနှင့်သာ သွားခဲ့ရပြီး ကားမောင်းကို သင်ခွင့်ပင် မရခဲ့ပါ။ ခိုးသင်မိတာကို မိသွားပြီး အလိုတူအလိုပါ ဒရိုင်ဘာကြီးပါ အလုပ်ဖြုတ်ခံလိုက်ရ၍ နောက်ဒရိုင်ဘာတွေ လက်ထက်မှာ ငဲ့ညှာဆင်ခြင်စွာ ကားမောင်းခိုးမသင်ဝံ့တော့ပါ။

ကဲ ... ဘွဲ့ရပြီးတော့ရောတဲ့ ...။ ဟိုအလုပ်လည်း မလုပ်စေချင်ကြ၊ ဒီအလုပ်လည်း ပင်ပန်းမှာ စိုးရိမ်ကြနှင့် ဘာမှ လုပ်ခွင့်မရ။ ဘိုးစဉ်ဘောင်ဆက် စိန်သူဌေးများဖြစ်၍ အဘွားကြီးတော်၊ အဖေ၊ အမေ အားလုံး ဒီအလုပ်သာ လုပ်ကြဆဲဖြစ်ရာ စီးပွားရေးကိုလည်း ထူး၍ရှာစရာ မလိုလေရာ၊ သားလုပို့အတွက် လုပ်ငန်းတစ်ခုခု စဉ်းစားထူထောင်ပေးဖို့လည်း စိတ်မကူး နားမလည်။





ထိုင်နေရာမှ တစ်ချက် လှုပ်ရှားမိလျှင် ...

"သားလေး ... ရေသောက်ချင်လို့လား၊ မိပုရေ ... ရေတစ်ခွက်ပေး၊ သိပ်လည်း မအေးလွန်းနဲ့၊ ရေပူလည်း မဖြစ်စေနဲ့၊ အနေတော် စပ်ယူခဲ့"

"ရေမသောက်ချင်ပါဘူး"

"သောက်လိုက်ပါ သားလေးရယ်၊ ရာသီဥတုကပူတယ်၊ ရေလေးသောက် ရှူးလေးပေါက် မှန်မှ"

သူ့မှာ လှုပ်ပင်မလှုပ်ဝံ့လှတဲ့ အနေအထားပင်။ သူ့ရဲ့ လှုပ်ရှားမှု ဟန်မူရာ သွင်ပြင်ပေါ်၌ အကောက်အယူလွဲကာ သူ့မှာ မလိုအပ်ဘဲ ဖြည့်ဆည်းခံရတာတွေသည်လည်း မနည်းမနော။

သူငယ်ချင်း အပေါင်းအသင်းဆိုလည်း အိမ်ကစိစစ်ရွေးချယ်လွန်း၍ သူ့၌ များများစားစား မရှိ။ အိမ်ကလူတွေ စိတ်ချကြည်ဖြူနိုင်သော မျက်မှန်ထူနှင့် စာကြမ်းပိုး အူကြောင်ကြောင် သူငယ်ချင်းကလေး "စန်းလွင်" ဆိုတာ တစ်ယောက်မျှသာ သူ့၌ ချို့ငဲ့စွာ ပိုင်ဆိုင်ပါသည်။

ဟိုကောင်လေးက စီးကရက် သောက်တတ်လို့၊ ဒီကောင်လေးက လမ်းသူရဲဆန်လို့၊ ဟိုတစ်ယောက်က သူ့စိတ်သို့သဘော သူဆောင်ကာ လူကြီးမိဘ သိပ်အရေးအရာ မထားလို့၊ ဒီတစ်ယောက်ကတော့ လည်ပတ် ရည်းစားများလွန်းလို့။ ဤ

www.burmeseclassic.com



အကြောင်းပြချက်တွေနှင့် သူ့ ကျောင်း၌ ခင်မင်လာသော သူငယ်ချင်းတွေကို မျက်နှာထိ မျက်နှာထားနှင့် မကြိုက်သလို သဘောမကျသလို ဆက်ဆံပါ များသောအခါ ကိုယ့်ထမင်း ကိုယ်စားနေသည့် ထိုကောင်လေးများကလည်း ဤကြီးဒေါ်၊ အမေတို့ကြောင့် သူ့ကို တစ်စစ ခွာကျဉ်သည်။

ကျောင်းမှာ ပြောဆိုဆက်ဆံသော်လည်း အိမ်မလာကြ။ အပြင်လည်း မခေါ်ကြ။ ခေါ်လည်း အိမ်ကထည့်မှာမဟုတ်။ ဤသို့နှင့် သူ့မှာ ရွယ်တူယောကျ်ားလေး သူငယ်ချင်းအရင်းပင် မရှိခဲ့ပါ။ ရွှေဘုန်းလက်ျာကို တစ်အိမ်လုံးက မိန်းကလေးတစ်ယောက်ကို ထိန်းကျောင်း ချုပ်ချယ်သည်ထက်ပင် ပို၍ မျက်စိဒေါက်ထောက် အရိပ်ကြည့်သည်။

ဒီမြေး၊ ဒီတူ၊ ဒီသား၊ ဒီမောင်ကို မဟုတ်တရုတ် ဖြစ်သွားမှာ၊ ပျက်စီးမှာ၊ လူပေါင်းမှားမှာကို လိုတာထက်ပို၍ အလွန်အမင်း စိုးကြောက်ပူပန်ကြပါသည်။

ကိုယ်တိုင်က ရိုးရိုးအေးအေး ကုပ်ကုပ်လေး နေရသော်လည်း အရွယ်ရောက်သော လူပျိုလူချောကလေး ရွှေဘုန်းလက်ျာ ဆိုသည်မှာ သူဌေးမြေး၊ သူဌေးသား လူလိမ္မာကလေးရယ်လို့ ကြားသိကြသော ရွယ်တူ ကာလသမီး အသိုင်းအဝိုင်းကလည်း ရှိပါသေးသည်။





ဘယ်ကဘယ်လို ရသည်မသိသော ဖုန်းနံပါတ်နှင့် အိမ်ကို စမ်းသပ်ဖုန်းခေါ်ကြည့်ကြတဲ့ ကောင်မလေးတွေ မရှား။ သူတို့တစ်တွေသည် အိမ်က သည်းသည်းလှုပ် အဘွားကြီးတွေရဲ့ အော်ဟစ် မောင်းမဲမှုကို ခံရအပြီး၌ "ဂွပ်"ခနဲ နားကွဲလုမတတ် အသံမျိုးနှင့် ဖုန်းဆောင့်ချပစ်ခြင်းကိုသာ လက်ခံရလေ့ ရှိပါသည်။

"ဘယ်လိုဟာတွေလဲဟော့၊ ဟင် ... အရှက်မရှိ အကြောက်မရှိတွေ၊ ယောကျ်ားလေးအိမ် ညည်းတို့ ဖုန်းဆက်စရာလား၊ ညည်းတို့မိဘတွေ မဆုံးမဘူးလား၊ ဘာအကြောင်းမှ မရှိဘဲနဲ့ ဖုန်းလိုက်ဆက်နေတာ မရှက်ကြဘူးလားဟေ့"

ဤစကားမျိုးတွေ ဖုန်းထဲ အော်ဟစ်ထည့်တတ်ကြသည်။ တချို့ ခပ်ဆိုးဆိုး ခပ်ရဲရဲ မိန်းကလေးများဆိုလျှင် "ဥစ္စာစောင့်နေတဲ့ အဘွားကြီးတွေ"၊ "ဒီလောက် ဖြစ်နေရအောင် အန်တီတို့တူ ရွှေဘုန်းလက်ျာက ရွှေမှုန့်စား မွေးတာမို့လား၊ ရွှေထွက်နေတာမို့လား"နှင့် ပြန်လှန် ရန်လုပ်သွားတတ်ကြပါသည်။

ဤသို့ မိန်းကလေးများနှင့် တိုတိုထွာထွာရှိ၍ သူ့ကို မိန်းမ မယူစေချင်ကြဟုလည်း ထင်လျှင် မှားပြန်ဦးမည်ပေ။ သူတို့ဟာနှင့် သူတို့တော့ ရွှေဘုန်းလက်ျာနှင့် ထိုက်တန်မည့်တယ်



www.burmeseclassic.com

www.burmeseclassic.com



သော သတို့သမီးလောင်းကို နား မျက်စိ ဖွင့်စွင့်၍ ရှာဖွေကြသည်မှာ သူ ဘွဲ့ရပြီးသည့်နှစ်က စ၍ပင်။

သူသည် အသက်နှစ်ဆယ့်တစ်တွင်းမှာ ကျောင်းပြီး၍ အခုတော့ နှစ်ဆယ့်သုံးနှစ် ရှိပါပြီ။ နှစ်နှစ်အတွင်း သူ့ဘဝသည် ဘာမှ အရည်မရ အဖတ်မရ။ သူငယ်ချင်းတချို့ ဘယ်သူ ဘာ အလုပ်လုပ်နေသည် သတင်းကြားရ၍ သူလည်း အတူပါချင် စပ်တူလုပ်ချင်စိတ် သုံး၊လေးကြိမ် ဖြစ်ဖူးသည်။ ခွင့်တောင်းဖူးသည်။ ပယ်ချခံရသည်ချည်းပင်။

"သူများနဲ့ သွားစပ်လုပ်ရင် သားလေးက ရိုးရိုးအေးအေး အအလေး၊ မင်းကို ကလိမ်ကျပြီး မင်းဟာတွေ အုပ်စီးသွားကြမှာပေါ့၊ မင်းကို လူလည်ကျသွားကြမှာချည်းပဲ သားလေးရဲ့"

"လူတိုင်းကလည်း ကလိမ်ကကျစ်တွေ မဟုတ်သေးပါဘူး ကြီးကြီးရာ"

"နဂိုက ကလိမ်ကကျစ် မဟုတ်တောင် သားအ,မှန်းသိရင် ထိပ်ကွက်ချင်မှာပဲ၊ လူ့စိတ်ဆိုတာ လွယ်ရင် သူကြွယ်တောင် မနေဘူး ဆိုသလိုပေါ့၊ လုပ်လို့ရမဲ့သူမှန်း သိရင် လုပ်ချသွားကြမှာ"





"လုပ်လို့ရတဲ့သူ" ဆိုကဲ့ အနေမျိုးဖြစ်အောင် တစ်အိမ်လုံး ဝိုင်းလုပ်လာကြတာတွေ၊ သူ့မကျေနပ်မှုတွေကို တရှည်ကြီးများ ပြန်ပြောမနေချင်တော့ပေ။ မကြာခဏ ဆိုသလို သူ့ဘဝကို မကျေနပ်ခြင်း မပျော်ပိုက်ခြင်း၊ ကျဉ်းကျပ်ဆင်းရဲခြင်းတွေ ခံစားရမိပေမဲ့ အခါခပ်သိမ်း သူ မပြောမိပေ။

သူ့ရဲ့ အားနည်းချက်မှာ သူ့ကို တုန်အောင် ပုံချစ်နေကြသော အဘွား၊ ကြီးတော်၊ အဒေါ်၊ အမေ၊ အစ်မတို့ စိတ်မဆင်းရဲစေလိုခြင်းပင်။ သူ နည်းနည်းလေး တစ်ခွန်းပြောမိလျှင် ချက်ရည်ပေါက်ကြီးငယ်ကျ၍ ဝမ်းနည်းတွတ်ကြသော ဒီအဘွားကြီးတစ်စုကို သူက ကြင်နာငဲ့ညှာနေမိပေသည်။

ခုနောက်ပိုင်းတော့ သူ့ထက် သုံးနှစ်သာကြီးသော မမမြကြာဖြူဟာ ခေတ်လူငယ်သာမို့ သူ့ဘက်က ကြည်မြင်နားလည် ကိုယ်ချင်းစာပေးနိုင်ကာ သူ့အတွက် တစ်ခွန်းတလေ ဝင်ပြီး အရေးဆိုပေးတတ်ပါသည်။ ဤအခါတွင် မမကို တစ်အိမ်လုံးဝိုင်း၍ ဆူပူမောင်းမဲကြသည်မှာ မမ ခမျာ ခေါင်းဖော်မရလောက်အောင် ဖြစ်ရတတ်သည်။

မမက တက္ကသိုလ်က နည်းပြဆရာမလေး တစ်ယောက် ဖြစ်ပါသည်။ မမလို မိန်းကလေး တစ်ယောက်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပအလုပ်ဝင်လုပ်ခွင့် ပြုထားပါလျက် သူ့ကိုကျမှ ဘာမှမနိုင်းစေရက်၊ မလုပ်စေရက်အောင် ဖြစ်နေကြတာဟာ သူ့ကုသိုလ်ကံကြမ္မာကြောင့်ဟုသာ ပုံချရတော့မှာ။

သူ့ကိုမှ ဆည်းသည်းလှုပ်ချစ်ကြ၊ စိုးရိမ်ကြ၊ ပူပန်ကြ၊ ထားစရာမရှိ ဖြစ်ကြကာ မမကိုတော့ သာမန်မျှသာ။ မမ အရေးအရာတို့ကို အိမ်က သိပ်စိတ်ဝင်တစား မရှိကြပါ။ ဤအခြေအနေကို သားက မိတ်ဆွေအသိုင်းအဝိုင်းတို့လည်း မြင်တွေ့အံ့အားသင့်ကြပါသည်။

ငယ်စဉ်က ချူချာခဲ့တာ မှန်ပေမဲ့ ခုချိန်မှာ သူဟာ ကျန်းမာရေးကောင်းသော မာမာချာချာ ထွားထွားကျိုင်းကျိုင်း လူပျိုကြီး တစ်ယောက်ပင်။ ခုထိ သူ့ကို ခြောက်နှစ်သားလေးလို ပိုးမွေးသကဲ့သို့ မွေးတုန်း။ ယုယတုန်း။

အများနှင့် စပ်တူအလုပ် မလုပ်ရလျှင်လည်း ကိုယ်ပိုင်အလုပ်တစ်ခုခု လုပ်ခွင့်ရဖို့ သူ ပြောဖူးသည်။

“သားလေးက ဘာမှ မလုပ်တတ်ပါဘူးကွယ်၊ ရိုးရိုးအေးအေးလေး”

ဤစကားကြောင့် သူ ဒေါသလည်းဖြစ် ဝမ်းလည်းနည်းရသည်။ ငယ်စဉ်ကတော့ ဤအဖြစ်အတွက် သူ ဤမှ



ဒေါသမထွက်တတ်။ အဲသလို ငြိမ်သက်ခံယူနေလိုက်တဲ့ အကျင့်ကြီးက ပါနေပြီ။ ခုနောက်တော့ ကျောင်းပြီးကတည်းက ဘာမှအဓိပ္ပာယ်မရှိတဲ့ သူ့ဘဝကို သူ အတော်ခံစားရ ခက်လာသည်။

ရွှေဘုံပေါ် အခွင့်ထူးခံကာ စံနေရမည့်အစား ဆင်းရဲစုတ်ပြတ် ငတ်ပြတ်ချင် ငတ်ပြတ်ပါစေ၊ ကူလီပဲ ဝင်ထမ်းရထမ်းရ လောကကြီးထဲ တစ်ယောက်တည်း ပျံသန်းခုန်ကွက်လွှင့် စွန့်စားထွက်ချင်လှသည်။ မလုပ်ဖြစ်သေးတာသည် သူ့အားနည်းချက်ကြောင့်။

သူဟာ လိုအပ်တာထက်ပို၍ ကျိုးနွံလိမ္မာသော ယောက်ျားလေးတစ်ယောက် ဖြစ်နေရာ လူကြီးတို့ကို အာခံဖို့အတော်ခက်ခဲပါသည်။ ဤသနားငဲ့ညှာနေမိစိတ်ကြောင့် သူ့ဘဝကြီးဟာ အဓိပ္ပာယ်မဲ့ မျောနေရသည်။

အားလုံး စိစစ်ရွေးချယ်ပေးထား၍ ဆန်ကာတင်ဆိုင်းနေရသည့် စန်းလွင် ဟာလည်း သူနှင့် မတိမ်းမယိမ်းလိုက်အောင် ရိုးအေးလိမ္မာ ကြောက်ရွံ့တတ်သူပင်။ စန်းလွင် ပင်လျှင်တော့ သူ့အဖေ ပွဲရုံ၌ ဝင်လုပ်နေရပြီ။ သူက စန်းလွင်ကို ရင်…ကာ သူ လွတ်လပ်ခွင့်ရဖို့ ကူညီနိုင်လို ကူညီနိုင်ငြား စကား…တိုင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မလုပ်နဲ့ကွ၊ ကြီးကြီးတို့ကို ကြောက်တယ်ကွ။ ငါ့ကို ဆူမှာပေါ့၊ မင်းကို ဖျက်ဆီးတယ်၊ မြှောက်ပေးတယ် ပြောမှာပေါ့၊ ငါ့အဖေကို လှမ်းတိုင်ရင် ငါပါ နေရင်းထိုင်ရင်း ငါ့အဖေ သယ်တာ ခံရပါဦးမယ်၊ အိမ်မှာ အေးအေး ဇိမ်နဲ့ နေပါကွာ"

ဤသို့သော စန်းလွင် ဖြစ်ရာ ဘာမှအားကိုးမရ။ သူဟာ မိန်းမတစ်ယောက်လောက်ပင် အသုံးမတည့် လူဖြစ်ကာ မနပ်သော လူပိုတစ်ယောက်လို ခံစားနေရခြင်းဟာ သူ့ကို တစ်စ တစ်စ နှိပ်ကွပ်သတ်ဖြတ်လာပါသည်။ တဖြည်းဖြည်းနှင့် သူဟာ ဘာကိုမှ ဘယ်လိုမှ မပျော်ပိုက်နိုင်လောက်အောင် လူရာမဝင် ခံစားလာရကာ ဤဘဝက လွတ်ဖို့ ကျွတ်ဖို့ကိုပဲ ကြံစည်ရင်း ကိုယ့်ဟာကိုယ် ပယ်ဖျက်ရင်း အချိန်တွေ ကုန်လာသည်။





အညွှန့် ...

... ဆိုသော မိန်းကလေးတစ်ဦးသည် ငယ်ရွယ်စဉ် ကတော့ မရှိမရှား လူတန်းစားဘဝ၌ ကိုယ်စိတ်နှစ်ပါး လုံခြုံစွာ ကြီးပြင်းခဲ့ရသည့် သူပါ။ သူ့မှာ အထွင့် ဆိုသည့် မောင်လေးတစ်ယောက် ရှိပါသည်။ မောင်ကလေးဟာ သူ့ထက် ခုနစ်နှစ် ငယ်သည်။

အခု ... အညွှန့် အသက်နှစ်ဆယ် ရွယ်မှာ အထွင့်က ဆယ့်သုံးနှစ်သား ကျော်ကျော်ပဲ ရှိပါသေးသည်။ မောင်ကလေးကို အညွှန့် သနားသည်။ အညွှန့် အလှည့်တုန်းက ဆယ်တန်းလောက် ရောက်တဲ့ထိ ဘာအပူအပင် သောကမှ မရှိခဲ့ရ။ ဖေဖေဟာ အညွှန့် ဆယ်တန်းနှစ်မှာ စတင်ဖွဲ့ဖောက်သည်ဖြစ်၍ အထွင့် ခမျာ သုံးတန်းသာ ရှိရှာပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အပ္ပပင်ကင်းကင်း နေခွင့်ကို မောင်လေးချော ထို အရွယ်ထိသာ ခံစားခွင့် ရခဲ့ရှာသည်။ အညွန့် ကိုးတန်းနှစ်မှာ ဖေဖေ အရက်ကို စတင်စွဲသောက်၍ ဆယ်တန်းနှစ်ရောက်တော့ အပေါင်းအသင်းဖျက်၍ ဖေဖေ အတော်ပျက်နေခဲ့ပါပြီ။

ရိုးရိုး သောက်ရုံမကဘဲ ထိုနှစ်မှာ ဖေဖေ အရက် သမားလုံးလုံး စဖြစ်သည်။ နေ့ရယ် ညရယ် မရွေး၊ တစ်ချိန်လုံး သောက်လာသည်။ အရင်က တည်တည်ကြည်ကြည် သိက္ခာရှိရှိ အဆင့်အတန်းမြင့်မြင့် နေတတ်သော ဘွဲ့ရပညာတတ် အရာရှိ တစ်ဦးဖြစ်တဲ့ ဖေဖေဟာ အရင်နှင့် လုံးလုံးမတူဘဲ ပျက်ပျက်စီးစီး ဖြစ်ခဲ့ပါသည်။

မေမေဟာ အစကတည်းက ဆယ်တန်းမအောင်။ ဆယ်တန်းနှစ်ခါကျ ပညာရေးလောက်နှင့်ပင် ဖေဖေနှင့် လက်ထပ် ဖြစ်ခဲ့ကာ ဖေဖေ့ကို လေးစားရိုသေ အထင်ကြီး ကြောက်ရွံ့သော တပည့်သာသာ ဇနီးမယား အလိမ္မာပင်။ မေမေဟာ ဖေဖေ့ကို လည်း ကောင်းရာကောင်းကြောင်း တည့်မတ်လမ်းညွှန် ကြိုးကိုင် ပေးနိုင်စွမ်းရှိသော မိန်းမမျိုး မဟုတ်ခဲ့ပါ။

ဤလို ဇနီးမျိုး လက်ထဲ၌ ဘယ်သူမှ ကြောက်စရာ ရှိန်မရာ မရှိ၊ အရက်သမားလုံးလုံး ဖြစ်ခဲ့သော ဖေဖေသည် အရက်ကြောင့် အလုပ်ခွင်၌ အမှားအယွင်းဖြစ်ကာ ရုတ်တရက် အလုပ်ပြုတ်သွားခဲ့ရပါသည်။





သူ့အပြစ်နှင့်သူ အလုပ်ပြုတ်ကာ ဖေဖေဟာ ရှက် ည်းရှက်၊ သူ့ကိုယ်သူလည်း စိတ်နာ၊ သူတစ်ပါး လက်ညှိုးထိုး ကိုလည်း ငုံ့မခံနိုင်။ ဤပင်ပက္ခတွေနှင့် သူ့တစ်ကိုယ်တည်း သနာဖြစ်နေကာ၊ ဤနှစ်မှာပင် မေမေနှင့် ခဏတာ ကွဲကြကွဲကြ စ်လိုက်ပါသေးသည်။

ဖေဖေက အလုပ်ပြုတ်၊ ငွေရေးကြေးရေးက ရုတ်တ က် ကျပ်တည်း၊ အဲဒီအပြင် အိမ်တွင်းရေး ပင်ပက္ခတွေရှိ၊ သာနာတွေတက်၊ မေမေနှင့်ကွဲ စသဖြင့် အိမ်တွင်းမှာ အပူ သာက မီးတောက်တွေ လောင်မြိုက်မှုကြောင့် ထိုနှစ်က စာကို ာ်မပါဝင်စားနိုင်ကာ အညွန့် ဆယ်တန်းကျပါသည်။

ဘဝရဲ့ ခါးသီးမှုတို့ ထိုကစ,တင်သည်။

ဖေဖေနှင့် မေမေ ရှစ်လ ကိုးလနီးပါး ကွဲကွာကြ ာ နောက်နှစ် အညွန့် ဆယ်တန်းပြန်တက်ချိန် အထွန့် လေး န်းမှာ ပတ်ဝန်းကျင်နှင့် ဆွေမျိုးများ ဝိုင်းဝန်းဖျန်ဖြေ စပ်ဟပ်မှု ကြောင့် ဖေဖေနှင့် မေမေ ပြန်ပေါင်းဖြစ်သည်။ ဖေဖေဟာ အိမ် ပြန်ရောက်လာတော့ စိတ်တို ခက်ထန်ကာ ရိုင်းကြမ်းသော က်သမားကြီးတစ်ယောက် အသွင်နှင့်ပင်။

အရက်မူးမနေချိန်တွင် ဖေဖေသည် စိတ်ကောင်း သောကောင်း ရှိသော လူကောင်းတစ်ဦးပင်။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မူးမနေချိန် ဆိုတာမျိုးက ရှားပါးလှပါသည်။ တစ်နေ့မှ နာရီအနည်းငယ်သာ။

ဖေဖေနှင့်ကွဲကတည်းက တခြားလည်း ဘာမှမလုပ်တတ်သော မေမေသည် မုန့်ဟင်းခါးချက်၍ ရောင်းပါသည်။ သိပ်လည်း ရောင်းကောင်းလှသည် မဟုတ်တဲ့အတွက် ခြိုးခြိုးခြံခြံ စားလောက်ရုံမျှပင်။ ဖေဖေ ပြန်ရောက်လာကာ ပြန်ပေါင်းတော့ ဖေဖေ့ အရက်ဖိုး ပိုလာသည်။ ဘယ်လိုမှ မလောက်င တော့။

ထိုနှစ်တွင် ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ စိတ်ညစ်ညူး နှင့်ပင် ဆယ်တန်းကိုတော့ အညွှန့် အောင်အောင် ဖြေရပါသည်။ အညွှန့် ဆယ်တန်းမအောင်မချင်း အညွှန့်ရဲ့ ပညာသင်စရိ တဖက်က တက်နေမှာ ဖြစ်သလို မိသားစု ထွက်ပေါက်အတွ လည်း အညွှန့် ဘာမှလုပ်နိုင်မှာ မဟုတ်။ အညွှန့်ဟာ မေမေ့ လည်း ဆယ်တန်းမအောင်တဲ့ ပညာရေးလောက်နှင့် ဆုံးခန်း ပစ်နိုင်သူ မဟုတ်ပါ။

အထွင့် ခမျာတော့ အညွှန့် ငယ်စဉ်ကလို ထ ဘူးထဲ ဟင်းကောင်းကောင်း၊ မုန့်ဖိုးထိုက်ထိုက်တန်တန်နှင့် ကျော မသွားရရှာတော့ပါ။ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ခြိုးခြံချွေတာ ဆ မွဲတေမှုကို ခံစားရရှာပါသည်။





ဖေဖေ့ အရက်ဖိုးနှင့် မလောက်ငတတိုင်း ရှိတာလေးတွေ ပေါင်နှံ၊ အတိုးကတက်၊ ပြန်၍လည်း မရွေးနိုင်။ ဤနည်းနှင့် ကြွေးအတော်ပိလာချိန်မှာတော့ အညွှန့်လည်း ဆယ်တန်းအောင်ပြီ။ အညွှန့်တို့ရဲ့ သင့်တင့်လျောက်ပတ်သော ရပ်ကွက်မှ အိမ်ကလေးကို ရောင်းချကာ ဆင်ခြေဖုံးကျကျ လက်လုပ်လက်စားများများ ရပ်ကွက်တစ်ခု၌ ခြံဝိုင်းလေး ပိစိကွေးပါသော ဘိုထောင်အိမ်ကလေးတစ်လုံး ဝယ်၍ ပြောင်းရွှေ့ကြရပါသည်။

ပိုထွက်လာတဲ့ ငွေကလေးကို ကြွေးဆပ်၊ မေမေ့ မုန့်ဟင်းခါးဆိုင်အတွက် အရင်းထည့်။ မေမေသည် နံနက်အစောကြီးထ မုန့်ချက်ရကာ ခြောက်နာရီကျော်သည်နှင့် ရပ်ကွက်ကလေး လမ်းထိပ် ဈေးတန်းနှင့် မလှမ်းမကမ်းသို့ သယ်ပိုးယူသွားကာ မုန့်ဟင်းခါးဆိုင် သွားခင်းရပါသည်။

အထွင့် ခမျာ ကျောင်းချိန်မတိုင်မီ မေမေနှင့်ကူ၊ အညွှန့်က ချက်ပြုတ်ကျန်ရစ်ရ။ ဆယ်တန်းအောင်အပြီးမှာတော့ အညွှန့်က အဝေးသင်နှင့်သာ ကျောင်းဆက်တက်ကာ အလုပ်ထွက်ရှာရပါသည်။ ဘာသင်တန်း ညာသင်တန်းတွေ ဘာမှ တက်မထားနိုင်ခဲ့တဲ့ အညွှန့်ဟာ ကုမ္ပဏီစာရေးမလို အလုပ်မျိုး မရနိုင်ပါ။

စာအုပ်ဆိုင် တစ်ဆိုင်ရဲ့ အရောင်းမိန်းကလေး၊ ဘက်ကုန်စက်ရုံတစ်ခုရဲ့ ထုပ်ပိုးရေးဝန်ထမ်း၊ မူကြိုကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲစ်ခုရဲ့ ကလေးထိန်းဆရာမ စသဖြင့် အဆင်ပြေမည် ထင်တာ
ကလေးတွေ ရွေးချယ်ပြောင်းရွှေ့ လုပ်ခဲ့ရပါသည်။

စာအုပ်ဆိုင်မှာ အညွန့်ဘက်က အဆင်ပြေပေမဲ့
ဆိုင်တာဝန်ခံ ကောင်တာထိုင်ရသူ ပိုင်ရှင်ရဲ့တူမက အညွန့်ကို
မကြည်ဖြူပါ။ ချို့တဲ့ခြင်းနှင့် မလိုက်ဖက် မတန်ရာအောင် လှ
သန့်စင် ဖူးထွက်နေသော အညွန့်ရဲ့ ရုပ်ချောချောက သဘောထား
မပြည့်နိုင်သူတို့အတွက် မလိုတမာစရာ ဖြစ်နေခဲ့ပါသည်။

အညွန့်ရဲ့ အလှအပကြောင့် စာအုပ်ဆိုင်ထဲ ရစ်သီ
ရစ်သီ ဝင်သူတွေ ပိုများရကာ သူတို့ဆိုင်အတွက် အကျိုးပင်ရှိ
နိုင်ပါသေးသည်။ သို့ပေမဲ့ ကောင်တာမှာ ကြော့မော့အောင် ရေ
ကုန်ကြေးကျခံ ပြင်ဆင်ဝတ်စားထားသည့် ဟိုမိန်းကလေးကို
ကျော်ကာ တီရှပ်နှင့် လုံချည်ဖြောင်သာ ဝတ်သည့် အညွန့်ကို
လူကြိုက်များနေတာကို ဟိုမိန်းကလေး မနာလိုနိုင်ပေ။

အညွန့်ကို အမျိုးမျိုး အပြစ်မရှိ အပြစ်ရှာတာ
လူသူလေးပါးနှင့် ကောင်လေးတွေရှေ့ကျမှ အာဏာပြ၍ ဟိန်း
ဟောက်တာတွေကို အညွန့် တာရှည်ငံ့မခံနိုင်ခဲ့ပေ။

စားသောက်ကုန် ထုပ်ပိုးသည့် အလုပ်မှာတော့
အညွန့် လခတစ်သောင်းခွဲထိ ရခဲ့ပါသည်။ သို့ပေမဲ့ စက်ရုံ
ခရီးဝေးလွန်း၍ အဓောကြီးထွက်ရကာ လမ်းစရိတ်လည်းကုန်သည်
ကားနှစ်ဆင့်သုံးဆင့် စီးနေရ၍ အိုဗာတိုင်ရှိသည့်နေ့တွေကျ မိုးချုပ်





စုပ်ချုပ်ပြီးမှ အိမ်ကိုပြန်ရောက်သည်။ ညဘက် ကားခကုန်လှ
သည်။

ဘတ်စ်ကားစရိတ် နုတ်လျှင် အရင်စာအုပ်ဆိုင်
လောက် မကျန်၍ အလုပ်အသစ်ကို အညွန့် ရှာရပြန်သည်။
မုန့်ကြိုမှာတော့ အညွန့် လခက တစ်သောင်းမျှသာ။ ဒါပေမဲ့
ဖယ်ရီရှိ၍ လမ်းစရိတ်မကုန်။ အကြိုအပို့စရိတ်ငြိမ်း၍ ရသမျှ
အသားတင်ပင်။ ယူနီဖောင်းဝတ်ရ၍ အဝတ်အစားလည်း မလို။

သို့သော် အညွန့် မပျော်။ ဤအလုပ်ခွင်မှာ ဘွဲ့ရ
ဆရာမတွေပင်ရှိ၍ အနှိမ်ခံရသည်။ ထုံးစံအတိုင်း မိန်းကလေးတွေ
စုဝေးလုပ်သော အလုပ်ခွင်ဖြစ်၍ အညွန့်ရဲ့ အလှကို ကြည်ဖြူ
အားကျသူ ရှိသည်။ မနာလို၍ နှိပ်ကွပ်သူတွေ ရှိသည်။ သို့သော်
အညွန့် အနေအထားက စိတ်လိုက်မာန်ပါ ထွက်ပစ်နိုင်သော
အင်အားလည်း မရှိသေး၍ မှေးလုပ်နေရပါသည်။

အညွန့် ဝင်ငွေဟာ တစ်ဖက်တစ်လမ်း အကူအပံ့
ရရုံသာ။ ချောင်လည်မှုကိုတော့ မပေးစွမ်းနိုင်ပါ။ အစစ ကုန်ကျ
စရိတ်တွေက တက်သည်။ ထို့ကြောင့် ညဘက်တွင် အညွန့်က
အိမ်နားက ကလေး လေးယောက်ကို အင်္ဂလိပ်စာနှင့် သင်္ချာကျူရှင်
ပြလိုက်သေးသည်။

တစ်တန်းနှင့် နှစ်တန်း ကလေးများဖြစ်၍ အညွန့်
ပြနိုင်သည်။ သို့သော် ရပ်ကွက်အနေအထားအရ ပွဲသိပ်မရ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ ငါးရာနှုန်းနှင့် တစ်လ လခလေး နှစ်ထောင်သာ ရတာပင်။ ဒီထက် တိုးယူလို့လည်း ဒီနားကလူတွေ မသင်နိုင်တော့မှန်း သိ၍ တိုးယူဖို့ မဖြစ်။ ကိုယ့်ပြေလည်မှုချည်း ကြည့်လို့မရ။ သူတို့ ပြေလည်မှုကိုလည်း ကြည့်ရဦးမည်။

ဒီကြားထဲ ဖေဖေ့ရဲ့ ဂျိုက်ခြင်း ရစ်ခြင်း ရန်လိုခြင်းတွေက ကျန်မိသားစုတို့ရဲ့ ရုန်းကန်ရမှုအပေါ် ပို၍လေးလံဖိစီးပါသေးသည်။ အရာရှိဘဝက ပြုတ်ထားသော ဖေဖေသည် တော်ရုံအလုပ်လည်း မလုပ်နိုင်။ ပုဂ္ဂလိကလုပ်ငန်းတွေ ဝင်လုပ်ဖို့ရာကလည်း အချိန်မရွေး မူးနေသူကို ဘယ်အလုပ်ရှင်မှ မလိုလား။

ထို့ကြောင့် ဖေဖေ သုံးလေးကြိမ် အလုပ်ရှာဖူးသော်လည်း အလုပ်က မရပေ။ ဖေဖေ့ကို ဆိုက်ကားနင်းရသည့် အလုပ်မျိုး လုပ်စေဖို့တော့ဖြင့် ရှိသေကိုးကွယ် အထင်ကြီးလှသော မေမေ မပြောနှင့် အညွန့်တို့ကလည်း မလုပ်စေလိုပါ။ ဖေဖေဟာ မိုက်ခဲ့၍ အရက်သမား ဖြစ်နေရသော်လည်း ဆိုက်ကားသမားတစ်ယောက် ဖြစ်ရမည့် သူမျိုးတော့ မဟုတ်လို့ အညွန့်ယုံသည်။

ဖေဖေက အင်္ဂလိပ်စာတွေ ဘာတွေလည်း တော်လှသည်။ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း တွေကို အင်္ဂလိပ်စာတော့ ဖေဖေ ပြနိုင်မည်။ ကိုယ်တိုင် ဖတ်နိုင် ရေးနိုင် ပြောနိုင်သူဖြစ်၍ သင်လည်း သင်နိုင်မည် ဖြစ်ပေမဲ့ ဘယ်မိဘကမှ ဤသို့ ယုံကြည်အပ်နှံခြင်း မရှိ။





"ဖေဖေက အင်္ဂလိပ်စာ အရမ်းကောင်းတာ၊ စာသင်မယ့်ဆိုသင်ပေးနိုင်တယ်"

ဆိုတာမျိုး စကားပစ်ကြည့် တောက်ကြည့်ပေမဲ့ ဘယ်သူမှ စိတ်မဝင်စား။ မူးနေသူတစ်ယောက်ထံ ကိုယ့်သားသမီးကို ဘယ်သူမှ စာသင်မလွှတ်ချင်တာလည်း အံ့ဩစရာမဟုတ်ပေ။ ဤသို့ဖြင့် ဖေဖေသည် အားလပ်၍ လူပေ့ါ လူလေကြီး တစ်ယောက်အဖြစ်သာ ရေစုန်မျောနေပါသည်။

အညွန့်တို့ ရပ်ကွက်ထဲဆို ရပ်ကွက်ထဲမို့ အလုပ်ခွင်ဆို အလုပ်ခွင်မို့ အညွန့်ရဲ့ လှတစ်မျက်နှာကလေးကြောင့် အညွန့်ကို ရစ်ဝဲချဉ်းကပ်သူတွေ မနည်းမနောပါ။ နှုတ်ခမ်းပုံချင်းထဲကလည်းပါ၊ ကိုယ်ပိုင်ကားနှင့်ထဲကလည်းပါ။

သို့ပေမဲ့ ဒါတွေကို အညွန့် စိတ်မဝင်စားနိုင်ပါ။ ချစ်ရေး ချစ်ရာတွေထက် မိသားစု စားဝတ်နေရေးကိုသာ အာရုံထား လုံးပမ်းနေရပါသည်။ အညွန့် ခြေလှမ်းမှားတာနှင့် မောင်လေးအတွင်ပါ ပညာရေးခရီး မဆက်နိုင်သလောက် ဖြစ်သွားနိုင်သည်။ ရှစ်တန်းကျောင်းသားမို့ ကျူရှင်လခတွေကပင် မနည်း။

အညွန့်ကို နှလုံးသားမရှိဘူးရယ်လို့ ကောင်လေးတွေက သမုတ်ကြသည်။ ဤသို့ ဆိုလောက်အောင်လည်း အညွန့်မျက်နှာထားမှာ သိပ်ကို မာနခေါင်ခိုက်နေသည့်ဟန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိသင့်သော မာနတော့ ရှိပေမဲ့၊ အလကားနေရင်း အညွန့်ဟာ အခြောက်တိုက် ဘဝင်မြင့်နေသူမျိုး မဟုတ်ပါ။

အညွန့်ဘဝက အညွန့်မျက်နှာကို ခပ်တင်းတင်းသာ ဖန်ဆင်းပေးထားသည်။ အညွန့် ခေါင်းထဲမှာ တာဝန်တွေ သောက တွေ ရှိသည်။ မေမေ့ကို ကြင်နာသနားခြင်း၊ အထွင့် ရှေ့ရေး အတွက် တွေးတော ရင်မောရခြင်း၊ ဖေဖေ့အတွက် ကရုဏာဒေါသ နှင့် စိတ်ပင်ပန်း ဆင်းရဲရခြင်းတွေရှိသည်။

အညွန့် မျက်လုံးကလေးများသည် ထာဝစဉ် တဖျပ် ဖျပ် ပြောင်လက်တောက်ပနေသည်။ ဒါဟာ လူတွေထင်သလို ဆတ်ဆတ်ထိမခံ မာနကြောင့်ချည်း မဟုတ်။ သူမရဲ့ တာဝန်တို့ အတွက် ဇောတစ်မျိုးက အညွန့်ကို သတ္တိတွေ ငုံ့မခံတတ်မှုတွေ မွေးဖွားပေးကာ မျက်လုံးကလေးတွေ တောက်ပြောင်ဝံ့စားနေရတာ ပင်။ အညွန့်ရဲ့ မျက်လုံးများကို တချို့က လှသည်တဲ့။ တချို့က ကြောက်သည်တဲ့။

~





## ၁

"သားလေး နိုးလာပြီ၊ သားလေး နိုးလာပြီဟော့၊ ဟဲ့ ... မိပု၊ နင် ဘာလုပ်နေလဲ၊ အစ်ကိုလေးဖို့ ထိုင်ခုံဆွဲထုတ် ပေးလေ"

"ကွေကာအုပ်ကော ... ကွေကာအုပ်၊ ဟင် ... ဒီမှာ ခါတိုင်း သားလေးသောက်နေကျ မယ်လမင်းခွက် အရုပ်လေးနဲ့ထည့် မထားဘဲ ဘာလို့ တခြားခွက်နဲ့ ထည့်ထားရတာလဲ၊ ဒီခွက် အပွင့်က သူများတွေသောက်တဲ့ဟာကို"

ရွှေဘုန်းလက်ျာသည် မိပု ဆွဲထုတ်ပေးသောခုံမှာ ဝင်ထိုင်လိုက်ပါသည်။ စိတ်ထဲကလည်း နောက်ကျိနေပါသည်။ သူ့အတွက် ဟိုခွက် ဒီခွက် ဆိုတာတွေ အရေးမပါပါ။ ခုချိန်ထိ

www.burmeseclassic.com



သူ့ကို ကလေးတစ်ယောက်လို သူစားသောက်တဲ့ ပန်းကန်ခွက်ယောက်တွေကိုပင် အရုပ်လေးတွေ ပုံသဏ္ဍာန်မျိုး ရွေးချယ်ပြင်ဆင်ပေးနေကြတာကပင် ရှက်စရာ ကောင်းနေပါသည်။

သူ့လို အသက်နှစ်ဆယ့်သုံးနှစ်အရွယ် ယောကျ်ားတစ်ယောက် ကွေကာအုပ်သောက်တဲ့ခွက်ဟာ ကာတွန်းခြင်္သေ့ဦးခေါင်းပုံ ခွက်ကလေးဖြစ်နေတာဟာ သဘာဝကျပါသလား။ စိတ်ပျက်စရာ ကောင်းနေပါသည်။

"အစ်ကိုလေးရဲ့ ခြင်္သေ့ခွက်ကလေး ထိပ်က နားရွက်ဖျားနေရာမှာ အက်ကြောင်း ထင်သွားလို့ပါ"

"ဘယ်သူ လုပ်တာလဲ"

"သန်းသန်း ဆေးလိုက်တာပါ"

"ကျွတ် ... နင်တို့တွေဟာ နမော်နမဲ့ လပေါ်သရေနဲ့ ငါ့သားလေးသောက်တဲ့ခွက်ကိုမှ အက်ကြောင်းထင်ရတယ်လို့၊ မေမေ အရုပ်လေးနဲ့ အသစ်ဝယ်ပေးမယ် သိလားသားလေး၊ ခုတော့ ဒီခွက်လေးနဲ့ပဲ ..."

ရွှေဘုန်းလက်ျာသည် စိတ်ညစ်ညစ်နှင့်ပင် ရှုံ့မဲ့မိကာ ...

"အရုပ်လေးနဲ့ခွက်မျိုး သား မလိုချင်ပါဘူး"

"ဟော ... ကြည့်၊ သားလေး စိတ်ကောက်သွားပြီ"





"မကောက်ပါဘူး ကြီးကြီးရဲ့၊ လုံးဝမကောက်ပါဘူး၊ သားက ကလေးလေးမှ မဟုတ်တာ၊ အရုပ်ခွက်ကလေး မလိုဘူး"

"အမယ်လေး ... ဒီလို အရုပ်လေးပုံစံခွက် ပန်းကန်လေးတွေ ရုပ်ပုံပါတာလေးတွေ သားလေး ကြိုက်တာ ကြီးကြီးတို့ သိတာပဲဟာ"

"အဲဒါ ... ဟိုးငယ်ငယ်တုန်းက ဟုတ်မှာပေါ့ ကြီးကြီး၊ ငယ်ငယ်က ကြိုက်ခဲ့တာနဲ့ ကြီးကြီးတို့က ခုထိကြိုက်မယ်ထင်နေတာ၊ သားကလည်း ဘာမှ မပြောချင်တော့လို့ ကြီးကြီးတို့ မေမေတို့ ဝယ်ခြမ်းပေးစီစဉ်ပေးတာတွေကိုပဲ ပါးစပ်ပိတ်ပြီး လက်ခံနေတာ"

"အေးပါကွယ် ... အေးပါ၊ ကဲ ... သား သောက်သောက်၊ နွေးနေတုန်းလေးမှာ သောက်၊ ဟဲ့ ... မိပု၊ ပေါင်မုန့်မီးကင်ပန်းကန် အစ်ကိုလေးဘက် တိုးပေး၊ ကြက်ဥ မကျက်တကျက်လေး ဖောက်ဖို့ဇွန်း၊ ဆားဘူး၊ အားလုံး အနားတိုးပေးလေကွယ်"

"ရတယ် ကြီးကြီး၊ သား မီတယ်၊ သား ကွေကာအုပ်မသောက်ချင်ဘူး"

www.burmeseclassic.com



"ဟင် _ ကွေကာအုပ် မသောက်လို့ ဘယ်ဖြစ်မလဲ သား လေးရဲ့၊ ကွေကာအုပ်က အားရှိတဲ့ဟာ"

"ကွေကာအုပ် ဆိုတာ ကလေးလေးတွေနဲ့ အားပြတ်နေတဲ့ အဘွားကြီးတွေပဲ သောက်တာ"

"ဟယ် ... ဘယ်က ဟုတ်ရမှာလဲ သားလေးရယ်၊ သားလေး မှားနေပြီ၊ ခွန်အားကို ဖြစ်ပြီး ဉာဏ်ရည်ကို တိုးစေတဲ့ အစားအစာ၊ အရွယ်မရွေး စားသင့်တယ်၊ ကဲပါကွယ်၊ ငါ့သားလေးက ချေးမများတတ်ပါဘူး၊ စား ... စား၊ မေမေ မွှေပေးမယ်"

"နေပါစေ မေမေရယ်၊ သားမှာ လက်ပါပါတယ်၊ ကိုယ့် ဟာကိုယ် မွှေပါ့မယ်"

သူ မှုန်ကုပ်ကုပ် ပြောမိ၍ မေမေ့ မျက်ခုံးများ မြင့် တက်ကာ ...

"ဟော ... ဟုတ်ပါတယ်၊ ငါ့သားလေး တကယ် စိတ် ကောက်နေပါပြီ၊ အဲဒါ သန်းသန်း တရားခံပဲ၊ ညည်းကြောင့် ကြားလား၊ ညည်း ငါ့သားလေးရဲ့ ခြသေ့်ခေါင်းကို အက် ကြောင်းထင်အောင် ..."

"မေမေ ... တော်ပါတော့ မေမေ၊ မေမေ ထင်တာ မဟုတ် ဘူး၊ ဘာကိုမှ စိတ်မကောက်ဘူး၊ သားဟာသား စိတ်ရှုပ် နေတာ"





"ဘာတွေ စိတ်ရှုပ်နေလဲ သားလေး"

"ဒီကွေကာအုပ်လည်း မသောက်ချင်ဘူး၊ ဟောဒီ ငှက်ပျော သီးတွေလည်း မစားချင်ဘူး၊ ပေါင်မုန့်နဲ့ ကြက်ဥ စားမယ်၊ ပြီးရင် ကော်ဖီသောက်မယ်"

"ကော်ဖီက ဘယ်လိုလုပ်ပြီး ကွေကာအုပ်လောက် ကောင်း နိုင်ပါ့မလဲကွယ်၊ ကော်ဖီ ဆိုတာ အမြဲသောက်ဖို့ လူနဲ့ တည့်တာ မဟုတ်ဘူး"

"ဒါဖြင့် ... မေမေတို့ မမတို့ကျတော့ ဘာလို့သောက်နေလဲ"

"မေမေတို့ မမတို့က ဘာမှ အရေးမကြီးဘူး၊ ငါ့သားလေး က အရေးကြီးတာ၊ သားလေး နေကောင်းဖို့ ကျန်းမာဖို့ အားရှိဖို့လိုတာ"

"သားက ဘာဖြစ်နေလို့လဲ၊ ဘာမှ ဖြစ်နေတာမှ မဟုတ် တာ၊ သားစားချင်တာ စားလို့ မရဘူးလား၊ မနက်တိုင်း ဒါကိုပဲ မပြောင်းမလဲ ဆက်တိုက်စားနေရတာ အနှစ် နှစ်ဆယ် ကျော်ပြီ၊ ညီစော်ကို နံနေပြီ"

"သားလေးရယ်၊ အနှစ်နှစ်ဆယ်ကျော်တောင် စားလာပြီး မှပဲ၊ ဒီမနက်မှ ဘာဖြစ်လို့ ထ,ပြီး ညီစော်နံရတာလဲ"

"ဒီမနက်မှ မဟုတ်ဘူး၊ ညီစော်နံပြီး မစားချင်တာ ကြာလှ ပြီ၊ မစားချင်ဘူးပြောလည်း မရဘူး၊ ဒါကြောင့် နားအေး



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျိတ်မှိတ်မျိုချနေရတာ၊ အခု ဒီနေ့ကစပြီး မနက်ကို ကွေကာအုပ် မသောက်တော့ဘူး၊ ကော်ဖီသောက်မယ်၊ တစ်ခါတလေ ကြက်ဥပေါင်မုန့် စားမယ်၊ တစ်ခါတလေ ထမင်းကြော်စားမယ်၊ တစ်ခါတလေ မုန့်ဟင်းခါးစားမယ်"

ထမင်းစားပွဲမှာ အသီးသီး နေရာယူကာ စားသောက်နေကြသော အဘွား၊ ကြီးကြီး၊ ဒေါ်လေး၊ မေမေတို့သည် မျက်ခုံးကြီးတွေပင့်၊ မျက်လုံးကြီးတွေ ပြူးကာ ရွှေဘုန်းလက်ျာကို တအံ့တသြ စိုက်ကြည့်နေကြပါသည်။ ဘာမှ စောဒကမတက်၊ ကလန်ကဆန် မလုပ်သော- သူတို့ရဲ့သားကလေး တူကလေး ဤမျှ အရေးဆိုလိုက်တာသည် သူတို့အတွက် အကြီးအကျယ် အလန့်တကြား အံ့အားသင့်စရာကြီးကို ဖြစ်နေပါသည်။

"ထမင်းကြော် ဆိုတာ အစာကြေလွယ်တာ မဟုတ်ဘူး"

"မုန့်ဟင်းခါးက ဗိုက်ပျက်တတ်ပါဘိသနဲ့"

စားပွဲမှ မြကြာဖြူသည် သက်ပြင်းတစ်ချက် ချီရင်း ...

"မောင်လေး စားချင်တာ ကျွေးလိုက်ပေါ့ မေမေရယ် လူတိုင်း စားနေကြတဲ့ အစာတွေပဲဟာ၊ အန္တရာယ်ဖြစ်တဲ့ အစားအစာမျိုးတွေမှ မဟုတ်ဘဲနဲ့"





"မြကြာဖြူ ... ညည်း ခုတလော မောင်ရှေ့က ကာဆီးကာဆီးနဲ့။ ညည်း မြှောက်ပေးတဲ့ စကားတွေ ပြောလို့ သားလေး ခုလို ဟိုဟာအရေးဆို ဒီဟာအရေးဆို လုပ်လာတာ"

"သူ့ အရေးဆိုတာကိုလည်း ကြည့်ဦးလေ ကြီးကြီး၊ ဒါ ဘယ်လောက်များ ကြီးမားပြင်းထန်တဲ့ အရေးဆိုမှုတွေမို့လို့လဲ၊ ဒါတွေဟာ လူတိုင်း နေ့တိုင်း စားနေကျ အစားအစာတွေပဲ"

"ညည်းမောင်ကတော့ စားတာနဲ့ ဗိုက်ပျက်မှာ၊ အစာမကြေမှာ"

"ဒါတော့ စားကာစမှာ ဖြစ်ရင်လည်း ဖြစ်မယ်လေ၊ အမြဲတမ်း သူ့တစ်သက်လုံးက ဖြူဖပ်ဖြူရော်နဲ့ ဘာမှ အပူအစပ် ဟင်းခပ်အမွှေးအကြိုင် မပါတဲ့ဟာတွေကိုချည်းပဲ စားခဲ့ရတာကိုး၊ စားခါစ ဖြစ်ရင် ဖြစ်မယ်၊ သုံးလေးကြိမ်စားပြီးရင် ဘယ်ဖြစ်တော့မှာလဲ၊ ဗိုက်ကျင့်သား ရသွားမှာပေါ့၊ ယောကျာ်းလေး အရွယ်ကောင်း ကျန်းမာသန်စွမ်းတဲ့သူပဲ ကြီးကြီးရယ်၊ ဒါလောက်ကို ဘာမှ မှုနေစရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြကြာဖြူနော်၊ ညည်းလုပ်ပုံကြောင့် ညည်းမောင် ငါတို့
စကား လိုက်နာနားထောင်ပြီး ပိပိပြားပြား သေသေဝပ်ဝ
နေတဲ့ ပုံစံလေးကနေ ကျိုးတော့မှာပဲ"

"သမီးလုပ်လို့ ဘာမှ ဆိုးသွားစရာ မရှိဘူး၊ ဒီတိုင်းဆ
သွားရင်သာ မေမေ့သား ရွှေဘုန်းလက်ျာဟာ တစ်နေ့မှ
အားလုံးကို အကြီးအကျယ် ပုန်ကုန်ချိုးဖောက်သွားလိ
မယ်"

"အမယ်လေး ... ကြည့်စမ်း ... ကြည့်စမ်း၊ မြမြ ... ညည်
သမီးဟာ ရှေ့ကနေ ရှေ့ဆောင်လမ်းပြနဲ့ မဟုတ်တာ
ကို လမ်းကြောင်းပြီး မြှောက်ပေးနေပြီ၊ ဘုရား ... ဘု
ငါ့သားက အလိမ္မာလေး၊ ညည်း ခုလိုပြောပုံက လူ
ကို အမိုက်အတတ်တွေ သင်ပေးနေတာဟဲ့"

"မဟုတ်သေးဘူး ကြီးကြီး၊ မောင်လေးက ယောကျ်ား
တစ်ယောက်နော်၊ ယောကျ်ားလေးတစ်ယောက်လိုပဲ ဖြ
ထောင်ပါ၊ သူ့ကို ထားစရာနေရာ မရှိ သည်းသည်း
ယုယနေတာတွေ လျှော့ပါတော့၊ ခုထိ အခြောက်မဖြ
တာ ကုသိုလ်ကံကောင်းလွန်းလို့၊ ကြီးကြီးတို့ ဆိ
အသက်ကြီးနေပြီ၊ မကြာခင် သက်တမ်းစေ့မှာ။ သူ့အ
လူ့ဘဝထဲက ထွက်သွားရမှာ၊ သူ့တစ်သက်လုံး ကြီ





တို့ မေမေတို့ ရှိနေနိုင်မှာ မဟုတ်ဘူး၊ သူတစ်ယောက်
တည်း ကျန်ခဲ့ရင် ဒီပုံစံနဲ့ သူ လောကကြီးမှာ ကိုးလိုးကန့်
လန့် ဝင်မဆန့် ဖြစ်လိမ့်မယ်၊ ကိုယ့်သား ဒုက္ခရောက်အောင်
လုပ်ရစ်ခဲ့သလို ဖြစ်မယ်"

"တော်စမ်း မြကြာဖြူ၊ ညည်း လွန်လာပြီ၊ ကိုယ့်သားကိုယ်
ချစ်လွန်းလို့ ဂရုစိုက် စောင့်ရှောက်တာပဲ အပြစ်ဖြစ်ရတယ်၊
ညည်းလည်း အရင်က ဒီအုပ်စုထဲ ပါခဲ့တာပဲ၊ ညည်း ခုမှ"

"သမီးပါတာ ရွှေဘုန်း ဆယ်တန်းလောက်ထိပဲ၊ နောက်ပိုင်း
သူလည်း အရွယ်ရောက်လာပြီပဲ၊ သူ့မှာ ခြေလက် ဉာဏ်
ပညာ ခွန်အားဗလ ဆင်ခြင်တွေးခေါ်မှု အားလုံး ပြည့်စုံ
တယ်၊ ကြီးကြီးတို့ မေမေတို့ သူ့ကို ထားပုံက လှောင်အိမ်
ထဲ ထည့်ထားသလိုပဲ၊ လောကကြီးထဲ သူ့ကို ဝင်ခွင့်ပေး
လိုက်ပါ မေမေတို့ရယ်"

"တော် ... မြကြာဖြူ ... တော်တော့"

ကြီးကြီးက ပိတ်အော်လိုက်ပါသည်။ ဒီအုပ်စုထဲမှာ
ကြီးကြီးဟာ မာန်အကြီးဆုံး အထန်ဆုံး။ တခြားကိစ္စရပ်တွေမှာ
ကြီးကြီးသာ အစစ ဦးဆောင်ခန့်ခွဲသူဖြစ်၍ အဘွားကိုယ်
တိုင်ပင် ကြီးကြီးကို အဟုတ်ထင် အထင်ကြီးနေရသူ ဖြစ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်း အတို့အထောင် လုပ်နေတာနဲ့ ငါသားလေးဗိုက် ထဲ ခုထိ ဘာအစာမှ တစ်စက်မှ မဝင်သေးဘူး၊ သားလေ မင်းအစ်မ ပြောနေတာတွေ နားယောင်မနေနဲ့၊ ကြီးကြီးတို့ မင်းကို အကောင်းဆုံးတွေသာ ပေးချင်တဲ့ စေတနာ ဒီလို ပြုစုဂရုစိုက်တာ၊ ဘာမှ အရှည်မတွေးနဲ့၊ သားလေ ကော်ဖီသောက်ချင်ရင် နည်းနည်းသောက်၊ ဒါပဲ၊ မိပု ... ဟိုပန်းကန်လုံးထဲ ကော်ဖီတစ်ဝက်လောက် ငှဲ့ထည့်စမ်း"

"ဟုတ်ကဲ့"

"မြကြာဖြူ ... ညည်းကျောင်း ညည်းသွားတော့၊ ရှုပ်တယ်"

မြကြာဖြူက သက်ပြင်းတစ်ချက် ရှိုက်ကာ သူ့ရှေ မှ ကော်ဖီလက်ကျန်ကို ဖြည်းဖြည်း မော့သောက်လိုက်ပါသည် မှုန်တေတေနှင့် မျက်ခုံးလေးတွန့်ကာ စိတ်ပျက်ကျဉ်းကျပ်ခြင်း အပြည့်နှင့် ငြိမ်ထိုင်နေသော ရွှေဘုန်းလက်ျာကို လှမ်းကြည့် ကရုဏာသက်မိရုံမှအပ ဘာမှ မတတ်နိုင်။

မောင်လေးဟာ သူ့နဂိုက စိတ်ထားနူးညံ့မှု အေ ချမ်းမှုနှင့် လိမ္မာယဉ်ကျေးမှု အခံတို့ကြောင့် အကြီးအကဲ အတိုက်အခံ ကလန်ကဆန် မလုပ်ရှာသော်ငြားလည်း ဘယ်လော ငြီးငွေ့စိတ်ပျက်နေလှမည်ကို မှန်းဆလို့ ရပါသည်။ ကိုယ် မိန်းကလေးတစ်ယောက်တောင် ဤပုံစံခွက်၌ မနေနိုင်။





တစ်နေ့ တစ်နေ့ အိမ်ထဲမှာ စာဖတ်၊ သီချင်းနား ထောင်၊ ဟိုလျှောက် ဒီလျှောက်။ ဝယ်ချင် ခြမ်းချင် သွားချင် သာချင်တာ ရှိလျှင် ဒီအမေ ကြီးတော်တွေ တစ်ယောက်မဟုတ် တစ်ယောက် တတန်းတန်းပါ၍ ဒရိုင်ဘာမောင်းတဲ့ကားနှင့် သွား ရ။ လွတ်လပ်ပျော်ရွှင်ခြင်းဆိုတာ သူ့၌မရှိနိုင်။

တဖြည်းဖြည်း တစ်စစနှင့် ယောက်ျားတစ်ယောက်ရဲ့ င်ကိုယ်အစွမ်းအစ စွမ်းရည်သတ္တိတွေ သံချေးတက် လူညွှန့်တုံး ငြီး တုံး အေ အသုံးမကျတဲ့သူကြီး ဖြစ်လာဖို့ မြင်နေရသည်။ ချင်တာ အဆင်သင့် ရှေ့ရောက်၊ ရေချိုးပြီး ရေကူသုတ်ပေး ချင်ကာ ဖိနပ်ကအစ ခြေမှာစွပ်ပေးချင်သည့် ဒီအုပ်ထိန်းသူတစ်စု ကြောင့် လူဖျင်းလူညံ့ ဖြစ်လာနိုင်သည်။

"ညည်း လုပ်တာနဲ့ ငါတို့ကို ကလေး အထင်လွဲမယ်၊ လောကကြီးထဲ မထားဘဲ သူ့ကို ဘယ်မှာထားနေလို့လဲ အေ့၊ ပြောပါဦး၊ စကားကြီး စကားကျယ်နဲ့ ညည်းတို့ အမြင်ကျယ်တယ် ဆိုတာ ငါတို့ မျက်စိမှိတ်ထားသလောက် ရှိတာ"

"ဟုတ်တယ်၊ ကြီးကြီးတို့က မျက်စိမှိတ်ထားနေကြတာ၊ လောကကြီးထဲ ဘာမှ မျက်စိဖွင့်မကြည့်ကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... မြမြ ... ညည်းသမီး ညည်းပါးစပ်ပိတ်မလား၊ ငါ ပိတ်ရမလား"

"ဟုတ်တယ်၊ တော်တော့ မြကြာဖြူ၊ သမီး ပြောတာနဲ့ မောင်လေး ထင်ယောင်ထင်မှား ဖြစ်မယ်၊ လှောင်အိမ်ထဲ ထည့်သလိုပဲ ဘာညာနဲ့ ညည်းက ပုန်ကန်တဲ့ အတွေးဝင်အောင် သင်နေသလိုပဲ"

"ရွှေဘုန်းလက်ျာ အသက် နှစ်ဆယ့်သုံးနှစ်ရှိပြီ မေမေ၊ အစစ ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ပါ၊ ခုချိန်ထိ သူငယ်ချင်းမရှိ အပေါင်းအသင်းမရှိ၊ အထီးကျန်ကျန်ကြီး ဖြစ်နေစရာ အကြောင်းမရှိဘူး၊ ရွယ်တူ ယောကျ်ားလေးတွေနဲ့ အလုပ်လုပ် စီးပွားရှာ အလုပ်ခွင်ကျင်လည်နေရမှာ"

"ကျုပ်တို့မှ မခိုင်းရက်တာ"

"မခိုင်းရက်ဘူး ဆိုတာ ချစ်တာ မဟုတ်ဘူး၊ နှစ်တာ"

"အောင်မယ်လေးတော်"

မြကြာဖြူသည် ပြောလက်စနှင့် မထူး၍ ဖွတ်ပဲရေ့တိုး ပြောပစ်နေပါသည်။ တစ်ကြိမ် ဤသို့ ပြောဖြစ်ဖို့လည်း မလွယ်။ ပြောဖို့ စ,မိတုန်း ပြောချင်နေသမျှ အသည်းယားနေသမျှ အိတ်သွန်ဖာမှောက်ရဦးမည်။





"ယောကျ်ား ဒီအရွယ်တစ်ယောက် ဖြစ်ပြီး၊ မိန်းကလေးဆိုရင် စကားလေးလုံးကွဲအောင် မပြောဖူးခဲ့ရဘူး၊ မိန်းကလေး အပေါင်းအသင်း မထားခဲ့ မခင်ခဲ့ရဘူး၊ ရည်းစားထားဖို့ဝေလာဝေး"

"ဟယ် ...၊ အောင်မယ်လေးဟယ်၊ ညည်း နည်းပေးလမ်းပြနဲ့ အတတ်ကောင်းတွေ ညွှန်ပြမနေနဲ့၊ ရည်းစားမထားတာကောင်းတာပေါ့"

"မကောင်းပါဘူး ဒေါ်လေးရဲ့၊ မိန်းမမြင်ရင် စိတ်ဝင်စားပြီး ရည်းစားတွေ ဟိုတစ်ယောက် ဟိုတစ်ယောက် ထားနေရင်တော့ မကောင်းဘူးပေါ့၊ သဘာဝကျကျ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတယ် ချစ်မိ ကြိုက်မိတယ်ဆိုတာ ကောင်းတဲ့ကိစ္စပဲ၊ လူသားဆန်တယ်၊ ရည်းစားမထားမှ ကောင်းတယ်ဆိုတာ လုံးဝမဟုတ်ဘူး"

"ဟဲ့ ... မြကြာဖြူ ညည်းမောင်ကို အိမ်ထဲပိတ်ပြီး လူပျိုကြီး လုပ်ခိုင်းမဲ့ အဒေါ်တွေ မဟုတ်ဘူးဟဲ့၊ အိမ်တောင်ချပေးမှာ၊ ပေးစားမှာပေါ့၊ ဒါမှ ငါတို့လည်း ငါတို့သားလေးရဲ့ မျိုးဆက်လေးတွေ ချီရ ချစ်ရ ထိန်းရမှာပေါ့၊ ဒါပေမဲ့ တွေ့ကရာ ကြုံကရာ ပေါက်လွှတ်ပဲစားမ,တွေနဲ့ ပေးကြိုက်လို့ ဖြစ်မလား၊ မဟုတ်တဲ့ဟာတွေ မြူဆွယ်ရာမှောက်

www.burmeseclassic.com



ပါမှာကြောက်လို့ မိန်းကလေးတွေနဲ့ မပေါင်းနိုင်းတာ အခုခေတ်ဟာတွေက လည်ပါဘိသနဲ့ ...

ငါ့သားလေးက ရိုးရိုးအေးအေးလေး၊ အလည်မ,တွေ လှည့်ဖြားရင် ခံသွားရမှာ၊ ဒါကိုစိုးရိမ်လို့ ငါတို့ ဒီလိုထားတာ၊ ငါတို့ ရွေးလို့ဥပြီး မှုးမှုးမှတ်ထားတဲ့ သားလေးကို တွေ့ကရာနဲ့ကော ပေးစားနိုင်ပါ့မလားအေ့၊ သေချာဂရုစိုက်ပြီး ဆန်ကာတင် ရွေးရတာပေါ့"

"ပုံမှန်ဆိုရင် မိန်းမတစ်ယောက် လှည့်ဖြားတာကို ယောက်ျားတစ်ယောက်က ခံရစရာကို မဟုတ်ပါဘူး၊ ကြီးကြီးတို့ ထားပုံကြောင့် တုံးအေ ဖြစ်နေမှသာ လှည့်စားခံရမှာ"

"သူ ခံရရ မခံရရ လာလှည့်စားရင်ကိုပဲ ရာရာသသခံရ လုပြီအေ့၊ တန်ရာတန်ရာ ရှိတယ်၊ မတန်မရာ ရှိတယ် တကယ့် ကောင်းပေ့ညွှန့်ပေ့ တင့်တယ်ပေ့ ယင်ဖိုမသမ်းတဲ့ ဒေါင်ဒေါင်မြည် စင်းလုံးချော အပျိုစင်နဲ့မှ ရွေးပေးစားမှာ"၊

"လူကြီးတွေ ရွေးထားပေမဲ့ မောင်လေးက ကြိုက်ဦးမှကိုး"

"ဘာ ...၊ ဘာလို့ မကြိုက်ရမလဲ၊ မြကြာဖြူ ... ညည်း ဖျက်လိုဖျက်ဆီး စကားချည်း ထိုင်ပြောနေတယ်"





"သမီး မှန်တာပြောတာလေ၊ မောင်လေး သူ့ချစ်သူ သူယူရမှ စိတ်ချမ်းသာရမှာပေါ့"

"သူချစ်တာ ဆိုတာက ငါတို့ ရွေးပေးတာထက် ဘယ်ဘက်ကမှ ပိုပြီး မကောင်းနိုင်ဘူး"

"ပြောရခက်လိုက်တာ မေမေရယ်၊ ကောင်းတာညံ့တာဘက်က ပြောနေတာ မဟုတ်ပါဘူး၊ မောင်လေး စိတ်လွတ်လပ်ချမ်းသာစေချင်တဲ့ဘက်က ပြောနေတာပါ"

"ဘယ်ဘက်ကမှ ညည်းမပြောနဲ့ မြကြာဖြူ၊ တက္ကသိုလ်ကဆရာမဆိုပြီး ညည်းကိုယ်ညည်း ဟုတ်လှပြီလို့ အထင်ကြီးမနေနဲ့၊ ညည်းပြောနေတဲ့ စကားကြီး စကားကျယ်တွေလည်း အထင်မကြီးဘူးဟေ့၊ ကလေးပဲအေ၊ လူကြီးစီစဉ်ပေးတာနဲ့ ယူရမှာပေါ့"

"အဲဒီလို ဘယ်ဟုတ်ပါ့မလဲ ကြီးကြီးရယ်"

"ဟုတ်ကို ဟုတ်ရမယ်၊ ငါတို့ ရွေးထားတာ ဘယ်သူလဲ ညည်းသိလို့လား"

"မသိပါဘူး၊ ဒါပေမဲ့ အကောင်းဆုံး ထင်တာကို ရွေးပေးမယ်ဆိုတာကိုတော့ ယုံပါတယ်၊ ဒါပေမဲ့ မောင်လေးလည်း စိတ်ချမ်းသာဦးမှပေါ့၊ ကြီးကြီးတို့စကားနဲ့ ကြီးကြီး ဆိုရင် ကြီးကြီးလည်း မနက်တိုင်း မုန့်ဟင်းခါးမစားဘဲ ကျွေးတာ အုပ်ပဲ သောက်ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... မြကြာဖြူ၊ ညည်း တယ်လွန်နေပြီနော်"

"ကွေကာအုပ်က ဉာဏ်ပညာ ခွန်အားဗလကို တိုးစေလို့ ပိုကောင်းတယ်ဆို ကြီးကြီးရဲ့၊ အဲဒါကို ကြီးကြီးတောင် ရွေးချယ်ပြီး စားလို့လား၊ မိန်းမယူတဲ့ကိစ္စမှာလည်း ဒီတိုင်းပေါ့၊ သူ့စိတ်ဝင်စားမှုလည်း ပါရဦးမယ်၊ ကောင်းလို့သာ ယူရမယ်ဆိုရင် အများကြီးပါ၊ မောင်လေး သူချစ်တာ သူ ရွေးယူပါစေ"

"မရဘူး ...၊ သူချစ်တာလည်း ရှိတာ မဟုတ်ဘူး"

"ရှိဖို့ အခွင့်အရေးမှ သူ မရတာ"

"မြကြာဖြူ ... ညည်း တော်ရင်ကောင်းမယ်၊ အခု သားလေးနဲ့ ပေးစားဖို့ ဆန်ကာတင် ရွေးထားတာ ပန်းဝတ်မှုံပဲ၊ ညည်း သိတယ် မဟုတ်လား၊ သူဌေးသမီးလေးလည်းဖြစ်၊ အိမ်ထဲက အိမ်ပြင် မထွက်ဘဲ ပိပိရိရိ ကြီးပြင်းလာတာ၊ အလိမ္မာ အယဉ်ကျေးလေး"

မြကြာဖြူ ခေါင်းလေး အသာယမ်းမိပါသည်။ သူဌေးသမီးလည်း ဟုတ်ပါရဲ့။ ပိရိညာဏ်ပြေ ရပါရဲ့။ လိမ္မာယဉ်ကျေးပါရဲ့။ မှန်ပါသည်။ သို့ပေမဲ့ အဘွားကြီးအိုလေးလို ပုံတုံးတုံး ရိုးကုပ်ကုပ်၊ စိတ်ဝင်စားချင်စရာ ဆွဲဆောင်မှု တစ်စက်တလေမှ မရှိသော ကောင်မလေးပါ။





သူကတော့ သူကိုယ်တိုင်ကိုက ခပ်ထိုင်းထိုင်း ခပ်ထုံထုံ မိန်းကလေးမို့ သူကိုယ်တိုင်ကိုက လူတောမတိုး အရာမရောက်လို့ အိမ်ထဲကုပ်နေရတာကိုသာ ဝါသနာပါသူမို့ ရိုးကုပ်ကုပ် ဖြစ်နေသူလေးပါ။

ရုပ်ရည်ရူပကာလည်း မပြောပလောက်။ အပြင်အလုပ် မလုပ်ရသလို အိမ်အလုပ်လည်း ဝါသနာမပါ။ တခြားဝါသနာပါတာရယ်လို့လည်း မရှိ။ အားရင် အိပ်နေသော ထုံဖျင်းဖျင်းလေး။ မြင်ရုံနှင့် မောင်လေးလည်း ကြိုက်နှစ်သက်ဖွယ်ရာမရှိ။ ဤမိန်းကလေးမျိုးနှင့်ဆို ရွှေဘုန်းလက်ျာ ဘဝဟာ ပို၍ပင်ဖျင်းစရာကောင်းလှပါဦးမည်။

"မောင်လေး ကြိုက်ပါလား မမေရယ်၊ စဉ်းစားပါဦး"

"အဘက်ဘက်က ကောင်းနေတာ ကြိုက်ရမှာပေါ့၊ တစ်ဦးတည်းသော သူဌေးသမီးလေး၊ ကောင်းလို့ပေးစားတာယူရမှာပေါ့၊ မကြာခင် စီစဉ်မှာ၊ ခုကိုပဲ ကြားလူနဲ့တောင် နားဖောက်ပြီးပြီ"

မြကြာဖြူက ရွှေဘုန်းလက်ျာကို လှမ်းကြည့်လိုက်ပါသည်။ "မမေတို့ ပေးစားတိုင်း မယူနိုင်ပါဘူး"လို့ ထပြီးငြင်းဆန် တော်လှန်လိုက်ပါစေလို့ပင် ကျိတ်ဆုတောင်းမိသည်။ လူကြီးမိဘစကား နားမထောင်နဲ့လို့ မြှောက်ပေးဖို့ အလုပ်မဟုတ်သော်



www.burmeseclassic.com

လည်း တစ်ခါတစ်ရံတော့ မောင်လေးမှာ ဤသတ္တိမျိုးတွေ ရုတ်တရက် ဝင်လာစေလိုတာ အမှန်ပင်။

ခုလည်း သူ့စိတ်၌ မကြည်လင် မကြေညက်တာ အသိသာကြီး၊ မျက်နှာညှိုးမှိန်နေပေမဲ့ ဘာသံမှ ထွက်မလာ။ နှစ်ဆယ့်သုံးနှစ်ကြာ ခေါက်ရိုးကျိုး ပုံစံကျလာသော ပုံစံခွက်ထဲက ရုန်းကန်ထွက်ဖို့ရာ မရဲမဝံ့များ ဖြစ်နေလေသလား။

မောင်လေးဟာ စိတ်ထားလေး ကောင်းလှ၍ သူတစ်ပါးအပေါ်၌ ကြင်နာသနားစိတ် အင်မတန် ကြီးမားသည်။ သူ့ကို ချစ်လှကြောင်း သူကိုယ်တိုင် နားလည်လက်ခံထားသည့် လူကြီးတွေမျက်နှာညှိုးအောင် သူ ကလန်ကဆန် မလုပ်ရက်ဘဲသူ့မျက်နှာကိုသာ သူအညှိုးခံ စိတ်ဆင်းရဲ ခံနေတတ်တော့တာပင်။

"ကဲ ... ကဲ ... မြကြာဖြူလည်း ကျောင်းသွားတော့၊ သားလေးကလည်း သောက်လေကွယ်၊ ကွေကာအုပ်တွေ အေးတောင်နေပြီ"

"သား မသောက်ချင်ဘူး မေမေ၊ ဒီနေ့ မနက်ကစပြီး သား ကွေကာအုပ် လုံးဝမသောက်တော့ဘူး၊ တခြားတစ်ခုခု ပြောင်းလုပ်ပါ"

ရွှေဘုန်းလက်ျာ စကားကြောင့် အားလုံးအံ့အားတသင့် ငြိမ်သက်ကာ မယုံကြည်နိုင်သလို ငေးနေကြပါသည်။





"သားစားချင်တာကို ကျွေးချင်တဲ့စေတနာ မေမေတို့မှာ ရှိတယ်မဟုတ်လား၊ အဲဒီတော့ မိပု၊ ညတိုင်း ငါ့ကို မနက်ဘာစားမလဲ လာမေးပါ၊ ငါစားချင်တာကို သွားဝယ်ထား၊ အဲဒါ နောင်တစ်သက်လုံး အတွက်ပဲ၊ အပြီးမှတ်ထား"

ရွှေဘုန်းလက်ျာရဲ့ လေသံက ပျော့ပျောင်းပေမဲ့ ပြတ်နေသည်။ မြကြာဖြူသည် စိတ်ထဲက ကျိတ်ကာ ဗရာဗို အော်နေမိပါသည်။

"သားလေး၊ သားလေးက သိပ်ခံနိုင်ရည်ရှိတာ မဟုတ်ဘူးကွယ့်၊ အဲဒီတော့ ..."

"သား ခံနိုင်ရည်ရှိတယ်၊ ကျန်းမာရေးလည်း ကောင်းတယ် ကြီးကြီး၊ တစ်ခါတည်း ပြောထားဦးမယ်၊ နေ့လယ်ကျရင်လည်း ပြုတ်ကျော်ဟင်းတွေနဲ့ သားမစားဘူး။ မိပု ဒီနေ့လယ်စာ ငါစားဖို့ မန်ကျည်းသီးစိမ်းနဲ့ ပုစွန်သေးသေးတွေ ငါးပိချက်လို ချက်ပေးထား၊ နေ့လယ် အဲဒီဟင်းနဲ့စားမယ်၊ ကြားလား"

"ဟုတ်"

"အမယ်လေး ... သားလေးရယ်၊ ငါးပိချက်တဲ့၊ ငါးပိချက် ဆိုတာ ငါးပိတွေ ရေတ်သီးတွေနဲ့ ကောင်းတဲ့ဟာ မဟုတ်ပါဘူး၊ အားလည်း မဖြစ်ပါဘူး၊ သားလေးရယ် ... မေမေ

www.burmeseclassic.com



စိတ်ညစ်အောင် မလုပ်ပါနဲ့ကွယ်၊ နေ့လယ်စားဖို့ သား အတွက် ကြက်သား ပြုတ်ကျော်လေးလည်း ရှိတယ်၊ ငါးကျည်း သေးသေးလေးတွေကို မွှေးနေအောင်တိုက်ပြီး မှ ကြွပ်နေအောင် ကြော်ပေးထားတာလေးလည်း ရှိတယ်၊ နော် ... သားလေး"

"မေမေ ချက်ထားတဲ့ ဟင်းကိုလည်း စားပါ့မယ်၊ သားစား ချင်တဲ့ မန်ကျည်းသီးစိမ်း ငါးပိချက်ကို ပုစွန်လေးနဲ့ချက် တာလည်း ချက်ပေးပါ"

ကြီးကြီးသည် ရင်ကိုဖိကာ ...

"ငါ့သားလေး ဘယ်တုန်းက ဒီလို ဖွတ်တရွတ်တွေ တောင်းဆိုဖူးလို့လဲဟင်၊ မင်းအစ်မ မဟုတ်က ဟုတ်ကတွေ လျှောက်ပြောတာ နားယောင်ပြီး ဖွတ်တရွတ်တွေ တောင်း ဆိုမလာပါနဲ့ သားလေးရယ်၊ ကြီးကြီးတို့တစ်တွေဟာ သားလေးကို ချစ်လွန်းအားကြီးလို့ ဘာကလေးမှ အတိမ်း အစောင်း မခံနိုင်လို့ မျက်စိဒေါက်ထောက် ပြုစုဂရုစိုက် တာပါ၊ ဒါကို ချုပ်ချယ်တယ် မထင်ပါနဲ့၊ သားကောင်းရို့ စေတနာထား ဂရုစိုက်ကြတာကို နားလည်ပါကွယ် – နော် ... သားလေး၊ သားလေး ခုလို အချိုးပြောင်းတော့ ကြီးကြီး ရင်ထဲ မကောင်းဘူး"





ကြီးကြီးက မျက်မှန်ကို နည်းနည်းလေးပင့်ကာ မျက်လုံးထောင့်ကို တစ်ရှူးလေးနှင့် မျက်ရည်သုတ်သကဲ့သို့ တို့ဖိပါသည်။ တကယ် မျက်ရည်ထွက်မထွက် ရွှေဘုန်းလကျော မမြင်ရပါ။ ဒါပေမဲ့ ကြီးကြီးရဲ့ အသံတုန်တုန်နှင့် ဝမ်းပန်းတနည်း စကားသံလေးကိုတော့ စိတ်မကောင်း ဖြစ်သွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

အညွန့်သည် စတီးချိုင့်နှစ်ဆင့်ကလေးကို ဆင့်၍ ကိုင်းတပ်ကာ စားပွဲပေါ်က ဟင်းပန်းကန်တို့ကို အုပ်ဆောင်းအုပ်ထားလိုက်သည်။

"ဖေဖေ ... အုပ်ဆောင်းအောက်မှာ ထမင်းကြော်နော်၊ ရေနွေးကြမ်းလည်း ခုပဲ ခပ်ခဲ့တယ်"

"အေး"

အိမ်ရှေ့ ပက်လက်ကုလားထိုင်ပေါ်မှာ ဖေဖေက သတင်းစာဖတ်ရင်း တစ်လုံးတည်းသာ တုံ့ပြန်သည်။ အညွန့်က ကြောင်အိမ်နံဘေးချောင်က ထောင့်ကြားလေးထဲကို ကြည့်လိုက်ပါသည်။ ဖေဖေ့ရဲ့ ပုလင်းထဲမှာ လက်ငါးလုံးစာခန့် ရှိနေသည်။





ဒီနေ့ နေ့လယ်နေ့ခင်း အတွက် ဖေဖေ မူလုံနေမည်၊ ညနေစောင်းကျမှ လိုအပ်လာလိမ့်မည်။

ခုလည်း အညွန့် အလုပ်မသွားသေး၍ ဖေဖေ ငြိမ်နေတာပင်။ သတင်းစာထဲ စိတ်မပါသေးဘဲ အညွန့်ရဲ့ လှုပ်ရှားမှုတွေကို မသိမသာ ကျော်ကြည့်နေမည်ကို သိနေသည်။ အညွန့် မြန်မြန် ထွက်သွားဖို့ လိုလားနေလိမ့်မည်။

သမီးအကြီးဖြစ်သူ အညွန့်ကိုတော့ ဖေဖေက အနည်းငယ် ရှိန်ပေသည်။ ကိုယ့်သားသမီးမို့ ကြောက်တယ်ရယ် မဟုတ်ပေမဲ့ မဟုတ်တာ မမှန်တာ ဘာမှမလုပ်တဲ့ သမီးမို့ လေးစားသမှုတော့ ဖေဖေ ရှိရလေတော့သည်။ ဖေဖေဟာ မသိနားမလည်လို့ လုပ်နေတာမှ မဟုတ်ဘဲ။

မကောင်းမှန်း သိသိနှင့် မိုက်သူမို့ သူ့ကိုယ်သူ ဖြစ်မကောင်းခြင်းကိုလည်း ခံစားရသေးတာ အညွန့် သိသည်။ ဘာရှင်း ဖေဖေဟာ အသိဉာဏ်ပညာနှင့် ပြည့်စုံသည့် လူကောင်းတော် တစ်ယောက်ပဲ။ သူ့ဦးနှောက်တို့ အရက်နိုးမှိုင်းများ အချိန်၌ ဖေဖေသည် သူ့၌ အပြစ်ရှိကြောင်း သူ့ဘာသာ သိရှိနေသည်လိမ့်မည်။

တက္ကသိုလ်ပညာကို အဝေးသင်နှင့်သာ ယူထားပြီး အလုပ်ထွက်လုပ်၍ အိမ့်စားဝတ်နေရေးရော၊ မောင်ငယ် ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



ရော တစ်ဖက်တစ်လမ်း ကျုံ့ရှန်းကန်ရသော အညွန့်အပေါ် ဖေဖေ မျက်နှာပူပေမည်။

အညွန့်သည် သမီးမိန်းကလေး ဖြစ်ပါလျက် နဂိုကတည်းကမှ မိဘအပေါ် ပလီပလာ တီတီတာတာ မရှိ။ ပြုံးရယ်မူနွဲ့တာမျိုးတွေ မရှိရသည့်အထဲ ပခုံးပေါ် တာဝန်တထမ်းတပိုးနှင့် ရုန်းကန်လှုပ်ရှားနေရသည့် အနေအထားမှာ ပြုံးကာရယ်ကာ ချစ်ဖွယ်ရာလည်း လုပ်မနေနိုင်ပေ။

ဒါကြောင့် အညွန့်ကို ဖေဖေက ရှိန်သည်။ မေမေက အားကိုးယုံစားသည်။ မောင်လေးကတော့ ချစ်ကြောက်ရိုသေပေသည်။

"ဖေဖေ"

"အေး"

"ဟိုဘက်ခန်း အဖိလေးမှာ နေရင်နေဖြစ်မယ် ဆိုတဲ့ ဖေဖေ့ မိတ်ဆွေကရော ဘာပြောသေးလဲ"

"အင်း ... ဘာမှတော့ မပြောဘူး"

"နေဖြစ်လား ဖေဖေ"

"မနေဖြစ်ဘူး ထင်တယ်"

ဖေဖေက ဤသို့ ဖြေရတာကို စိတ်မကောင်းပေါ်သည်။ အညွန့်တို့ အိမ်ကလေးဟာ အတန်အသင့် ကျယ်တဲ့





အပြင် ဘေးဖက်မှာ ရှစ်ပေလောက် ကျယ်လွင့်သည့် အဆွယ်အဖိလေးတစ်ခန်း ရှိပါသည်။ ဝယ်ကတည်းက ပါတာဖြစ်ပြီး လောလောဆယ်တော့ အညွန့်တို့က ပစ္စည်းဟောင်းတချို့သာ ထည့်ထားသည်။

ခုချိန်မှာတော့ အပိုလို ဖြစ်နေသည့် ဤအခန်းလေးကို အိမ်လခလေး နည်းနည်းပဲရရ၊ မိသားစုမဟုတ်သည့် တစ်ဦးတလေသာနေမည့် စိတ်ချရသူ တစ်ယောက်ကို ငှားရင်ကောင်းမည်ရယ်လို့ အညွန့်ကပဲ စတင်အကြံရတင်ပြတာ ဖြစ်သည်။

နှစ်ထောင်ရရ နှစ်ထောင့်ငါးရာ သုံးထောင်ရရ ရသလောက်ဟာ အိမ်စရိတ်ကို တစ်ဖက်တစ်လမ်း ကာမည်ပင်။ အကျယ်ရှစ်ပေ၊ နောက်ကို ပေလေးဆယ်လောက် ရှည်မျှောသော အခန်းလေးမို့ တစ်ယောက်တည်းနေမည့်သူမျိုး နေပျော်နေသာသည်။

အိမ်မကြီးထဲ မပါ၊ သတ်သတ် အဖိဆွယ်လေးလို ရှေ့နောက် တောက်လျှောက် နံရံခြားထား၍ သီးသန့်လည်းဖြစ်ပါသည်။ ဝင်ပေါက်ကတော့ အိမ်ရှေ့လှေကားသုံးထစ်မှ အတူတက်ကြရမှာဖြစ်ပြီး ရှေ့ကပြင် အနိမ့်ကလေးမှ အညွန့်တို့ဘက် သတ်သတ်ဝင်၊ ထိုအခန်းထဲ တံခါးတစ်ချပ်နှင့် သတ်သတ်ဝင်လို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးကို ငှားဖို့ ရည်ရွယ်တော့ ဖေဖေက သူလည်း အိမ်ငှား ကူရှာပေးလိုသည်။ အိမ်ငှား သူ့ကြောင့်ရလျှင် ဘာပဲဖြစ်ဖြစ် တစ်ခုခု ဆောင်ရွက်လုပ်ကိုင်ပေးသလို မျက်နှာရမည်မို့ ဖေဖေ့ အသိမိတ်ဆွေ တစ်ဦး နှစ်ဦးကို ပြောကြည့်ပါသည်။ အခုပုံဖြင့် ရပုံမပေါ်ပါ။

"သမီး ဟိုအရင်စက်ရုံက သားအမိ ဆိုတာရော"

စားသောက်ကုန်စက်ရုံမှာ လုပ်တုန်းက သိကျွမ်းခဲ့သော လုပ်ဖော်ကိုင်ဖက် မုဆိုးမအန့်တီကြီး တစ်ဦးကိုလည်း အညွန့် ပြောကြည့်ထားသေးသည်။

"မသိသေးဘူး ဖေဖေ၊ အဖြေမပေးသေးဘူး"

"တခြားလည်း မေးကြည့်သေးတာပေါ့"

"အညွန့် သွားပြီ ဖေဖေ"

အညွန့်က စတီးချိုင့်လေးဆွဲ၊ ကြိုးထိုးအိတ်လေး ပခုံးမှာလွယ်ကာ ထွက်လာခဲ့သည်။ ခြံကျဉ်းလေးက သစ်သားစည်းရိုး ဟောင်းဆွေးဆွေးလေးနှင့် ဖြစ်သည်။ ခြံတံခါးဝမှစ၍ ရှေ့ကားလမ်းမထိ ကြားထဲမှာ ဆယ်ပေနီးပါး မြေပြင်က ချိုင့်ဝှမ်း။

တံတားကလေး ထိုးထားသည်။ မိုးအခါ၌ ခြံရှေ့ ချိုင့်မြောင်းထဲ ရေပြည့်တတ်၍ တံတားကလေး ထားရတာဖြစ်သည်။ ဒီနားက အိမ်တိုင်းမှာ ဤသို့ တံတားလေးများရှိသည်။





ဒီနားတစ်ဝိုက်တွင် အညွန့်တို့ အိမ်ကလေးဟာ မဆိုးလှ။ ကောင်းတဲ့အထဲ ပါသည်။ များသောအားဖြင့်က ဒီထက် ကျဉ်းကျုတ်စုတ်ချာကြသည်။

ဟိုးအရင်နေခဲ့ရတဲ့ အရပ်နှင့်တော့ တခြားစီပါ။ ဒီမှာကတော့ ရပ်ကွက်အမည်ကိုက ကြားသည်နှင့် လူဆင်းရဲများသည့် ရပ်ကွက်ညံ့ဆိုတာ သိကြသော ရပ်ကွက်မျိုး ဖြစ်လေသည်။ မျက်နှာချင်းဆိုင်အိမ်နှင့်အကြား လမ်းမဟာ ဘာမှခင်းမထားသည့် မြေလမ်းမည်းမည်းသာပင်။

ချိုင့်ဝှမ်းဘုဒစ်တို့နှင့် ကားဝင်လို့တော့ရပေမဲ့ တစ်စီးစာပင်။ နှစ်စီးရှောင်စာ မကျယ်။ သို့သော် ကိစ္စမရှိ။ ဤလမ်းထဲက ဘယ်အိမ်မှာမှလဲ ကားပိုင်မရှိ။ အပြင်ကကားတွေလည်း လာခဲလှသည်။ ဆိုက်ကား၊ စက်ဘီးတို့သာ အလွန်ဆုံး အဝင်အထွက်ရှိသည်။

ထိုလမ်းတစ်လျှောက်သည် မိုးတွင်း၌ အတော်ညစ်ပတ်ပါသည်။ ရွှံ့တွေ ဗွက်တွေ ထ၍ ဆိုးဝါးလှသည်။ ဤလမ်းမှ လျှောက်ထွက်သွားပြီး ဟိုးထိပ်ရောက်လျှင် ကားလမ်းရှိသည်။ လိုင်းကားပြေး၍ စည်လည်းစည် ရှုပ်ပွေပွကာ လူရောကားရော ရှုပ်ယှက်ခတ် ကျပ်ညပ်သည့်လမ်းပင်။ တစ်ဖက်ကွေ့လိုက်လျှင် ပျံကျဈေးတန်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုဈေးတန်း၏ ထိပ်နားမှာ မေမေ့ မုန့်ဟင်းခါးဆိုင်။

အညွန့်ရဲ့ ဖယ်ရီကားသည် မေမေ့ မုန့်ဟင်းခါးဆိုင် အနား လာရပ်ပေးတတ်၍ မေမေ့ဆိုင်မှ ထိုင်စောင့်ရပင်။ အဝေးကကြည့်သည်နှင့် မေမေနှင့် အထွင့်ကို မြင်နေရသည်။

ပစ္စည်းတချို့ကို နီးခြင်းကြီးနှင့် စုသိမ်းထည့်သိုနေပြီဖြစ်သည့် အထွင့်ကို တွေ့သည်။ ကျောင်းချိန်နီးပြီမို့ အထွင့် အိမ်ပြန်ရေချိုးတော့မည်။ ပြီးလျှင် ခမ်လှမ်းလှမ်းက ကျောင်းကို အထွင့် စက်ဘီးနှင့်သွားမည်။ အိမ်အပြန်မှာ သိမ်းလို့ရပြီဖြစ်သမျှကို အထွင့်က သိမ်းသယ်သွားနှင့်သည်။

အထွင့်နှင့် အတော်များများ ပါသွားပြီး မေမေ သယ်လာစရာ အနည်းငယ်ပဲ ကျန်မည်။ ခဏနေရင် မေမေ့ဆိုင်က သိမ်းရတော့မှာပင်။ နံနက်စောပဲ ရောင်းရပြီး နေမြင့်လျှင် မရောင်းရတတ်တော့ပါ။ ညနေပြန်ရောင်းဖို့ တစ်အိုးကို သတ်သတ် ထပ်ချက်ရသည်။ ပြီးမှ ညနေစောင်း ဆိုင်တစ်ကြိမ်ပြန်ထွက်ရမည်။

အထွင့်ကို ကြည့်၍ အညွန့် ဝမ်းနည်းရင်နာမိကာ မျက်နှာလေး တင်းလာပါသည်။ အညွန့် ရှစ်တန်းတုန်းကတော့ ကျောင်းမသွားခင် ကျောင်းကား အိမ်ရှေ့မလာခင် ဟာကို ကြော





ကြော့လေး ကျက်ရင်ကျက်နေ မကျက်ရင် အသာထိုင်စောင့်နေရုံပင်။

ခုတော့ အထွင့် ခမျာ ...။ အညွန့်က သနားပေမဲ့ အထွင့်ကတော့ သူ့ဘဝသူ ကြေကွဲစိတ်ပျက်မနေပေ။ အထွင့်ဟာ ပျော်ပျော်ရွှင်ရွှင် နေတတ်သည့် လူငယ်လေး ဖြစ်သည်။

"မမ လာပြီ၊ မမ သား ပြန်တော့မယ်"

"အေး ပြန်၊ မြန်မြန်ရေချိုးနော်၊ အုပ်ဆောင်းအောက်မှာ ထမင်းကြော်၊ ရေနွေးကြမ်း၊ ထမင်းဘူး အသင့်ပဲ သိလား မောင်လေး"

"ဟုတ်"

အထွင့်က ထမ်းပိုးရွက်သယ်၍ ပြေးဖို့ပြင်သည်။

"မောင်လေး ... မေမေ့ဆီက မုန့်ဖိုးရပြီလား"

"ဟုတ် ... ရပြီ"

"အေး ... အေး ...၊ ကျောင်းကို စက်ဘီးဖြည်းဖြည်းနင်း"

"ဟုတ်ကဲ့"

အထွင့်က တလှစ်လှစ် သယ်ပိုးပြေးလေပြီ။

"မေမေ ... ရောင်းကောင်းတယ် ဟုတ်လား၊ ကုန်ပြီပေါ့"

"ကုန်ပါပြီ၊ လေးငါးဆယ်ပွဲစာပဲ ကျန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်နံနက်ခင်းစာ တစ်ညနေခင်းစာ မေမေ မုန့်ချက်တာသည် အမြဲလို ကွက်တိပင်။ အညွန့်က ခွေးခြေပုလေးဆွဲကာ ဝင်ထိုင်နေလိုက်ပါသည်။ လူရှင်းနေ၍ မေမေက ပိုက်ဆံထည့်သော ဆန်ကာထဲမှ ပိုက်ဆံများ ထုတ်၍ ရေတွက်ကြည့်နေသည်။

"ဖေဖေ့ မိတ်ဆွေကလည်း ဟိုဘက်ခြမ်းလေး မငှားဖြစ်ဘူးတဲ့"

မေမေ့ကို ပြောလိုက်၍ မေမေက မော်ကြည့်ကာ –

"ဟုတ်လား"

"ဒေါ်ရီကလည်း ဘာမှ အကြောင်းမပြန်သေးဘူး"

"သူ့ အလုပ်ဆင်းရမှာ ဟိုစက်ရုံဆိုတော့ ဝေးတယ်မို့လား"

"မဟုတ်ဘူး ... ဒေါ်ရီကလည်း အဲဒီက ထွက်လိုက်ပြီ၊ သူ့အလုပ်အသစ်က ဒီနားနဲ့ သိပ်မဝေးဘူး ပြောတယ်၊ ညနေအပြန် သူ့ဆီ တစ်ချက်ဝင်မေးကြည့်ဦးမှပဲ"

မေမေက အညွန့်ကိုကြည့်၍ ခေါင်းသာ ညိတ်နေသည်။ သူတို့အတွက် ပိုက်ဆံထောင်ဂဏန်းဟာလည်း ထောင်ဂဏန်းအလျှောက် အရေးပါတာပင်။ လခတွေက တိုးတက်သည်မရှိဘဲ စားဝတ်နေရေးစရိတ်ကသာ တရိပ်ရိပ် တိုးတက်နေ၍ တစ်လထက်တစ်လ ခြိုးခြံချွေတာနေရပါသည်။





ဒီနေရာမျိုးက မေမေ့ မုန့်ဟင်းခါးဆိုင် ဆိုတာကလည်း မုန့်တစ်ပွဲကို ဒီလောက်ထက် တိုးတက်ပိုယူဖို့ မလွယ်။ ဈေးတက်ဖို့ မလွယ်ဘဲ မကိုက်လျှင် အရည်အသွေး လျှော့ဖို့သာ ရှိပါသည်။

"နေ့လယ် အားတော့ မေမေ အခန်းလေး ရှင်းထားဦးမယ်"

"မရှင်းပါနဲ့၊ မေမေ ပင်ပန်းပါတယ်၊ ရှင်းစရာလည်းသိပ်မလိုပါဘူး၊ အပိုပစ္စည်းတွေ ဒီဘက်ခန်းထဲ သယ်ရွှေ့ရုံလောက်ပါ၊ ထားလိုက်ပါ မေမေ"

"ဖြည်းဖြည်း ... ဖြည်းဖြည်းပေါ့၊ အပင်ပန်းခံ မရှင်းပါဘူး၊ တက်မယ် ဆိုတော့လည်း အသင့်ရှိတာပေါ့ကွယ်"

မေမေ့ ခမျာလည်း လည်လည်ဝယ်ဝယ် မရှိရှာ။ ငှားမဲ့အခန်းလေးကို ရှင်းထားပေးနိုင်တာကပဲ သူလုပ်ပေးနိုင်တာ အကုန်ရှိသည်။ ဟိုဟိုဒီဒီလည်း မသွားလာတတ်။ အိမ်မှာလည်ဝယ်ချက်ချာကာ လုပ်လည်းလုပ်နိုင်သူက အညွန့်ရယ်သာ။ ဒါကြောင့် အညွန့်သည် သူ့ခေါင်းပေါ် တာဝန်ထုပ်ကြီး ပိနေသလိုပဲ အမြဲခံစားလေးလံနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

ရွှေဘုန်းလကျ်ာသည် ကျောပိုးအိတ်ကို ပခုံးတစ်ဖက်တည်းမှာ လွယ်လျက် ဘတ်စ်ကားပေါ်က ဆင်းလာကတည်းက ခြေဦးတည့်ရာ လျှောက်လာသည်မှာ နလုံးတွေခုန်လျက် ညောင်းညာလာတဲ့ အထိပင်။

သူ့အိမ်ကနေ လမ်းထိပ် အလွန် ဘတ်စ်ကားမှတ်တိုင်မှ စတင်ပြီး ဘတ်စ်ကားတစ်စီးကို တက်စီးလာကာ အခုထိ ဘတ်စ်ကားသုံးဆင့် ပြောင်းစီးခဲ့ပြီးပြီ။ ကားပတ်စီးနေချိန်သည်ပင် တစ်နာရီကျော် ကြာခဲ့ပါသည်။





ဘတ်စ်ကားကကျပ်၊ နေကပူ၍ လူတစ်ကိုယ်လုံးဒြီးစီစီဖြစ်ကာ ပင်ပန်းခေါင်းကိုက်နေသည်။ ဒီလို ပင်ပန်းခေါင်းကိုက်တဲ့အတွက် သူ စိတ်တိုသည်။ သူဟာ တကယ့်ကို ဒုပေဒါပေဒဏ် မခံနိုင်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေပြီလေ။

တကယ်တမ်း အိမ်က ထွက်လာတော့ သူ့မှာသွားစရာနေရာ မရှိပါ။ ဆွေမျိုးနှင့် မိသားစုရဲ့ အသိမိတ်ဆွေအိမ်တွေကိုတော့ သွားလို့မဖြစ်လေရာ ကိုယ့်ကို ဖုံးဖုံးဖိဖိ နှုတ်လုံလုံနှင့် သက်ခံခေါ်တင် စောင့်ရှောက်ထားမည့် အပေါင်းအသင်းရယ်လို့လည်း သူ့မှာ မရှိပါ။

ဘယ်မှ သွားနေစရာ မရှိ။ သူကလည်း ဘယ်မှသွားမနေချင်ပါ။ သူ့ကို အသိအကျွမ်း မရှိသည့် ဒေသတစ်ခုကိုရောက်ချင်တာပါ။ ရန်ကုန်ကနေ မြို့ခြားပြီး ထွက်သွားဖို့ဆိုတဲ့အထိလည်း သူ မစဉ်းစားဝံ့။ ရန်ကုန်မြို့တွင်းမှာပင် သူ့အတွက်နေစရာထိုင်စရာ လုပ်စရာကိုင်စရာ ရှာဖွေဖို့ လွယ်လှတာ မဟုတ်သေးရာ တိစ်ရပ်တစ်ကျေးအထိတော့ သူ မစွန့်စားနိုင်သေးပါ။

ဒီတော့ ခပ်လှမ်းလှမ်း ဆင်ခြေဖုံး အရပ်တစ်ခုကိုရောက်ရင် တော်ပြီဆိုပြီး သူ့ဟာသူ စိတ်မှန်းနှင့် ဘတ်စ်ကားသုံးဆင့်ကို လွဲကာ လွဲကာ စီးလာတာ။ ကားပေါ်တွေမှာ မေးရင်းစမ်းရင်းကပင် ကားတွေ ပြောင်းစီးလာတာ။



www.burmeseclassic.com

www.burmeseclassic.com



အခု သူ ရောက်နေတဲ့ မြို့နယ်ဟာ(----)မြို့နယ် ဆိုတာကိုတော့ ကားပေါ်ကအဆင်းမှာ သူ သိပါသည်။ ဘာရပ်ကွက်တွေ ဘယ်လမ်းတွေကို ရောက်နေသလဲတော့ သူလည်းမသိ။

သူ့အတွက် နေစရာ ထိုင်စရာ တစ်နေရာကို ဘယ်လိုကဘယ်လို စတင်ပြီးရှာဖွေရမည်ကို မသိသေးပါ။ လောလောဆယ် သူ့ခေါင်းထဲ အကြံရှိတာကတော့ အနီးဆုံး ဘုန်းကြီးကျောင်း တစ်ခုခုကို မေးမြန်းပြီး ညအိပ်တည်းခိုလိုက်ဖို့ပင်။

လမ်းလျှောက်လာရင်း ပူအိုက် ခေါင်းကိုက်၍ သူ ရေလည်းငတ်လာသည်။ ဒီလောက်ကြာကြာ ခရီးရှည်ရှည် တစ်ကြိမ်မှ လမ်းမလျှောက်ဖူး၍လည်း မောဟိုက်၍ ဗိုက်ထဲဟာကာ ဆာလောင်လာသည်။ သူ လမ်းဘေးတစ်လျှောက်ကို ငေးမော၍ ဘာများ ဝယ်ခြမ်းစားသောက်လို့ ရမလဲ ရှာဖွေလာသည်။

အချို့ အချဉ် ဆီးထုပ် အာလူးကြော်တို့ ရောင်းသော ဆိုင်ကလေးမျိုးတွေတော့ တစ်ဆိုင် နှစ်ဆိုင် တွေ့သည်။ ဟိုးရှေ့မှာ ဆိုင်ခုံကလေးခင်းကာ အသုပ်ဆိုင်လား၊ ဘာလား၊ ဆိုင်ငယ်လေးတစ်ခုမြင်လျှင် ရွှေဘုန်းလက်ျာသည် အားတက်ကာ ခပ်သွက်သွက် လှမ်းသွားလိုက်ပါသည်။

"ဒေါ်ဒေါ် ... ဘာရတာလဲ၊ အသုပ်ဆိုင်လား"





ဆိုင်မှာ လောလောဆယ် စားနေသူ မရှိဘဲ အဒေါ်ကြီးတစ်ယောက်နှင့် ချာတိတ်ရွယ်ရွယ်တစ်ယောက် စကားပြောနေရာမှ ချာတိတ်က လှည့်ကြည့်ရင်း သွက်လက်ဖော်ရွေစွာ ...

"အသုပ်မရဘူး အစ်ကို၊ မုန့်ဟင်းခါး ရမယ်။ အသုပ်စားချင်ရင်တော့ ရှေ့ကို ဆက်လျှောက်ပြီး ဟိုးအကွေ့မှာ ဘယ်ဘက်ချိုးလိုက်ရင် အသုပ်ဆိုင် ရှိတယ်"

"အသုပ် မစားချင်ပါဘူး၊ မုန့်ဟင်းခါးပဲ စားတော့မယ်"

"ဟုတ်ကဲ့ ... ထိုင်လေ အစ်ကို၊ ဘာကြော်စားမလဲ၊ ဘူးသီးကြော်၊ ပဲကြော် ရမယ်၊ ဘဲဥ ရသေးလား မေမေ"

"ရတယ် ... ဘဲဥလည်း ရှိသေးတယ်၊ သား ဘာနဲ့စားမလဲ"

"ဘူးသီးကြော်နဲ့ ဘဲဥ ထည့်ပေးပါ"

"ရမယ် အစ်ကို"

နှုတ်ခွန်းသွက်လှတဲ့ ကောင်လေးရဲ့ မျက်နှာပြုံးပြုံးကို သူ ကြည့်လိုက်မိပါသည်။ အသားအရည် လတ်လတ်ဝင်းဝင်းလေးနှင့် ထူးထူးခြားခြား ချောမောလှတဲ့ ကောင်ကလေးဟာ ဆယ်ရပ်မပျောက်တပျောက် ကြီးကောင်မဝင်တဝင် ချစ်စရာကလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ပွဲပြင်ပေးနေတဲ့ အဒေါ်ကြီးဟာလည်း လေးဆယ်ကျော်မျှသာ ရှိသေး၍ နည်းနည်းကလေး ဝဖြိုးတာကလွဲလျှင် ချောလှသည်။ ကြည့်ရုံနှင့် သားအမိမှန်း သိသာပါသည်။

ကောင်လေးက သူ့အမေလက်မှ မုန့်ပွဲကို လှမ်းယူကာ ရွှေဘုန်းလကျ်ာ ရှေ့ချသည်။

"ရော့ အစ်ကို၊ ဒီမှာ ငံပြာရည်၊ အချဉ်ရည်၊ အစ်ကို နံနံပင် စားလား"

"စားပါတယ်"

ကောင်လေးက ဆန်ကာလေး တစ်ခုထဲမှ နံနံပင်ကို နှိုက်ယူကာ သူ့ပန်းကန်ထဲ ထည့်ပေးလိုက်သည်။

"ငရုတ်သီးမှုန့်က ကြည့်စားနော် အစ်ကို၊ ဆိုင်က ရောင်းတမ်းငရုတ်သီးမှုန့် မဟုတ်ဘူး၊ မေမေ ကိုယ်တိုင် ငရုတ်သီး ဝယ်လှော်ပြီး ထောင်းထားတာ၊ ဘာမှမရောဘူး အစပ် သိပ်စပ်တယ်"

အစ,က ငရုတ်သီး ထည့်ဖို့ စိတ်ကူးမရသော်လည်း ကောင်လေး ပြောပုံကြောင့် စားကြည့်ဦးမည်ရယ်လို့ စိတ်ဝင်စားကာ ဇွန်းဖျားလေးနှင့် ထိတို့ရုံ ခပ်ယူထည့်လိုက်ပါသည်။ ငရုတ်သီးမှုန့်က လှော်နံ့ကလေး မွှေးကာနေသည်။





ခပ်ကျဲကျဲနှင့် အပေါ်ဆီ ငရုတ်အရောင်နည်းကာ အငွေ့ထောင်းထောင်း ထနေသည့် မုန့်ဟင်းခါးဟင်းရည်ကလေး သည်လည်း မွှေး၍နေသည်။

"ဖိုးကျော်တို့ သူတို့အိမ်တစ်ပိုင်းလေး ငှားလိုက်တယ်ဆို လို့ သား သွားတောင်ကြည့်သေးတယ်၊ ဘယ်လိုနေလဲလို့"

ကောင်လေးက သူ့အမေကို ခုနပြောလက်စ စကား ဆက်ပြောနေဟန် ရှိပါသည်။

"ဟာ ... သူတို့အိမ်က စုတ်ချာနေတာ ယိုင်တောင်နေပြီ မေမေရ၊ ကြည့်လိုက်တာနဲ့ အိမ်က အိုနေတာ၊ ပြီးတော့ သားတို့လို ခြံကလေးလည်း ရှိတာမဟုတ်ဘူး"

"အင်း"

"အဲဒါ အိမ်လခက ငါးထောင်တဲ့"

"ဩော်"

"အဲဒါ ... မမကို ပြောဦးမယ်၊ သားတို့အခန်းလေးကလည်း ငါးထောင်လောက်တော့ ပြောငှားလို့ ရပါတယ် မေမေရ၊ သားတို့အိမ်က ခိုင်ခိုင်ခံ့ခံ့လေး"

"ဒါပေမဲ့ မင်းရဲ့ ဖိုးကျော်တို့အိမ်က လမ်းမတန်းကျတဲ့ သားရဲ့၊ မေမေတို့က လမ်းတွင်းကျတယ်လေ"

www.burmeseclassic.com



"လမ်းမတန်း ဖြစ်ပါစေဦး မေမေကလည်း၊ စပေါ်ကလည်း တစ်သိန်းခွဲတောင် ယူတာ၊ တစ်သိန်းခွဲဆိုတာ နည်းတာ မဟုတ်ဘူး၊ ဒါကိုတောင် ပေးတဲ့သူရှိလို့ လူငှားတက်နေ ပြီလေ၊ သားတို့အိမ်က စပေါ်မယူဘူးလား"

"မေမေ မသိပါဘူး သားရယ်၊ မမ မေးကြည့်ပေါ့၊ မမ ကြည့်လုပ်ပါလိမ့်မယ်"

"လခသုံးထောင်လောက်ပဲ ယူမယ်ဆိုရင် စပေါ်ယူပေါ့၊ စပေါ်မယူရင်လည်း လခ ငါးထောင်လောက်တော့ ပြော ပေါ့"

"မေမေတို့က တစ်ခါမှလည်း အိမ်ငှားဖူးတာ မဟုတ် ဘာမဟုတ်၊ နားလည်းမလည်နဲ့ မပြောတတ်ပါဘူး သား ရယ်၊ တကယ်ဆို ငှားတောင် ငှားချင်တာ မဟုတ်ဘူး၊ ကိုယ့်အိမ်ပေါ် လူစိမ်းတစ်ယောက်နဲ့အတူ စပ်နေရမှာ"

"အို ... မေမေကလည်း၊ ဘာဖြစ်လဲ၊ ကိုယ့်ဝင်ပေါက်နဲ့ ကိုယ့်တံခါးနဲ့ပဲဟာ၊ ဒီအခန်းလေးက မငှားလည်း ပိုနေတာ၊ ငှားတော့ အလကားနေရင်း ပိုက်ဆံရတာပေါ့"

ရွှေဘုန်းလက်ျာသည် နည်းနည်းကလေး ထည့်မိတာ နှင့်ပင် သူ့အတွက် တရားလွန် စပ်နေသော ငရုတ်သီးမှုန့်ကြောင့်





တ်နှာတစ်ခုလုံး နီရဲကာ နဖူးထိပ်မှ ချွေးများ စီးကျလာပါသည်။ ခေါင်းတစ်ခုလုံးလည်း ထူပူကာ ...

"ရှူး ... ရှူး ... ညီလေး၊ ရေ ... ရေရှိလား"

"ဟာ ... အစ်ကို စပ်နေပြီ၊ ဟီး ဟီး ... ဒီမှာ သောက်ရေ ရှိပါတယ်"

အထွင့်က ပလတ်စတစ်ရေကရားထဲမှ ရေတစ်ခွက် ရွှေဘုန်းလက်ျာ အတွက် ငှဲ့ထည့်ပေးလိုက်ပါသည်။ ရွှေဘုန်း က်ျာသည် ရေကို ကမူးရှူးထိုး သောက်ချသည်။

"အတော်စပ်သွားရှာပြီ၊ ရေနွေးကြမ်းလေး သောက်ချင်လည်း ရှိတယ် သား"

"မေမေ့ ရေနွေးကြမ်းက ပူရင် ပိုစပ်နေမှာပေါ့"

"ပြီးရင် ရေနွေးကြမ်းက အမြန် အစပ်သက်သာတယ်ကွယ့်"

"ရ ... ရပါပြီ ဒေါ်ဒေါ်၊ အား ... ရှူး ... ရှူး"

စပ်ကလည်းစပ် စားလို့ကလည်း ကောင်းနေကာ ဘုန်းလက်ျာသည် ပန်းကန်ကို ပြန်မ,လျက် တရှူးရှူးစပ်ရင်းပဲ နေလျက် ...

"ဒေါ်ဒေါ် ... နောက်တစ်ပွဲလောက်"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည် ထုတ်ကာ တစ်မျက်နှာလုံးကို ပွတ်သုတ်ပြီးလျှင် ဤသို့ ပူရ စပ်ရအာနှင့် လျှာကို ထိသွားသော အရသာကိုပင် ရွှေဘုန်းလက်ျာ သဘောကျနေသည်။ ဒီညနေထိ သူ အိမ်က ထွက်မလာခင်ပင် သောက်လာရသေးသော မိုင်လိုတစ်ခွက်ရဲ့ အီလည်လည်အရသာနှင့် ဘာမှမတူ။

ခုချိန်လောက်ဆိုရင် အိမ်မှာ သူပျောက်ကာ ဒေါင်းတောက်နေကြလောက်ပြီ။ ဒီညနေ ထမင်းစားဖိတ်ထားသော ပန်းဝတ်မှုံတို့ မိသားစုအတွက် ချက်ကြ ပြုတ်ကြ စီစဉ်ကြနှင့် မေမေရော ဒေါ်လေးပါ အလုပ်ရှုပ်နေခိုက် သူ လစ်ထွက်လာခဲ့တာ။ ကြီးကြီးကတော့ မြို့ထဲက စိန်တိုက်ကို သွားပါသည်။

ကြီးကြီးလည်းပဲ ညနေညှိသည်လာစရာရှိ၍ ငါးနာရီလောက်တော့ နောက်ဆုံးထားကာ ပြန်ရောက်လာမှာပင်။ ခုကိုပဲ ပြန်ရောက်လာချိန်လောက် ရှိပြီ။

"ဒီနားမှာ အနီးဆုံး ဘုန်းကြီးကျောင်း ဘယ်နားမှာ ရှိလဲ ဟင်"

"ဘုန်းကြီးကျောင်း ! ..."

"ဟုတ်ကဲ့"





"သပ်နီးနီးတော့ မရှိဘူးကွယ်၊ ဒီက လျှောက်သွားပြီး ဟိုး ရှေ့မှတ်တိုင်က တက်စီးလိုက်ရင်တော့ ကားတစ်မှတ်တိုင်စီးရင် ဘုန်းကြီးကျောင်းတစ်ကျောင်းနား ရောက်မယ်၊ အောင်မင်္ဂလာကျောင်း ဆိုတာ၊ လမ်းအတွင်းထဲ ဝင်ရသေးတယ်၊ အဲဒါ အနီးဆုံးပဲ၊ သား ဘာကိစ္စရှိလို့လဲ"

ရွှေဘုန်းလက်ျာသည် ဖြေရခက်ကာ ဘာဖြေရမည်သိပဲ ...

"မဟုတ်ပါဘူး ခင်ဗျာ၊ မေးကြည့်တာပါ၊ ဘုန်းကြီးကျောင်းဆိုတော့ တည်းလို့ ခိုလို့ ရမှာပဲလို့"

"သားက နယ်ကလာတာလား"

"မဟုတ်ဘူး ခင်ဗျ"

လိမ်ညာ မပြောတတ်တဲ့ ဝသီအတိုင်း နှုတ်က အမှန်အတိုင်း ထွက်သွားပါသည်။

"ဒါဖြင့် ရန်ကုန်ကပဲပေါ့"

"ဟုတ်ကဲ့"

"ဒါဖြင့် ဘုန်းကြီးကျောင်းမှာ တည်းချင်တာက ဘာဖြစ်လို့လဲကွယ့်"

မေးလိုက်မှပင် သူ့၌ အဖြေခက်ရကာ ရုတ်တရက် ဘာပြောလို့ ပြောရမှန်းမသိ။ သူ့အဖြစ်ကို လူတကာထံ အမှန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လျှောက်ပြောပြနေလို့လည်း မဖြစ်သေးပါ။ ဓာတ်လမ်းတွေ ဆင်ဖွဲ့ပြီးတော့လည်း မညာတတ်တာမို့ ...

"ဟို ... လောလောဆယ် နေစရာ အခက်အခဲ ရှိလို့ပါ ခင်ဗျာ၊ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်း တစ်ညနှစ်ည တည်းပြီးတော့မှ နေစရာလေး ရှာရဖွေရမှာမို့လို့ပါ"

"ဟာ ... ဒါဖြင့် အစ်ကို ... ကျွန်တော်တို့ အခန်းငှားဖို့ ရှိတယ်"

အထွဋ် အားတက်သရော ပြောလိုက်သော စကားကြောင့် အထွဋ်တို့ မေမေ ဒေါ်ဝင်းဝင်းက မျက်ကလဲဆန်ပျာနှင့် ...

"ဟဲ့"

အထွဋ်ကို တစ်ချက်ဟန့်ကာ ပခုံးကို ဖျတ်ခနဲ လှမ်းရိုက်ပုတ်လိုက်ပါသည်။ အရွယ်ကောင်း လူပျို လူရွယ် လူရည်သန့် သားသားနားနားကလေးမို့ ကိုယ့်အိမ်မှာ သမီးပျိုနှင့် သင့်တော်ရဲ့လား မသိ ဘာမသိ။ အညွန့်ရဲ့ ဆန္ဒက ဘယ်လိုရှိမည် မသိဘဲ စကားပြောဆိုထားနှင့်ကာ မှားသွားမှာ စိုးရိမ်မိပါသည်။

"ဟုတ်လား ... ညီလေး"

"ဟုတ်တယ်ဗျ၊ ဘာလဲ ... အမေကလည်း ... ရှိလို့ရှိတယ် ပြောတာပဲဟာ၊ အခန်းလခက တစ်လ ငါးထောင်"





"ဟဲ့ ... အထွဋ်၊ ဖွတ်တိုး ပြောနေတော့တာပဲ၊ ဒီကောင်လေးဟာ"

"ဘာဖြစ်လို့လဲ မေမေရ"

ရွှေဘုန်းလကျာကလည်း ဒေါ်ဝင်းဝင်းကို မေးခွန်းထုတ်သလို ကြည့်နေတာမို့ ဒေါ်ဝင်းဝင်းက အားနာပါးနာနှင့် ...

"ဒီလိုပါကွယ်၊ အခန်းပိုလေးတော့ ရှိပါတယ်၊ ဒါပေမဲ့ အခန်းငှားဖို့ကိစ္စက ဒေါ်ဒေါ့်သမီး ကြည့်စီစဉ်တာပါ၊ ငှားမယ် မငှားဘူး၊ ဈေးဘယ်လောက်၊ ဘယ်လို ဘယ်ညာတွေ သူပဲ ဆုံးဖြတ်လို့ ရတာပါ၊ အဲဒါကြောင့်ပါ၊ ဒေါ်ဒေါ်တို့ကတော့ ဘာမှ သိပ်နားမလည်လို့ပါ"

"အို ... မေမေကလည်း၊ အိမ်ငှားတာပဲ၊ ဘာခက်တာလိုက်လို့၊ နားလည်စရာ ဘာရှိလို့လဲ"

"မင်း ဘာမှ မသိပါဘူး အထွဋ်ရယ်၊ မမ လာမှ ပြောရင်ပြောပစေ၊ ကလေးလို နေပါကွယ်"

"ဟော ... မမ လာပြီ"

အထွဋ်က အော်ဟစ်လိုက်တာ ရှေ့နားမှာ ရပ်လိုက်သော ဟိုင်းလပ်စ်ကားဆီ ပြေးပါသည်။ အညွန့်ကို လာပို့တဲ့ ယ်ရီကားပေါ်မှာ တစ်ယောက် နှစ်ယောက်သာ ကျန်ပါတော့ သည်။ ကားပေါ်က ဆင်းလိုက်ပြီးလျှင် ကားပေါ်က ကျန်သူတွေ ကို အညွန့်က ပြုံးရွှန်းတွတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးသည် ဖျတ်ခနဲ တစ်ခဏမျှပင် တည်ရှိပြီး ဒီဘက်ကို လှည့်လာသည်နှင့် အပြုံးက ပျောက်ကာ မျက်နှာက တည်တည်မှုန်မှုန်ကလေး ဖြစ်သွားလေသည်။ အထွင့်က အညွန့် လက်ထဲမှ စတီးချိုင့်နှင့် ပခုံးကအိတ်ကို ဖြုတ်ယူကာ ကလေး တစ်ယောက်ကဲ့သို့ ခုန်တဆွဆွသယ်၍ ဆိုင်ဘက် ပြန်ပြေးလာသည်။

ဖြည်းဖြည်း လျှောက်လာသော အညွန့်ကို ရွှေဘုန်းလကျ်ာ လှမ်း၍ ငေးကြည့်နေမိသည်။ ကားပေါ်က ဆင်းလိုက် ကတည်းက နွဲ့နှောင်းသွယ်လျှားသော အညွန့်ရဲ့ ကိုယ်ဟန်ကလေး ကို သူ စတင်သတိပြုမိတာပင်။ ကပိုကရို ဝဲလွင့်ပျော့နွယ်နေသော ကျောလယ်လောက် ဆံပင်ကလေးက ညနေခင်း လေညင်းကြောင့် မျက်နှာနှင့် လည်ပင်းတစ်ဝိုက်ကို ရစ်ခွေလွင့်ပျံ့နေသည်။

ဒီဘက်ကို လှည့်လာလျှင် ဝင်းစင်သော အသားအရေ နှင့် ထင်ထင်ရှားရှား ချောမောလှပသည့် မျက်နှာသန့်ရှင်းရှင်း ကလေးက ရွှေဘုန်းလကျ်ာကို အငိုက်မိသွားစေပါသည်။ နက်ထင် ကော့ဖြူးနေသည့် မျက်ခုံးအလှ၊ ရွှန်းစက်နက်မှောင်သည့် မျက်လုံး အလှ၊ အပိုအလိုမရှိ ပြေပြစ်သော နှာတံအလှ၊ ဆေးမဆိုးဘဲ ပန်းသွေးပြေးနေသည့် နှုတ်ခမ်းဖူးဖူးကလေးရဲ့အလှ၊ အဖျားလေး ဝန်းနေသော မေးစေ့ကလေးရဲ့အလှ။





မျက်နှာလေး တည်တည်နှင့် ဖြည်းဖြည်း လျှောက် လှမ်းလာနေသော အညွန့်ကို စူးစိုက်ငေးမောကာ ရွှေဘုန်းလကျ်ာ ရဲ့ နှလုံးသားတို့ ဆန်းကြယ်စွာ ပူနွေးစွာ နိုးကြားလှုပ်ရှားလာပါ သည်။

လှလိုက်တာ ...။ ချစ်မြတ်နိုးစရာ ကောင်းလိုက်တာ။ အဖြူနှင့် နက်ပြာရောစပ်ထားသည့် ယူနီဖောင်းဝတ်စုံ ရိုးရိုးကလေး ထဲမှာ အညွန့်သည် လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး ဖြစ်၍ နေပါသည်။ အနားအနီးကလေးကို ရောက်လာတဲ့ထိ သူ့အကြည့် ကို လွှဲမပစ်နိုင်ခဲ့ဘဲ သတိလက်လွတ် ငေးမော၍ နေမိပါသည်။

အညွန့်သည် မုန့်ဟင်းခါးပန်းကန် ကိုင်ရင်း သူ့ကို အငေးကြီး ငေးစိုက်ကြည့်နေသည့် လူကို တစ်ချက်ကြည့်လိုက်ပြီး မျက်လုံးကိုလွှဲကာ ...

"မေမေ ... ဆိုင်သိမ်းခါနီးပြီလား"

"မနီးသေးဘူး သမီး၊ ကျန်သေးတယ်၊ သမီး စားဦးမလား"

"မုန့်ဖတ် မစားချင်ဘူး၊ ဟင်းရည်နည်းနည်း သောက်ချင် တယ် မေမေ၊ ဗိုက်ဆာတယ်"

ပြောရင်း အညွန့်က ခွေးခြေလေးတစ်ခုဆွဲ၍ ဝင်ထိုင် လိုက်ပါသည်။ ခုထိ သူမကို မျက်တောင်မခတ် ကြည့်နေသေးသူ ကို မကြည့်မလင်နှင့် တစ်ချက်လှမ်းကြည့်လိုက်လျှင် ထိုသူက

www.burmeseclassic.com



ကယောင်ကတန်း လှုပ်ရှားသွားပြီး သူ့ပန်းကန်ထဲက လက်ကျ
ကို ရှက်အမ်းအမ်း ငုံ့၍စားနေပါသည်။

"အထွင့် ... ကျူရှင်သွားပြီးပြီလား"

"ဟုတ် ... ပြီးပြီလေ၊ ခုနပဲ ပြန်လာတာ"

"အိမ်မပြန်ဘူးလား၊ အိမ်စာတွေ မရှိဘူးလား"

"သင်္ချာပဲ နည်းနည်းတွက်စရာရှိတယ်"

"တွက်စရာရှိရင် ပြန်လေ"

"ခဏလေးပါ၊ မေမေ့ကို ကူနေတာ"

"အီးရော အီးရောနဲ့ ညဥ့်နက်မှ အိမ်စာတွေ လုပ်နေဦး
မယ်"

"ဟုတ်ကဲ့ပါ၊ ခဏနေ ပြန်ပါ့မယ်"

မောင်ကို ဩဇာညောင်းပုံရသည့် အညွှန့်ပုံစံလေး
ရွှေဘုန်းလက်ျာက သဘောတကျ ခိုး၍ အကဲခတ်နေပါသည်

"မမ"

"ဘာလဲ"

"ဟိုလေ ... မမ အသိ ဟိုသားအမိက အိမ်ငှားဖြစ်လား"

"ဩော် ... ဒေါ်ရီတောင် နေ့လယ်က သမီးကျောင်း
လာသေးတယ်"

"ဘာတဲ့လဲ အညွှန့်"





"သူ မငှားဖြစ်ဘူးတဲ့၊ ဒီအိမ်က သူ့အလုပ်နဲ့တော့ မဝေး
ဘူး၊ အဆင်ပြေပါတယ်၊ ဒါပေမဲ့ ... သူ့သမီး သင်တန်း
တက်ဖို့ကျတော့ မြို့ထဲနဲ့ ဝေးတယ်တဲ့၊ ဟုတ်တော့ ဟုတ်
တာပေါ့လေ၊ သူနဲ့နီးတာ မရှာဘဲ သူ့သမီးအတွက် ပိုနီး
ပြီး ပိုအဆင်ပြေတာ ရှာလိုက်တယ်တဲ့၊ သူပဲဒုက္ခခံပြီး
ဝေးဝေးသွားမယ်ပေါ့ မေမေရယ်"

"ဩော် ... အေးပေါ့လေ"

"မမ"

"ဘာလဲ အထွင့်"

"ဒီအစ်ကိုက အိမ်ငှားချင်လို့"

အညွှန့်က ရွှေဘုန်းလက်ျာကို ဖျတ်ခနဲ ကြည့်လိုက်
ပါသည်။ အကြည့်ချင်း ဆုံသွား၍ ရွှေဘုန်းလက်ျာက ကယောင်
ကတန်း ဖြစ်သွားရကာ မျက်လွှာ ကမန်းကတန်း ချလိုက်မိပါ
သည်။ ရွှေဘုန်းလက်ျာရဲ့ အေးစက်စက်ဟန်ကြောင့် အထွင့်က
အားမလို အားမရနှင့် ...

"ဟုတ်တယ် မဟုတ်လား အစ်ကို"

"ဟို ... ဟုတ် ... ဟုတ်ပါတယ်"

ရွှေဘုန်းလက်ျာသည် ထက်မြက်ချက်ချာပုံရသော
အညွှန့်ရဲ့ ပုံစံလေးကို အလိုလို လေးစားရှိန်လန့်နေကာ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တပည့်တစ်ယောက်က စာဖြေသလို မျက်နှာမျိုး နှင့် လှမ်းဖြေလိုက်မိပါသည်။

“ဩော် ... ရှင်က အိမ်ငှားချင်တယ် ... ဟုတ်လား”

“ဟုတ်ပါတယ်”

“အိမ်ငှားစရာရှိမှန်း ရှင်က ဘယ်က သိလာလို့လဲ”

“ကျွန်တော် မသိပါဘူး ဒီက ညီလေးက ဒီကအေါ်အေါ်ကို ပြောနေသံကြားတာနဲ့”

“ဩော် ... ရှင်က ဘယ်ကလဲ”

“ကျွန်တော် ရန်ကုန်ကပါပဲ၊ ခုလောလောဆယ် နေစရာ မရှိလို့ ဒီနေ့အဖို့ ဒီနားက ဘုန်းကြီးကျောင်း တစ်ကျောင်း ကျောင်းရှာပြီး အကူအညီတောင်းပြီး တစ်ည နှစ်ည ဝင်အိပ်မလားလို့တောင် စိတ်ကူးနေတာပါ”

“ဒီဘက်မှာ အိမ်ငှားချင်တာလား”

“ဟုတ်ပါတယ်၊ အဲ ... အမှန်ပြောရရင် ဘယ်မှာပဲဖြစ်ဖြစ် ပါ၊ လောလောဆယ် နေစရာရဖို့က အရေးကြီးနေတာပါ”

အညွန့်က ရွှေဘုန်းလက်ျာကို အကဲခတ်သည်။ ကျော်ဒါနီစာတန်းပါသည့် တီရှပ်ဖြူနှင့် ဂျင်းဘောင်းဘီ ခပ်အိအိ တစ်ထည်ကို ဝတ်ထားသည့် ိလူမှာ လူရည်သန့်လှပါသည်။





သူ့ရဲ့ဘောင်းဘီဟာ ဂျင်းန်ဖြစ်ပေမဲ့ ချောမွတ်၍ ပျော့အိနေသော မီးခိုးမှိုင်းရောင်။

လက်က လက်ပတ်နာရီ မည်းမည်းကလေးဟာ အမျိုးအစားကောင်းမှန်း သိသာကာ လက်ဖျံပေါ်မှာ ပါးရှပ်ကပ်နေသည်။ မျက်နှာက ဒုစရိုက်ကင်းစင်သော သန့်ရှင်းနုနယ်သည့်ရုပ်ရည်ဖြစ်သည်။ လက်ချောင်းတွေ ရှည်သွယ်ဖြူသန့်လှကာ လက်ဖနောင့်တွေ သွေးရောင်ရဲလျက် ပုံသဏ္ဌာန်မှာ တစ်သက်လုံး ပူပင်ကြောင့်ကြကင်းကင်းနှင့် ငြိမ်းငြိမ်းချမ်းချမ်းနေခဲ့ရတဲ့ သဏ္ဌာန်မျိုးပါ။

သူ့သွင်ပြင်သဏ္ဌာန်နှင့် ဤရပ်ကွက် စုတ်ချာချာကလေးဟာ မအပ်စပ်သလို ဖြစ်နေပါသည်။

“ရှင် ဘာလုပ်လဲ”

“ခင်ဗျာ”

“ရှင်ဘာအလုပ်လုပ်လဲလို့”

“ကျွန်တော် ... ဟို ... အလုပ်လက်မဲ့ပါ၊ ခုမှ အလုပ်ရှာလုပ်ရမှာပါ”

“စိတ်တော့ မရှိနဲ့နော်၊ အိမ်ငှားရင် ကျွန်မတို့က ကျွန်မတို့အိမ်နဲ့ တစ်တွဲတစ်ဆက်တည်း အခန်းကို ငှားရမှာဆိုတော့ လူစိမ်းသူစိမ်းကို မေးမြန်းစုံစမ်းရတယ်၊ ရှင့်ပညာအရည်အချင်းကကော ...”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အီကိုနဲ့ ဘွဲ့ရထားပါတယ်"

"ဒါဖြင့် ဘာလို့ အလုပ်လက်မဲ့ ဖြစ်နေတာလဲ"

ရွှေဘုန်းလကျာ်သည် အနည်းငယ် ချွေးပြန်ချင်လာပါသည်။ အမှန်အတိုင်း ပြောဖို့ကလည်း မဖြစ်နိုင်သေး၍ မလိမ်မညာ ဇာတ်လမ်းမဆင်လိုသော်လည်း အခြေအနေအရ လိမ်ညာရတော့မှာပင်။

"အလုပ်လက်မဲ့ ဆိုတာက လက်ရှိအလုပ်ကနေ မကျေနပ်လို့ ထွက်လိုက်လို့ပါ၊ ခုမှ အလုပ်ပြန်ရှာရမှာ၊ တကယ်တော့ ကျွန်တော့်မှာ ရန်ကုန်မှာပဲ နေစရာအိမ်လည်း ရှိပါတယ်၊ မိသားစု အိမ်တွင်းရေး မပြေလည်တာရှိလို့ အိမ်ကဆင်းလာလို့ ခုလို နေစရာ ရှာရတာပါ"

ဒေါ်ဝင်းဝင့်သည် ကြားက အားနာလာပုံရကာ –

"အညွန့်ရယ် ... သူများ ကိုယ်ရေးကိုယ်တာတွေ အားနာစရာကွယ်"

"သူက လူစိမ်းလေ ... မေးရ မြန်းရမှာပေါ့ မေမေ"

"ရပါတယ် ... မေးပါခင်ဗျာ"

"ရှင် မှတ်ပုံတင်တော့ ရှိတယ်နော်"

"ရှိပါတယ်"





"ရှင်က ဒီရပ်ကွက်မှာ လာငှားရတာက ရှင့်အလုပ်တွေ ဘာတွေနဲ့ နီးနီးနားနား အဆင်ပြေလို့လား"

"ရှင်းရှင်း ပြောရရင် ကျွန်တော် ဘာလုပ်မယ် ဆိုတာတောင် ဘာမှ ဆုံးဖြတ်ချက် မချရသေးပါဘူး၊ နီးတာ မနီးတာ အဆင်ပြေတာ မပြေတာ ရွေးချယ်မနေနိုင်ပါဘူး၊ အရင်ဆုံး နေစရာ တစ်နေရာရှာပြီးမှ အလုပ် လုပ်ဖြစ်တဲ့ အခါကျရင်လည်း နီးနီး ဝေးဝေး ဒီလိုပဲ အဆင်ပြေအောင် ရပ်တည်သွားရမှာပါပဲ"

အညွန့်က နူးညံ့ငြိမ်းချမ်းသော ရွှေဘုန်းလကျာ်ကို စိုက် အကဲခတ်နေသည်။

"မမ ... လခ ငါးထောင်လို့ ကျွန်တော် ပြောပြထားတယ်"

အထွင့် စကားကြောင့် အညွန့်က အထွင့်ကို ကြည့်လိုက်မိပါသည်။ လခကို အဲသလောက် အထိပင် အညွန့် မျှော်လင့်မထားပါ။ ကားဝင်ဖို့ မသင့်တဲ့ မြေလမ်းကျဉ်းလေးထဲက အိမ်မို့ တော်ရုံအိမ်ငှားလည်း လာမနေပါ။ မိုးတွင်းဆို သူမ တို့လမ်းလေးက ပိုဆိုးပါသည်။

ပြီးတော့ ... အညွန့်တို့ အိမ်ငှားရတာသည် လစဉ် သုံးစရိတ်အတွက် ကာမိအောင် ဝင်ငွေပိုလာဖို့သာ ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လောလောဆယ် တစ်လုံးတစ်ခဲ သုံးစွဲစရာလည်း မရှိ၍ အညွန့်က စပေါ်ငွေယူဖို့ စိတ်မကူး။ တခြားအိမ်ရှင်တွေနှင့်တော့ အယူအဆ တူချင်မှ တူမည်။

အညွန့်ကတော့ စပေါ်ငွေယူထားလိုက်လျှင် လက်ထဲ ငွေလုံးငွေခဲ ရောက်လာပါက သုံးစရာတွေ အလိုလို ပေါ်လာကာ သုံးချင်လာလိမ့်မည်။ တစ်ခုခု ဝယ်ခြမ်းဖြစ် သုံးစွဲဖြစ်သွား၍ ထိုငွေ ပျောက်ပျက်သွားပြီးလျှင် အိမ်ငှားက မနေဖြစ်တော့၍ စပေါ်ပြန်အမ်းဖို့ ရှိလာပါက ထိုငွေကို မရမက ပြန်မရှာနိုင်လျှင် နောက်အိမ်ငှားတစ်ဦး မရမက ရှာရပေလိမ့်မည်။

လောလောဆယ်မှာ အိမ်ခန်းပိုကို ငှားချင်နေပေမဲ့ နောက်ကာလတွေမှာ အမြဲ အိမ်ငှားထားချင်စိတ် ရှိချင်မှ ရှိမည်။ စပေါ်ပြန်အမ်းဖို့ မဖြစ်မနေ အိမ်ငှားထပ်တင်နေရမှာကို မလိုလား။ အိမ်ငှားကို မငှားချင်တော့လျှင် အချိန်မရွေး ဖယ်ပေးခိုင်းနိုင်တဲ့ အခြေအနေမျိုးနှင့် လွတ်လွတ်လပ်လပ်သာ ငှားလိုသည်။

ဒါကြောင့် စပေါ်မလိုချင်။ အိမ်မငှားမီ၌ သူတို့ အိမ်ခန်းလေးနှင့် တစ်လငါးထောင်သည် တန်လား မတန်လား မပြောတတ်။

"ကျွန်တော် လခငါးထောင်ကို သဘောတူပါတယ်၊ ကျွန်တော့်ကို အိမ်ငှားပါနော် မညွန့်ညွန့်"





အညွန့် မျက်နှာမှာ ရှုပုပ်သွားရပါတော့သည်။ လွတ်ခနဲပင် ...

"ကျွန်မ နာမည် မညွန့်ညွန့် မဟုတ်ဘူးရှင့်"

"ခင်ဗျာ"

"ကျွန်မကို မညွန့်ညွန့်လို့ မခေါ်ပါနဲ့"

"ဟိုလေ ... ခေါ်ခေါ် ခေါ်လိုက်သံ ကြားလို့ပါ"

"ရှင် ဘယ်လိုကြားလဲ"

"အညွန့် ဆိုပြီး"

"အညွန့်က အညွန့်ပေါ့ရှင့်၊ ဘယ်လိုလုပ် မညွန့်ညွန့် ဖြစ်ရမှာလဲ"

"ဟို ... ကျွန်တော်က နာမည်အပြည့်အစုံ မသိတော့"

"နာမည်အပြည့်အစုံက အညွန့်ပဲ၊ ကျွန်မကို ဖေဖေက အညွန့်တလူလူတက်မဲ့ အဓိပ္ပာယ်နဲ့ အညွန့်လို့ ပေးထားတာ၊ မောင်လေးကိုကျတော့ အထွဋ်အထိပ် ရောက်ရမဲ့ ရည်ရွယ်ချက်နဲ့ အထွဋ်လို့ ပေးထားတာ၊ နာမည်ရှေ့မှာ 'အ'တွေ ပါပြီးသား၊ အညွန့်ပဲ' မညွန့်ညွန့် မဟုတ်ဘူး"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဆောရီးဗျာ အညွန့် ကျွန်တော့်ကို အိမ်ငှားပါနော်"



www.burmeseclassic.com

အညွန့်က ကျွဲမြီးတိုသွားစိတ် မပျောက်သေးဘဲ ရွှေဘုန်းလက်ျာကို မျက်စောင်းရွယ်လျက် ...

"ရှင်က အိမ်ကိုဖြင့် မမြင်ရသေးဘဲနဲ့ ဇွတ်ပဲ ငှားချင်နေပါလား၊ အိမ်လေး ဘာလေး အရင်ကြည့်ပါဦးလား၊ မြင်ရပြီးမှ ကိုယ်နေနိုင် မနေနိုင် သိရမှာပေါ့ရှင့်"

"ကြည့်စရာ မလိုပါဘူး၊ ကျွန်တော် နေနိုင်ပါတယ်၊ တဲပုပ်လေးပဲဖြစ်ဖြစ် ကျွန်တော် နေမှာပဲ၊ နေစရာမှ မရှိတာ"

"တဲပုပ်တော့ မဟုတ်ဘူး၊ ပျဉ်ထောင်သွပ်မိုးပဲ၊ အခန်းက ရှစ်ပေ ပေလေးဆယ်လောက် ရှိတယ်၊ လမ်းကျဉ်းတယ်၊ မိုးတွင်းကျ ဗွက်တွေပေါက်တယ်"

ရွှေဘုန်းလက်ျာက အညွန့်မျက်နှာ လှလှကလေးကို မျက်တောင်မခတ် ကြည့်နားထောင်နေကာ ...

"ကျွန်တော် နေပါ့မယ်"

"ရှင်က နေမယ်ဆိုပေမဲ့ ကျွန်မတို့က ယောက်ျားလေး လူပျိုလူရွယ်ကို ငှားဖို့ စိတ်ကူးထားတာ မဟုတ်ဘူး"

အညွန့် လေသံပြတ်ပြတ်ကို ဒေါ်ဝင်းဝင်းက အားနာစွာ ...





"ဒီလိုပါကွယ်၊ ဒေါ်ဒေါ်တို့က အရင်ကလည်း အိမ်ငှားထားတာ မဟုတ်ပါဘူး၊ အခု ငှားဖို့ကလည်း ကိုယ့်အိမ်နဲ့ တစ်တွဲတစ်ဆက်တည်း ဖြစ်နေတဲ့ ဘေးအခွယ်လေးပါ။ ဒီတော့ ပထမ လူကြီးသူကြီးထဲက တစ်ကိုယ်တည်းမျိုး ဖြစ်ဖြစ်၊ သားအမိနှစ်ယောက်တည်းလို မိန်းမသားမျိုးတွေ ဖြစ်ဖြစ်၊ ငှားမလို့ စိတ်ကူးတာပါ၊ မိသားစုဆိုရင်လည်း အိမ်ကျဉ်းကျဉ်းနဲ့ လူရှုပ်တယ်လေ၊ ယောက်ျားပျိုဆိုတော့လည်း ..."

အညွန့်က မေမေစကားထဲ "သမီးပျိုရှိတာ" ထည့်ပြောတော့မည်ကိုသိ၍ မပြောစေချင်သဖြင့် စကားကိုဖြတ်ကာ ...

"ယောက်ျားပျိုဆိုရင် ဟိုကချော့သည်လာ၊ ဒီကချော့သည်လာနဲ့ ယောက်ျားလေးတွေ တရုန်းရုန်းနေလို့တော့ မဖြစ်ဘူး၊ ပြီးတော့ ညအိပ်ညနေလည်း လုံ့ဝ လူပိုခေါ်မတင်ရဘူး"

"ဩော် ... ဒါမျိုးတွေ ကျွန်တော် မလုပ်ပါဘူး၊ စိတ်ချပါ၊ ကျွန်တော့်ဆီ ချော့သည်လာစရာလည်း မရှိပါဘူး၊ ဘယ်သူ့မှလဲ ညဉ့်အိမ်ညဉ့်နေ ခေါ်စရာ အကြောင်းမရှိပါဘူး၊ ဒါတွေအတွက် စိတ်ချပါ၊ ကျွန်တော့် အတွက်က ကျွန်တော် တတ်နိုင်တဲ့ ငါးထောင်ဆိုတဲ့ ပမာဏလောက်နဲ့ နေစရာလေးတစ်ခုရဖို့ အရေးကြီးနေလို့ပါ"

www.burmeseclassic.com



"ရှင် တကယ်နေမယ် ဆိုရင်တော့ စာချုပ်တဲ့အခါ စည်းကမ်းချက်တွေ ထည့်ရေးရလိမ့်မယ်"

"ဟုတ်ကဲ့ ... ကျွန်တော် လိုက်နာပါ့မယ်"

အညွန့်က ရွှေဘုန်းလက်ျာကို ခပ်တည်တည်လေး ခေါင်းညိတ်ပြလိုက်ရင်းက ...

"ဒါဖြင့် ကျွန်မ အနေနဲ့တော့ ဘာမှ ပြောစရာမကျန်တော့ဘူး၊ အိမ်မှာ ကျွန်မအဖေ ရှိတယ်၊ ဖေဖေ ဘာပြောဦးမလဲ မသိဘူး၊ ဖေဖေ သဘောတူရင် ရှင်နေလိုက်ပေါ့"

"ဟုတ်ကဲ့"

"မမ ... ဒါဖြင့် ဒီအစ်ကို့ကို သား အိမ်ခေါ်သွားလိုက်မယ်"

"ငါပါလိုက်မှာ"

အထွင့်နဲ့ချည်းပဲ လွှတ်လိုက်လို့ မဖြစ်။ ဖေဖေက ဒီလိုအချိန်ယွန်းယွန်းလောက်မှာ အရက်ဆိုင်ဆီ ဝယ်ဖို့ဖြစ်စေ သောက်ဖို့ဖြစ်စေ သွားတတ်ပါသည်။ တစ်ခါတစ်ရံ အိမ်မှာလက်ကျန်ကလေးရှိရင် ဒီအချိန်လောက်မှာ ဖေဖေ ချထားပြီးပြီ။

အဲဒီလိုဆိုလျှင် ညှော်သည်နှင့် စကားပြောတဲ့အခါ ဝေ့လည်ပြီး လိုရင်းမရောက် ဖြစ်နေလိမ့်မည်။ နေ့ခင်းနှင့် ညနေ





စောင်းမှာ ဘာမှ ဝင်မထားဘူး ဆိုလျှင်တော့ ဖေဖေနှင့် စကားပြော အဆင်ပြေပါလိမ့်မည်။

တကယ်တော့လည်း အဟန့်တစ်ခု အနေနှင့်သာ ဖေဖေ့သဘော မေးရဦးမည်လို့ စကားကြောင်းထားပေမဲ့ ဖေဖေက အညွန့်စီစဉ်ပြီးသား ဆိုလျှင် ဘာမှ စွက်ဖက်လိမ့်မည် မဟုတ်။ တကယ်တမ်းတော့ တစ်အိမ်လုံးမှာ အညွန့် သဘောသာ အခရာပါပေ။

အညွန့်တို့ မောင်နှမ ထ,လိုက်ကြ၍ ရွှေဘုန်းလက်ျာပါ ထိုင်ရာမှ ထကာ ...

"ဒေါ်ဒေါ် ... ဘယ်လောက်ကျလဲ ခင်ဗျာ"

သူ မုန့်ဟင်းခါးဖိုးကို ရှင်းလိုက်ပါသည်။ ထို့နောက် ရှေ့မှ ယှဉ်တွဲလျှောက်သွားသော မောင်နှမနှစ်ယောက်နောက်မှ ဖြည်းဖြည်းလိုက်လာပါသည်။ ထိုမောင်နှမမှာ အတော်ချစ်ခင်ပုံရပေသည်။ လမ်းလျှောက်ရင်း လက်တွဲထားကြပါသည်။

ဒူးကျော်ကျော် စကဘောင်းဘီပွပွနှင့် တီရှပ်အနွမ်းတစ်ထည် ဝတ်ထားသော အငယ်ကောင်လေးသည် ဆယ့်သုံးလေးနှစ် အရွယ်ပေမဲ့ အရပ်ကြီးက မိုးထိုးနေသည်။ ရွှေဘုန်းလက်ျာနီးပါးရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးနှင့် အရပ်ချင်း သူ့မသာ ကိုယ်မသာ ဖြစ်နေသော ကောင်မလေးဟာ ငါးပေခြောက်လက်မ ခုနစ်လက်မတော့ ရှိမှာပင်။ ရုပ်ကလေးတွေချင်းဆင်ကာ မောင်နှမနှစ်ယောက်လုံး အတော်ချောမော သန့်ပြန့်လှသည်။

အညွှန့်တဲ့ ...။

နာမည်လေးက တစ်မျိုးလေး၊ ယူနီဖောင်းနှင့် ဘယ်မှာများ အလုပ်လုပ်ပါလိမ့်။ အသက်ကတော့ နှစ်ဆယ်လောက်ရှိမှာပေါ့ဟု သူ မှန်းဆသည်။ အသက်ကလေး နှစ်ဆယ်လောက်နှင့် မျက်နှာထားက တည်တံ့ဣန္ဒြေရလွန်းအား ကြီးနေပါသည်။ စကားပြောတော့လည်း ပြတ်ပြတ်။

အညွှန့် စကားပြောပုံမှာ အချိန်မရှိဘဲ အလုပ်တွေရှုပ်နေသည့် လူတစ်ယောက် အမြဲ စိတ်မရှည် လည်မရှည် ဖြစ်နေသည့် သဏ္ဌာန်မျိုးနှင့် တူသည်။ မျက်နှာက တည်တံ့အဖြင်မျက်ခုံးက တွန့်ချင်သေးသည်။ လေသံကလည်း ဆတ်သော ပြတ်သေးသည်။

သို့ပေမဲ့ ရွှေဘုန်းလကျာသည် သူ့ကိုယ်သူ ဘာဖြစ်မှန်း ..တွေးမရအောင်ပင် ထိုကောင်မလေးထံ၌ စိတ်ဝင်တစားပျော်ဝင်နစ်မြုပ်နေပါသည်။ ရုတ်တရက် မြင်မြင်လိုက်ချင်း၌ပင် ကောင်မလေး အသွင်သဏ္ဌာန်ကို သူ့ရင်ထဲ စွဲငြိသွားကာ တစ်





ချိန်လုံးသာ မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေချင်ပါတော့သည်။

သူ ဘယ်နေရာမှာ စတည်းချမည်ရယ်လို့ မဆုံးဖြတ်ရသေးခင်၌ပင် ထိုကောင်မလေးတို့ရဲ့ အိမ်ငှားမည်ဆိုတာ သိရတဲ့အခါ ဒီနေရာမှာပဲ နေကိုနေတော့မည်လို့ ယတိပြတ် ဆုံးဖြတ်ပြီးသား ဖြစ်သွားတာပင်။

သူ့အဖေ ဆိုတာနဲ့တွေ့လို့ အဖေက လခတွေဘာတွေ တိုးတောင်းလည်း ပေး၍ကိုနေမည်ရယ်လို့ ကြံတင်စိတ်ဆုံးထားလိုက်ပြီ။ သူတို့ ဝင်လိုက်သော လမ်းသွယ်လေးဟာလမ်းမကြီးမှ အနည်းငယ် ဆင်ခြေလျှောသွားကာ စိုးတွင်းမိုးသည်းချွင် ရေအတော်ဝပ်မည့်သဏ္ဌာန် ရှိသည်။

တစ်လမ်းလုံးက အိမ်ကလေးတွေဟာလည်း စုတ်စုတ်နွမ်းနွမ်းလေးတွေ။ ဤသို့သော ရပ်ကွက်နွမ်းချာချာကလေးထဲ သူ လမ်းလျှောက်၍ တစ်ကြိမ်မှ မဝင်ရောက်ဖူးပါ။ သူ့မိသားစုရဲ့ မိတ်ဆွေအသိုက်အဝန်းထဲလည်း ဤလိုရပ်ကွက်မျိုး၌နေထိုင်သူ တစ်ဦးမှ မရှိစဖူးပေ။

အတွေးနှင့် လျှောက်နေ၍ မြေသားထဲက ဖုထွက်နေသော ခဲစွန်းတစ်ခုကို ခလုတ်တိုက်မိကာ သူ ဟပ်ထိုးဖြစ်သွားပါသည်။ သူ့ရဲ့ ရှန်းရင်းဆန်ခတ် ဖြစ်သွားပုံကြောင့် ကောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လှည့်ကြည့်ကြသည်။ ရွှေဘုန်းလက်ျာ နည်းနည်း ရှက်သွားပါသည်။

"ရှေ့အိမ်ပဲ အစ်ကို"

အညွန့်က ဖော်ဖော်ရွေရွေ ပြောလိုက်၍ သူ လှမ်းကြည့်လိုက်လျှင် တစ်လမ်းလုံး၌ အသန့်ပြန့်ဆုံး ဆိုနိုင်သော အိမ်လေးတစ်လုံးကို သစ်သားချောင်း ခြံစည်းရိုးနောက်၌ လှမ်းမြင်လိုက်ရပါသည်။ အိမ်ဝိုင်းနှင့် လမ်းမအကြား မြေချိုင့်ဝှမ်းရှိကာ ရေမြောင်းသဘော ဖြစ်ဟန်ရပါသည်။ လောလောဆယ်တော့ ဗွက်စပ်စပ်ကလေးသာ ရှိကာ ပိန်းရိုးပင်တချို့ ပေါက်ရောက်နေလျက် အပေါ်မှာတော့ ခြံတံခါးအထိ တံတားငယ်လေး။

တံတားလေးတွေသည် အိမ်တိုင်းရှေ့၌ ရှိသည်။ အချို့က သစ်သားချောင်း ကျိုးကျဲနှင့်။ အချို့က ဝါးတံတား။ လမ်းမရဲ့ မြေအပြင်က မြင့်ကာ ခြံဝင်း နေရာ၌လည်း လမ်းမနှင့် တစ်ညီတည်းမြင့်၍ ကြားမှာ မြောင်းချိုင့်ရှိနေ၍ အိမ်တိုင်း တံတားထိုးထားတာကြည့်ပြီး ရေရှိတဲ့အခါ ဤမြောင်းထဲ ရေအတော်ပြည့်လိမ့်မည်ကို ခန့်မှန်းနိုင်သည်။

ခြံတံခါးလေးကို တွန်း၍ ဝင်သွားသော မောင်နှမနှစ်ယောက်နောက်မှ ရွှေဘုန်းလက်ျာ လိုက်ဝင်လာခဲ့သည်။ လှေကားသုံးထစ်စာ ခြေတံအမြင့်ရှိသော အိမ်ကလေး၌ လှေကားတက်တက်





ချင်း လက်ရန်းနှင့် ဝရန်တာသဖွယ် ကပြင်အနိမ့်လေးရှိ၍ အိမ်မကြီးပေါ် တစ်ဆင့်လှမ်းတက်ရပါသည်။

ကပြင်တွင် ပက်လက်ကုလားထိုင်ချ၍ ထိုင်နေသူ လူကြီးတစ်ယောက်က သူတို့ကို လှမ်းကြည့်နေသည်။ ထိုလူကြီးသည် အသားဖြူဖြူ ရုပ်ချောချောနှင့် ဥပဓိရုပ် ကောင်းလှသော်လည်း ထိုမျက်နှာက နီမြန်းမြန်းနှင့် အနည်းငယ် ပွယောင်းနေပါသည်။

အညွန့်က သူ့ထံလှည့်ကြည့်ကာ ...

"လာလေ ... ရှင် ဒီမှာ ထိုင်ပါဦး"

အိမ်မကြီးရဲ့ ရှေ့ဆုံးဧည့်ခန်းကျဉ်းကလေးတွင် ကျွန်းသားဆက်တီ ခပ်ဟောင်းဟောင်း အရောင်လွင့်လွင့်ကလေးတစ်စုံ ရှိတာ သူ့ကို ညွှန်ပြ၍ သူက ဖိနပ်ချွတ်ကာ ဆက်တီမှာ ဝင်ထိုင်လိုက်ပါသည်။

"ဖေဖေ ... သူက အိမ်ငှားချင်လို့တဲ့"

ဘယ်ကကောင်တစ်ကောင် ပါလာပါလိမ့် အကဲခတ်နေသော ဦးထွန်းနိုင်သည် အညွန့် စကားကြောင့် အံ့ဩသွားပါသည်။

"အဲဒါ ... ကျွန်မတို့ အဖေပဲ"

"ဟုတ်ကဲ့ပါ အန်ကယ်၊ တွေ့ရတာ ဝမ်းသာပါတယ်"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းနိုင်က အညွန့်ကိုသာ အကဲခတ်နေသည်။ အညွန့် မိတ်ဆွေ ဒေါ်ရီတို့ သားအမိသာ ဆိုလျှင် အညွန့်က သူ့ကိုဘာမှ အထူးတလည် ပြောနေတော့မှာ မဟုတ်။ ခုတော့ ... ယောက်ျားရွယ်မို့ သူ့ကို တိုင်ပင်လာတာ ဖြစ်မည်ကို ရိပ်မိသည်။

"သူက မေမေ့ဆိုင်မှာ မုန့်ဟင်းခါးစားရင်း အိမ်ငှားမဲ့ကိစ္စ ကြားလို့ သူငှားချင်ပါတယ်လို့ ပြောတာ ဖေဖေ၊ အိမ်လခ ကတော့ ငါးထောင်လို့ ပြောထားတယ်၊ ငှားမငှားတော့ ဖေဖေနဲ့ လိုက်တွေ့ဆိုပြီး ခေါ်လာတာ"

အိမ်လခကို သူ့မိတ်ဆွေကိုတုန်းက သုံးထောင်သာ ပြောခိုင်းထားပြီး အခုတော့ ငါးထောင်ပေးမည့်သူ ဖြစ်နေ၍ ယောက်ျားပျိုတစ်ဦး ဖြစ်သော်လည်း အညွန့် ထားချင်ပုံ ရပေသည်ဟု ဦးထွန်းနိုင် နားလည်ရသည်။ အညွန့် မငှားလိုလျှင် အိမ်ကိုပင် ခေါ်လာမည် မဟုတ်။

"မင်း တစ်ယောက်တည်း နေမှာလား"

"ဟုတ်ကဲ့ပါ အန်ကယ်"

"အရင်က မင်းက ဘယ်မှာနေလဲ"

"ကမာရွတ်ဘက်မှာ နေပါတယ် အန်ကယ်"





ရွှေဘုန်းလက်ျာက အညွန့်ကို ပြောထားပြီးတဲ့အတိုင်း မှသားရောသော အကြောင်းအရာတချို့ကို ပြောပြလိုက်သည်။

"အေး ...၊ ယောက်ျားပျိုဆိုတော့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်မှာတော့ ငါတို့က စိုးရိမ်တယ်၊ မကြိုက်ဘူး"

"ရှုပ်ရှုပ်ယှက်ယှက် မရှိစေရပါဘူး အန်ကယ်၊ ဧည့်သည်တောင် မခေါ်ပါဘူး၊ ကျွန်တော် နေရုံနေလို့ရရင် ပြီးပါပြီ"

"ဧည့်သည် မလာရတဲ့ထိတော့လည်း မဟုတ်ဘူးပေါ့၊ ဆူဆူညံညံ သရုပ်ပျက်ပျက် မဖြစ်ရင် ပြီးတာပါပဲ၊ ညတော့ ဘယ်သူမှ လာမအိပ်ရဘူး"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် သဘောတူပါတယ်"

"အိမ်လခ ငါးထောင်ဆိုရင် စပေါ်ငွေ ယူဦးမလား အညွန့်"

"စပေါ်တွေ ဘာတွေ မလိုချင်ပါဘူး ဖေဖေ၊ စပေါ်အမ်းရခက်နေရင် ကိုယ်ဖယ်စေချင်တဲ့အချိန် မဖယ်နိုင်ဘဲ ဖြစ်နေဦးမယ်"

"စပေါ်မယူရင် အိမ်လခက ခြောက်လစာ တစ်နှစ်စာ နှစ်ချုပ်သဘော ယူရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဖေဖေ့ သဘောပါပဲ၊ ယူရင်လည်း ခြောက်လ စာပဲယူပေါ့ ဖေဖေ၊ တစ်နှစ်ဆိုတာ ကြာတယ်လေ၊ ကိုယ် ဆက်ငှားချင်လား မသိ၊ မငှားချင်လား မသိ"

"အေး ... ဟုတ်တယ်၊ မင်း ခြောက်လစာရော တစ်ခါတည်း ပေးထားနိုင်လား"

"ပေးနိုင်ပါတယ် အန်ကယ်"

ဦးထွန်းနိုင်က သန့်ပြန့်သော ရွှေဘုန်းလက်ျာကို အကဲခတ်သည်။ အဆင့်အတန်းမြင့်သည့်ပုံစံ ထွက်နေသော သူ့ပုံစံ နှင့် ဒီလိုနေရာမှာ ဘာကြောင့် လာငှားနေချင်ပါလိမ့်။ ရုပ်က သူဌေးသားပုံ ထွက်နေသော်လည်း တကယ်တမ်းမှာ ငွေရေးကြေး ရေးက ချို့တဲ့နေလို့လား ... ဒီလိုပဲ တွက်ရမှာပင်။

"မင်းနာမည် ဘယ်လိုခေါ်လဲကွ၊ မင်း မှတ်ပုံတင်တွေ ဘာတွေလဲ ငါတို့ဖိုတိုကော်ပီ လုပ်ယူထားမှပဲ၊ တစ်ယောက် အကြောင်း တစ်ယောက်မသိ မဟုတ်လား၊ မင်းဒီမှာ မနေတော့ဘူး ဆိုတဲ့အခါကျတော့ အဲဒီဖိုတိုကော်ပီစာရွက် ပါ ပြန်ပေးမှာပေါ့ကွာ"

"ဟုတ်ကဲ့ ... ရပါတယ်"

ရွှေဘုန်းလက်ျာက မှတ်ပုံတင်ကို ထုတ်၍ ကမ်းပေး လိုက်ပါသည်။





"ရွှေဘုန်းလက်ျာ ...၊ ဟာ ... မင်း နာမည်က တယ်လည်း စီးစီးနင်းနင်း ရှိပါကလား၊ ကောင်းတယ်ဟေ့၊ နာမည်တော့ ကြိုက်သွားပြီကွာ"

"ဖေဖေ ... သူ့ကို ငှားဖို့ဆုံးဖြတ်ရင် စာချုပ်လေး ဘာ လေးရေး၊ လမ်းထဲက လူကြီးသက်သေခေါ်ပြီး လက်မှတ် လေး ဘာလေး ထိုးဖို့ လုပ်ရမယ်လေ၊ စာချုပ်တောင် ဒီ အချိန် သွားဝယ်ဖို့ မီပါဦးမလား မသိဘူး"

"သား စက်ဘီးနဲ့ သွားဝယ်ပေးမယ် မမ"

"ဝယ်လိုက်ရမလား ဖေဖေ"

"အေး ... ဝယ်လိုက်ပေါ့၊ စာသားကိုတော့ သမီးဘာသာ စဉ်းစားပြီး ရေးပေတော့"

အညွန့်က မျက်နှာလေးတည်တည်နှင့် ...

"အမိက စာချုပ်ထဲ ထည့်ရေးထားရမှာကတော့ မယုံသင်္ကာ စရာ သံသယဖြစ်စရာ အကြောင်းတစ်ခုခု ပေါ်ပေါက်လာ ရင် ရှင့်ကို ငွေပြန်အမ်းမယ်၊ ရှင်က အချိန်မရွေး အိမ်ပေါ် က ချက်ချင်းဆင်းပေးရမယ် ဆိုတာပဲ၊ ရှင့်ကို ကျွန်မတို့က အကြောင်းမသိတော့ ဒီအချက်ကို ရှင် သဘောတူလက်ခံမှ အိမ်ငှားဖို့ ဖြစ်လိမ့်မယ်"

"ကျွန်တော် သဘောတူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုန်းလက်ျာက ခေါင်းညိတ်လိုက်ပါသည်။

အထွင့်က စာချုပ်သွားဝယ်၊ ရပ်ကွက်ထဲက လမ်းမှူးကို သက်သေလက်မှတ် ထိုးပေးဖို့ သွားခေါ်နှင့် ပြေးလွှားအလုပ်များသွားရှာသည်။ စာချုပ်ရတော့ နှစ်ဦးနှစ်ဖက် စည်းကမ်းတွေ စဉ်းစဉ်းစားစားနှင့် ထောင့်စေ့စေ့ ထည့်ရေးသူမှာ အညွန့်ပင်။

ဒီလိုနှင့် ထိုအခန်းလေးကို နေ့တွင်းချင်းပဲ ရွှေဘုန်းလက်ျာ ငှားဖြစ်သွားပါတော့သည်။ ဘာပစ္စည်းမှ အပိုမပါ၊ ကျောပိုးအိတ်တစ်လုံးသာ ပါရှိသူဖြစ်၍ ဓောင် ခေါင်းအုံး ဖျာကအစ အထွင့် အကူအညီနှင့် ထွက်ဝယ်ရလေရာ သူ့ကို ဘယ်လိုလူလဲ တွေးလို့ပဲလား၊ အထွင့် စာကျက်ပျက်လို့ပဲလား မသိ။ အညွန့် မျက်နှာက မှုန်တည်တည် မကြည်သလို ရှိပေသည်။





# ၄

နံနက်စောစောကြီး ဒေါ်ဝင်းဝင်း ဆိုင်ထွက်သည့်အခါ ခါတိုင်းက ဒေါ်ဝင်းဝင်းနှင့် အထွင့်သာ အတူသယ်ပိုးပို့ဆောင်ပြီး ဆိုင်ဖွင့်ရပါသည်။ ခုတော့ ရွှေဘုန်းလက်ျာက အထွင့်နှင့်အတူ ဟင်းရည်အိုး၊ မီးဖို၊ ပန်းကန်ခွက်ယောက် စတာတွေကို လိုက်လံကူညီ သယ်ပို့သည်။ ဆိုင်ဖွင့်ခြင်း၌ သူ ပါဝင်ကူသည်။

ကိုးနာရီခွဲ ဆယ်နာရီ ဆိုင်သိမ်းချိန်ကျလည်း သူက ဒေါ်ဝင်းဝင်းကို သွားကြို၍ ကူညီသိမ်းဆည်းပေးပါသည်။ ဆိုင်သိမ်းချိန်ဟာ အညွန့် ဖယ်ရီထွက်စောင့်တဲ့ အချိန်ရဲ့နောက် နာရီဝက်ပတ်ဝန်းကျင်မှာ ဖြစ်တတ်ရာ အညွန့် ဖယ်ရီစောင့်ဖို့ အိမ်က

www.burmeseclassic.com



ထွက်လျှင် ရွှေဘုန်းလက်ျာက နောက်နား မလှမ်းမကမ်းက
အတူ ထွက်လိုက်လာပါသည်။

ပထမတော့ သူ လမ်းထိပ်အထွက်မှာ နောက်
မယောင်မလည် ပါလာတဲ့ ရွှေဘုန်းလက်ျာကို ကြည့်၍ အညွန့်
သဘောမကျ။ ဘာကြောင့် လိုက်လာပါလိမ့်လို့ မျက်နှာကို
တင်းတင်း ထားလိုက်သည်။ အညွန့် ဆိုင်မှာထိုင်ကာ ဖယ်
စောင့်စဉ် သူလည်း ဆိုင်နားမှာပဲ ရစ်သီ ရစ်သီ လတ်လျားလ
လျား လုပ်နေကာ အညွန့် ဖယ်ရီနှင့် ထွက်သွားတော့ သူ
ရစ်ခဲ့ပါသည်။

အဲဒီညနေကျမှ မနက်ကလည်း ဆိုင်ကူသိမ်း ကူသ
ပေးကာ ညနေ ဆိုင်ဖွင့်တော့လည်း လိုက်လံကူညီ ဖွင့်ပေးကြောင်
သိရ၍ အနည်းငယ် ဘဝင်ကျနေပါသည်။ အညွန့်ကို အ
မျက်နှာချိုသွေးဖို့ ပြုံးပြဖို့ ကြိုးစားနေတတ်သော သူ့ကို မျက်လုံ
ချင်းဆိုင်ခွင့် ဆုံခွင့် မပေးဘဲ အညွန့်က အမြဲပင် မျက်နှာလွှဲ
နှင့်နေသည်။

မတော်တဆ ဆုံစည်းကြုံကြိုက်သွားတဲ့ ရှားရှားပါးပါး
တစ်ခါတစ်ရံလေး တစ်ခုဏအခွင့် ရွှေဘုန်းလက်ျာက ဖျတ်ခနဲ ပြုံးပြ
ဖို့ကြိုးစားပါသည်။ သုံးလေးငါးရက် ကြာတဲ့အထိ သူ့ကြည့်ရတာ
အလုပ်သွားပုံလည်းမရ၊ နံနက်က ညအထိ အိမ်မှာပဲ ရှိနေတဲ့ပုံ





တစ်နံနက်ခင်း အညွန့်က ဖယ်ရီထွက်စောင့်ဖို့ အသွား၊ သူက
ထုံးစံအတိုင်း နောက်နား မလှမ်းမကမ်းမှ ပါလာလေလျှင်
အညွန့်က ဖျတ်ခနဲ လှည့်ကြည့်ရင်း ...

"မေမေ့ဆိုင်ကို သွားမှာမဟုတ်လား၊ လာလေ ... တူတူ
သွားတာပေါ့"

မမျှော်လင့်ဘဲ အညွန့်ထံက ဖော်ရွေဆက်ဆံမှုလေး
တစ်ခု ရလိုက်တာမို့ ရွှေဘုန်းလက်ျာ ရင်တွေတုန်အောင် ဝမ်းသာ
ဘာ လေးငါးလှမ်းစာကို အပြေးလာလိုက်ရင်း အညွန့်နှင့်ယှဉ်၍
ဆက်လျှောက်လာသည်။

"ဒီမှာနေတာ ရှင် အဆင်ပြေရဲ့လား"

"ပြေပါတယ် အညွန့်၊ အားလုံး အဆင်ပြေတယ်"

"ရှင် အလုပ်သွားတာ မမြင်ဘူး၊ အလုပ်မရသေးဘူးလား၊
အလုပ်ရှိမဲ့နေရာနဲ့ ကိုယ်နေတဲ့အိမ် ဝေးနေလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ရှင် တစ်နေ့ တစ်နေ့ အလုပ်မသွားဘဲ အိမ်မှာပဲ
ဘာဖြစ်လို့ နေတာလဲ"

"ကျွန်တော် ဘာလုပ်မလဲလို့ကို မစဉ်းစားရသေးဘာပါ"

"ရှင့်အတွက် ရှင် တစ်ခုခုတော့ လုပ်လေ၊ မေမေ့ကိုပဲ
ကူနေတာ ကျွန်မ ကြားနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ် တစ်ယောက်တည်း သယ်ပိုးနေရတာတွေ ကျွန်တော်လည်း အားနေသေးတာနဲ့ ကူလုပ်ပေးနေတာ အလုပ်လုပ်ရင်လည်း ကျွန်တော်က ဒီအနီးအနားမှာ လုပ်ချင်တယ်"

"ဒီအနီးအနားမှာက ရှင်နဲ့အဆင်ပြေတဲ့ ဘာအလုပ်မှ ဘူးရှင့်၊ ဒီနားမှာက လက်လုပ်လက်စား အလုပ်မျိုး လုပ်လို့ရတာလေ၊ ရှင်က ဘွဲ့ရတစ်ယောက်ပဲ၊ ဒီနားမှာ စက်ရုံအလုပ်ရုံတွေ ကုမ္ပဏီတွေ ရုံးတွေ ရှိတာမှ မဟုတ် တာ"

"ကျွန်တော်ကလည်း အဲဒီနေရာတွေမှာ ဝင်လုပ်ရမှ မဟုတ် ပါဘူး"

အညွန့်က ရွှေဘုန်းလက်ျာကို တစ်ချက်ငဲ့ကြည့်ကာ

"ရှင့်ကို ကြည့်ရတာ သံသယဝင်လာတယ်၊ ရှင် တစ်ခုခု နေများ ဇာတ်မြှုပ်ထွက်ပြေး ရှောင်ပုန်းနေတာများလား ကိုရွှေဘုန်း"

ရွှေဘုန်းလက်ျာက ရယ်လိုက်မိပါသည်။

"ရှင် ဘာရယ်တာလဲ"

"ကျွန်တော့်ကို ကိုရွှေဘုန်းလို့ ခေါ်တာ ခုမှ စ,ကြား လို့ပါ"





"ဒီလို မခေါ်လို့ ဘယ်လိုခေါ်ရမလဲရှင့်၊ ကဲပါ ... ကျွန်မ မေးတာ ဖြေပါ၊ ကျွန်မ ထင်တာ ဟုတ်သလား"

"မဟုတ်ပါဘူးဗျာ"

"ရှင့်ကို ကြည့်ရတာ သန့်သန့်ပြန့်ပြန့်နဲ့ ဒီအရပ်နဲ့မဟပ် စပ်ပါဘူး"

တစ်ခုခုကနေ ထွက်ပြေးဇာတ်မြှုပ်နေသည် ဆိုတဲ့ အညွန့် အထင်က ကွက်တိဖြစ်နေ၍ အညွန့်ကို သူ အထင်မသေး ပါ။ သူ အလုပ်ဝင်လုပ်ဖို့ တစ်နေရာရာဟာ မြို့ထဲပိုင်းမှပဲ အဆင်ပြေပါမည်။ ဒီအိမ်နှင့် အလုပ်ဝင်လုပ်နိုင်မဲ့ နေရာဟာ တာကယ်ပဲ အလှမ်းဝေးပါသည်။

ဒီအိမ်ကို ငှားဖြစ်သွားတာကလည်း တစ်ထိုင်တည်း ဆုံးဖြတ်ချက်သာ။ အညွန့် မျက်နှာကလေးကို စွဲငြိသွားပြီး ဒီအိမ်ခန်းလေးကို ငှားဖို့ တစ်ထိုင်တည်း လျှပ်တစ်ပြက် ပြော ထွက်သွားခဲ့တာ။ မြို့ထဲကို ခရီးလှမ်းပေမဲ့ ကားအဆင့်ဆင့်နှင့် ဖြစ်မနေ သွားမည်ဆိုရင်လည်း ယောက်ျားတစ်ယောက်အဖို့ တော်ခဲလွန်းသည် မရှိပါ။

မြို့ထဲကို သူ နေ့စဉ်နှင့်အမျှ ထွက်ပြီး သွားလာ လှည့်လည်နေလျှင် သူ့အိမ်ကလူတွေနှင့် တစ်ချိန်မတိုး တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



တိုးမိနေမှာလည်း စိုးရိမ်ရသေးလို့ပင်။ ဒီနေရာလေးကတော့ သူ့အတွက် လုံခြုံလှတဲ့ သီးသန့်ကမ္ဘာလေး ဖြစ်နေပါသည်။ ဘယ်သူမှ သူ့ကို ဒီနားတစ်ဝိုက်၌ လာရှာဖြစ်မည် မဟုတ် ပါ။

ဒီနားက မခွာဘဲ ဘာအလုပ်လုပ်ရင် ကောင်းမလဲ သူ မတွေးတတ်သေးပါ။

"မမေ့ကို ကူလုပ်ပေးနေတာကိုတော့ ကျေးဇူးတင်ပါတယ် ဒါပေမဲ့ ရှင့်အချိန်တွေကို ဒီအတိုင်း ဖြုန်းပစ်မနေနဲ့ ရှင်ပြောသလို ရုံးအလုပ် လုပ်ရမှ မဟုတ်ဘူး ဆိုရင် မလှမ်းမကမ်းမှာ အလုပ်ကြမ်းတော့ ရစရာရှိတယ်၊ ဒီက ဘတ်စ်ကားသုံးမှတ်တိုင် စီးလိုက်ရင် အိမ်ရာစီမံကိန်းတစ်ခု ရှိတယ်၊ ဝင်းကြီးအကြီးကြီးထဲ ကွန်စထရပ်ရှင်တွေ လုပ် နေတယ်၊ အဲဒီမှာ အနည်းဆုံး ရှင် အလုပ်ကြမ်းတော့ ရ ပေါ့၊ ဒီနားတစ်ဝိုက်က လူတွေတော့ လောလောဆယ် အဲဒီမှာ အလုပ်တွေ ရနေကြတာပဲ ...

ဒါပေမဲ့ ရှင့်ကြည့်ရတာ နုနုနယ်နယ်နဲ့ ဒီအလုပ်မျိုး တွေ လုပ်နိုင်မယ်တော့ မထင်ဘူး၊ ရှင့်ပုံစံက သူဌေးသား ပေါက်နေတယ်"





"သူဌေးသား မဟုတ်ပါဘူးဗျာ၊ ကျွန်တော်လည်း သာမန် လူတန်းစားထဲကပါပဲ"

"ဒါဖြင့်လည်း ရှင် အဲဒီမှာ လုပ်ချင်ရင်တော့ အလုပ်ရနိုင် တယ်"

အညွန့်က ရွှေဘုန်းလက်ျာကို အကဲခတ်သလိုကြည့် ပါသည်။ ဤအကြည့်ကို ရွှေဘုန်းလက်ျာ သဘောပေါက်သည်။ အညွန့်ဟာ ပါးပါးနပ်နပ် မိန်းကလေးတစ်ယောက် ဖြစ်တဲ့အတွက် သုံးလေးငါးရက် သူ့လုပ်ပုံကိုင်ပုံ အကဲခတ်ကြည့်တာနှင့် နုနုရွရွ နေခဲ့ရတဲ့ သူတစ်ယောက်လို့ ရိပ်မိနေပုံ ရပါသည်။

"ဘွဲ့ရတစ်ယောက်ဆိုတော့ ဒီအလုပ်မျိုး လုပ်စရာတော့ မလိုဘူးပေါ့၊ ဒါပေမဲ့ ဘာအလုပ်မှ မရခင်စပ်ကြား တစ် ကိုယ်ရည် ရပ်တည်နိုင်ဖို့ ဘာအလုပ်ရရ ဝင်လုပ်မယ်လို့ ဆုံးဖြတ်ချက် ရှိရင်တော့ ယောက်ျားပဲရှင်၊ လုပ်နိုင်ပါ တယ်"

ရွှေဘုန်းလက်ျာက အညွန့် မျက်နှာကို စွန်းစွန်း စားစား စိုက်ကြည့်ရင်း ...

"ဒါပေါ့ဗျာ၊ ယောက်ျားပဲဟာ၊ ဘာအလုပ်ဖြစ်ဖြစ် လုပ် နိုင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တကယ်က သူ့တွင် ထည့်ယူလာသော ငွေကြေး အသော်အသင့် ရှိနေပါသေးသည်။ လောလောဆယ် ဘာမှမလုပ် နှင့်လည်း ဒီတိုင်းပါလာတာ ထိုင်သုံးနေနိုင်ပါသည်။ သို့သော် သူ့မှာ ဤသို့ သုံးစရာငွေတွေ ပါလာသည်ဆိုတာ သိပါက အညွန့်က တစ်မျိုး မယုံသင်္ကာ လျှောက်တွေးနေဦးမှာ သေချာသည်။

"ဒီနေ့ ကျွန်တော် အဲဒီမှာ သွားစုံစမ်းကြည့်လိုက်ဦးမယ် လေ၊ အလုပ်ရလိုရငြားပေါ့၊ တခြား ကျွန်တော်နဲ့ သင့်တော်တဲ့အလုပ် မရခင် ခဏတဖြုတ်ပဲဖြစ်ဖြစ် ဝင်လုပ်ကြည့်တာပေါ့၊ ဒါဆိုရင် အညွန့် ကျေနပ်ပါတယ်နော်"

အညွန့်က မျက်ခုံးတစ်ဖက်ကို တွန့်၍ပင့်ရင်း ...

"ကျွန်မက ဘာကို ဘာကြောင့် ကျေနပ်ရမှာလဲ၊ ရှင့်ဟာရှင် အလုပ်လုပ်တဲ့ ကိစ္စပဲ၊ ရှင်က အပြင်မသွားတော့ ဒီအလုပ်ခွင်ကြီး မလှမ်းမကမ်းမှာ ရှိနေမှန်း မသိမှာစိုးလို့ ပြောပြပေးတာပဲ ရှိတယ်၊ ရှင့်ဟာရှင် လုပ်လုပ် မလုပ်လုပ် ကျွန်မက ကျေနပ်စရာ မကျေနပ်စရာ မလိုပါဘူး"

အညွန့်က သူ့အမေရဲ့ဆိုင်က ခွေးခြေလေးတစ်လုံး ဝင်ထိုင်ကာ သူ့ထံမကြည့်တော့ဘဲ တစ်ဖက်လှည့်နေပါသည်။





သူမရဲ့ ဖယ်ရီ ရောက်လာတဲ့အထိပင် ဒီဘက်ကိုလည်း မလှည့်တော့ ဘာမှလဲ ထပ်မပြောတော့။

အညွန့် ဖယ်ရီ ထွက်သွားပြီး မကြာခင် ဒေါ်ဝင်းဝင်းသည်း ဆိုင်သိမ်းပြီမို့ ရွှေဘုန်းလကျော်က ကူသိမ်းပေးနေရင်း ...

"ကျွန်တော် ခဏနေရင် ဒီနားမှာ အလုပ်တစ်ခုရလိုရငြား သွားစုံစမ်းဦးမယ် ဒေါ်ဒေါ်"

"ဒီနားမှာ ဘာအလုပ်များ ရှိလို့လဲ သားရဲ့"

ဒေါ်ဝင်းဝင်းမှာတော့ အမှန်ပင် နူးညံ့အေးဆေး သဘောဖြူလှပါပေသည်။ ရွှေဘုန်းလကျော်ကိုလည်း တူသားတစ်ယောက်ကဲ့သို့ပင်။ သည်းခံတတ်လှတဲ့ နေရာမှာလည်း ညဘက်တွေကျ အညွန့်တို့အဖေ မူးပြီးရစ်သမျှ ပြဿနာရှာသမျှတို့ကို ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငုံ့ခံရင်ခံ၊ ပြောလျှင်လည်း ပြောစကားဆိုမှာ ...

"ကိုထွန်းရေ ... ရှင် အိပ်ရင်ကောင်းမယ်၊ ရှင် အိပ်တော့ ... အိပ်တော့"

ဟိုက မူးရူးပြီး အော်ဟစ်သောင်းကျန်း အပြစ်ရှာနေပါသည်ဆိုမှ လေအေးလေးနှင့် အိပ်တော့ အိပ်တော့ လုပ်နေသည်။ ဟိုကလည်း သူ့စကား နားမထောင်ပါ၊ ဂရုမစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဘာတွေပြောနေနေ ဒေါ်ဝင်းဝင်းက တစ်ချက်ကလေးမှ ရန်ပြန်မလုပ်။

မူးနေတဲ့ ဦးထွန်းနိုင်ရဲ့ ပြောစကား ဆိုစကား ကရားရေလွှတ်သမျှကို တစ်ဖက်ခန်းမှ နားထောင်ရင်း သူတို့မိသားစုရဲ့ ဇာတ်ကြောင်းကို ရွှေဘုန်းလက်ျာ ရေးတေးတေး ရိပ်မိ သဘောပေါက်နေပြီ။ ဦးထွန်းနိုင်ရဲ့ စကားထဲမှာပဲ ဟိုတုန်းက သူတို့မိသားစု ဒီထက် ဟန်ကျပန်ကျရှိတာ သူအလုပ် ပြုတ်ခဲ့ရတာ အိမ်ထောင်တစ်ခုဏာတာ ပြိုကွဲဖူးသေးတာ၊ အားလုံး အားလုံး ဇာတ်လမ်းစုံ ပါဝင်နေပါသည်။

"အညွှန့် ပြောသွားတာ၊ ဒီက ကားသုံးမှတ်တိုင်စီးရင် ကွန်စထရပ်ရှင်ကြီးတစ်ခု ရောက်တယ်တဲ့၊ အိမ်ရာစီမံကိန်း အကြီးကြီးတဲ့"

"အို ... အဲဒီသွားတော့ အလုပ်ကြမ်းပဲ ရမှာပေါ့ သားရဲ့ လမ်းထဲကပဲ မောင်လွင်တို့ အောင်တင့်တို့ အဲဒီမှာ သွားလုပ်နေကြတာပေါ့"

"အလုပ်ကြမ်းရလဲ အလုပ်ကြမ်းပေါ့ ဒေါ်ဒေါ်ရယ်"

"သားနဲ့ ဖြစ်ပါ့မလားကွယ်၊ ပြီးတော့ ကိုယ်ကဘွဲ့ရပညာတတ်ပဲ"





"ဘွဲ့တော့ ရပါရဲ့၊ အလုပ်မှ မရှိတာ ဒေါ်ဒေါ်ရာ၊ ခဏလောက်ပေါ့၊ အလွယ်နဲ့ အလုပ်ရရင်တော့ ကျွန်တော် စမ်းကြည့်ဦးမယ်"

"ပင်ပန်းတယ်နော်၊ သားလက်တွေက နုနုနဲ့ကွယ်"

တစ်ခုခုကို ကိုင်တွယ် သယ်ပိုးလျှင်သော်လည်းကောင်း၊ ရေတဲ့ကင်နှင့် ရေခပ်လျှင်သော်လည်းကောင်း၊ ဒုး အဝတ်သူလျှော်နေလျှင်သော်လည်းကောင်း၊ လုပ်နေမကျဘဲ လုပ်နေမှန်းသက်အနေအထားတွေက သိသာစေလှပါသည်။

အိုးခွက် မီးဖို ပန်းကန်ခြင်းပလုံးတွေကို လက်တွန်းလှည်းထဲသယ်၍ ထည့်ကာ ရွှေဘုန်းလက်ျာက တွန်းလာသည်။ ပထမဆုံးရက်ကတော့ ဤလှည်းကိုပင် ဖြောင့်ဖြောင့်သွားအောင် တွန်းတတ်ပါ။ ဘေးကိုဆွဲဆွဲကျသွား၍ ရှေ့ဦးကို ထောင်အောင်ဖိကာ လမ်းမှန်ပြန်တည့်ရသည်။

အရင်ကတော့ ဒေါ်ဝင်းဝင်း တစ်ယောက်တည်း ဒီလှည်းကြီးကို တွန်းကာ ပြန်ရတာ။ အညွှန့်တို့အဖေက ဆိုင်လာထုသိမ်းပေးဖော် မရပါ။ ပြောရလျှင် ဘာဆိုဘာမှ အဖော်မရတာပါ။ အရင်က ရုံးမှာ သူ့ရာထူးနှင့်သူတုန်းက အင်မတန်ကောင်းခဲ့တဲ့ ခင်ပွန်းသည် သည်အရက်ကြောင့် အမှားအယွင်းတော့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပြုတ်ပြီးနောက် အရက်သမားကြီးလုံးလုံး ဖြစ်သွားခဲ့ပြီးနောက် အရင်နှင့် လုံးဝပြောင်းလဲသွားခဲ့တာ။

ဘယ်သူမပြု မိမိမှု သူ့ကြောင့်ပင် သူ ဒီလိုဖြစ်ရသော်လည်း သူ့အပြစ်သူသိ၍ ပြုပြင်ဖို့လည်း မကြိုးစား၊ အပြစ်ရှိသူလိုလည်း မနေဘဲ မိသားစုကို ခွတိုက်နေ၊ ရစ်နေဖို့ပဲ ကြိုးစားသည်။ သူ့ကိုယ်သူလည်း စိတ်မနာဘူး မဟုတ်။ နာသည်။ သူ့အပြစ်နှင့် သူ့ကိုယ်သူ စိတ်နာသော်လည်း သူများတွေ စိတ်နာ ပြစ်တင်စကား ပြောခွင့်မရအောင် ခပ်မြန်မြန် လုပ်နေသည်။

တစ်နေ့ တစ်နေ့ ဘာမှ လုပ်စရာ တာဝန်မရှိဘဲနှင့် ဘာကိုမှ ဝင်မကူပေ။ စားချိန်တန်စား၍ သောက်ချိန်တန်သောက်ခြင်းသည်သာ သူ့တာဝန်ပင်။ ဒါတွေကို လေးငါးရက်အတွင်း ရွှေဘုန်းလကျာ မြင်တွေ့နေပါသည်။

မူးမူးနှင့် ပြောနေသော စကားတွေ အလုံးစုံကြားနေရ၍လည်း အကြောင်းစုံကို သိနေပါသည်။ ဦးထွန်းနိုင် စိတ်ထဲ ဘယ်လိုခံစားနေရသည်ကို ယောက်ျားချင်းမို့ သူ နားလည်ရိပ်မိသည်။ ဦးထွန်းနိုင်ဟာ အရက်သမားကြီးလို ဖြစ်နေပေမဲ့ လူဆိုးကြီး မဟုတ်တာကို သူ မှန်းဆနိုင်ပါသည်။





ဦးထွန်းနိုင်မှာ တကယ်တော့ လူကောင်းအရက်သမားကြီးသာပင်။ မူးလို့ရစ်နေတာကလွဲလျှင် လူကောင်း စိတ်ကောင်း။ ဒီအဖေကို အညွန့် တစ်ယောက် စိတ်လည်းပျက် အပြစ်လည်း မတင်ရက်၊ ကရုဏာဒေါသနှင့် မကျေမနပ်လည်း ဖြစ်နေသည့်ကြားက အရေးအရာထား၍ ရှေ့တန်းတင် ဆက်ဆံနေပေးတာကိုလည်း သူက အညွန့်ကို ချီးကျူးမိပါသည်။

"သား အပြင်ထွက်ထွက် ထမင်းစားနေတာ ဘယ်သွားသွားစားလဲ"

"ဟိုဘက် လမ်းသွယ် နှစ်ခုလောက်ကျော်ရင် ထိပ်မှာ ထမင်းဆိုင်လေးတစ်ဆိုင်ရှိတယ် ဒေါ်ဒေါ်၊ အဲဒီဆိုင်ပဲ စားလိုက်တယ်၊ တခြား ဘယ်နားမှာ ဆိုင်ရှိသေးလဲလည်း မသိသေးတာနဲ့ ညမနက် အဲဒီဆိုင်မှာပဲ"

"အဆင်ပြေရဲ့လား ... စားကောင်းရဲ့လား"

"အဆင်ပြေပါတယ်၊ ဈေးသက်သာပါတယ်၊ အသားဟင်းတစ်မျိုးနဲ့ ဟင်းရည်တစ်မျိုးနဲ့ စားရင် တစ်နပ်လေးရာပဲ ကျတယ် ဒေါ်ဒေါ်"

"ဟယ် ... လေးရာလည်း ဘယ်သက်သာပါ့မလဲ သားရယ်၊ နှစ်နပ်ဆိုရင် ရှစ်ရာ၊ တစ်လကို နှစ်သောင်းလေးထောင် နှစ်သောင်းခွဲ ကျနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝင်းဝင်း ပြောမှပင် တွက်ကြည့်တော့ ဟုတ်နေပါသည်။ သူ့အဖို့ ခုနေမှာ တစ်လနှစ်သောင်းခွဲ သုံးသောင်း လခရမည့် အလုပ်တစ်ခု ရှာဖွေဖို့ လွယ်တာမဟုတ်။

"သား စရိတ်ကြီးနေရင် ဒေါ်ဒေါ်တို့ဆီ ထမင်းဝင်စားရင် စားလိုက်ပါ"

"ဟာ ... အားနာစရာကြီး၊ အဲဒီလိုတော့ ..."

"ထမင်းလခအဖြစ် သဘောလောက်ပေးပေါ့၊ ဒီတစ်ဝက် တောင် ကျမှာမဟုတ်ပါဘူး"

"ဟင် ... ဒီတော့လည်း ဒေါ်ဒေါ်တို့ ဘယ်ကိုက်ပါ့မလဲ"

"ကိုက်တာ မကိုက်တာထက် မင်းလည်း သက်သောင့် သက်သာ နီးနီးနားနား စားရတာပေါ့၊ ဒေါ်ဒေါ်တို့ကလည်း စီးပွားဖြစ် ထမင်းလခယူကျွေးမှာမှ မဟုတ်တာ၊ သား အတွက် ပိုချက်ရတာလေး နည်းနည်းပါးပါး ကာမိရင် ပြီးတာပဲ"

"ကျွန်တော့်အတွက်တော့ သက်သောင့်သက်သာနဲ့ အဆင် ပြေသွားတာပေါ့၊ ဒါပေမဲ့ အန်ကယ်နဲ့ အညွန့်က သဘော ကျပါ့မလား"

"အေးလေ ... သူတို့ကို မေးကြည့်သေးတာပေါ့၊ ဒေါ်ဒေါ်က မင်း အဆင်ပြေအောင် စဉ်းစားကြည့်တာပါ၊ နောင် အလုပ်





ဝင်လုပ်တော့လည်း ထမင်းချိုင့်လေး ဝယ်ထားပြီး အိမ်က ထည့်ယူပေါ့၊ နို့မဟုတ်ရင် မင်းရမှာနဲ့ စားစရိတ်နဲ့ ဘယ် ကာမိပါ့မလဲ သားရယ်"

ရွှေဘုန်းလက်ျာသည် ဒေါ်ဝင်းဝင်းကို ကိုယ့်အဒေါ် ရင်းချာသဖွယ် ချစ်ခင်စိတ် ဖြစ်မိပါသည်။ ဒီမိသားစုလေးကို ဘာကြောင့်မှန်းမသိ သံယောဇဉ်ကို ဖြစ်တာ။ ခုမှ တွေ့ဆုံကြရပေမဲ့ သူ့စိတ်ထဲမတော့ ကွဲကွာနေတဲ့ ဆွေမျိုးတွေနှင့် ဆုံနေရသလိုပင်။

လှည်းကို မြောင်းစပ်၌ ချရပ်ကာ အိုးခွက်တွေ သယ်ဝင်လာသော ရွှေဘုန်းလက်ျာကို ကပြင်မှာ ထုံးစံအတိုင်း ထိုင်နေသော ဦးထွန်းနိုင်က လှမ်းကြည့်နေမိရင်း ဒီကောင်လေး မဆိုးဘူးရယ်လို့ နှစ်လိုစိတ် ဖြစ်နေမိပါသည်။ ကိုယ်တောင်မှ မိန်းမဖြစ်သူ လှည်းတွန်းလာတာ သယ်ပိုးနေတာကို ဒီတိုင်းကြည့် နေသေးတာ သူ့အတွက်က အနေသာကြီး။

အနေသာကြီးပေမဲ့ ဒီကောင်လေးက နေသာသလို မနေ။ အမြင်မတော်သမျှ ကောက်ကက် ကူညီလုပ်ကိုင်ပေးနေ သည်။ သူ ဝင်တွန်းနေ သယ်နေတော့ ကိုယ်တောင်မှ နေရထိုင်ရ ခက်သလိုလိုတစ်မျိုး ခံစားလာရပါသည်။

ထို့ကြောင့်ပင် ခါတိုင်း ဘာသိဘာသာ နေမြဲရှိရာမှ လှမ်း၍ နှုတ်ဆက်စကား ဆိုလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဆိုင်သိမ်းလာပြီလားကွ”

“ဟုတ်ကဲ့ အန်ကယ်၊ မုန့်ကတော့ အိုးပြောင်ပဲ”

“မောင်ရွှေဘုန်းလည်း အလုပ်ရနေတာပေါ့၊ သွားချည်ပြန်ချည် ကူသယ်ရင်း”

မောင်ရွှေဘုန်း ဆို၍ သူပြုံးရပါသေးသည်။ ဒီအခေါ်အဝေါ်ကို အထွင့်က စတင်လိုက်တာ။ အထွင့်သည် သူရောက်လာတည်းက ကိုရွှေဘုန်း ကိုရွှေဘုန်းနှင့် သူ့ကို ခင်ခင်မင်မင် ရှိလှကာ ယောက်ျားဖော်ရသလို ဒီဘက်ခန်းကိုချည်း ကူးကူးလာတတ်သည်။

“ကျွန်တော်လည်း အားနေသေးလို့ပါ အန်ကယ်”

“ဒီလောက် ကူနေတာ ဝင်းဝင်းက မုန့်လေး ဘာလေးကျွေးရဲ့လားဟေ့”

“ကျွေးတာပေါ့ အန်ကယ်၊ မနက်တိုင်း ကျွန်တော့်ကို မုန့်ဟင်းခါးတစ်ပွဲ အလျှံအမောက်ကြီး ပြင်ပြင်ကျွေးနေတာ”

“မင်း နေ့လယ်ထမင်းစားတော့ ဘယ်သွားစားသလဲ”

“အဲဒါ အခုပဲ မေးနေတာ ကိုထွန်းရေ၊ ဟိုးထိပ်က ဒေါ်မြိုင်တို့ဆိုင်လေးကို သွားသွားစားတယ်တဲ့၊ တစ်နပ်လေးရာကျနေတာ၊ ဘယ်နည်းပါ့မလဲ”





“အေး ဟုတ်သားပဲ၊ တစ်နေ့ရှစ်ရာ ထိနေပြီ၊ ဝေးဝေးသွားစားနေမဲ့အစား မင်းအဒေါ်ဆီ ထမင်းလခ ပေးစားလိုက်ပြီးရောဟ”

ဒေါ်ဝင်းဝင်းက အားတက်သရောနှင့် ...

“ခုပဲ ဒါကို ပြောနေတာ၊ မောင်ရွှေဘုန်းက အန်ကယ်တို့အညွှန့်တို့ ကြိုက်ပါ့မလားဆိုလို့”

“ဘာမကြိုက်စရာရှိလဲ၊ ကိုယ်လည်း နေ့စဉ် ထမင်းဟင်းချက်နေရတာ၊ တစ်ယောက်စာ ပိုချက်ရတာ ဘာမှအပန်းမကြီးပါဘူး၊ မင်း အပြင်မှာ ဝယ်စားသလောက်လည်း မကုန်နိုင်ပါဘူး၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ အိမ်မှာကျတော့ အသားချက်တယ်ဆိုတာ ဟိုဟာနဲ့ရော ဒီဟာနဲ့ရော ချက်ရတာကွ၊ ဆိုင်ကလို အသားတုံးပြူးပြူးကြီးနဲ့တော့ မင်း အနပ်တိုင်း စားရမှာ မဟုတ်ဘူး၊ ဒီမှာစားသလိုသာ ဝင်စားနိုင်ရင်တော့ ငါတို့လည်း အပန်းမကြီးဘူး၊ မင်းလည်း သက်သာတယ်၊ ဒီမှာက ပိုတော့ ဖွယ်ဖွယ်ရာရာရှိမယ်၊ ဟင်းရွက်ကြော်လေး အသုပ်လေး ငါးပိရည် တို့စရာလေးတွေနဲ့ဆိုတော့ ထမင်းတော့ ပိုမြိန်စရာ ဖြစ်တာပေါ့”

“အန်ကယ်တို့ ခွင့်ပြုနိုင်ရင် ကျွန်တော် ဒီမှာပဲ လခပေးစားချင်ပါတယ်။ ကျွန်တော့် အတွက်က အများကြီး ပိုအဆင်ပြေပါတယ်၊ နီးနီးနားနား ဒီဘက်ခန်း ကူးစားရုံပဲ၊ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လုပ်လို့ ထမင်းဘူး ယူချင်လည်း ပိုအဆင်ပြေပါတယ်"

"ပြေရင် ပြီးတာပဲကွာ၊ ဒီဘက်မှာ စားပေါ့"

"ဟို ... အညွန့်က ..."

"ထမင်းလခ ဘယ်လောက်ယူမယ် ဘာညာတော့ အညွန့်နဲ့ စကားပြောပေါ့၊ ဒါတော့ ငါလည်း မသိဘူး"

အိမ်ရှေ့ ရေစည်ဘေးမှာ ဒေါ်ဝင်းဝင်း အိုးခွက်တွေ ဆေးကြောနေရာမှာလည်း ဝင်ကူညီနေသည့် ရွှေဘုန်းလက်ျာကို ဦးထွန်းနိုင် စိတ်ထဲ ခင်မင်စွာ သဒ္ဓါပေါက်နေပါသည်။ ဒီကောင်လေး မျက်နှာက ကြည်သန့်နေကာ မကောင်းမှုဟူ၍ အရိပ်အမြွက်ကလေးမျှပင် မျက်နှာ၌ မထင်ဟပ်။ ဤသည်က ချစ်မွေးပေါက်နေစေသလား မသိပါ။

ဒေါ်ဝင်းဝင်းကို ကူနေရာမှ သတင်းစာပို့သမားလာ၍ ရွှေဘုန်းလက်ျာက သတင်းစာထယူကာ ဦးထွန်းနိုင်ကို ပေးလိုက်ပါသည်။ တစ်ခွက် နှစ်ခွက်စာလောက် သောက်ထားပြီး နေကောင်းထိုင်ကောင်းရုံ ဖြစ်နေသော ဦးထွန်းနိုင်က သတင်းစာလှမ်းယူကာ "Thank you ဟေ့"ဟုပင် ဆိုလိုက်ပါသေးသည်။

သတင်းစာကို နောက်ဆုံးဘက် နာရေးစာမျက်နှာ ကြည့်ဖို့ လှန်လိုက်သော ဦးထွန်းနိုင်သည် စာမျက်နှာ ၁ဝ ကြော်ငြာကဏ္ဍတွေဆီသို့ မျက်လုံးရောက်သွားကာ ...





"ဟာ"

အံ့အားတသင့်နှင့် သတင်းတစ်ပုဒ်ကို စိတ်ဝင်တစား သဲကြီးမဲကြီး ဖတ်နေလိုက်ပါသည်။ နှစ်ကြိမ်သုံးကြိမ် အပြန်ပြန် အလှန်လှန်။ ထိုသတင်းပြီးလျှင်တော့ ကျန်တဲ့ သတင်းစာတစ်စောင်လုံးကို စိတ်မဝင်စားနိုင်သေးဘဲ ဦးထွန်းနိုင်က ရွှေဘုန်းလက်ျာကို လှမ်းကြည့်လိုက်မိပါသည်။

ကြော်ငြာသတင်းမှာ ပါသူဟာ ဒီကောင်လေးပါပဲ။ မှားစရာရှိမည် မဟုတ်ပါ။ ရွှေဘုန်းလက်ျာ ဆိုတဲ့ အမည်ဆန်းဆန်းကိုက လောကမှာ နှစ်ယောက်အမည်တူ ရှိနိုင်ဖို့ရာ ခဲယဉ်းပါသည် မဟုတ်လား။

**ရွှေဘုန်းလက်ျာ –**

**သားလေး – ရောက်ရာအရပ်မှ အမြန်ဆုံး ပြန်လာပါ။**
**ဘွားဘွား၊ ကြီးကြီး၊ မေမေ၊ ဒေါ်လေးနှင့် မမတို့အားလုံး စိတ်ပူ**
**နေကြပါသည်။ သားလေး ဖြစ်ချင်သမျှ အားလုံး ဆန္ဒအတိုင်း**
**ဖြစ်ရပါစေမည်။ မိသားစုထံ ပူပန်သောကကို စာနာထောက်ထား၍**
**အမြန်ဆုံး ပြန်လာစေလိုပါသည်။**

**မိသားစုများ။**

**(ရွှေမေတ္တာခြံ၊ အင်းလျားလမ်း)**



www.burmeseclassic.com

www.burmeseclassic.com



ခြံနာမည်တွေ ဘာတွေနှင့် တခမ်းတနား မှည့်ထားသေးတာမို့ တော်ရုံ နယ်နယ်ရရတော့ မဟုတ်နိုင်။ လိပ်စာကလည်း အင်းလျားလမ်းတဲ့။ လူချမ်းသာ လူကုံထံတွေသာ များသော အရပ် ဖြစ်သည်။ ဒါကြောင့်ပင် ဒီကောင်လေးကို မြင်ကတည်းက အနံ့ညာတလို့ စိတ်ထဲမထင်။

သွင်ပြင်က သားနားမြင့်မားနေကာ အဆင့်အတန်း မြင့်မြင့်ထဲကမှန်း သိသာနေပါသည်။ အင်း ... ခုတောင်မှ သူ့ နဂိုရုပ်သွင်လေးပဲကျန်လျက် အဆင်အယင်က မှိန်ဖျော့နေပြီ။ လာတုန်းက ကျောပိုးအိတ်လေး တစ်လုံးတည်းနှင့် ခါးဝတ်ခါးစား အပြင် အပိုတစ်စုံနှစ်စုံသာ ပါပုံရ၍ အထွင့် အကျအညီနှင့် အဝတ်အစားကအစ ထွက်ဝယ်ခြမ်းကာ အရပ်ဒေသနှင့် လိုက်ဖက်အောင် ဆင်ယင်ထားသော ဤကောင်လေးမှာ လောလောဆယ်တွင် မီးခိုးရောင်တီရှပ်ပြောင်ကလေးနှင့် ချည်ပုဆိုးခပ်မှောင်မှောင်ကလေးသာ ဝတ်လျက်။

သူ့မှာပါတဲ့ အဝတ်အစားတို့ဟာ ဤအိမ်ခန်းကလေးနှင့် မအပ်မစပ် ဖြစ်နေ၍ သူက ပြန်ထုတ်မဝတ်ပါ။ ဒီလိုဝတ်ထားတာတောင်မှ အဝတ်အစားအောက်မှ လွတ်နေသည့် ဒီကောင်လေးရဲ့ လက်မောင်းလက်ဖျံများ ခြေသလုံး ခြေဖမိုးများဟာ ဖြူဝင်းသန့်ပြန့်နေတုန်း။





ဦးထွန်းနိုင် အတွေးနက်နေဆဲ ရွှေဘုန်းလက်ျာက ရေစည်မှာ လက်ဆေးကာ အိမ်ပေါ်တက်လာပါသည်။ သူ့အခန်းဘက် ကွေ့ချိုးသွားတော့မည်တွင် ဦးထွန်းနိုင်က ...

"မောင်ရွှေဘုန်းရေ ... ခဏကွ"

"ဟုတ်ကဲ့ အန်ကယ်"

"ဒီမှာ ... မင်းအတွက် ကြော်ငြာဖြစ်မယ်ကွ"

"ဗျာ"

ဦးထွန်းနိုင် ပေးသော သတင်းစာကို ကြောင်တက်တက်လှမ်းယူကာ ဦးထွန်းနိုင် ညွှန်ပြရာကို မတ်တတ်ရပ်နှင့်ပင် ဖတ်ကြည့်နေရင်း ရွှေဘုန်းလက်ျာ မျက်နှာက အနေခက်ခက် ခပ်ပျက်ပျက် ဖြစ်လာသည်။ အိမ်ခါးပန်းမှာ ထိုင်ချလိုက်ကာ ခေါင်းမဖော်ဘဲ ထိုသတင်းကိုသာ မျက်မှောင်ကုတ်ကုတ်နှင့် ထပ်ဖတ်နေပါသည်။

ငြင်းလိုက်ရင် ကောင်းမလား၊ ဟုတ်ကြောင်းပဲ ဝန်ခံခေါင်းညိတ်ရ ကောင်းမလား တွေးရင်း ရွှေဘုန်းလက်ျာ စိတ်အိုက်လာသည်။ နာမည်ကြီး ဒီလောက် ဒက်ထိပါလာမှတော့ ဖြောင်လိမ်လို့ ကောင်းပါ့မလား။ အိမ်က ဤသို့ ကြော်ငြာလိမ့်မည်လို့ သူက မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်က ထွက်သွားတာကို ရှက်ပြီး လူမသိအောင် သိုသိပ်လျှို့ဝှက်ထားကာ ကျိတ်ရှာကြလိမ့်မည်လို့ပဲ ထင်ထားပါသည်။ ခုတော့ ... ကြော်ငြာကြီး ထည့်ချလိုက်ပြီ။ အိမ်က ထွက်ပြေးလာတဲ့ အိမ်ပြေးတစ်ယောက်အဖြစ်ကိုလည်း လူသိသွားတာ သူ ရှက်နေမိသည်။

ဦးထွန်းနိုင်က ခေါင်းမဖော်သော သူ့ကို ကြည့်ရင်း ...

"အိမ်က စိတ်ပူနေကြပြီ ထင်ပါ့ကွာ"

သူ ဘာမှ စကားမပြန်မိ။

"ဒီသတင်းထဲက ထူးခြားချက်ကတော့ မင်းကို စိတ်ပူနေကြတဲ့ထဲမှာ ယောကျ်ားတစ်ယောက်မှ မပါပါလားကွ၊ အဘွား၊ ကြီးတော်၊ အမေ၊ အဒေါ်၊ အစ်မတွေပဲ၊ မိန်းမချည်းပါလားကွ ... ဟား ဟား"

ရွှေဘုန်းလက်ျာက မတတ်သာစွာ ခေါင်းဖော်လာရကာ ...

"အဲဒါ ကျွန်တော် အိမ်က ထွက်လာရခြင်းရဲ့ အဓိက အကြောင်းရင်းပဲလေ အန်ကယ်"

"ဩော် ... လုပ်စမ်းပါဦးကွ"





"ကျွန်တော် ဖြစ်နိုင်ရင် ကျွန်တော့်အကြောင်း လူသိမခံဘဲ မထင်မရှား ဖြစ်ချင်တာပါ၊ ခုလိုကြီး သတင်းစာထဲထည့်မယ်လည်း မထင်ခဲ့ဘူး အန်ကယ်၊ ခုတော့ ပါလာတော့ ညာပြောပြန်ရင်လည်း ဘာကြောင့် ညာရတာလဲ တစ်မျိုး သံသယဝင်စရာ ဖြစ်ရဦးမယ်"

"ဒါပေါ့ကွ ... မညာနဲ့ပေါ့၊ ဘာညာစရာရှိလဲ"

"ကိုယ်က အိမ်က ထွက်လာတဲ့သူ ဖြစ်နေတော့ တတ်နိုင်သမျှ လူမသိလေ ကောင်းလေမို့ပါ အန်ကယ်၊ တစ်အိမ်လုံး တစ်မိသားစုလုံးမှာ ယောကျ်ားတစ်ယောက်တည်း ဖြစ်နေရပြီး တစ်အိမ်လုံးက သည်းသည်းလှုပ် မျက်စိဒေါက်ထောက် ကြည့်နေတာ ခံရတဲ့ ဘဝမျိုးနဲ့ သားလူပျိုလို မဟုတ်ဘဲ သမီးပျိုကို ထိန်းသိမ်းသလို ထိန်းသိမ်းစောင့်ရှောက်ခံနေရတဲ့ အဖြစ်ကြီးမှာ စိတ်ဆင်းရဲ ကျဉ်းကျပ်မွန်းကျပ် လွန်းအားကြီးလို့ပါ အန်ကယ် ...

ဒီလိုကြီး ဆက်နေသွားရင် ယောကျ်ားတစ်ယောက်ဖြစ်ပြီး အစွမ်းအစတွေတုံးပြီး ရေသာခိုသမား ဖြစ်သွားတော့မှာ သေချာနေပြီ အန်ကယ်၊ အဲဒါကြောင့် ထွက်လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သွားပြီကွာ၊ အင်းလျားလမ်းက ရွှေမေတ္တာခြံဆိုတဲ့ ခြံနဲ့ဝင်းနဲ့ အိမ်ကြီးရခိုင်ကနေ ဒီနေရာမျိုးကို ဆင်းလာရဲတဲ့ သတ္တိတော့ သဘောကျသွားပြီကွ၊ ဒါပေမဲ့ လူကြီးတွေတော့ စိတ်ပူပန်ဆင်းရဲရတာပေါ့ကွာ"

"ငိုယိုနေကြမှာ သေချာပါတယ်"

"ဒါဖြင့်လည်းကွာ၊ သူတို့က မင်းဖြစ်ချင်သမျှ ဆန္ဒအတိုင်း အားလုံး ဖြစ်ရပါမည် ဆိုထားမှပဲ၊ ကတိတောင်းပြီး ပြန် သွားလိုက်ပါလား"

"ဒီလောက်နဲ့ ပြန်သွားရင် ဟိုကျ ခုံရင်း ခုံရင်းပါပဲ ကျွန်တော့်အမေတွေ ကြီးတော်တွေ အကြောင်း ကျွန်တော် အသိဆုံးပါ၊ ခုလည်း ချော့မော့တဲ့ သဘောနဲ့သာ ဒီလိုထည့် ရေးလိုက်ဟာပါ၊ တကယ် ပြန်သွားရင် ခုလို ထွက်မသွား နိုင်တော့အောင် သော့တောင်ခတ်ထားမလား မသိဘူးခင်ဗျ"

"ဒီလောက်တောင်ပဲလားကွာ"

"ဒီလောက်တောင်ပါပဲ အန်ကယ်၊ ပြန်လို့ မဖြစ်ပါဘူး ကျွန်တော် သိပါတယ်"

"ဒီမှာ ရောက်နေတာများ တစ်နည်းနည်း သတင်းရသွား ရင် ဒီလောက် သည်းသည်းလှုပ်တဲ့ မင်းကြီးတော်မိကြီး





တွေက ငါတို့ကိုတောင်မှ ဖြားယောင်းလှက်ခဲ့ထားတယ် တွေ ဘာတွေ ဖြစ်နေမလား"

"ဒါတော့ ကျွန်တော် ဒီမှာ အိမ်လာငှားနေတာ ဆိုတာ လမ်းမှူးပါ သက်သေသိပြီးသားပဲ အန်ကယ်၊ အန်ကယ်တို့ရဲ့ ဘာပယောဂမှ မပါပါဘူး၊ ကျွန်တော့် အဖို့ကတော့ ဒီမှာ မဟုတ်လည်း တခြားတစ်နေရာရာမှာ ဒီလိုပဲ နေရမှာပါပဲ၊ အိမ်ကိုတော့ အလွယ်ကလေးနဲ့ ပြန်လို့ မဖြစ်ပါဘူး၊ ဒီအသက်အရွယ်ရှိတဲ့ ယောကျ်ားပျိုတစ်ဦးအနေနဲ့ ရှက်စနိုး ဖြစ်ရလောက်အောင်ကို ကျွန်တော့်ကို ယုယဂရုစိုက်နေကြ တာတွေ ဘယ်လိုမှ ငြိမ်ပြီးနေလို့မရတော့ဘူးခင်ဗျ၊ ဖေဖေ ကလည်း ဆုံးသွားတာ ကြာပြီဆိုတော့ ဒီမိန်းမသားတစ်စု လက်ထဲမှာ ကျွန်တော် လူညံ့ဖြစ်ပြီး လူစွမ်းလူစတုံးနေတာ ကြာပါပြီ"

ဦးထွန်းနိုင်က ခေါင်းတညိတ်ညိတ်နှင့် ...

"ဒါဖြင့် မင်း အခု ဒီလိုပဲနေရင်း ကိုယ့်ဟာကိုယ် ရပ် တည်မယ်ပေါ့"

"ဟုတ်ကဲ့"

"ခု ဘာလုပ်မယ် တွေးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်က အညွန့် ပြောသွားတဲ့ အလုပ်ပဲ လုပ်မလားလို့ ပါ၊ ကွန်စထရပ်ရှင် တစ်ခုမှာပါ အန်ကယ်၊ လောလော ဆယ်ပေါ့"

ဦးထွန်းနိုင်က ဘာမှ မပြောတော့ပါ။ ရွှေဘုန်းလက်ဘုံ ကိုသာ စေ့စေ့စပ်စပ် အကဲခတ်ကာ နေသည်။





၅

"ကဲ … ထမင်းချူးပြီးပြီဟော့၊ နင် သိပ်ပင့်ချင်နေတဲ့ နင့် လူကို နင်သွားပင့်ပေတော့ အထွဋ်ရေ"

အညွန့်က ခပ်ရွဲ့ရွဲ့ ပြောလိုက်ပါသည်။ ရွှေဘုန်း လက်ဘုံကို ထမင်းလခယူ၍ ထမင်းကျွေးတော့မည် ဆိုကတည်းက အထွဋ်က နေရင်းထိုင်ရင်း ပျော်နေပါသည်။ အထွဋ် တစ်ယောက် ထိုလူအပေါ် ဘယ်ဘဝက ရေစက်ပါသည် မသိဘဲ အတော်ပင် ခင်မင်အထင်ကြီးနိုင်လွန်းပါပေသည်။

ညနေစာကို သူမတို့အိမ်မှာ ခြောက်နာရီခွဲ ခုနစ်နာရီ လောက် စားလေ့ရှိကြကာ ထိုအချိန် ထမင်းမစားတတ်သေးဘဲ သောက်လို့ကောင်းတုန်း ရှိတတ်သည့် ဖေဖေ့အတွက် ဟင်းတစ်ခွက် ဦးချဖယ်ခပ်ကာ မိသားစုသုံးယောက် အတူစားလိုက်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဖေဖေ့အတွက် ဟင်းခပ်ပြီးလျှင် မေမေ့အတွက် အထွင့်နှင့် ရွှေညော်သည် ရွှေဘုန်းလက်ျာ အတွက် အရင်ထမင်းတစ်ဝိုင်း ချပေးရသည်။ သူစိမ်းယောက်ျားပျိုနှင့် ထမင်းတစ်ဝိုင်းတည်း အတူမစားချင်ပါဘူး။ ဒီတော့ ဗိုက်ဆာနေရင်တောင်မှ သူတို့ စားပြီးတဲ့အထိ အောင့်ပြီး စောင့်ရပါတော့သည်။

မေမေကတော့ အတူဝင်စားပေါ့၊ ဘာဖြစ်လဲ ပြောပါသေးသည်။ မစားချင်ပါဘူး။ မလွတ်မလပ် စိတ်ကျဉ်းကျပ်နဲ့။ ထမင်းစားပွဲဝိုင်းကို အိမ်ရှေ့ညော်ခန်းဆီ လှမ်းထုတ်ယူလာကာ အိမ်ရှေ့မှာပဲ စားမြဲထုံးစံပါ။ ပြင်ပြီး၍ သွားခေါ်လိုက်တဲ့အခါ ပထမဦးဆုံး ညနေတုန်းက မရဲမရဲ ဆုတ်တွန့်တွန့်နှင့် ရွှေဘုန်းလက်ျာ ရောက်လာတဲ့ပုံကို ပြန်တွေးလိုက်လျှင် ရယ်တောင်မှ ရယ်ချင်ပါသေးရဲ့။

အလကားနေရင်း သူ့ကြည့်ရတာ အညွှန့်ကိုကြောက်နေပုံရသည်။ အညွှန့် အရိပ်အကဲကို တကြည့်ကြည့်လုပ်တတ်မှန်း သူ့ကိုမကြည့်ဘဲလည်း အညွှန့် သိနေပါသည်။ သူကြည့်နေခိုက် မျက်လုံးချင်း မဆုံမိအောင်နေပြီး သူ မကြည့်တော့တဲ့ အချိန်ကို အလိုလိုသိကာ ဖျတ်ခနဲ လှမ်း၍ တစ်ချက်ကလေးမျှ ကြည့်တတ်သည့် အကျင့်ကို အညွှန့် ကောင်းကောင်း ကျွမ်းကျင်နေပြီ။





သူလာစားတဲ့အတွက် အရင်ကလို တအားကြီးဖြစ်ကတတ်ဆန်းလုပ်လို့ မရတော့ပေ။ အရင်ကတော့ ဖွယ်ဖွယ်ရာရာလေး လုပ်တဲ့အခါလည်း လုပ်လိုက်သည်။ တစ်ခါကစ်ရဲ ပျင်းပျင်းရှိလျှင်လည်း သိပ်မဖွယ်ရာတော့ဘဲ ဖြစ်သလို ပြီးစီးလိုက်သည်လည်း ရှိပါသည်။

ခုတော့ သူ့ထံက ထမင်းလခ ယူထားတာလေ။ ဖြစ်ကတတ်ဆန်း ကျွေးလို့ ဘယ်ဖြစ်ပါတော့မလဲ။ သူ့ကိုထမင်းလခနှင့် ဒီမှာပဲစားဖို့ ဖေဖေနှင့် မေမေ ပြောပြီးပြီဆိုတာ သိရတဲ့နေ့ကတော့ အတော် စိတ်တိုမိပါသည်။

"မေမေတို့ကလည်း ... ရှုပ်ရှုပ်ယှက်ယှက်နဲ့၊ သူ့ဟာသူတခြားမှာ စားနေလည်း စားပစေပေါ့၊ အလုပ်ပိုအောင်"

ဖေဖေ့ကိုတော့ အခြေအတင် ပြောမနေချင်။ မှည့်မှည့် မကြားချင်၍ မေမေ့ကိုသာ ကျိတ်၍ အပြစ်ဖို့မိသည်။

"သနားပါတယ်အေ၊ ဟိုမှာ သွားစားတာ အကုန်အကျများပါဘိနဲ့"

"ဘာသနားစရာရှိလဲ၊ ခြေအကောင်း လက်အကောင်း ယောက်ျားကြီးပဲ၊ ကောင်းကောင်း စားချင်မှတော့ ကုန်ပစေပေါ့၊ သူ့ကိုက အကောင်းကြိုက်လို့ ဖြစ်မှာပေါ့၊ ခေါက်မြို့ဆိုင်မှာ မျှစ်ကြော်လေး၊ ချဉ်ပေါင်ကြော်လေး၊ ပဲကြီးနှပ်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ပဲ ထမင်းစားရင် တစ်နပ် တစ်ရာငါးဆယ်ပဲ ကျတာပဲဟာ၊ သက်သာအောင်စားရင် သက်သာမှာပေါ့။ အင်း ... လူကလည်း သူဌေးသားဆိုတော့ တော်ကြာ ဇိမ်ခံ ကြောင်ကြောင် ဟင်းချေးများများ ဆိုရင်တော့ သမီးနဲ့ ပြဿနာပဲ"

"ချေးများမယ် မထင်ပါဘူးအေ"

"ထင်လား မေမေရဲ့၊ သူဌေးသားဆို၊ အိမ်မှာယုယကျ စိုက်လွှန်းလို့ကို ကျဉ်းကျုတ်မွန်းကျပ်ပြီး ထွက်လာတဲ့လူဆို မေမေပဲ ပြောတာပဲ"

"ဒါပေမဲ့ ဒီလိုတောင် ထွက်လာမှတော့ ဒီလိုနေရာမျိုးမှာ ဇိမ်ခံလာကြောင်နေမယ် မထင်ပါဘူးအေ"

"အလုပ်ပိုတယ်၊ သူ့ဖို့က ကြည့်လှအောင် ကျွေးရဦးမယ် ပိုက်ဆံယူထားတယ် ဆိုတော့ ဖြစ်သလိုလုပ်လို့ ဘယ်ရမှာ လဲ၊ ပိုက်ဆံကလည်း ယူရတာ ဘာမှလဲ အမြတ်ကျန်မှာ မဟုတ်၊ သူဌေးမဖြစ်လောက်ဘဲ အလုပ်ပဲ ပိုရှုပ်မှာ"

"ဒါတော့ ညည်း ကြိုက်သလောက် ယူထားတာပဲဟာ"

ထမင်းလခကို အညွန့်ကိုပဲ မေမေက သတ်မှတ်စေ သည်။ ဖေဖေက တစ်သောင်းလောက်ဆို မဆိုးဘူးဟု ဆိုသဖြင့် အညွန့်က စဉ်းစားချတွက်ကာ ပိုချက်ရမဲ့ ဆန်ဖိုး၊ ပိုဝယ်ရမည့်





ဟင်းရံဖိုးနှင့် 'ကိုးထောင်'လို့ သတ်မှတ်လိုက်ပါသည်။ တစ်နေ့ သုံးရာ။ သူ့အတွက်လည်း အဆင်ပြေ၊ ကိုယ့်အတွက်လည်း အဆင်ပြေသည့်နှုန်းပါ။

ကိုရွှေသူဌေးသားက တစ်နေ့ကို သုံးရာနှင့် ထမင်း နှစ်နပ် ကျွေးမည်ဆိုတာကို မဖြစ်နိုင်ဘူးဟု အံ့အားတသင့် ဖြစ် နေသေးသည်။ ပိုယူဖို့ အကြောက်အကန် တောင်းဆိုနေသေးသည်။ အညွန့်ကတော့ ပြောပြီးသားစကား မပြင်ပါ။

မေမေရယ်၊ သူရယ်၊ အထွင့်ရယ်ကို အရင်ပြင်ကျွေး လိုက်တဲ့အတွက် မေမေ့ဖို့လည်း တစ်ခွက်ခွဲချန်ရပြီး ဖြစ်တဲ့အတွက် အညွန့်အတွက် ဟင်းချန်ထားဖို့ မဖြစ်တော့ပါ။ သူတို့ဝိုင်းက ပိုလျှံသည်ကိုသာ အညွန့် စားရမှာ ဖြစ်ပါသည်။

ခုချိန်ထိတော့ သူဟာ ခပ်ထည့်မပေးလျှင် ထမင်း ရှည်းသာ ဖိစားနေပြီး ရဲရဲဝံ့ဝံ့ ကိုယ့်အိမ်ကိုယ့်ရာနယ် မစားပါ။ အညွန့် ဝင်မစားတာကိုလည်း အားနာအနေခက်နေပါသေးသည်။

"ကိုရွှေဘုန်း ... ကိုရွှေဘုန်း"

ဟိုဘက်ခန်းလေး အပေါက်ဝမှ အထွင့် သွားခေါ် နေသံ ကြားရပါသည်။

"ဝင်ခဲ့လေ အထွင့်"

"ထမင်းစားမယ်လေ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ ... လာပြီ"

ရွှေဘုန်းလက်ျာသည် အလုပ်ဝင်နေတာ ဒီနေ့ပါနှင့် ဆို နှစ်ရက်။ ခြောက်နာရီကျော်မှ အိမ်ပြန်ရောက်လာသည်ဖြစ်၍ ခုနကပဲ ရေချိုးကာ တက်သွားတာ ဖြစ်ပါသည်။ အထဲမှာ အကျီ ဝတ်နေရာမှ ထွက်လာရင်း ...

"ဝင်ထိုင်လေကွာ"

အခန်းလေးက နောက်ထိ တောက်လျှောက် အရှည် လိုက် အခန်းဖွဲ့ထားခြင်း မရှိပါ။ ယောကျ်ားသား ဖြစ်ပေမဲ့လည်း ရွှေဘုန်းလက်ျာက သူ အိပ်မည့်နေရာကို ကန့်လန့် ခန်းဆီးကြီး သွယ်တန်း၍ ခန်းဆီးစ အခန်းတစ်ဝက်ကျော် ကာထားခြင်းဖြင့် လုံခြုံသပ်ရပ်စွာ ကွယ်ကာထားပါသည်။

ထိုခန်းဆီးကြီး နောက်မှာပင် သူအိပ်တဲ့နေရာ အဝတ်လဲတဲ့နေရာ။ ယောကျ်ားလေးရယ်လို့ လက်လွတ်စပယ် တလွတ်တလပ် မနေပါ။

"အစ်ကို ... အစ်ကို"

"ဘာလဲကွ"

"ရှစ်နာရီခွဲကျရင် ဘောလုံးပွဲရှိတယ် အစ်ကိုရ"

အထွင့်က အသံကိုနှိမ့်၍ ခပ်အုပ်အုပ် ပြောနေတာ ဖြစ်ပါသည်။ ရွှေဘုန်းလက်ျာက ပြုံးလိုက်မိရင်း ...





"အဲဒါ ဘာဖြစ်လဲကွ"

"ရှူး"

အထွင့်က တိုးတိုးပြောဖို့ အချက်ပြလိုက်သည်။ ညှိုခန်းနေရာမှာ ထမင်းပွဲပြင်နေသော အညွန့်သည် ဟိုဘက်နံရံ တစ်ချပ်ခြားက လေသံလေးတွေ တိုးနိမ့်သွားတာ သတိပြုမိလျှင် နံရံဆီ ကပ်သွားကာ ချောင်း၍ နားစွင့်မိပါသည်။ ဟိုနှစ်ယောက် ဘာတွေ ကျိတ်တိုင်ပင် ပြောဆိုနေသလဲလို့ပင်။

"ပွဲကောင်းတယ် ကိုရွှေဘုန်းရ"

"အေးလေ ... မင်းကြိုက်တဲ့ လီဗာပူးလ်ပွဲ မဟုတ်လား"

"အဲဒါ ကျွန်တော် သွားကြည့်ချင်တယ် အစ်ကိုရ"

"ကြည့်ပေါ့ကွ"

"ဟာ ... ကျွန်တော် ပြောရင် ရမှာမဟုတ်ဘူး၊ အစ်ကို ပြောပေး"

"ဟာ ... မင်းကလည်းကွာ၊ ငါ့ခေါင်းကြီး မူးနေပြန်ပြီ"

"ဟိုတစ်နေ့ကလည်း အစ်ကို သွားကြည့်မှယ် ဆိုလို့ ကျွန်တော် လိုက်ရတယ်လေ"

"အဲဒီတုန်းက ဗီဒီယိုရုံ ဘယ်မှာလဲ ငါလည်းမသိသေးတော့ ဒေါ်ဒေါ်က မင်း လိုက်ပို့လိုက်ပါဆိုပြီး ပါလာတာလေ၊

www.burmeseclassic.com



ခါတိုင်း မင်းကို သွားကြည့်ခွင့် မပြုဘူးဆိုရင် ငါရောက်လာမှ အကျင့်ပျက်တယ် ဖြစ်နေပါဦးမယ်"

"အစ်ကိုကလည်းဗျာ"

"ဟ ... မင်းအစ်မ ဒေါ်ညွန့်ကို ကြောက်တယ်ကွ"

နားစိုက်နေရင်း အညွန့်က နှုတ်ခမ်းလေး ကိုက်မိပါသည်။

"ဘာကြောက်စရာရှိလဲ အစ်ကိုကလည်း"

"ဟာ ... ကြောက်တယ်ကွ၊ သူက မင်းကို စည်းကမ်းနဲ့ လုပ်ထားတာ၊ ငါခေါ်လို့ ထည့်ရတယ်ဆိုရင် ငါ့ကိုဘယ် ကြည့်မလဲကွ"

"မကြည့် ဗလီတက်ပေါ့ဗျာ၊ အစ်ကိုကလည်း ပြောတောင် မပြောရသေးဘူး၊ သိပ်ကြောက်တာပဲ"

"ဟာ ... ငါပြောပြီးပြီပဲ၊ ကြောက်ပါတယ်လို့ ဝန်ခံပြီးပြီ ကွာ၊ မင်း ငါ့ကို ပြဿနာမရှာစမ်းပါနဲ့ အထွင်ရာ"

ရွှေဘုန်းလက်ျာနှင့် အထွင်တို့ဟာ ရွှေဘုန်းလက်ျာ လိုအပ်တာတွေ ဝယ်ဖို့ ခြမ်းဖို့ အထွင်က ဆိုင်တွေရှိရာ လိုက်ပို့ လိုက်ပြရင်းက အဖွဲ့ကျနေကြတာပင်။ ရွှေဘုန်းလက်ျာ ဒီကိုရောက် ပြီး နှစ်ရက်နေတော့ ဘောလုံးပွဲတစ်ပွဲ ပွဲကောင်းလေးရာ သူ သွား





ကြည့်လို၍ နေရာမေးရင်းက အထွင်ပါ လိုက်ပြရင်း လိုက်ကြည့် ခွင့် ရခဲ့တာ။

"ဟိုးအရင်တုန်းက ကျွန်တော့်ဘာသာလည်း ရံဖန်ရံခါ ကြည့်ဖူးပါတယ်၊ မမက တစ်ကြိမ်မှ ပေးမကြည့်တာတော့ မဟုတ်ပါဘူး၊ ခုတလောမှ ပြီးခဲ့တဲ့လက ကျွန်တော် အင်္ဂလိပ်စာ အမှတ်နည်းလို့ဆိုပြီး နင် ဗီဒီယိုရုံ သွားမယ် မကြံနဲ့ ပြောထားလို့ ပြောရမှာ ကြောက်နေတာ"

"ကြောက်ကြောက်နဲ့ပဲ ပြောပေါ့ကွ"

"ဟာ ... အစ်ကိုကလည်းဗျာ"

အညွန့်သည် ဒီဘက်ကနေ မဲ့မဲ့လေး ပြုံးနေမိရင်း ...

"အထွင်ရေ"

"ဗျာ"

"ထမင်းစားဖို့ သွားအခေါ်လွှတ်လိုက်တာ နင် ဟိုဘက်မှာ ဘာဖြစ်နေပြီလဲ ဟင်၊ ပေါ်မလာဘူး"

"ဟုတ်ကဲ့ မမ၊ ကိုရွှေဘုန်းက ဟိုဒင်း ... အကျီဝတ်နေလို့"

"ဟော့ကောင် ... ဟော့ကောင် ... ငါ အကျီဝတ်ပြီးနေတာ ကြာနေပြီ၊ မင်းနဲ့တော့ ဒုက္ခပဲကွာ၊ ငါ့ခေါင်းပေါ်ပဲ အားလုံး လွှဲချနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျွန်တော့်ကို ဆိုရင် မမက ဆူမှာပေါ့၊ အစ်ကို ကျတော့ လူကြီးဥစ္စာ၊ ပြီးတော့ သူ့မောင်လည်း မဟုတ်ဘဲ နဲ့ မမက ဘယ်ဆူမလဲ"

"မဆူပေမဲ့ မျက်နှာကြီးက တင်းနေတဲ့ကိစ္စကို"

အညွန့်သည် မသိမသာကလေး ယောင်ယောင်လေး ပြုံးနေမိကာ ...

"လာကြတော့၊ ဟင်းရည်တွေ နွေးထားတာ အေးကုန်မယ်"

ဒီအချိန်မျိုးမှာ ဦးထွန်းနိုင်က မရှိတတ်ပါ။ အရက် ဆိုင်ရောက်နေပြီ ဖြစ်ပါသည်။ ဒီတော့ တစ်အိမ်လုံးမှာ သူတို့လေး ယောက်သာ။

ဒီဘက်ခန်းထဲ အထွင့်နှင့် အတူ ရောက်လာသော ရွှေဘုန်းလကျ်ာက ...

"ဒေါ်ဒေါ်ရော ... ဒေါ်ဒေါ် ထိုင်လေ"

"စားနှင့်ပေါ့ စားနှင့်၊ မင်းတို့ညီအစ်ကို စားနှင့်"

"ဒေါ်ဒေါ်လည်း လာလေ"

"မေမေက မစားသေးဘူးတဲ့၊ ရှင်တို့ နှစ်ယောက်ပဲ စား လိုက်တော့"

"ဘာလို့ မစားသေးတာလဲ၊ ကျွန်တော်တို့က လူငယ်တွေ အရင်စားလို့ ဘယ်ကောင်းပါ့မလဲ"





"စားနှင့်ပါ မောင်ရွှေဘုန်း၊ အညွန့် တစ်ယောက်တည်း စားရတာ ပျင်းနေမှာစိုးလို့ ဒေါ်ဒေါ်ပါ သူနဲ့မှ စားတော့ မယ်"

"ဟိုလေ ... အညွန့်ပါ ဝင်စားလိုက်လေ၊ ကျန်နေတော့ အားနာစရာကြီး"

"ရပါတယ်၊ ရှင်တို့သာ အရင်စားပါ၊ ကဲ ... အထွင့် လက်သွားဆေး၊ ထိုင်တော့"

အထွင့်ရော ရွှေဘုန်းလကျ်ာပါ အိမ်ရှေ့ရေစည်မှာ လက်ဆင်းဆေးကြပြီး ထမင်းဝိုင်း လာထိုင်လိုက်ရပါသည်။ အိမ်မှာတုန်းက ဖွန်းခက်ရင်းနှင့်သာ စားလာနေကျ ရွှေဘုန်းလကျ်ာ သည် ဒီရောက်ပြီးမှ ဆိုင်မှာ သွားစားတော့လည်း ဇွန်းနှင့်သာ စားတာပင်။

အညွန့်တို့ဆီ စ,စားသည်နှင့် အညွန့်က ထမင်းစား ဖို့အတွက် ဇွန်းသီးသန့် ချမပေး၍ တောင်းလည်းမတောင်းရဲကာ လက်နှင့် ကြိတ်ရပါသည်။ လက်နှင့်စားနေမကျ၍ သူစားရတာ အထာမကျ။ သို့ပေမဲ့ အညွန့်တို့အိမ်မှာ မကောင်းလှတဲ့ ဟင်းလျာ လေးတွေနှင့် အထာမကျ စားနေရတာကိုပင် သူ ပျော်ရွှင်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



အညွန့်ရဲ့ လက်ရာလေးတွေရယ်လို့ ကျေနပ်ပီတိဖြစ်နေပါသည်။ အညွန့်ပါ သူနှင့် တစ်ချိန်တည်း တစ်ဝိုင်းတည်း ဝင်စားလျှင်တော့ သူ ဒီထက် စိတ်ချမ်းသာရဦးမှာပင်။

ဒီနေ့အဖို့ရာ သူ့လက်တွေ နာကျင်ပေါက်ပြဲနေသည်။ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်စရာလည်းကောင်း၊ ရယ်စရာလည်းကောင်း။ ရွှေဘုန်းလက်ျာ ဆိုတဲ့ ရွှေမင်းသားဟာ ဒီကမနေ့ တစ်နေ့လုံး မဆလာဖျော်နေခဲ့ရပါသည်။ သူ့အချိုးအဆနဲ့ သူ ထည့်တဲ့သူကထည့်၊ သူက ဂေါ်ပြားတစ်လက်နှင့် မဆလာပုံတွေ တစ်ပုံပြီးတစ်ပုံ မွှေနယ်နေရရုံပင်။

ဂေါ်ပြား လက်ကိုင်ရိုးကို တစ်ချိန်လုံး ကိုင်၍ ရွှေ နောက်နေရသောကြောင့် လက်မောင်း ပခုံးတွေနာကာ လက်ဖဝါးတွေ ပေါက်ပြဲနေသည်။ ဒါတောင် အုတ်တွေသယ်ရတာ အကြမ်းပတမ်းတွေ ကိုင်နေရတာ မဟုတ်သေး။ ဂေါ်ပြားသာကိုင်ရတာ။

အလုပ်သွားလျှောက်တော့ ချက်ချင်း မရခဲ့ပါ။ နောက်နေ့တွေလည်း နေ့တိုင်း လာကြည့်ဆို၍ သွားသာသွားနေရသည်။ သုံးရက် လေးရက်လောက် ဒီတိုင်း ပြန်လာရပါသည်။ ဒါတောင် လမ်းထဲက ထိုဆိုက်တွင်းမှာ လုပ်နေသော ကိုလှိုင်ဆိုသူနှင့် ဒေါ်ဝင်းဝင်းက အတွထည့်ပေးလိုက်လို့သာ။





အလုပ်ကြမ်း အလုပ်သမားခေါင်းကို ကိုလှိုင်က ပြောပေးပါသည်။ သုံးလေးရက် အလုပ်မရသေးဘဲ မနေ့ကမှစကာ အလုပ်ရသည်။ မနေ့ကတော့ လူတစ်ယောက် မလာ၍ သူ့ကိုယ်စား သယ်ပိုးအလုပ်သမားများကို တာလီချိုးပြီး မှတ်ပေးနေရပါသည်။ ဒီနေ့တော့ သူလုပ်ရမည့် အလုပ်။

တစ်နေကုန် ဂေါ်ပြားတစ်ချောင်းနှင့် မဆလာဖျော်နေရပြီးသော် အလုပ်သိမ်းချိန်မှာ သူ လုပ်ခ ငွေကိုးရာ ရလာပါသည်။ အဲဒီငွေကို သူ တအံ့တဩ ကြည့်နေခဲ့မိပါသေးသည်။ ကိုးရာဆိုတဲ့ ပိုက်ဆံဟာ အရင်ကတော့ သူ့အတွက် ကျပျောက်လည်း နှမြောစရာ မဟုတ်။

အခုတော့ မနက်မှ ညနေထိ အချိန်ကုန် တပင်တပန်းလုပ်ပြီးမှ ရလာတဲ့ ကိုးရာ။ ဤငါးရာတန်နှင့် နှစ်ရာတန် ခပ်နွမ်းနွမ်း နှစ်ရွက်ဟာ သူ့မှာရှိသမျှ ပိုက်ဆံတွေနှင့် တန်ဖိုးချင်းတူပါ။ သူ့လက်တွေ တစ်နေကုန် ပေါက်ပြဲစေပြီးမှ ရတဲ့ငွေကိုးရာ။

"မောင်ရွှေဘုန်း..... ထည့်စားလေ၊ အထွေ့ကလည်း ထည့်ပေးလေ၊ ဒါက ဇရစ်နဲ့ကင်ပွန်းချဉ်ရောပြီး ငါးပိချက်လေးလို ချက်ထားတာလေ၊ ဒါက ပဲသီးနဲ့ဝက်သားကြော်၊



www.burmeseclassic.com

www.burmeseclassic.com



ဘူးသီးဟင်းခါးလေးသောက်၊ အားရပါးရ စားပါကွယ်၊ ဒီမှာ ငါးပိရည်ရှိတယ်လေ၊ မနေ့က သားစားတာ တွေ့သား ပဲ … စားလေ"

"ဟုတ်ကဲ့"

ဖရစ်နှင့် ကင်မွန်းချဉ်ကလည်း ငါးပိစိမ်းစား ရေတ် သီးဖတ်တွေပါ၊ ငါးပိရည်ကလည်း ရေတ်သီးမှုန့်ပါနှင့် တရှူးရှူး တရှဲရှဲ ဖြစ်ကာ စားလို့တော့ ကောင်းလှပေမဲ့ ပေါက်ပြဲနေသော လက်ဖဝါး လက်ချောင်းတို့က ငရုတ်သီးနှင့်တွေ့ကာ စပ်ပူစပ် လောင် ဖြစ်နေပါသည်။

"စားလေ သား၊ အားရပါးရ စားပါ သားရဲ့"

ဖြူဝင်းသော ရွှေဘုန်းလက်ျာ မျက်နှာပြင်က နီရဲကာ နဖူးပြင်ကလည်း ချွေးသီးချွေးပေါက်တွေ ကျနေပါသည်။

"စပ်လို့လား … ဟုတ်လား မောင်ရွှေဘုန်း"

"ရပါတယ်၊ ကျွန်တော် စားနိုင်ပါတယ်"

"လက်ဖျားလေးနဲ့ ထမင်းလေးကို နှစ်စေ့သုံးစေ့လောက် ယူစားနေတာ အားမရလိုက်တာကွယ်"

"မဟုတ်ဘူး ဒေါ်ဒေါ်၊ ဟိုဒင်း … လက်ပေါက်နေလို့ပါ"

"လက်က ဘယ်လိုပေါက်တာလဲ"





ပြောပြောဆိုဆို ဒေါ်ဝင်းဝင်းက ရွှေဘုန်းလက်ျာရဲ့ ညာဘက်လက်ဖဝါးကို လက်ကောက်ဝတ်မှ ဆွဲယူကြည့်လိုက်ပါ သည်။

"ဟစ် … လက်တွေပေါက်ပြဲနေတာပါလား"

လက်ချောင်းများရဲ့ အတွင်းဖက် အသားတို့ဟာ ခေါ်ပြား အဆက်မပြတ် ကိုင်ထားခဲ့ရတဲ့အတွက် ရေကြည်ဖောင်း ထ,ကာ ထိုရေကြည်ဖောင်းက ပေါက်ပြဲအရေခွံလန်သွား၍ အထဲ ကအသားနီ ထွက်ပေါ်လာပါသည်။

တချို့နေရာတွေမှာကျတော့ အရေခွံတွေက ဒီအတိုင်း သန်ပျံစုတ်ပြဲနေသည်။ အဲဒီအတွင်းသား အသားနုနီရဲရဲလေးတွေ ဟာ ငရုတ်သီးပါတဲ့ဟင်းနှင့် တွေ့တော့ တအားစပ်ပါသည်။

"ဟယ် … ကြည့်စမ်း၊ မနည်းပါလား၊ ဟိုဘက်ရော … လက်ဖဝါး နှစ်ဖက်လုံး ပေါက်ပြဲနေလိုက်တာ၊ ညာလက် က ပိုဆိုးတယ်၊ ပြောပါတော့လား မောင်ရွှေဘုန်းရယ်၊ ဇွန်းကလေးနဲ့ စားရောပေါ့"

"ရပါတယ် ဒေါ်ဒေါ်"

"ကဲ … ကဲ … လက်သွားဆေးချည်စမ်းပါကွယ်၊ အပူ လောင်တွေနဲ့ ထိပြီး အနာတွေ ရင်းလာပါ့မယ်၊ အညွှန့်က ထမင်းစားဖို့ ဇွန်းလေး ယူပေးလိုက်ပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက အညွန့် မျက်နှာကို တစ်ချက်ကြည့်မိသည်။ နဂိုနေ တည်တည်လေးကလွဲ၍ အညွန့်က သူ့ကို ပိုရန်စော သဲရန်ကော သဘောဆောင်သည့် မကြည်လင်မှုမျိုး မရှိပါ။

အတော်ပဲ စပ်နေတာမို့ ရွှေဘုန်းလက်ျာ လက်သွား ဆေးလိုက်ကာ ပြန်တက်လာတော့ သူ့ထမင်းပန်းကန်တွင် ရှိတ် ဖွန်း အသစ်တစ်ချောင်း တပ်ထားပါသည်။

"ကျေးဇူးပဲ အညွန့်"

"ရပါတယ်၊ ရှင့်လက်ကလည်း ဒီလောက်ပဲ နုသလား"

"အရေခွံကိုက ပါးပါးလေး သမီးရဲ့၊ ပျော့ပြီး နုနေတာ"

"အင်းပေါ့လေ … သူဌေးသား ဆိုတော့လည်း ဒီလောက် တော့ ရှိတာပေါ့"

"သူဌေးသားလို့တော့ မခေါ်ပါနဲ့ အညွန့်ရယ်၊ အဲလိုခေါ်သံ ပြောသံ ကြားရင် အနှိမ်ခံရသလိုပဲ"

"နှိမ်တာ မဟုတ်ပါဘူးနော်၊ မြှောက်ပင့် ချီးမြှောက်ပြီး ခေါ်တာပါ၊ ရှင့်ကို အံ့ဩမိတယ်၊ အင်းလျားလမ်းထဲ နေရာမှာ နေလာပြီး ဒီလိုရပ်ကွက်မျိုးမှာ ဆင်းဆင်းရဲရဲ လာနေတာ အံ့ဩစရာကြီးလေ၊ အိမ်ကနေ အကြောင်း ကြောင်းကြောင့် ဆင်းလာပါစေဦး၊ ဒီထက် အဆင်ပြေတဲ့





နေရာမှာ ရှင်နေလို့ ရပါတယ်၊ ဒီမှာမှ ဘာကြောင့် လာ နေရတာလဲ စဉ်းစားမရဘူး"

အဲဒါ မင်းရဲ့ တစ်မျက်နှာလေးကြောင့် မမျှော်လင့် ပဲနဲ့ပေါ့။

ရွှေဘုန်းလက်ျာက စိတ်ထဲကပဲ ကျိတ်ကာ အသံ တိတ် အဖြေပေးလိုက်ပါသည်။ အဲဒါ အမှန်ဆုံးပဲလေ။ ဘတ်စ် ကားအဆင့်ဆင့် စီးမည့်သာ တက်စီးလာသည်။ ဘယ်ကိုရောက် မည် ဆိုတာလဲ သူ သေသေချာချာ မသိခဲ့ပါ။ ဘယ်ရပ်ကွက်ထဲ လောက်မှာ အိမ်သွားငှားနေမယ်ရယ်လို့ ဆုံးဖြတ်ချက် ရည်ရွယ် ချက် မရှိဘဲ ဒီကို မတော်တဆ ရောက်လာပြီးတဲ့နောက် မမျှော် လင့်ဘဲ ရုတ်တရက် စွဲမက်သွားရတဲ့ ဒီတစ်မျက်နှာလေးကြောင့်။

"ပြီးတော့ ဒီလောက်ကြမ်းတမ်းတဲ့ အလုပ်လည်း ရှင့်အနေ နဲ့ ဝင်လုပ်စရာ မလိုပါဘူး၊ ကိုယ်က ဘွဲ့ရပဲ၊ ဘယ်ကုမ္ပဏီ တစ်ခုခုမှာမဆို ထိုင်လုပ်ရတဲ့ အလုပ်မျိုး ရှင် ရနိုင်ပါတယ်၊ လက်ဖဝါးတွေ ပေါက်ပြဲအောင်အထိ အလုပ်ကြမ်း လုပ်ဖို့ လိုလည်းမလိုဘဲနဲ့"

"အဲဒါကတော့ အညွန့်က အဲဒီကွန်စထရပ်ရှင်မှာ အလုပ် သွားတောင်းပါလား ဆိုလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အညွှန့် မျက်ခုံးလေး အစုံက တကယ့်ကို အံ့အားတသင့် မြင့်မင့်တက်သွားရပါတော့သည်။

"ကျွန်မက ပြောလို့ ! ..."

"ဟုတ်တယ် ... အညွှန့် ပြောတယ်လေ"

"ဒါနဲ့ပဲ ရှင်က လုပ်ရရောလား၊ ကျွန်မကလည်း အလွယ်ကူဆုံး ဒီနားရှိနေတာတစ်ခု ပြောလိုက်တာပဲဟာ"

တကယ်တော့ အညွှန့်သည် သူ့ကို သူဌေးသားလေး ရယ်လို့လည်း အတိအကျ မသိရသေးဘဲ ခပ်နုနု လူတစ်ယောက် ရယ်လို့ နည်းနည်းကလေးရွဲ့ကာ တမင်ပြောလိုက်တာပင်။ တကယ် သွားလုပ်လိမ့်မည်လည်း မထင်ဘူးလေ။ တမင် ခပ်လှောင်လှောင် စိတ်ကလေးနဲ့ ရွဲ့ပြောလိုက်တာ။

"ဟုတ်ပါတယ် မောင်ရွှေဘုန်းရယ်၊ ဒီအလုပ်တော့ ဆက်လုပ်မနေပါနဲ့၊ မင်းနဲ့လည်း မအပ်စပ်ပါဘူး၊ ကြည့်ပါဦး လက်တွေ မြင်မကောင်းအောင် ပေါက်ပြဲနေလိုက်တာ၊ မင်းရဲ့ တော်တော်သည်းကြ ဂရုစိုက်ကြတယ်ဆိုတဲ့ ကြီးတော်တွေ အမေတွေ တွေ့ရင် စိတ်ကောင်းမှာ မဟုတ်ဘူး"

ရွှေဘုန်းလက်ပြာက ပြုံးရင်း ...

"အတွေ့အကြုံတော့ ရတာပေါ့ ... ဟင်း ဟင်း"





"အတွေ့အကြုံ ဆိုတိုင်းလည်း မလိုအပ်ဘဲ ရစရာမလိုပါဘူးကွယ်၊ အတွေ့အကြုံအတွက် ဆိုပြီး ဘိန်းရှူရမလား ... ကဲ"

"ဒါက ခဏတဖြုတ်ပါ၊ ကျွန်တော်လည်း အကြာကြီးတော့ ဒါမျိုးမလုပ်နိုင်တာ ဝန်ခံပါတယ်၊ အခုက ဘာလုပ်ရမလဲကို မသိသေးတာ၊ မြို့ထဲထိ အလုပ်ထွက်ရှာမှပဲ ရဖို့လွယ်မှာ၊ မြို့ထဲလယ်ကောင်ကျတော့လည်း ကိုယ့်အသိုင်းအဝိုင်းနဲ့ တိုးမှာ ကြုံမှာ စိုးရိမ်ရသေးတယ် ဒေါ်ဒေါ်"

အထွန့်သည် ထမင်းမလုပ်ပလောင်းနှင့် ...

"အစ်ကိုက သူဌေးပဲဟာကို"

အထွန့် စကားကြောင့် အားလုံးက သူ့ကို လှမ်းကြည့်ကြတာ ...

"ဘာလဲကွ ... မင်းပြောတာက"

"ပိုက်ဆံ ရှိမှာပေါ့"

"အိမ်က ထွက်လာပါတယ် ဆိုမှတော့ သိပ်ဘယ်ရှိမလဲကွ"

"အစ်ကို့မှာ ပိုက်ဆံဘယ်လောက်ရှိလဲ"

"နည်းနည်းပါးပါးတော့ ရှိတာပေါ့"

"တီဗီတို့ အောက်စက်တို့ ဝယ်ဖို့ မလောက်ဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အထွင့် ... အလုပ်ကိစ္စ ပြောနေပါတယ်ဆိုမှ သူက တစ်မျိုး"

"အလုပ်ကိစ္စပဲ ပြောမလို့ဟာကို"

"အလုပ်ကိစ္စနဲ့ တီဗီ ဘာဆိုင်လဲ၊ နင်ခုနက ဟိုဘက်ခန်းမှာ ကိုရွှေဘုန်းကို တိုးတိုးလေး ပြောနေတာတွေ ငါကြားတယ်နော်၊ နင် ခုလည်း ဘောလုံးပွဲသွားကြည့်ချင်နေတယ် မဟုတ်လား၊ အဲ့သလို နင် ကြည့်ချင်တာနဲ့ပဲ လူ့သူစိမ်းကို တီဗီဝယ်ဖို့ စကားခေါ်စရာလား"

အညွှန့်က ခပ်ဆတ်ဆတ် လေသံနှင့် မျက်နှာထားကိုတင်းကာ အထွင့်ကို မာန်မဲပါသည်။

"မဟုတ်ပါဘူး ... သားက ကိုရွှေဘုန်းကို တီဗီနဲ့အောက်စက်ဝယ်ပြီးတော့ တီဗီပြစားပါလားလို့ ပြောမလို့ဟာ ဒီနားတစ်ဝိုက်မှာ အဲလို ပိုက်ဆံပေးကြည့်လို့ရတဲ့ရုံ ရှိတာမဟုတ်ဘူး၊ တီဗီမရှိတဲ့အိမ်က များနေတော့ လူတိုင်းက ရုံမှာ သွားကြည့်ကြတာချည်းပဲ၊ အနီးဆုံးရုံကလည်း ကားမှတ်တိုင် တစ်တိုင်စာ ကျော်အောင် လမ်းလျှောက်ရတာ အဝေးကြီးပဲ"

အထွင့်က လူကြီးသုံးယောက်ကို မျက်စိပေကလည်နှင့် အကဲခတ်လိုက်ကာ ...





"အဲဒီတော့ ကိုရွှေဘုန်း တီဗီဝယ်၊ အောက်စက်ဝယ်လိုက်ရင် ပြစားလို့ ရတာပေါ့၊ ဒီမှာသာ ရုံရှိရင် ဒီတစ်လမ်းလုံးရော ဟိုဘက်လမ်းသွယ် လေးငါးခုက လူတွေရော၊ ဒီပဲလာကြမှာ၊ ဒီမှာ နီးသွားပြီကိုး၊ တစ်ညကို လူလေးငါးဆယ်လောက်ကတော့ တန်းနေတာပဲ။ ဘောလုံးပွဲနေ့ဆို လူလည်း ပိုများတယ်၊ ပိုက်ဆံလည်း ပိုယူလို့ ရသေးတယ်၊ တစ်ညကို ပိုက်ဆံထောင့်လေးငါးရာကတော့ အသားတင်ပဲ"

ရွှေဘုန်းလက်ျာက အထွင့်ကို စူးစိုက်ကြည့်ကာ ထမင်းကို ဖြည်းဖြည်း ခပ်ဝါးရင်း ငြိမ်နေပါသည်။ ဘာမှမပင်ပန်းလှဘဲ ဝင်ငွေအသားတင်ရနေမည့် အစီအစဉ်ပေ။ တစ်ခုပဲရှိတာက ဒီအိမ်က ငှားနေတဲ့အိမ်။ သူပိုင်အိမ် မဟုတ်။ အိမ်ရှင်တွေက သဘောတူဦး၊ သူ့အိမ်ခန်းလေးထဲတော့ လူလေးငါးဆယ် ဝင်စေလို့မည် မဟုတ်။

"အမယ်လေး ... နင့်ဟာက မလွယ်တဲ့ကိစ္စပါ အထွင့်ရယ်၊ တီဗီနဲ့စက်ဝယ်ဖို့ကတင် မနည်းဘူး၊ နင်ကြည့်ချင်တာ တစ်ခုနဲ့ပဲ လူလာမှန်းမသိ မလာမှန်းမသိ ငွေတွေ အများကြီး ရင်းရဦးမယ်"

"လူက လာကို လာမှာ မမရ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ဘယ်နားသွားပြမလဲ၊ သူ့အခန်းထဲပြရင် အိမ်ကျိုးကျနေပါဦးမယ်"

"အေးကွာ၊ မင်း ပြောတာ ငါ စိတ်ဝင်စားပါတယ် အထွင့်ရာ၊ ဒါပေမဲ့ ငါ စီးပွားရေးသဘော လုပ်ချင်တာနဲ့ပဲ အိမ်မှာ လူဝင်လူထွက်တွေ ရှုပ်ပြီး စိတ်ညစ်နေရပါဦးမယ်၊ အန်ကယ်လ် ကြိုက်မှာ မဟုတ်ဘူး၊ အညွန့်လည်း သဘောတူမှာ မဟုတ်ပါဘူး"

"ကျွန်မက သဘောမတူဘူးလို့တော့ မပိတ်ပင်ဘူးနော်"

"ဒါဖြင့် အညွန့် သဘောတူတာလား"

"ရှင့် အခန်းလေးထဲတော့ ဘယ်ပြလို့ ရမလဲ"

"အဲဒီအခန်းထဲတော့ မဟုတ်ဘူးပေါ့"

"ဒါဖြင့် တခြား ဘယ်နေရာမှာကော ရှိလို့လဲ"

"အိမ်နောက်ဖေးမှာ မြေပိုမှ အများကြီး မမကလည်း အဲဒီမှာ ရုံလေးတစ်ရုံ ဆောက်လို့ရတာပဲ၊ နော်… ကိုရွှေဘုန်းနော်"

"အမယ်လေး … နှင့်အစီအစဉ်ကလည်း ရင်းရနှီးရ ကုန်ကျရမှာတွေက သိန်းတွေ အတော်ချီနေလိမ့်မယ်၊ ရုံတွေမှာပြတဲ့ တီဗီဆိုတာ အကြီးကြီးတွေ၊ ဈေးသေးတာမဟုတ်ဘူး၊ ရုံက တစ်ခါဆောက်ရရင် မနည်းဘူး ကုန်မှာ"





ပြောမဲ့သာ ပြောနေရသော်လည်း အညွန့်သည် ဤအစီအစဉ်လေးကို သူကိုယ်တိုင်ပင် သဘောကျနေပါသည်။ ရိုးရိုးသားသား နည်းလမ်းနှင့် ဘယ်နည်းနှင့် ဝင်ငွေပိုပို စမ်းကြည့် လုပ်ကြည့်ချင်စိတ်မျိုးရှိသော အညွန့်သည် စိတ်ကူးထဲမှာပင် ဝင်ငွေအတော်ကောင်းနေသော ဤအလုပ်လေးကို ရွှေဘုန်းလက်ချာ လုပ်နိုင်လျှင် အကျိုးရှိသားပဲဟု စေတနာပေါက်ပါသည်။

သူ့ရဲ့လက်တွေလည်း အခုလို မြင်မကောင်းအောင် မပေါက်ပြဲရတော့ဘူးပေါ့။ သူသာ အဲသလို လုပ်ဖြစ်ရင် ကိုယ်ကတောင် မုန့်ပဲသရေစာလေး ကပ်ရောင်းလို့ ရသေးသည်။ သူ့အတွက်လည်း ငြိမ်းငြိမ်းကလေး ငွေရမည်။ လက်ဖဝါးလေးတွေပင် နထွတ်လှတဲ့ ဤသူဌေးသားလူထွက်ကို မပင်မပန်းဘဲ ဝင်ငွေရမည်ဆိုရင် ရစေချင်သော စေတနာ ပေါ်ပေါက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

ဟော ... ခုတော့။

တစ်လကျော်အတွင်း သူတို့ရဲ့ ဗီဒီယိုရုံကလေးဟာ လူစည်ကား၍ ဝင်ငွေတွေ ကောင်းနေပါသည်။ ရုံပေါက်ဝလေးမှာ အထွင့် မုန့်ရောင်းတာကပင် တစ်ညကို နှစ်ရာကျော်နှင့် သုံးရာကြား အမြတ်ကျန်ပါသည်။

ပထမတော့ မုန့်ကို အညွှန့်က ရောင်းမယ်လို့ပဲ။ အထွင့်က သူ့မုန့်ဖိုး လုပ်မည်၊ သူရောင်းမည် ဆို၍ လုလို့မရတော့ဘဲ အထွင့်ကို ရောင်းခွင့်ပေးလိုက်ရာ အထွင့် တစ်ယောက် တပြုံးပြုံးနှင့် အချဉ်ထုပ် နေကြာစေ့ အာလူးကြော်၊ သကြားလုံး စတာတွေနှင့် အလုပ်ဖြစ်နေသည်။





ဤအစီအစဉ်လေးကို မမျှော်လင့်ဘဲ ဦးထွန်းနိုင်ကပါ စိတ်လိုလက်ရ သဘောကျ သဘောတူတဲ့ အခါမှာတော့ ရွှေဘုန်းလက်ျာက ခြံနောက်ဘက်မှာ အများကြီး ပိုနေသည့် မြေကွက်မှ ချုံတွေရှင်း ဗွက်တွေဖို့ လုပ်ကာ ဗီဒီယိုရုံ ခပ်နုပ်နုပ်ကလေးတစ်ခု စ,ဆောက်ပါတော့သည်။

ဤမြေနေရာအတွက် မြေငှားခအဖြစ် ရွှေဘုန်းလက်ျာက တစ်လငါးထောင် ထပ်ပေးပါသည်။ ရုံကို အိမ်လိုမဲ့ မြေမှ နှစ်ပေခွဲလောက်လွတ်၍ ဝါးကပ်ခင်း ဝါးကပ်ကာ သက်ကယ်မိုးနှင့် ဆယ့်ငါးပေ ပေလေးဆယ် အကျယ်အဝန်းနှင့် ဆောက်သည်။

တဲ့ရုံကလေး ဖြစ်ပေမဲ့ တောင့်တောင့်တင်းတင်း သပ်သပ်ရပ်ရပ် ရှိလှပါသည်။ ကြမ်းတစ်ပြင်လုံး ဝါးကပ်တွေအပေါ်မှာ ဖယောင်းပုဆိုး ခင်းထားလိုက်၍ တံမြက်စည်းလှည်းရ ရေပတ်တိုက်ရလည်း လွယ်ကူပါသည်။ ရွှေဘုန်းလက်ျာ ထိုရုံကလေး ဆောက်နေတဲ့ ကာလတစ်လျှောက်လုံး ဦးထွန်းနိုင်ပါ စိတ်ဝင်တစား တက်တက်ကြွကြွ ပါဝင်နေကာ သူကိုယ်တိုင်ပါ အားတက်သရော ရှိနေသည်။

သဘောကြဆေးမည်း သုတ်ထားသည့် ဝါးကပ်ဗီဒီယိုရုံကလေးဟာ တမင်တကာ အသစ်အဆန်း ထွင်လုပ်ထားသလို

www.burmeseclassic.com



ကြည့်လို့ပင် ဆန်းသစ်လှပနေသေးတော့။ ဘန်ဂလိုကလေးနှင့်ပင် တူနေပါသည်။

ရုံဆောက်နေကတည်းက ဒီနေရာမှာ ဗီဒီယိုရုံတစ်ရုံ ရှိလာတော့မည်ကို အနီးပတ်ဝန်းကျင်မှ သတင်းကြားပြီးကြပြီဖြစ် ၍ စဖွင့်သည့် နေ့မှာပင် လူတွေ အပြည့်အကျပ် ဖြစ်နေခဲ့ပါသည်။ ကြားရက်တွေ တစ်ည တကားသာ။ စနေ တနင်္ဂနွေတွေကျ တစ်နေ့ကို သုံးပွဲပြပါသည်။

ဒီနားပတ်ဝန်းကျင်မှ လူအများစုမှာ အခြားသော ငွေကုန်ကြေးကျခံ၍ ခံစားစရာ ဖျော်ဖြေရေးမျိုးလည်း မတတ်နိုင် ၍ တချို့နေ့တိုင်း၊ တချို့က တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို အမြဲကြည့်တတ်ကြပါသည်။ ရုံကလေးဟာ နေ့စဉ်ပင် လူပြည့်နေ ပါသည်။

ရွှေဘုန်းလက်ျာ တီဗီတွေ ဗီဒီယိုဒက်ခ်တွေ ဗီစီဒီ စက်တွေ သယ်၍ ပြန်ရောက်လာသည့်နေ့ကဆိုလျှင် အထွင့်သည် ဝမ်းသာအားရ တဆွေ့ဆွေ့ခုန်နေပါသည်။ ဦးထွန်းနိုင် ကိုယ် တိုင်ပင် မီးကြိုးသွယ်ယူခြင်း စက်တပ်ဆင်ခြင်းတွေမှာ စိတ်ဝင်တစား အတူပါနေသည်။

တကယ်တော့ ဗီဒီယိုရုံလေးလည်းဆောက်၊ စက် တွေလည်း ဝယ်ရလောက်အောင် အထိတော့ ရွှေဘုန်းလက်ျာမှာ





ငွေပိုမပါပါ။ လိုအပ်သမျှ ငွေတွေကို မမမြကြာဖြူထံ ဆက်သွယ် ပြီး လှမ်းတောင်းလိုက်တာ ဖြစ်ပါသည်။ အိမ်ကို ဖုန်းမဆက်ဘဲ မမရဲ့ ဟဲန်းဒ်ဖုန်းကို လှမ်း၍ ဆက်သွယ်လိုက်တော့ မမမှာ တအံ့တသြ ကတုန်ကယင်နှင့် ဝမ်းသာသွားရှာသည်။

နဂိုကတည်းက မောင်ဖြစ်သူဘက်က ရပ်တည်၍ အတိုက်အခံတွေ ဝင်ပြောပေးမြဲဖြစ်သော မြကြာဖြူသည် ရွှေဘုန်း လက်ျာ အိမ်ကထွက်သွားတော့ အများတန်းတူ ပူပန်စိုးရိမ်ခြင်းတော့ ရှိပေမဲ့ မအိပ်နိုင် မနေနိုင် ဆွေ့ဆွေ့ခုန် ယောက်ယက်ခတ်ကြတဲ့ အထဲတော့ မပါ။

ဘယ်လို အရွယ်ရောက် ယောက်ျားပျိုဟာ ဤအိမ်က အမျိုးသမီးကြီးတစ်စုရဲ့ မျက်စိအောက် မလှုပ်မယှက် နေနိုင်မှာလဲ။ ခုမှ အိမ်က ထွက်သွားတာပင် နောက်ကျသေးသည် ဆိုနိုင်တာပါ။ သူ့မောင်ကလေးဟာ ယောက်ျားတစ်ယောက် ဖြစ်၍ ဒုက္ခတွေ ပင်လယ်ဝေကာ စုတ်တီးစုတ်ဖတ် ငတ်၍တော့ မသေဟု သူ စိတ်ချ ယုံကြည်ပြီးသားပင်။

လိုအပ်ချက် ရှိပါကလဲ သူ့ဘက်က ရပ်တည်အရေး ဆိုတတ်သော အစ်မဖြစ်သူထံ ဆက်သွယ်လာမှာပါဟု စိတ်၌ ယုံကြည်သေချာနေခဲ့သည်ဖြစ်ရာ ရွှေဘုန်းလက်ျာ ဖုန်းဆက်တော့ လည်း ကိုယ်တိုင် ဝမ်းသာအေးချမ်းရသည့်တိုင် ထိုဝမ်းသာမှုကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်က လူတွေကို ခွဲဝေမပေးခဲ့ပါ။ ဘယ်သူ့ကိုမှ ပြန်မပြောခဲ့ပါ။

"ကျွန်တော် အခုနေနေတဲ့ ရပ်ကွက်လေးထဲမှာ ဗွီဒီယိုရုံလေး ဆောက်ပြီး ပိုက်ဆံရှာမလို့၊ ကျွန်တော် ငွေလိုတယ် မမ၊ အိမ်မှာလို တခမ်းတနား အဆင့်မြင့်မြင့်ကြီး မဟုတ်ပေမဲ့ ကျွန်တော် အေးအေးချမ်းချမ်းလေးနဲ့ ပျော်နေတယ်၊ ကျွန်တော် ရောက်နေတဲ့ အိမ်က မိသားစုတွေကလည်း စိတ်သဘောကောင်းကြတယ် ...

ပိုက်ဆံနည်းနည်း ပါပေမဲ့ လူ့အသိုင်းအဝိုင်းထဲ ဆက်ဆံကျင်လည်နေရတာ၊ ဘာအလုပ်မှ မလုပ်ပဲ ထိုင်စားနေလို့ မဖြစ်ဘူး မဟုတ်လား၊ ကျွန်တော် ဒီအလုပ်လေး လုပ်ရင် လောလောဆယ် အတော်အဆင်ပြေမှာ၊ အဲဒါ မမဆီက ပိုက်ဆံလိုချင်တယ်၊ မမရဲ့ ဘဏ်ခ်အကောင့်ထဲက ထုတ်ပေးပါနော်၊ တစ်နေရာမှာ ချိန်းပြီး ကျွန်တော် လာယူမယ်၊ ဒီကိစ္စကို အိမ်က လူတွေ ဘယ်သူ့ကိုမှ မမ ပြန်မပြောနဲ့ ...

ကျွန်တော့်ကလည်း မမကို ကျွန်တော့်လိပ်စာ ပေးဦးမှာ မဟုတ်ဘူး၊ ဒီတော့ မမ အိမ်ကို သွားပြောလဲ ဘာအကြောင်းမှ မထူးပဲ မမသာ နားပူစိတ်ညစ်နေရမှာ"





"နင် ပိုက်ဆံလိုတာ ငါ ပေးမှာပေါ့၊ ဒါပေမဲ့ ငါ စိတ်အေးရအောင် ဘယ်မှာနေတယ်တော့ ပြောပြပါဦးလားဟာ"

"နောက်မှ ပြောမယ်၊ မသိရပေမဲ့လည်း မမ စိတ်အေးလို့ရပါတယ်၊ ဘာမှ မပူနဲ့၊ မမကို မယုံတာလည်း မဟုတ်ပါဘူး၊ မမ သိနေရင် အိမ်ကို ပြန်မပြောတောင်မှ မမ လာတွေ့ချင်တာတို့ ဘာတို့ ရှိလာမယ်၊ မမကို မသင်္ကာလို့ စောင့်ကြည့်ရင် သိကုန်မှာပေါ့၊ ခုလို တလွတ်တလပ် တစ်ယောက်တည်း ရပ်တည်နေဖူးပြီးမှတော့ ကျဉ်းကျပ်တဲ့ ချုပ်ချယ်မှုတွေကြားထဲ ပြန်မဝင်ပါရစေနဲ့တော့ မမရာ၊ အိမ်မပြန်ချင်ဘူး၊ ဒီမှာ သိပ်ပျော်တယ်"

"ဒါပေမဲ့ မောင်လေး၊ တစ်နေ့တော့ အိမ်ပြန်ရမယ်ဆိုတာတော့ နင့် ခေါင်းထဲ ထည့်ထားရမယ်နော်၊ နင် ဘယ်လောက်ပျော်ပျော် အဲဒါဟာ နင့်အိမ် နင့်အသိုင်းအဝိုင်းတော့ မဟုတ်ဘူး၊ အခု ပြန်မလာသေးရင်နေပါ၊ တစ်နေ့ ပြန်လာရင်လည်း အရင်ကလောက်တော့ အိမ်မှာ မကျဉ်းကျပ်ရတော့မှာ သေချာပါတယ်၊ သူတို့ သောကရောက်နေတုန်း မမကလည်း ဖိပြီး ဝေဖန်ထားတော့ ကြီးကြီးတို့တွေ အပြစ်ရှိတဲ့သူလို ခံစားရပြီး နောင်တတော့ အတော်ရနေကြပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနဲ့ ကျွန်တော် ပြန်ရောက်လာရင် အိမ်က လူကြီးတွေ သိပ်မှတ်မှတ်ရရ ရှိမှာ မဟုတ်ဘူး၊ အနေအထိုင်ခြိုးခြံဆင်းရဲရပေမဲ့ ကျွန်တော် ပျော်တယ်၊ ဒီမှာပဲ နေချင်သေးတယ်၊ ကိုယ့်စိတ် ကိုယ့်သဘောနဲ့ ကျွန်တော့်ကိုလည်း ဘယ်သူကမှ ကလေးတစ်ယောက်လို မဆက်ဆံဘူး"

မကြာဖြူက တွေးဆဆနှင့် ...

"အဲဒီအိမ်မှာ သို့မဟုတ် နီးစပ်တဲ့ ပတ်ဝန်းကျင်မှာ မိန်းပျိုလေးတွေ ဘာတွေ ရှိလား"

"သြော် ... ဒါတော့ မမကလည်း ရပ်ကွက်တိုင်း၊ လမ်းတိုင်း၊ နေရာတိုင်းမှာ မိန်းမပျို ရှိတာပေါ့၊ ဒီအိမ်မှာလည်း ကောင်မလေး တစ်ယောက် ရှိပါတယ်၊ အညွန့်တဲ့ သိလား သိပ်တော်တယ်၊ အိမ်ကိုလည်း တစ်ဖက်တစ်လမ်း ရှာရှာကျွေးမွေး၊ အိမ်ဝေယျာဝစ္စ စီမံခန့်ခွဲနေတာ၊ ဣန္ဒြေရှိရှိလေး"

"မောင်လေး ... သူ့အကြောင်းလေး တစ်ခွန်းနှစ်ခွန်း ပြောတာ လေသံက ကြည်နူးနေပြီး အကောင်းချည်းပါလား မမ တစ်ခု သတိပေးချင်တာနော်၊ မင်းက မိန်းကလေးအတွေ့အကြုံ ရှိတာမဟုတ်ဘူး၊ ခုမှ မင်းမှာ ဆက်ဆံပြောဆို ခင်မင်ရတဲ့ မိန်းကလေးတွေ စ,ရှိလာတာ၊ အဲဒါဖြတ်မစောနဲ့၊ အထင်ကြီး မလွယ်နဲ့၊ မိန်းမကောင်းလေး





တော်ပါရဲ့၊ လည်လည်ဝယ်ဝယ် မိန်းမဆိုရင် နင့်ကို အသာလေး လှည့်ဖြားသိမ်းသွင်းလို့ ရတယ်"

"အင်းပါ ... ကျွန်တော် သိပါတယ်"

"နင့်ကို နင် လိုတဲ့ ပိုက်ဆံပေးမယ်၊ နင်လည်း ကတိတစ်ခု ပေးဦး၊ မမဆီ တစ်ပတ်တစ်ခါ အပတ်စဉ် ဖုန်းဆက်ရမယ်"

"အင်း ... အင်း ... အဲဒီကတိ ပေးတယ်"

"မောင်လေးကို လိုအပ်တာလည်း အကူအညီ ပေးမယ်၊ မင်း စိတ်ချမ်းသာစေချင်တယ်၊ ခုလို ဆက်သွယ်တာလည်း မမ နှုတ်လုံထားပါမယ်၊ မမဘက်က ဒီလောက် နားလည်မှု ရှိပေးရက်နဲ့ အဆက်အသွယ်ဖြတ်၊ ကိုယ်ယောင်ဖျောက်ဆိုတာမျိုးတော့ မလုပ်ရဘူးနော်၊ မင်းမှာ ပျက်စီးရာလမ်းကြောင်း အန္တရာယ် မရှိသရွေ့ မင်းကို ဘာမှ အနှောင့်အယှက် မပြုဘူး၊ ဒါဟာလည်း ခုလောလောဆယ်ပဲနော်၊ ကိုယ့်ခြေထောက်ပေါ်လည်း ကိုယ်ရပ်နိုင်ပြီ၊ အိမ်က လူတွေကိုလည်း ရင်ဆိုင်လို့ ရလောက်ပြီဆိုရင်တော့ ကိုယ့်ဘဝထဲ ကိုယ် ပြန်ဝင်လာဖို့ပဲ"

"ဟုတ်ကဲ့ပါ"

မမနှင့် တစ်နေရာရာမှာ ချိန်းဆိုထားကာ ထိုနေရာကို ရွှေဘုန်းလကျော်က ကားငှား၍သာ သွားလိုက်ပါသည်။ သူ ချိန်း



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ လမ်းနံ့ဘေး ပလက်ဖောင်းလေးမှာ အိတ်လေးဆွဲပြီး ရပ်နေသည့် မမအနား ရောက်တော့ ကားပေါ်မှပင် အိတ်ကိုလှမ်းယူကာ...

"ကျွန်တော့်နေရာကို မမ ဖွတ်အတင်း လိုက်လာမှာစိုးလို့ပါ။ ကျွန်တော် သွားပြီနော်၊ တစ်ပတ်တစ်ခါ ဖုန်းဆက်ပါ့မယ် စိတ်ချ"

သူ့ မျက်နှာဟာ ကလေးတစ်ယောက် ကစားစရာအသစ် ရသလိုမျိုး အူမြူးရွှင်လန်းနေခဲ့သလား မသိ။ မမမြကြာဖြူအကြောင်းကြောင် . ကျုန်ရစ်ခဲ့တာကို သူ ရယ်ချင်နေပါသည်။ နောက်တစ်ပတ် မမဆီ ဖုန်းဆက်တော့ ...

"မင်း ကြည့်ရတာ အတော်ပျော်နေတာပဲနော်၊ အဲသလိုမြင်ရတာ စိတ်လည်းချမ်းသာတယ်ဟယ်၊ ဒါပေမဲ့ ဒီအနေအထား ဒီအသိုင်းအဝိုင်းထဲမှာတော့ ရွံ့ထဲမှာ ကြာသွားပေါက်နေသလို ရက်ရှည်လများကြီး မင်း နစ်မြုပ်မနေနဲ့ ...

ပြီးတော့ အနီးအနားမှာ နီးစပ်ရာ အလွယ်တကူ တွေ့နေရတဲ့ မိန်းကလေးတွေကိုလည်း အလွယ်တကူ မကျူးလိုက်နဲ့နော်၊ ရတတ်ရက် ရလိုက်တဲ့ လွတ်လပ်မှုထဲ စိတ်ပေါ့ပါး လေလွင့်ပြီး နီးစပ်မှု သာယာမှုလောက်ကိုနင် ရင်ခုန်သွားမှာ စိုးရိမ်တယ်"





မမဟာ ဉာဏ်ပညာရှိသော တက္ကသိုလ်ဆရာမပီသပါပေသည်။ သူ့ရဲ့ မျက်နှာကို တွေ့ရရုံနှင့် မိန်းကလေးကိစ္စကိုပါ အမြော်အမြင်ရှိရှိ တွေးပူကာ ကာကွယ် သတိပေးစကားပြောနေပြီ။

နီးစပ်လို့ပဲဆိုဆို ဘာကြောင့်ပဲပြောပြော ပြောချင်တဲ့သူ ပြောချင်သလို ပြောပါစေ။ အညွန့်တို့ မိသားစုလေးထဲမှာ သူပါ မိသားစုဝင်လိုလို ဘာလိုလိုနှင့် နေ့စဉ်နှင့်အမျှ အညွန့်မျက်နှာကလေး တွေ့မြင်ရကာ သံယောဇဉ်တွေ တစ်ရစ်ပြီးတစ်ရစ် နှောင်ဖွဲ့တိုးချည်နေတာကိုပဲ သူ့မှာ စိတ်အချမ်းသာကြီးချမ်းသာ၍ လူဖြစ်ကျိုးတွေ နပ်နေပါသည်။

သူ့ကို ဆက်ဆံတဲ့ အညွန့် မျက်နှာကလေးဟာ တည်တည်ကလေး ရှိဆဲပေမဲ့ အညွန့် မျက်လုံးလေးတွေထဲမှာ သေချာကြည့်မှ သိသာတဲ့ ရင်းနှီးမှုကလေးတွေ၊ ထပ်တူညီတဲ့ ခံစားချက်နဲ့ ကြည့်မှ မြင်သာတဲ့ နွေးထွေးမှုကလေးတွေ တစ်စစ အရောင်တောက်လဲ့လာသည်လို့ သူ ထင်ပါသည်။

ဒေါ်ဝင်းဝင်း ကတော့ နဂိုကတည်းက သဘောကောင်း၊ အထွင့်ကုတော့ သူ့ကို အစ်ကို အစ်ကိုနှင့် အလကားနေရင်း အထင်ကြီးလေးစား သဘောကျနေတဲ့ ချာတိတ်။ နောက်စက အရောမဝင်လှတဲ့ ဦးထွန်းနိုင်ဟာ ခုတော့ ရွှေဘုန်းလက်ဖျာကို အရောဝင် ခင်မင်စ ပြုလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သချာတာ တစ်ခုကတော့ သူတို့ မိသားစုကလေး တာ ရွှေဘုန်းလက်ျာအပေါ် သူဌေးသား လူချမ်းသာတစ်ယောက် ဆိုတဲ့ အသိအမှတ်ပြု မြှောက်ပင့်အရေးပေးမှုမျိုးနှင့် ခင်မင်ဆက်ဆံ ကြသည် မဟုတ်တာကိုပင်။ ဒါကို အများတကာတွေ မသိလျှင် ရှိမည် သူ့အသည်းနှလုံးကဖြင့် သိရှိယုံကြည်နားလည် သချာ လှပါသည်။

အဲဒါအပြင် ရွှေဘုန်းလက်ျာသည် ငယ်ငယ်ကတည်း က အဖေ ဆုံးပါးကွယ်လွန်ခဲ့ကာ အဖေရယ်လို့ သူ့ရှေ့၌ ရှေး တားအားကိုး ချစ်ခင်စရာ ယောက်ျားကြီးမျိုး နီးနီးနားနား မရှိခဲ့ရ ၍လား မသိ။ ဦးထွန်းနိုင်ကို စိတ်ထဲကနေ အဖေတစ်ယောက်လို ချစ်ခင်သံယောဇဉ် တွယ်ပေသည်။

ဦးထွန်းနိုင် အရက်သောက်ရာမှ အိမ်ပြန်လာလျှင် သိပ်ရုပ်အပျက်ကြီးတော့မဟုတ်။ တစ်ချိန်က လူကြီးလူကောင်းမို့ ထိုက်သင့်သော အရှက်သိက္ခာတော့ ရှိလေရာ ဘယ်တော့မှ သိုင်းကွက်နင်းမလာ၊ အားလေးလျှာလေး အော်ဟစ်မလာ။ ယိုင်တိ ယိုင်ထိုး ဖြစ်မလာ။ ဘေးအမြင်၌ အော့ကြောလန်စရာပုံ ပေါက်မ လာတတ်ပါ။

နီရဲသော မျက်လုံးများကို လမ်းမပေါ် အောက်စိုက် ထား၍ ခေါင်းကို ငုံ့ကာ ခပ်လေးလေး လျှောက်လှမ်းလာတတ်





သည်။ အိမ်ရောက်လျှင် တချို့ဆက်မည့် ပုလင်းပြားလက်ကျန်လည်း ပါလာတတ်သည်။ ဦးထွန်းနိုင် စ,ရစ်သည်မှာ အိမ်ရောက်မှသာ။

အိမ်ရောက်လျှင်တော့ သူ့ဘဝတစ်သက် သူ့ကိုယ် သူ မကျေနပ်တာ၊ ဘေးလူတွေကို မကျေနပ်တာတွေကို ပွစိပွစိ ဗျစ်တောက် ဗျစ်တောက် စပြောပြီ။ ဟိုလူ့အပြစ်တင်၊ ဒီလူ့ပြစ် တင်။ ဒေါ်ဝင်းဝင်းကို အကြောင်းမရှိ အကြောင်းရအောင်ရှာကာ ပြစ်တင်ဝေဖန်။ အထွင့်ကို အသားလွတ်ကြီး ကြိမ်းမောင်း။ ဦးထွန်းနိုင် သိပ်အပြစ်မတင်တာ သိပ်မရစ်တာ အညွန့်ကိုပင်။

အညွန့်သည် သူ့အဖေ ပြန်လာသည်နှင့် မျက်နှာ မှန်ကုပ်ကုပ်။ သူ့အဖေ ရစ်ကြောရှည်လာလျှင် အဖေကို တိုက် ရိုက်ဘာမှ မပြောဘဲ ...

"ကဲ ... မေမေ အိပ်တော့လေ၊ မနက်စောစော ထ,ချက် ရဦးမယ် မဟုတ်လား၊ သွား ... သွား ... မေမေ သွားအိပ် တော့။ အထွင့်ရေ မနက်ကျောင်းသွားဖို့ လွယ်အိတ်စစ်ပြီး ပြီလား၊ ဘောလ်ပဲင် မင်ချောင်းတွေ ငါ ဝယ်လာပေးတယ်၊ ငါ့ ပိုက်ဆံအိတ်ထဲ သွားနှိုက်၊ သွား ... လုပ်စရာရှိတာလုပ် စမ်း"

... စသဖြင့် နည်းနည်းကလေး မြည်တွန်တောက် တီးကာ လူစုခွဲပစ်တတ်သည်။ ထ,မထွက်ရဲဘဲ ဦးထွန်းနိုင်နှင့်

www.burmeseclassic.com



မလှမ်းမကမ်း၌ ငြိမ်၍ အရစ်ခံပေးနေရသော မေမေတို့ အထွင့်ထိုး မှာ အဲဒီတော့မှပဲ ထ,လစ်ရဲကြပါသည်။

"ဖေဖေ ... သမီး အိပ်ရာ ခင်းပေးထားမယ်နော်"

ဤသို့ပြောခြင်းသည် အိပ်တော့ ဟု ဦးထွန်းနိုင်ကို အမိန့်ပေးလိုက်ခြင်း မဟုတ်ရုံတမယ်ပင်။ 'အေး'ဟု ခပ်မာ့မာပြန် ပြောပြီးလျှင် ဦးထွန်းနိုင်ထံမှ ဘာဘာညာညာ ထပ်ထွက်မလာတော့။ အလွန်ဆုံး နှစ်ကိုယ်ကြားလောက် ဗျစ်တောက်ဗျစ်တောက် လုပ် နေတတ်ရင်း ဆယ်နှင့်ငါးမိနစ် နာရီဝက်တွင် အိပ်ရာဝင်ရလေ သည်။

တစ်ခါတစ်ရံတော့လည်း ဦးထွန်းနိုင်ရဲ့ ဗျစ်တောက် ဗျစ်တောက်မှုသည် 'ကိုထွန်းရယ် အိပ်ပါတော့လားရှင်'လောက် ပြောမိရုံနှင့် ရန်ထဖြစ်ရင် ဖြစ်ရတတ်ပါသည်။ ရန်ပွဲဟာလည်း တစ်ဖက်သတ်သာ။ တစ်ခါတစ်ရံလည်း ထိုအခြေအနေမျိုးထက် ဆိုးကာ ဦးထွန်းနိုင်က ဝုန်းဒိုင်းနှင့် ဆူဆောင့်တတ်ပါသေး သည်။

သို့သော် အရှက်နှင့်သိက္ခာတရား လုံးလုံးကင်းသူ လည်း မဟုတ်ပြန်သေး၍ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား သောင်း ကျန်းရမ်းကားမှုမျိုးတော့ မရှိ။ ဗီဒီယိုရုံလေး ဖွင့်ပြီးသည်၏နောက်၌ ဦးထွန်းနိုင်ရဲ့ ပွစိဗျစ်တောက်မှုတွေ မသိမသာ လျော့ပါးလာသည်။





သူ ရစ်နေချိန်ဟာ ဗီဒီယိုရုံက လူတွေ မပြန်ကြသေး ချိန် ဖြစ်လေရာ ထို့ကြောင့်ပဲ နည်းနည်းဆင်ခြင်သည် ထင်ရပါ သည်။ ဘောလုံးပွဲပြသောနေ့၌တော့ ရွှေဘုန်းလကျာက ဦးထွန်းနိုင် ကို လာကြည့်ဖို့ ရအောင်ခေါ်တတ်ပါသေးသည်။ ယောက်ျားမှန် သမျှ ဘောလုံးပွဲကို အနည်းနှင့်အများတော့ စိတ်ဝင်စားကြသည်ပဲ ဖြစ်ရာ ထိုသို့ ဦးထွန်းနိုင် ဘောလုံးပွဲကြည့်ဖြစ်သောနေ့တို့မှာ အိမ်ပေါ်မှ ပဋိပက္ခများ မရှိသလောက်ပင်။

တစ်နေ့သော အခါမှာတော့ ရွှေဘုန်းလကျာသည် ဦးထွန်းနိုင်အတွက် ဈေးမကြီးလှသည့် ဝီစကီတစ်ပုလင်း လက် ဆောင်ဝယ်ယူလာသည်။ ဈေးကနေလည်း ဝက်နံရိုးတွေ ဝယ်လာပါ သည်။ အိမ်မှာတုန်းက သူ ကြိုက်နှစ်သက်သည့် ဝက်နံရိုးကို မုန့် ကြွပ်မှုန့်နှစ်၍ ကြော်သည့်အကြော်မျိုး ဦးထွန်းနိုင်အတွက် စိမ့် ပေးဖို့ သူကိုယ်တိုင် တတ်သလောက် အလုပ်ရှုပ်နေသည်။

နေ့လယ်ကတည်းက အရက်ပုလင်းကို ပေးလိုက် တာမို့ ဦးထွန်းနိုင်သည် အံ့အားလည်းသင့် သဘောလည်းကျ ဝမ်းသာဝမ်းနည်းသလို ဖြစ်နေသည်။

"ဝီစကီပါလားကွ၊ ဝီစကီတော့ မသောက်ဖြစ်တာ ကြာပြီ ပေါ့ကွာ၊ ဈေးကြီးမှာပေါ့၊ ဘယ်လောက်တောင် ပေးရမလဲ တန်ဖိုးကြီးတွေ မဝယ်ပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးမကြီးပါဘူး အန်ကယ်ရဲ့"

ဦးထွန်းနိုင်ကို ကြည့်၍ လက်ဆောင်ပေးရတာကို ရွှေဘုန်းလက်ျာ ကျေနပ်နေမိသည်။

"ဘယ်လောက် ပေးရသလဲ သား၊ ဒေါ်ဒေါ်ပြောစမ်း"

"သုံးထောင်ကျော်တည်းပါ"

"ဟယ် … သုံးထောင်ကျော်ဆိုတာ နည်းလား၊ ဈေးမကြီးဘူးဆိုပြီး နမြောလိုက်တာကွယ်"

"ဒေါ်ဒေါ်ကလည်း တကယ့်ဈေးကြီးတဲ့ အရက်တွေက လေးငါးခြောက်သောင်း ပေးရတာ၊ ဒါ ဈေးပေါတာ"

"ဘုရား … ဘုရား"

"ဟော့ … ဝင်းဝင်း တော်ကွာ၊ မင်း ဖြစ်နေပုံ မြင်ရတာနဲ့ သောက်ရင်တောင် အရသာပျက်နေမယ်၊ ဒါပေမဲ့ မောင်ရွှေဘုန်းရာ ဒီလို ဝယ်မလာပါနဲ့၊ ဘာပဲဖြစ်ဖြစ် ငါ့အနေအထားအတွက်တော့ တန်ဖိုးများပါတယ်ကွာ"

ဦးထွန်းနိုင်ဟာ ဇနီးထံမှ ပိုက်ဆံနည်းနည်း ပိုရမှသာ အရောင်နှင့် သောက်နိုင်ကာ များသောအားဖြင့်တော့ အဖြူကိုသာ သောက်ရရှာတာဖြစ်ပါသည်။ သူ့စံချိန်နှုန်းနှင့်ကလည်း ဒေါ်ဝင်းဝင်းက ဒီထက် ပိုက်ဆံ ပိုမပေးနိုင်ပေ။ ပိုက်ဆံရသလောက်နှင့် ခပ်များများ သောက်ရနိုင်ဖို့က ဈေးပေါမှ ဖြစ်ပါမည်။





ရွှေဘုန်းလက်ျာသည် ဟိုဘက်ခန်း နောက်ဖေးက မီးသွေးဖို အသေးလေးကို တောင်းယူကာ အိမ်ရှေ့၌ မီးမွှေးပြီး ဝက်နံရိုးတွေကို အရင်ဆုံး မနူးတနူး ပြုတ်သည်။ ထို့နောက် သူ တတ်သလောက် မှတ်သလောက် အဆာပလာတွေ ထည့်ကာ နယ်၍ ခေတ္တနှပ်ထားလေသည်။ ဒါတွေကို အကြော်မှုန့်၊ မုန့်ကြွပ်မှုန့်တို့ ဖျော်၍ နှစ်ကာ ပြန်ကြော်မည်။

ကျောင်းက ပြန်ရောက်ကတည်းက အထွင်ရသည် ရွှေဘုန်းလက်ျာ လုပ်ကိုင်နေသည့် အနား တကပ်ကပ်နှင့်မို့ သူ့အမေဆိုင်ကိုတောင် ပြန်မကူနိုင်ပေ။

"အစ်ကို … ကျွန်တော်တို့လည်း စားမယ်နော်"

"ဒါပေါ့ကွ"

"မေမေက ပြောတော့ ဖေဖေ မြည်းဖို့ လုပ်ပေးနေတာဆို"

"ဟ … ငါ တစ်ပိဿာတောင် ဝယ်လာတာကွ၊ အများကြီးပဲ၊ အန်ကယ် မြည်းတာနဲ့တော့ ဘယ်ကုန်မလဲ"

"ဟိုကောင်လေး ဘယ်လိုဖြစ်နေတုန်း၊ အဲဒီနားကကိုပဲ မခွာတော့ပါလား"

ဦးထွန်းနိုင်က မကြိုက်လို့ မဟုတ်ဘဲ ဟန်ဆောင်ပန်ဆောင် မြည်တွန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... ဒီညနေတော့ အိမ်မှာပဲချနော်၊ အားလုံး ဝိုင်းဖွဲ့ တပျော်တပါးပေါ့"

"ဟေ ... မင်းကော သောက်မလိုလား"

"မသောက်ပါဘူး အန်ကယ်၊ ကျွန်တော် မသောက်တတ်ပါဘူး၊ သောက်လည်း မသောက်ဖူးပါဘူး၊ ဘေးက ထိုင်မြည်းမှာပေါ့"

"အေး ... အေး ... မသောက်ပါနဲ့ကွာ၊ အကျင့်မလုပ်လိုက်ပါနဲ့၊ မင်းကို တူလေးသားလေးလို ဖြစ်နေလို့ ပြောတာပါ။ နို့မို့ မပြောပါဘူး"

ဦးထွန်းနိုင်က ခပ်ငေးငေးငိုင်ငိုင်နှင့် ပြောပါသည်။ ဦးထွန်းနိုင်ရဲ့ သောက်လေ့ရှိချိန်ကို မှန်း၍ ခြောက်နာရီထိုးခါနီးမှ ရွှေဘုန်းလက်ျာ စ,ကြော်ဖို့ပြင်သည်။

"အထွဋ် ... မင်း ဒေါ်ဒေါ့်ကို ဆိုင်သိမ်းသွားကူလိုက်ဦးလေ"

"အေးလေကွာ၊ ဒီကောင်လေးဟာ ဝက်နံရိုးကြော်နားကကို မခွာတော့ဘူး၊ အမေ ဆိုင်သိမ်းမှာတောင် မေ့ပြီထင်တယ် ဟား ဟား"

အထွဋ်က ရွှေဘုန်းလက်ျာ ကြော်လှော်တာကို စောင့်ကြည့်ချင်သေးသလို နောက်ဆံငင်ငင်နှင့်ပဲ ပြုံးဖြီဖြီ ထွက်သွားပါသည်။ အထွဋ် ထွက်သွားပြီး မကြာခင်ပင် အညွှန့် ရောက်





လာသည်။ သူ့အမေဆိုင် ဝင်ကာ ဒီသတင်းတွေ ကြားလာခဲ့ပြီ ဖြစ်ပုံရပါသည်။

ခြံတံခါး တွန်းဝင်လာကာ ရွှေဘုန်းလက်ျာရဲ့ မီးဖိုဆောင်၌ သူ့အဖေဘက် ကျောခိုင်းထိုင်လိုက်ပြီးလျှင် ...

"ဒီမှာ ... ရှင်က ဖေဖေ့ကို အရက်ဝယ်ပြီး လက်ဆောင်ပေးတယ်ဆို"

"ဟုတ်ကဲ့ ... အဟင်း ... ဘာဖြစ်လို့လဲ"

အညွှန့်ရဲ့ မျက်နှာလေးသည် သူ့မျက်နှာနှင့် နီးကပ်နေသည်။ အညွှန့်က မျက်လုံးပြူး မျက်မှောင်ကုတ်ကလေးနှင့် ...

"ရှင်ကလည်းနော် ... သူ့ဟာသူမှ သောက်ရတဲ့ကြားထဲ ရှင်က တစ်မျိုး၊ အားပေးအားမြှောက်"

"မဟုတ်ဘူးလေ အညွှန့်ရဲ့၊ တစ်ခါတလေလည်း အန်ကယ် အရသာရှိရှိလေး သောက်ရပါစေတော့လို့"

"မသောက်မှာ ကြောက်ရတဲ့သူမို့လား၊ တကတဲ၊ ပါးစပ်လည်း အကျင့်ပါတယ်၊ နောင်ကို အကောင်းမှ သောက်ချင်နေမှာပေါ့"

"ဒီလိုကြီးလည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကလည်း ဝင်ငွေကောင်းရင် ကောင်းသလို ဝယ်လာပေးဦးမှာပဲဟာ"

"ဟွန်း ... ပြောမှ ပိုဆိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အညွန့်ကလည်း ... အန်ကယ်က ဆိုင်မှာ ဖြစ်ကတတ်ဆန်း သောက်ရတာ၊ အမြည်းဆိုလည်း ငါးနီတူးကြော်လေး၊ ပဲခြမ်း သုပ်လေးနဲ့ ပြီးနေရတာ၊ တစ်ခါတလေ ကောင်းကောင်း အရသာခံပါစေ၊ သောက်တတ်တဲ့သူတွေက အရက်ကောင်း သိပ်ကြိုက်တာ"

"ဒါတော့ ရှင် ပြောမှလား"

"ဒီဟာတောင်မှ သိပ်အကောင်းကြီး မဟုတ်ပါဘူးဗျာ တကယ်ဈေးကြီးတဲ့ အရက်ကောင်းတွေက သောင်းဂဏန်း ပါ"

"တော်ပါ"

အညွန့် ပုံစံလေးကို သူ ချစ်စနိုး ပြုံးနေမိလျက် ...

"အမြည်းက ကောင်းရင် ဗိုက်ထဲ အမြည်းပိုဝင်တော့ အရက် အဝင်နည်းတာပေါ့ အညွန့်ရဲ့၊ ပြီးတော့ အန်ကယ်ဆိုင်မှာ သွားမသောက်ဖြစ်ဘဲ ကိုယ့်အိမ်ကိုယ် ထိုင်သောက်ဖြစ်လာ မယ်ဆိုရင် ပိုကောင်းတာပေါ့၊ ကိုယ့်အိမ်မှာ ကိုယ်ကျတော့ ငွေလည်းရ၊ အန်ကယ့်အတွက်လည်း ကောင်းတယ် မူးသွားပြီးတော့လည်း အိမ်ကို အဝေးကြီး လမ်းလျှောက် မပြန်ရဘူးပေါ့၊ အန်ကယ်က အသက်လည်း ကြီးပြီ တော့"





အညွန့်က ရွှေဘုန်းလက်ျာကို တစ်မျိုးကစ်မည် ခြန်းလှဲသည့် စကားပြောသော မျက်လုံးကလေးနှင့် ကြည့်ပါသည်။

"ရှင် ဖေဖေ့ကို ခင်မင်စေတနာရှိတာ ကျေးဇူးတင်ပါတယ် ကိုရွှေဘုန်းရယ်၊ ဒါပေမဲ့ ရှင်က ဒီမှာလည်း အမြဲရှိမှာ မဟုတ်ဘူး၊ တော်ကြာ ရှင်လည်း ရှင့်အိမ်ပြန်ရော ဖေဖေက အရက်ကောင်းတွေ လွမ်းကျန်ရစ်ပါ့မယ်"

ပြောပြီး ထ,ထွက်သွားလေရာ ရွှေဘုန်းလက်ျာသည် 'ကျွန်တော် ဒီမှာ အမြဲနေရင်ရော'လို့ မေးချင်တာကို ရင်ထဲမှာ အိတ်တနိုး မျိုသိပ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုရုံဆောက်ပြီး ပိုနေသေးတဲ့ နောက်ဖေးမြေကွက်လပ်မှာ တစ်ဖက်ခြံစည်းရိုးနှင့် ကပ်လျက် ခြံကလေးခတ်ပြီး ရွှေဘုန်းလက်ျာက ကြက်ခြံ လုပ်လိုက်ပြန်တာကြောင့် အညွန့်ဝင်မိသားစု အံ့အားတသင့် စိတ်ဝင်တစား ငေးလို့သာ နေရပါသည်။

တစ်ပိုင်တစ်နိုင် အိမ်နှင့် မကွာ စိတ်ကူးအကြံဉာဏ်ရလည်းရသည့် ရွှေဘုန်းလက်ျာကို အားမပေး မထောက်ခံတဲ့သူ မရှိ။ သူတို့ လုပ်ချင့်လျှင်လည်း ဖြစ်နိုင်ခဲ့ပါလျက် ခေါင်း အကြံမရ စိတ်ကူးမထွက်ဘဲ ရှိခဲ့သည်။ ရွှေဘုန်းလက်ျာ ဒီ စီစဉ်လိုက်တော့လည်း အံ့သြသဘောကျရပါသည်။

"မင်း သူဌေးသားလည်းဆိုသေး ဒါတွေ ဘယ်လိုလုပ်တတ် နေလဲကွာ"





မျက်စိရှေ့တွင် သပ်ရပ်သော ကြက်ခြံလေးထဲ ကြက်တွေ အစာကျွေးဖို့ အစီအစဉ် အထားအသိုတွေပါ စနစ်တကျ အားရစရာ မြင်တွေ့လာရတဲ့အခါ ဦးထွန်းနိုင်က မအောင့်အည်းနိုင် ချီးကျူးမိသည်။

"အိမ်မှာ ဘာမှ အလုပ်မရှိတော့ အားနေ၊ ကျွန်တော်က စာဖတ်နေရတာ အန်ကယ်၊ ဟိုစပ်စပ် ဒီစပ်စပ် စာဖတ်ရင်း သိထားနားလည်ထားတဲ့ ဗဟုသုတလေးတွေ စမ်းသပ်ကြည့်တာ"

"မင်းကတော့ တကယ့်လူကွာ၊ ဒီလို သူ့အနေအထားနဲ့သူ ထိုက်သင့်တဲ့ အကြံဉာဏ်လည်းထွက်၊ လုပ်ချင်စိတ်လည်းရှိ၊ မပျင်းမရိနဲ့ တက်ကြွတဲ့ မင်းလိုလူကိုမှ အိမ်ထဲ ပိတ်ပြီး ကလေးလို ယုယထားကြတဲ့ မင်း အုပ်ထိန်းသူတွေကိုလည်း အံ့ပါရဲ့၊ အင်း ... မင်းအနေနဲ့ ဒါတွေ လုပ်နေရတာ တစ်မျိုးနှမြောစရာပဲ၊ မင်း အိမ်က လူတွေသာ အတွေးမှန်ခဲ့ရင် ခုလောက်ဆို ငွေရင်းငွေနှီးလည်း တတ်နိုင်တဲ့ မင်း အဖို့ လုပ်ငန်းကြီးတွေ အောင်မြင်နေရောပေါ့ကွာ၊ ခုတော့ အိမ်ကထွက်လာ ငွေရင်းကနည်းနည်း မဖြစ်ညစ်ကျယ်လေးတွေ လုပ်ရသလို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း မဖြစ်ညစ်ကျယ်လုပ်ငန်းလောက်တော့ မဟုတ်ဘူး အန်ကယ်ရ၊ နေရာမရှိလို့၊ နေရာရှိရင် ထောင်သောင်းချီပြီး မွေးမြူရေးအလုပ် အောက်ချလုပ်လိုက်ရင်လည်း သူဌေးဖြစ်နိုင်တာပါပဲ၊ နေရာသာရှိရင် ဝက်တွေ နွားတွေပါ မွေးလို့ရမယ်"

"ချီးကျူးပါတယ်ကွာ၊ ငါတို့ချည်းပဲတုန်းက နောက်ဖေးမြေပိုရှိရဲ့သားနဲ့ မစဉ်းစားခဲ့မိပါဘူး"

"အခုခု ကျွန်တော် ဒီကြက်ခြံကို လုပ်တာ အန်ကယ့်ရဲ့ ရည်ရွယ်လုပ်တာနော်"

"ဟေ ..."

"ဒီကြက်ခြံရဲ့ စီးပွားရေးဟာ အန်ကယ့်စီးပွားရေးပဲ"

"ဘယ်ဟုတ်မလဲကွ၊ မင်း လုပ်တာပဲဟာ"

"ကျွန်တော့်စီးပွားရေးက ဗီဒီယိုရုံပဲ ထားလိုက်ပါ၊ အဲဒါလည်း ရုံမှာ မုန့်ရောင်းရင်း သူ့ဟာနဲ့သူ မုန့်ဖိုးရနေပြီ ငွေတောင် စုနိုင်တယ်၊ အဲဒါက အထွင့် စီးပွားရေးပေါ့ ကြက်ခြံက အန်ကယ့်စီးပွားရေး"

"မဟုတ်တာကွာ၊ မင်းမှာ ခြံဆောက်ရတာ ကြက်ဝယ်ရတာ အရင်းရှိတယ်လေ"





"ခြံဆောက်တာကလည်း ဝါးနဲ့၊ ဘာမှ သိပ်မကုန်ကျပါဘူး၊ ကြက်တွေကလည်း အပေါက်တွေ အငယ်တွေ ဝယ်တာပဲ၊ ငွေရင်းက နည်းပါတယ်၊ အန်ကယ် ဆန္ဒရှိရင် နောက်မှ ဖြည်းဖြည်း ဒီငွေရင်းကို ပြန်ပေးပေါ့၊ ကျွန်တော် လုပ်ကတည်းက အန်ကယ့်အတွက်လို့ ရည်ရွယ်လုပ်တာ၊ လောလောဆယ် ကျွန်တော်ကလည်း အားနေတော့ ကြက်ခြံကိစ္စ လုပ်စရာတွေ ကျွန်တော်ပဲ လုပ်မှာ၊ အန်ကယ် မလုပ်ပါနဲ့၊ ကျွန်တော်က အန်ကယ့်ကြက်ခြံရဲ့ အလုပ်သမားပေါ့ ဟား ဟား"

သူ့စကားအတိုင်း သူသာ ဒိုင်ခံလုပ်တာပင်။ သို့သော် တစ်ဖြည်းဖြည်းနှင့် ရွှေဘုန်းလက်ျာရဲ့ ပါးနပ်လိမ္မာမှုကြောင့်ပင်ထင့် ဦးထွန်းနိုင်ဟာ ကြက်ခြံလုပ်ငန်းထဲ ပါမှန်းမသိ ပါလာပါသည်။ သူကိုယ်တိုင် ရွှေဘုန်းလက်ျာနှင့်အတူ အစာတွေကျွေး ဝင်လုပ်နှင့် အားအားလျားလျား ဖြစ်မနေတော့ပါ။

တဖြည်းဖြည်းနှင့် ကြက်ဥရောင်းရ၊ အသားအတွက် ရောင်းရနှင့် ဝင်ငွေရှိလာသမျှ ရွှေဘုန်းလက်ျာက ဦးထွန်းနိုင်ကိုပင် ကိုင်စေသောအခါ ငြင်းမရ ပြုမရနှင့် ဦးထွန်းနိုင်သည် သူ့လုပ်ငန်းမှာ သဘောထားလာရပါသည်။ ကြက်စာဝယ်ဖို့ခြမ်းဖို့ ပြန်သုံးဖို့ ဝယ်ရတဲ့အခါလည်း ထိုဝင်ငွေထဲကပင် နှိုက်ထုတ်သုံးစွဲရင်း

www.burmeseclassic.com



အလိုအလျောက်ပင် ကြက်ခြေဟာ ဦးထွန်းနိုင်ရဲ့ အလုပ်ဖြစ်ရတော့တာပင်။

ရွှေဘုန်းလက်ျာကတော့ ကူမြဲကူညီတာပင်။ ရွှေဘုန်းလက်ျာ ရောက်လာအပြီး လေးငါးခြောက်လ အတွင်းမှာ ဤမိသားစုလေးရဲ့ အနေအထားဟာ လုံးဝ ပြောင်းလဲထူးခြားလာပါသည်။ အခိက ပြောင်းလဲသူ ဦးထွန်းနိုင်မှာ နံနက်ပိုင်းတစ်ချိန် လုံးဝ အရက်မသောက်ဖြစ်တော့ပါ။ သူ့မှာ လုပ်စရာတွေ ရှိလာလျက် အချိန်အား အချိန်ပို နည်းလာသည်။

သူ့ဟာသူ ငွေကိုင်ကာ လုပ်အားနှင့် ရင်း၍ ဝင်ငွေတွေ ရှိလာတဲ့အခါ ဦးထွန်းနိုင်သည် ထိုငွေတို့ကို ဖောဖောသီသီ သုံးစွဲသောက်စားပစ်ဖို့အစား မသုံးရက် မစွဲရက် မသောက်ရက်ဖြစ်ကာ စုစုဆောင်းဆောင်း ဖြစ်လာပါသည်။

ဖေဖေ့ရဲ့ ဤပြောင်းလဲမှုကိုတော့ အညွန့် တစ်သက် ဘယ်တော့မှ ရွှေဘုန်းလက်ျာ ကျေးဇူးကို မေ့တော့မည်မဟုတ်။ ဦးထွန်းနိုင်ဟာ အရက်ပြတ်မသွားသေးတာကလွဲလျှင် သောက်ချိန်ရော သောက်တဲ့ပမာဏပါ လျော့နည်းသွားကာ အလုပ်ထဲ၌သာ နစ်မြုပ်လာသည်။

တစ်ရက်ပြီးတစ်ရက်အနေဖြင့် မသိသာသော်လည်း လေးငါးခြောက်လဆိုတဲ့ အချိန်ကာလ ပမာဏနှင့် ကြည့်လျှင် သိသိသာသာကြီး ပြောင်းလဲသွားခဲ့တာပင်။ ဖေဖေ့ကို အရက်ဖိုး လုံးဝမပေးရတော့တဲ့အတွက် ပိုပြီး အဆင်ပြေချောင်လည်လာသည်။ တချို့နေ့တွေမှာ ရွှေဘုန်းလက်ျာက သူ့ပိုက်ဆံနှင့် သူ ဝယ်ခြမ်းချက်ပြုတ်ကျွေးတာမျိုးတွေက ရှိသေးသည်။ ထိုနေ့မျိုး၌ တစ်အိမ်လုံး အရသာရှိရှိ ဟင်းကောင်းစားရပါသည်။

သူ့အပေါ် အညွန့် မခင်လို့မရ မရင်းနှီးလို့မရ၊ သံယောဇဉ် မတွယ်လို့လည်း မရတော့ပါ။ တစစ တွယ်တာအားကိုးလာမိခြင်းကို ကိုယ်တိုင် သိပါသည်။ သူ့ရဲ့ အနှောင့်အစွန်း မလွှတ်သော မြတ်နိုးတဲ့အကြည့်၊ ဂရုစိုက်တဲ့ အပြောအဆိုတွေနှင့် ကြင်နာယွေးထွေးမှုတို့၌ ကြည်နူး နှစ်မွှန်းခဲ့ရပါသည်။

သို့ပေမဲ့ ရွှေဘုန်းလက်ျာကို ဘယ်တော့မှ အညွန့်က ချစ်သူနဲ့ ပြောင်း မဆက်ဆံခဲ့ပါ။ ဒီလို ဆက်ဆံမိခြင်း အားဖြင့် အညွန့်တို့ နှစ်ယောက်ကြားက အာမခံချက် မရှိသော မျှော်လင့်အိပ်မက်တို့ကို ရင့်သန်စေခွင့် မပြုနိုင်ပါတည်း။

သူဟာ ခေတ္တခဏ သူ့ဘဝက ထွက်လာတဲ့ သူဌေးသားတစ်ယောက်။ သူ့အိမ်ကလည်း တစ်လကို နှစ်ကြိမ်အစဉ်ထိပင် သူ့ကို ကြော်ငြာခေါ်ယူနေဆဲပါ။ တစ်နေ့တော့ သူဟာ သူ့အိမ်ပြန်မည့်သူသာတည်း။ အညွန့်က ဟိုးအောက်ခြေ







www.burmeseclassic.com

www.burmeseclassic.com



မထင်မရှား ဘဝလေးတစ်ခုထဲက ရုန်းကန်နေရတဲ့ အညတြ မိန်းကလေး။

အညွန့်ရဲ့ အခြေအနေ၊ အညွန့်ရဲ့ဘဝက အညွန့်ကို စိတ်ကူးယဉ်ခွင့် မပေးပါ။ ဖေဖေ့လို ဘဝကို ခွကျကျ စိတ်နာနေ သူတစ်ယောက်ပင်လျှင် ရွှေဘုန်းလက်ျာကို ချစ်ခင်သံယောဇဉ်ဖြစ် လျက် တဖြည်းဖြည်း ပြောင်းလဲလာခဲ့သေးတာ။ အညွန့်ကတော့ ဘာသားနှင့် ထုထားတာမို့ပါနည်း။

သူ့အိမ်က ကြော်ငြာတဲ့သတင်း ပါလာတဲ့အခါတွေ မှာ သူ့ကို အညွန့်က ...

'ရှင် မပြန်သေးဘူးလားဟင်'ဟု မေးပါသည်။

"ဟင့်အင်း ... မပြန်ချင်ပါဘူး၊ ကျွန်တော့်အသက်နှစ်ဆယ့် သုံးနှစ်ကျော်၊ ခုထိ တစ်သက်လုံးမှာ ဒီအချိန်ကလေး အပျော်ဆုံးပဲ၊ ကျွန်တော် တအား စိတ်ချမ်းသာနေတာ ကျွန်တော် မပြန်ပါရစေနဲ့ အညွန့်ရယ်၊ ကျွန်တော် အညွန့်တို့ နှင်မထုတ်သရွေ့ မပြန်ချင်ပါဘူး"

"ဩော ... ရှင့်ကို နှင်ထုတ်ရအောင် ရှင်က အိမ်ငှားပြီးနေတဲ့ သူပဲ၊ နှင်လို့ရမလား"

"ဒီမိသားစုလေးထဲမှာ ကျွန်တော်က တစ်ယောက်ပါချင် တာ"





ဘာလိုလို သူ့စကားကို မသိချင်ယောင်ဆောင်ကာ နေရသည်။ ကြက်ခြံဟာ ဖေဖေ့ အပိုင်ကြီးလုံးလုံးလို ဖြစ်ကာ သူပါ တစ်တပ်တစ်အား ဝင်လုပ်နေမြဲ ဖြစ်တာမို့ မေမေနှင့်အညွန့် သူ့ကို အားနာကာ တိုင်ပင်မိကြပြီးလျှင် ...

"ကိုရွှေဘုန်း ... အခုကစပြီး ဒီမှာ ထမင်းလခ မပေးနဲ့ တော့"

သူက တအံ့တသြနှင့် ...

"ဘာဖြစ်လို့လဲ အညွန့်၊ ကျွန်တော် တခြားသွားစားရ တော့မှာလား"

"ဩော် ... ရှင့်ကို ထမင်းလခမပေးဖို့ပဲ ပြောတာလေ၊ ထမင်းမစားဖို့ ပြောတာမှ မဟုတ်တာ"

"ဘာဖြစ်လို့လဲ"

"ရှင့်ဆီက အိမ်ငှားခက ငါးထောင်၊ မြေကြီးငှားခက ငါးထောင်၊ ထမင်းလခကလည်း ကိုးထောင်တောင်၊ တစ်လ တစ်လ နှစ်သောင်းနီးပါး ကျွန်တို့ကို ပေးနေရတာ အား နာစရာ ကောင်းနေလို့ပါ၊ အခုဆိုရင် ရှင် လုပ်ပေးထားတဲ့ ကြက်ခြံကလည်း ဝင်ငွေကောင်းနေတာ၊ ရှင်ကဲ ကြက်ခြံကို လည်း တစ်ချိန်လုံး ကူလုပ်ပေးနေတာ၊ ထမင်းလခ မယူ ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘုန်းလက်ျာက အညွန့်ရဲ့ စေတနာစကားကြောင့် ကြည်နူးမိပါသည်။

"ကျွန်တော် ပေးနိုင်ပါတယ် အညွန့်ရဲ့၊ အိမ်လခက တစ်ခါတည်းပေးပြီးသားမို့ ဒီကြားထဲ ထပ်ပေးမနေရဘူး။ ကျွန်တော် ပေးရတာ တစ်လကို တစ်သောင်းလေးထောင်ပဲ လေ၊ စီဒီယိုရုံက ပိုက်ဆံတွေ ဝင်နေတာပဲ၊ ကျွန်တော်လည်း တခြားသုံးစရာမှ မရှိဘဲ"

"ရှင် တခြားသုံးစရာမရှိတိုင်း ကျွန်မတို့က ယူရမယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ တခြားမှာ မကုန်လို့ ပိုနေလည်း စုထားလိုက်ပေါ့"

"ပေးပါရစေ အညွန့်ရယ်၊ ကျွန်တော် ဒီတိုင်း မစားတတ်ပါဘူး"

"ခုဆိုရင် ဖေဖေ့မှာ လုပ်စရာ အလုပ် ရှိနေပြီ၊ အများကြီး ပြောင်းလဲလာတာ ရှင်လည်း အသိပါပဲ၊ မေမေရော ကျွန်မတို့ရော ဒီအတွက် ရှင့်ကျေးဇူးကို ဘယ်လို ဆပ်ရမလဲတောင် စဉ်းစားမရဘူး၊ ဘာပိုက်ဆံမှ မယူဘဲ ညှော်ကောင်း ဆောင်ကောင်းလို အိမ်ဦးခန်းတင်ပြီးတော့တောင် ကျွေးမွေးထားချင်တာပါ ..."





တကယ်ပါ ... ဖေဖေ့ကို ရှင်သိမ်းသွင်းပြုပြင်ပုံလေးက ယဉ်လွန်းလို့ ဖေဖေ ကိုယ်တိုင်တောင် သိမှာ မဟုတ်ဘူး၊ အဲဒါ ကျွန်မတို့ မိသားစုအပေါ် ရှင် တစ်သက်လုံး လက်ဆောင်ပေးသွားတဲ့ ကျေးဇူးတရားပါ"

"သိမ်းသွင်းပြုပြင်တယ်ရယ်လည်း မဟုတ်ပါဘူး အညွန့်ရယ်၊ ကျွန်တော်ကလည်း အန်ကယ့်ကို ကိုယ့်ဘကြီးလို ကိုယ့်အဖေလို သဘောထားမိလို့ အလိုအလျောက် စေတနာထားမိလို့ စေတနာက ရောင်ပြန်ဟပ်တာလောက်ပါ၊ ကျွန်တော့်မှာ ငယ်ငယ်ကတည်းက အဖေမရှိတော့ အန်ကယ့်ကို အဖေလိုလည်း ချစ်ပါတယ် ...

အညွန့်တို့ဘက်က ကျေးဇူးတွေ ရှာကြံတင်နေသလို ကျွန်တော်ကလည်း အညွန့်တို့ မိသားစုကို ကျေးဇူးတင်တာပဲ အိမ်က ထွက်လာပေမဲ့ နွေးထွေးတဲ့ မိသားစုဘဝ အသစ်လေးထဲကို ရောက်လာရသလိုပါပဲ။ သူစိမ်းသက်သက် ကျွန်တော့်ကို တူလိုသားလို ဆွေမျိုးလို ဆီးကြိုသဘောထားပေးကြတာ ကျေးဇူးတင်ရမှာပါပဲ ...

မနေနိုင်လွန်းလို့သာ ထွက်လာရပေမဲ့ မိသားစုနဲ့ ကင်းကွာပြီးမနေခဲ့ဖူးတော့ တစ်ယောက်တည်း တစ်ကောင်ကြွက်ဆန်ဆန် ရပ်တည်ရလိမ့်မယ်ထင်တာ၊ အန်ကယ်ရော



www.burmeseclassic.com

www.burmeseclassic.com



အန်တီရော သိပ်စိတ်သဘောကောင်းပြီး ကြင်နာတတ်တယ်၊ အထွင်ဇ်ကလည်း ကျွန်တော့်အပေါ် အစ်ကိုတစ်ယောက်လို သဘောထားပြီး သိပ်ရိုးသားဖြူစင်တယ်"

"ကျွန်မကကော ..."

အညွှန့်သည် မမျိုသိပ်လိုက်နိုင်ဘဲ 'လွှတ်ခနဲ မေးလိုက်မိပြီးမှ အနည်းငယ် ရှက်သွားရပါသည်။ ကိုယ့်တစ်ယောက်တည်းကိုမှ ကွက်ချန်ရစ်ခဲ့တာကိုတော့ မကြိုက်ပါဘူး။ ရွှေဘုန်းလက်ျာက ပြုံးရယ်ရင်း ...

"အညွှန့်ကလား မျက်နှာလေးအနည်းငယ် တင်းတာရယ်၊ ခပ်တန်းတန်း ခပ်စိမ်းစိမ်း ဆက်ဆံတတ်တာရယ်လေးကလွဲရင် စိတ်ကောင်း သဘောကောင်း ရှိပါတယ် ... အဟင်းဟင်း"

အညွှန့်က နှုတ်ခမ်းလေးကို စူတင်းကာ ...

"ဒီလိုပဲ နေတတ်တယ်၊ မသိဘူး"

"နေပါ ... အဲဒီလိုပဲ နေပါ၊ ဘယ်လိုပဲနေနေ ကျွန်တော်က"

ရွှေဘုန်းလက်ျာ စကားမဆက်ဘဲ ရပ်သွား၍ အညွှန့်က အနေခက်အမ်းကာ ရှောင်ထွက်သွားဖို့ ထ,ရပ်လိုက်စဉ် ...

"ကျွန်တော်က ဘယ်လိုမှ သဘောမထားပါဘူး ... လို့"

"ပြီးရော ... ဟွန်း"





နှစ်ဦးသား ရင်ထဲက သံယောဇဉ် အစွန်းအစဟာ ပုန်းလျှိုးကွယ်လျှိုး ခေါင်းဝှက်နေဆဲတည်း။

ဒီလိုနှင့်ပဲ မမြကြာပြုဆီ တစ်ပတ်တစ်ခါ ဖုန်းဆက်ရင်း အိမ်ကိုတော့ မေ့တစ်လှည့်၊ လျော့တစ်လှည့် သတိရမိရင်လည်း ဒီစိတ်ချမ်းသာမှုလေးကို လက်လွှတ်၍ ပြန်လည်တိုးဝင်ဖို့ စိတ်ကူးလို့မရဘဲ ခြောက်လကြာလာပါသည်။ ဒီကြားထဲမှာ အညွှန့်ရော အထွင်ဇ်ပါ စာမေးပွဲပင် တစ်ကြိမ်စီ ဖြေကြကာ အညွှန့်က တတိယနှစ်ဖြစ်၊ အထွင်ဇ်က ကိုးတန်းတက်ရမည် ဖြစ်ခဲ့ပြီ။

အထွင်ဇ်တို့ ကျောင်းတွေ ပြန်ဖွင့်ခါနီး ရွှေဘုန်းလက်ျာ ထိုအိမ်မှာ ခြောက်လပြည့်သွားတော့ အားလုံးက လခကို တစ်လ တစ်ကြိမ်ပဲပေးတော့ဖို့ သူ့အပေါ် စေတနာထား၍ ပြောကြပါသည်။ ခြောက်လစာ ပေးရရင်လည်း သူ့တွင် ပိုလျှံသောငွေ ရှိလေသည်သာ။ သို့ပေမဲ့ အားလုံးအလိုကျ အားလုံးရဲ့ စေတနာကို ခံစားရင်း တစ်လတစ်ကြိမ်သာ လခပေးဖို့ သူ သဘောတူလိုက်ပါသည်။

အရာခပ်သိမ်း အဆင်ပြေငြိမ်းချမ်းနေခဲ့ပြီးမှ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝင်းဝင်းရဲ့ ကျန်းမာရေး အခြေအနေက မွေ ဖောက်လာပါသည်။ မိုးကလေးစ,အေးလာသည်နှင့်အပြိုင် ချောင်း လေး တဟွတ်ဟွတ်နှင့် ရင်ကျပ်သလို ဖြစ်လာခဲ့သည်။ ရာသီဥတု ကြောင့်ဖြစ်သော ချောင်းဆိုးရင်ကျပ်လို့သာ သဘောထားကာ မလှမ်းမကမ်းက ရပ်ကွက်ဆေးခန်းလေးမှာ တစ်ကြိမ်လောက်သာ ပြဖြစ်ပြီး နောက်ပိုင်းမှာ ဒေါ်ဝင်းဝင်းက သူ့စိတ်တိုင်းကျ ကွမ်း ရွက်လေး မြန်မာဆေးမှုန့်လေး လျက်ဆားလေးနှင့်သာ ပေါ့ဆနေ ခဲ့ပါသည်။

မကြာမကြာ အဖျားလေးဝင်လိုက်၊ ပျောက်သွားလိုက် နှင့် ဒေါ်ဝင်းဝင်းရဲ့ ချောင်းဆိုးဟာ တစ်လကျော်လည်း မပျောက် နစ်လနီးပါး ကာရှည်လာကာ ဒီကြားထဲတွင် လူသည် မောဟိုက် ပင်ပန်းနုံးချွေ နေတတ်ပါသည်။ မအီမသာ နေထိုင်မကောင်းလှ၍ ဆိုင်မဖွင့်နိုင်ဘဲ ပိတ်ထားရသော ရက်တွေ တစ်စတစ်စ များလာ ခဲ့ပါသည်။

နောက်ဆုံးတော့ တစ်မိသားစုလုံးရော ရွှေဘုန်းလက်ျာ ပါ စွတ်အတင်းတိုက်တွန်းကာ မြို့လယ် နာမည်ကြီး ပုဂ္ဂလိက





ဆေးရုံကြီးမှာထိုင်သည့် သမားတော်ကြီး တစ်ဦးဦးနှင့် ပြသဖို့ စီစဉ်ရပါတော့သည်။ ဆေးခန်းပြဖို့ရက်ချိန်း တိုကင်တို့ကို ရွှေဘုန်း လက်ျာက အရင်သွားယူပေးထားခဲ့သည်။

ဆေးခန်းပြမည့်နေ့မှာတော့ အညွန့်က နေ့တစ်ဝက် ခွင့်ယူကာ နေ့ခင်းဘက်တည်းက ပြန်ရောက်နေ၍ ညနေလေးနာရီ ခွဲမှာ ဒေါ်ဝင်းဝင်း၊ အညွန့်နှင့် ရွှေဘုန်းလက်ျာတို့ ဆေးခန်းသို့ ကားငှား၍ သွားခဲ့ကြသည်။

ဆရာဝန်ကြီးက စမ်းသပ်စစ်ဆေးသည်။ လောလော ဆယ်တွင်ပဲ အဖျားသွေးရှိနေကာ အပူချိန်တစ်ရာကျော်လောက် ဖြစ်နေပါသည်။

"ချောင်းဆိုးတော့ သလိပ်ထွက်သလား၊ လည်ချောင်းယားပြီး ဆိုးတာလား၊ ဘယ်လိုဆိုးသလဲ"

"လည်ချောင်းယားလို့တော့ မဟုတ်ပါဘူး ဆရာကြီး၊ ရင်ထဲက ဆိုးချင်လာပြီး ဆက်တိုက် ဆိုးတတ်ပါတယ်၊ သလိပ်လည်း ထွက်ပါတယ်၊ တစ်ခါတစ်ခါတော့လည်း သွေးစသွေးနလေး ပါပါတယ်"

မေမေ တစ်ခါမှ မပြောဖူး၍ အညွန့်ပင် အထိတ် တလန့် ဖြစ်သွားရသည်။

"သွေးစ ပါတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဆိုးရလွန်းအားကြီးတော့ လည်ချောင်းတွေ ကွဲတယ်ထင်ပါရဲ့ ဆရာကြီးရယ်"

"အရင်က အပိန်အဝ ဒီလောက်ပဲလား၊ ကိုယ်အလေးချိန် ကျသလား"

အညွန့်က ဝင်ကာ ...

"ပေါင်ချိန်တော့ အမြဲချိန်မနေတော့ အတိအကျ မသိပါဘူး၊ ဒါပေမဲ့ ကျသွားမှာတော့ သေချာပါတယ်၊ မျက်စိအမြင်နဲ့ တင် နှစ်လအတွင်း ပိန်သွားပါတယ်၊ တရှောင်ရှောင်လို ဖြစ်နေပြီး အစားပျက် အသောက်ပျက်ဆိုတော့ လူလည်း ကျသွားပါတယ်"

"အင်း ... လိုအပ်တာတွေ စစ်ဆေးဖို့ လိုတာတွေ ရေးပေး လိုက်မယ်၊ ဆေးရုံမှာပဲ တစ်ခါတည်း စစ်သွားပေါ့၊ စုံစုံ လင်လင်လေး စစ်ကြည့်လိုက်တာ ကောင်းတယ်၊ ဒီစစ် ချက်တွေလည်း ရမဲ့အချိန် သန်ဘက်ခါလောက် ပြန်ကြည့် မယ်"

ဆရာဝန်ကြီး ရေးပေးလိုက်သော စစ်ဖို့လိုအပ်သမျှ အမျိုးအမည်ပေါင်းစုံ စစ်ရသည်မှာ ငွေလည်း နှစ်သောင်းကျော် လောက် ကုန်သွားပါသည်။ သွေး၊ ဆီး၊ သလိပ်၊ ဓာတ်မှန်၊





အီးစီဂျီ အပါအဝင် ဖောက်ရပြုရ ရိုက်ရချွတ်ရနှင့် လူနာလည်း အတော်ပင် ဖတ်ဖတ်မောသွားပါသည်။

ဆရာဝန်ကြီးချိန်းတဲ့ တစ်ရက်ခြားမှာ စာရွက်တွေ ကိုင်ကာ တစ်ကြိမ် ပြန်ပြရပါသည်။

"ရောဂါကတော့ ဆရာခန့်မှန်းမိသလိုပဲ ကျူဘာကလိုးစစ်စ်၊ လူသိများတာတော့ တီဘီပေါ့နော်၊ အဲဒါအပြင် နှလုံး ကလည်း မကောင်းဘူး၊ တီဘီဖြစ်တဲ့ အတွက်တော့ စိတ် ဓာတ်ကျစရာမရှိဘူး၊ ညွှန်ကြားတဲ့ ဆေးတွေဝါးတွေ မှန်မှန် သောက်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနား၊ ဆေး ကို လနဲ့ချီပြီး စွဲသောက်ရမှာ ဖြစ်တယ်၊ ပြောစကားနား ထောင် လိုက်နာပြီးနေရင် မကြာခင် ပျောက်သွားမှာပါ၊ စိတ်ရှည်ဖို့တော့ လိုတာပေါ့ ...

ဆေးကို ကိုယ့်သဘောနဲ့ကိုယ် မသောက်ဘဲ ဖြတ် လိုက်တာတို့ ဘာတို့တော့ လုပ်လို့မရဘူး၊ ဆရာပြောတဲ့ အတိုင်း နေ့စဉ် အချိန်မှန်မှန် ဒီဆေးတွေ သောက်ပါ"

"စိတ်ချပါ၊ ဆရာကြီး စကားနားထောင်ပါ့မယ်၊ မေမေ့ကို ပျောက်အောင်သာ ကုပေးပါရှင်"

"စိတ်မပူပါနဲ့ သမီးရဲ့၊ စိုးရိမ်စရာ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် တီဘီဆိုတာ ကြားသည်နှင့် အညွန့်ခမျာ မျက်နှာလေး ဖြူရော်ကာ မျက်ရည်လည်နေရှာပါသည်။

"ဆေးတင်မကဘူး၊ ခုန ဆရာပြောသလို ကောင်းကောင်း အနားယူဖို့နဲ့ အားရှိတဲ့ အစားအစာတွေ များများစားဖို့လည်း လိုတယ်"

"ဟုတ်ကဲ့ပါ"

"ဒီ တီဘီဘက်ပိုင်းကတော့ ဆရာ့စကားအတိုင်း ကျင့်ကြံနေထိုင်သွားရင်ပြီးပြီ၊ ဒါပေမဲ့ နှလုံးက မကောင်းတဲ့အတွက် နှလုံးရောဂါအထူးကုနဲ့ သွားပြပါဦး၊ တီဘီရှိပြီး ဒီဆေးတွေ တင်ထားတဲ့ လူနာပါလို့လည်း ပြောပြပေါ့၊ အီးစီဂျီစာရွက် ယူပြီးသွားပြ၊ လိုအပ်ရင် ထပ်ရိုက်မယ်၊ သူ့ဘက်က ယတ်သတ်တစ်မျိုးကုဖို့ လိုတယ်ပေါ့၊ ဟုတ်လား၊ အသက်လည်း မကြီးလှသေးပါဘူး၊ မကြာခင် ကောင်းသွားမှာပါ"

ဆေးအရောင်းကောင်တာမှာ ဆေးတစ်လစာဝယ်ဖို့ တွက်ချက်လျှင် အညွန့် ငွေတစ်သောင်းပိုပိုသာ ပါတော့၍ တစ်လစာ မလောက်ပါ။

"ဆယ်ရက်စာပဲ အရင်ဝယ်သွားလိုက်မယ်"





အညွန့် မျက်နှာလေးကို ကြည့်ကာ ရွှေဘုန်းလက်မှာ ရင်နင့်သွားရသည်။

"ကျွန်တော့်မှာ ပါတယ် အညွန့်"

"အို ... နေပါစေ၊ ဆေးမကုန်ခင် တစ်ခေါက်လာထပ်ဝယ်လိုက်မှာပေါ့"

"ကျွန်တော့်မှာ ပါနေသားနဲ့ အညွန့်ရယ်၊ ဘာဖြစ်လို့ အပင်ပန်းခံပြီး နောက်တစ်ကြိမ် ထပ်လာဝယ်ရမှာလဲ၊ မဟုတ်တာ၊ တစ်လစာတော့ အနည်းဆုံး ဝယ်သွားလိုက်ပါ၊ နှစ်လစာလောက် ဝယ်သွားရင်တောင် ရသေးတယ်"

"ဟင်အင်း ... နောက်လကျလည်း ဆရာဝန်ကြီးကို လာပြန်ပြရဦးမှာပဲဟာ"

"ဒါဖြင့် တစ်လစာလောက် ဝယ်လိုက်နော်၊ သူစိမ်းကြီးလို အားနာမနေပါနဲ့ အညွန့်ရာ၊ ကျွန်တော် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ ပေးခဲ့ပါ စာအုပ်၊ အညွန့် ဒေါ်ဒေါ်နား သွားနေ၊ ကျွန်တော် ဝယ်ခဲ့မယ်"

"ပြီးရောလေ၊ ဘောက်ချာစာရွက် ပါအောင် ယူလာဦး၊ ဖေဖေ့မှာ ပိုက်ဆံရှိပါတယ်၊ အိမ်ကျ ဘယ်လောက်ပေးရမလဲသိအောင် ဘောက်ချာမကျန်ခဲ့နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



အညွန့်က သူ့အမေနား မျက်နှာမသာယာစွာ သွားထိုင်နေခဲ့ပါသည်။ အိမ်ပြန်ရောက်လျှင် အညွန့်ပြောပြ၍ ရွှေဘုန်းလက်ျာ ဆေးစိုက်ဝယ်လာမှန်း သိကာ ဦးထွန်းနိုင်က ချက်ချင်းငွေပြန်ပေးပါသည်။ အဲဒီအပြင် သူ့ကြက်ခြံက ပိုလျှံသမျှ ဝင်ငွေစုငွေတွေကို အားလုံးယူကာ အညွန့်လက် အပ်လိုက်သည်။

"နှလုံးဆရာဝန်ကြီးဆီ သွားရဦးမှာ မဟုတ်လား၊ သမီးယူထား၊ ဒီရက်ပိုင်းတောက်လျှောက် ပိုက်ဆံသုံးနေရဦးမှာပဲဟာ၊ အကုန် သမီးပဲ ယူသိမ်းလိုက်တော့၊ အဝင်း ... မင်း ဘာမှ အားမငယ်နဲ့ သိလား၊ တီဘီဆိုတာ ခုခေတ်ကြီးမှာ အလကားရောဂါ၊ ဆေးသောက်နိုင်ရင် ပျောက်တဲ့ရောဂါပဲ၊ မင်းနို့တွေ ကြက်ဥတွေ ကြိုက်ကြိုက် မကြိုက်ကြိုက် ဖွတ်မိုတ်မျိုပေတော့"

ဦးထွန်းနိုင် ကိုယ်တိုင် ဇနီးဖြစ်သူကို ဖေးဖေးမကြင်ကြင်နာနာနှင့် တယုတယ ပြုစုပါသည်။ ဒေါ်ဝင်းဝင်းမှာတော့ မျက်နှာငယ်ကလေးနှင့်သာ။ ထိုရက်ပိုင်းတောက်လျှောက်တို့တွင် မြို့ထဲဆေးခန်း ဆေးရုံကြီးများကို သွားချည်ပြန်ချည် အကြိမ်ကြိမ် သွားနေရပါသည်။

ဒေါ်ဝင်းဝင်း အနေအထားကလည်း အငှားကားနှင့်မှ သက်သောင့်သက်သာ သွားနိုင်သည့် အခြေအနေပါ။ နှံ့ချေ





မောပန်းနေသူဖြစ်၍ လိုင်းကားတော့ ဘယ်လိုမှ မစီးနိုင်ပါ။ ကားခတွေကလည်း အသွားအပြန်ဆိုလျှင် သုံးထောင် အနည်းဆုံးကျလေရာ ဆေးဖိုးတွေအပြင် ကားခတွေပါ စရိတ်ထောင်းလှသည်။

နှလုံးရောဂါ ဆရာဝန်ကြီးထံမှ မှတ်ချက်အရလည်း ဒေါ်ဝင်းဝင်းမှာ နှလုံးရောဂါပါ ရှိနေပါသည်။ အေးအေးချမ်းချမ်း ငြိမ်ငြိမ်သက်သက် နားနားနေနေ,နေကာ ဆေးတွေ စွဲသောက်ရမှာသာပင်။ နှလုံးရောဂါနှင့် ပတ်သက်သည့် ဆေးတွေလည်း ဝယ်ရသည်မှာ မနည်း။

ရောဂါနှစ်မျိုးအတွက် ဒေါ်ဝင်းဝင်း တစ်နေ့တစ်နေ့ သောက်ရသည့် ဆေးဖိုးမှာ ထောင်ကျော်နေပါသည်။ စုစုဆောင်းဆောင်း လုပ်ထားသမျှလေးလည်း ပြုတ်၊ အိမ်ရဲ့ စားစရိတ်ကိုပင် အလျှင်မိအောင် မနည်းသုံးစွဲနေရပါသည်။ ဒေါ်ဝင်းဝင်းအတွက်ကတော့ ခွန်အားဖြစ်စေမည့် အစာအဟာရများ မကျွေးမဖြစ်ကျွေးနေရတာမို့ အိမ်က လူတွေအဖို့ကတော့ တစ်ခါလာလည်း ခြံထွက်ကြက်ဥကြော်၊ တစ်ခါလာလည်း ကြက်ဥချဉ်ရည်ဟင်း။

အဖေဖြစ်သူနှင့် ရွှေဘုန်းလက်ျာ အတွက် အညွန့်က တစ်မျိုး စီမံပေးတတ်တာမို့ သူတို့မောင်နှမ စားသလိုသာ ဖွတ်ရောစားဖို့ အရေးဆိုရပါသေးသည်။ ဒေါ်ဝင်းဝင်းကို ဘာဆိုဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပင်ပင်ပန်းပန်း မလုပ်စေဘဲ အနားယူနေစေတာမို့ ရှိသမျှ အိမ်တာဝန်တွေ အညွန့်တစ်ယောက်တည်း ချာလဲပတ်လည်နေရှာသည်။

ရွှေဘုန်းလက်ျာနှင့် အထွဋ်တို့ ကူညီချင်ပါသည်ဆိုတာတောင် ဘောက်တိမယ်ရသာ ကူလို့ရပါသည်။ ချက်ရေးပြုတ်ရေးကျတော့လည်း သူတို့ အိမ်နောက်ဖေးထဲမို့ အညွန့်က လာမကူစေ။ သူပဲ စောစောထ,ချက်ပြုတ်။ အလုပ်က ပြန်လာမှ လျှော်ဖွပ်မီးပူတိုက်။

ရွှေဘုန်းလက်ျာကို အညွန့် အကူအညီတောင်းထားသည်ကတော့ နေ့လယ် သူ မရှိခိုက် သူ့အမေ သောက်ရမည့် ဆေးချိန်တွေမှာ အချိန်မှန်သောက်ဖြစ်အောင် ဂရုပြု၍ ဆေးတိုက်ပေးဖို့ပင်။ ရွှေဘုန်းလက်ျာက စာရွက်နှင့် ဆေးအမည်ရယ်၊ နာရီရယ် ရေးချထားကာ သူ့အခန်းဝမှာကို ကပ်ထားလိုက်ပါသည်။

ဘာပဲဖြစ်ဖြစ် တီဘီဆိုတာဟာလည်း ကူးစက်တတ်တဲ့ ရောဂါပဲဖြစ်ရာ တချို့သော သူများအဖို့ ဒေါ်ဝင်းဝင်းအား ဖေးမ ထူမ ဆေးတိုက်ပြုစုရမည်ကို လိုလိုလားလား ရှိကောင်းမှ ရှိပေမည်။ ရွှေဘုန်းလက်ျာက ကိုယ့်မိဘသဖွယ် မကြောက်မရွံ့ မရွံ့မရှာ လက်ပွန်းတတီး ပြုစုတတ်တဲ့အခါ ဦးထွန်းနိုင်သည် ဤသူငယ်အပေါ် ဆထက်ထမ်းပိုး ခင်မင်လေးစား အားကိုးမှု တိုးလာသည်။





ဘာမှ မဆိုင်ဘူးဟု ဆိုလျှင်လည်း ဆိုနိုင်လောက်မည် ဖြစ်ပေမဲ့ ရင်ထဲနလုံးထဲက ဤသူငယ်အပေါ် လေးစားစိတ်က မိမိကိုယ်ကို မလေးမစားချင်စရာ မဖြစ်ရအောင် ဆင်ခြင်မိသော သင်ခန်းစာကို ရစေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

"အညွန့်"

ရွှေဘုန်းလက်ျာက အညွန့် အဝတ်လျှော်နေရ ရေစည်အနား ဆင်းလာရင်း တီးတိုးခေါ်လိုက်ပါသည်။ အညွန့် ခေါင်းငုံ့ကာ အဝတ်သာဆက်လျှော်နေ၍ မထူးပါ။

"အညွန့်"

သူ အညွန့်ရှေ့၌ ထိုင်ချလိုက်သည်။ အလုပ် ပြန်လာမှ အဝတ်လျှော်ရတာမို့ အညွန့် အဝတ်လျှော်ချိန် မှောင်နေပြီ။ မှလင်းတလင်း မသဲမကွဲနှင့်ပင် အညွန့်ကို စေ့ ကြည့်ကာ





"အညွန့် ငိုနေတာလား၊ ခုနက မျက်ရည်သုတ်လိုက်တာ တို့ တွေ့လိုက်လို့ ဆင်းလာတာ"

အညွန့်က ဘာမှ ပြန်မဖြေပါ။ ခေါင်းကို ငုံ့ထားဆဲ။

"ဟုတ်တယ် မဟုတ်လား ... အညွန့် ငိုနေတယ်၊ ဘာဖြစ် လို့ ငိုနေရတာလဲ အညွန့်၊ ဟင် ... စိတ်ပူလိုက်တာကွာ၊ ဘာဖြစ်လို့လဲဟင်"

အညွန့်သည် စိတ်ရှုပ်ရသည့်ကြားထဲ နားညည်း လာသည့် ပုံသဏ္ဌာန်နှင့် ခေါင်းမော့ကာ ငေါက်ဆတ်ဆတ်နှင့် ...

"ဘာပဲဖြစ်ဖြစ်ပေါ့ရှင် ရှင်နဲ့ ဘာဆိုင်လဲ"

ရွှေဘုန်းလက်ျာရင်ထဲ ဝမ်းနည်းစိတ်မကောင်း ဖြစ် သွားမိကာ ...

"အဲလိုတော့ မပြောပါနဲ့ အညွန့်ရယ်၊ ကျွန်တော့်စိတ်ထဲမှာ အညွန့် ငိုနေတာ ကျွန်တော်နဲ့ မဆိုင်ဘူးလို့ မတွေးနိုင်ပါ ဘူး၊ တွေးနေစရာလည်း မလိုဘူး၊ ဆိုင်တယ် မဆိုင်ဘူး ဘာပဲဖြစ်ဖြစ် အညွန့်ငိုနေတာ မျက်ရည်သုတ်လိုက်တာ မြင်ရတော့ ထိတ်ခနဲ ဖြစ်ပြီး ဆင်းလာတာ၊ ဘာဖြစ်လဲဟင် အညွန့်"

အညွန့်က မျက်ရည်တွေ ထပ်ကျလာကာ ထပ်သုတ် ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး ကိုရွှေဘုန်းရယ်"

"ဖြစ်ပါတယ်၊ မဖြစ်ဘဲနဲ့ အညွန့် ဆက်ငိုနေပါ့မလား၊ ပြောပါ အညွန့်ရာ၊ စိတ်ပူလိုက်တာ၊ အိမ်မှာ တစ်ခုခုဖြစ်တာတော့ မဖြစ်နိုင်ဘူး၊ အပြင်မှာ ဖြစ်လာတာပဲ သေချာတယ်၊ ဘာဖြစ်လာလို့လဲဟင်"

အညွန့်က ဆပ်ပြာမြှုပ်များ လက်မှ စင်ကြယ်အောင် လက်ကို ရေဆေးလိုက်ကာ ထိုလက်နှင့် မျက်နှာတစ်ခုလုံးကို ပွတ်ပစ်လိုက်ရင်း ...

"စိတ်ညစ်လို့ပေါ့"

မပွင့်တပွင့်လေး ဖြေသည်။

"ဘာဖြစ်လို့ စိတ်ညစ်တာလဲ"

"အလုပ်ပြုတ်လို့ ... အလုပ်ပြုတ်လို့၊ အခု ကျွန်မမှာ အလုပ် မရှိတော့ဘူး"

"ဟင် ... ဘယ်လိုဖြစ်တာလဲ"

"မူကြိုကျောင်းက သိပ်အခြေအနေမကောင်းတာတော့ နှစ်လသုံးလ ရှိပြီ၊ ပြီးခဲ့တဲ့နှစ်လကတည်းက ကျောင်းမှာလည်း ကလေးဦးရေ နည်းသွားလို့ဆိုပြီး နှစ်ယောက် အလုပ်ပြုတ်လိုက်တယ်၊ ပြီးခဲ့တဲ့လကတည်းက ကလေးက ထပ်နည်းသွားတယ်"





"အခု အညွန့်ကို ဖြုတ်လိုက်တာပေါ့"

"ကျွန်မကို ဖြုတ်လိုက်တာ မဟုတ်ဘူး၊ မူကြိုကျောင်းကို ဖြုတ်ပစ်လိုက်တာ၊ ကြိုမပြောဘဲ အခု ဒီနေ့ လကုန်ရက်ကျမှ ရုတ်တရက် ပြောတာ၊ ရှိသမျှ ဝန်ထမ်းအားလုံး ပြုတ်ပေါ့၊ ကလေးတွေ အိမ်တွေကိုပါ စာထည့်ပေးလိုက်တာ၊ ကျောင်းပါပြုတ်သွားပြီ"

ရွှေဘုန်းလကျာက တစ်ခဏ ငိုင်နေမိပြီးမှ ...

"ကျောင်းပါပြုတ်လို့ ကိုယ်ပြုတ်ရတာပဲ၊ ဘာငိုစရာရှိလဲ အညွန့်ရယ်"

"ဟာ ... ရှင်ကလည်း၊ ပြုတ်လို့ကို ငိုတာပေါ့၊ အိမ်မှာ ပိုက်ဆံဒီလောက် လိုနေတဲ့ဟာ၊ ငွေကရတာထက်တောင် ပိုပြီး လိုနေသေးတာ၊ အခုရနေတဲ့ လခတစ်ခု ပြုတ်တယ် ဆိုတော့ အရမ်း စိတ်ညစ်တာပေါ့"

"ဒီအလုပ် မလုပ်ရတော့လည်း နောက်အလုပ်တစ်ခုပေါ့ အညွန့်ရာ"

"အဲဒါက အခု ရှင်ပြောလိုက်သလောက် မလွယ်ပါဘူး ကိုရွှေဘုန်းရယ်၊ အလုပ်အသစ်တစ်ခု ရှာရတာ လုံးဝမလွယ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တစ်ယောက်တည်းမှ မဟုတ်ဘဲ အညွန့်ရာ၊ အဲဒီက ဆရာမလေးတွေ အားလုံးလည်း ဒီလိုပဲလေ၊ အလုပ်အသစ် ရှာကြရမယ် မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ သူတို့က ကျွန်မလောက် လောလောလတ်လတ်ကြီး ဒုက္ခမရောက်နိုင်ပါဘူး"

ရွှေဘုန်းလက်ျာသည် စိတ်မကောင်းစွာ သက်ပြင်းတစ်ချက်ချရင်း ...

"အညွန့်လည်း ဒုက္ခမရောက်စေရပါဘူး၊ ကျွန်တော်လည်း ရှိတာပဲ အညွန့်ရယ်၊ ကျွန်တော်က မျက်စိရှေ့မှာ အညွန့်တို့ ဒုက္ခရောက်နေရင် ကြည့်နေမဲ့သူမျိုး မဟုတ်ပါဘူး။ အညွန့် အလုပ်ထပ်ရှာတာလည်းရှာ၊ မရခင်စပ်ကြားအတွက်လည်း ဘာမှမပူနဲ့ ... သိလား အညွန့်"

အညွန့်က မျက်ရည်ပြည့်သော မျက်လုံးကြီးဖြင့် ရွှေဘုန်းလက်ျာကို မော်ကြည့်သည်။ တဆတ်ဆတ်တုန်၍ မဲ့မဲ့လေးဖြစ်နေသော နှုတ်ခမ်းကလေးက ရွှေဘုန်းလက်ျာရဲ့ အသည်းနှလုံးတို့ကို ထိခိုက်နာကျင်စေသည်။ သူသည် မရည်ရွယ်ဘဲ အညွန့်ရဲ့ ရေစိုလက်ဖျားကလေး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိ၏။





"နော် ... အညွန့်၊ ကျွန်တော် အညွန့် မျက်ရည်ကျတာ မကြည့်ရက်ပါဘူး၊ ဝမ်းမနည်းပါနဲ့ အညွန့်ရယ်၊ အညွန့်မှာ မာနရှိတာ သိပေမဲ့ ဒီကြားထဲတော့ ကျွန်တော် တတ်နိုင်သမျှ ကူညီခွင့် ပြုပါနော်၊ ကျွန်တော့်အပေါ် ခင်မင်ရင်းနှီးတယ်ဆိုရင် အညွန့် မငြင်းပါနဲ့"

အညွန့်သည် ပူဆွေး ဝမ်းနည်းအားငယ်လွန်းအားကြီးချိန်မို့ ထင်သည်။ သူ့ရဲ့လက်ကို ရုန်းမထွက်ဘဲ ...

"ကိုရွှေဘုန်း စေတနာကို အညွန့် သိပါတယ်၊ ဒါပေမဲ့ ဝမ်းနည်းတာက နည်းတာပဲ၊ မေမေ နေကောင်းနေချိန်ဆိုရင် အညွန့် ဒီလောက် မခံစားရပါဘူး၊ အခုက မေမေ့ ကျန်းမာရေးက တစ်ဖက်မို့ ..."

အညွန့် ရှိုက်သံလေးက ကလေးငယ် တစ်ယောက်သဖွယ်။ ဤမျှထန်သော တင်းသော မိန်းကလေးတစ်ယောက်မှာလည်း အားငယ်တတ်သော ပျော့ပျောင်းသည့် နှလုံးသား ရင်ထဲရှိနေတာပင်။

"ကျွန်တော်လေ အညွန့်တို့ မိသားစုရှေ့မှာ မားမားမတ်မတ်ရှိနေမယ်၊ အညွန့် ... ကျွန်တော့်ကို ထည့်တွက်ပါ၊ ကျွန်တော် ... ကျွန်တော် ဒီအိမ်မှာ ငှားနေဖြစ်ခဲ့တာကိုက



www.burmeseclassic.com

www.burmeseclassic.com



အညွန့် မျက်နှာလေး တစ်ခုကြောင့်ပါ၊ အညွန့် မျက်နှာလေးကို မြင်မြင်ချင်း ဒီအိမ်မှာ ငှားနေမယ်လို့ တစ်ထိုင်တည်း ဆုံးဖြတ်မိတာ၊ အညွန့်ကို ... အညွန့်ကို ..."

အညွန့် ဦးခေါင်းက ငုံ့ကျသွားပါသည်။ ခေါင်းကလေးကို ဖြည်းဖြည်း ခါယမ်းနေ၍ ထပ်မံငြင်းလိုက်ပြန်တာကြောင့် ရွှေဘုန်းလက်ျာရဲ့ နှုတ်ဖျားက ပြောလိုသော စကားများမှာ ရှေ့မဆက်ဘဲ ထစ်တုံ့နေသည်။

"အညွန့်"

"ဟင့်အင်း ... ဟင့်အင်း ... ရှင် သွားတော့"

အညွန့်က သူ့လက်ကလေးကို ဖြုတ်ခနဲ ရုန်းထွက်နတ်ယူလိုက်ကာ မျက်ရည်တွေ ပွတ်သုတ်သည်။

"ကျွန်တော်လေ ..."

"တော်ပြီ ကိုရွှေဘုန်းရယ်၊ ကျွန်မ ဒါတွေ နားမထောင်ချင်ဘူး၊ ကျွန်မ စိတ်ကူးယဉ်တတ်တဲ့သူ မဟုတ်ဘူး"

သူက မသွား၍ ထင်သည်။ အညွန့်က ဆတ်ခနဲထကာ အိမ်ပေါ်ကို အပြေးတက်သွားပါတော့သည်။ လှော်လက်စ အဝတ်တွေမှာ တိုးလိုးတန်းလန်း ကျန်ရစ်သည်။ ရွှေဘုန်းလက်ျာလည်း ထိုနေရာနား၌ပင် ငူငူကြီး ဆက်ထိုင်နေမိပါသေးသည်။





အညွန့်က စိတ်ကူးမယဉ်တတ်ဘူး ဆိုတော့ သူ့ကိုတော့ စိတ်ကူးယဉ်တတ်သူရယ်လို့ အညွန့် သတ်မှတ်လိုက်တာပေါ့။ သူကတော့ သူနှင့် အညွန့်တို့ အကြားက ကွာခြားမှုဆိုတာသည် စိတ်ကူးယဉ်သည်လို့ သတ်မှတ်ရလောက်အောင်လည်း မဝေးကွာလှသေးဘူး ထင်မိသည်။

ဒီကြားထဲ နေ့ဘက် အညွန့် အပြင်ထွက်ထွက်နေတာတွေသည် အလုပ်ရှာနေတာတွေပဲဟု နားလည်လျက် သူလည်း ဘေးက တစ်တပ်တစ်အား အဖော်အဖြစ် လိုက်ပါလိုပေမဲ့ အညွန့်က မခေါ်ပါ။

တစ်နေ့လယ်မှာတော့ အပြင်က ပြန်လာသော အညွန့်သည် သူ့အဖေနှင့် အမေကို ပြန်ရောက်ကြောင်း နှုတ်ဆက်ပြီးသည်နှင့် ထမင်းတောင် မစားသေးဘဲ နောက်ဖေးဘက်မှ ဆင်းကာ ဗီဒိုယိုရုံထဲ ဝင်သွားလေသည်။ ရွှေဘုန်းလက်ျာကော ဦးထွန်းနိုင်ပါ ကြက်ခြံနားမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ သမီးပြန်ရောက်ပြီ သိလား"ဟု တစ်ခွန်းလှမ်းပြောကာ ဗီဒီယိုရုံထဲ ဝင်သွားသည့် အညွန့်ကို ဦးထွန်းနိုင်ကလည်း ထွေထွေထူးထူး ဘာမှ မေးမနေ။ သူ့သမီး အလုပ်ပြုတ်၍ စိတ်ဆင်းရဲနေတာလည်း အသိဖြစ်ရာ ဘာမှ သိပ်မပြောဘဲ အရိပ်အခြည်ကြည့်၍ အလိုက်အထိုက် နေပါသည်။

ခဏနေလျှင် အထဲက မိုက်ကရိုဖုန်း ဖွင့်တဲ့အသံ၊ မိုက်ကရိုဖုန်းကို လေမှုတ်၍ Test လုပ်သံတွေ ထွက်လာသည်။ ရုံထဲမှာ တီဗီရော၊ ဒက်က်ရော ကာရာအိုကေ ဗီစီဒီစက်ပါ ရှိပေမဲ့ အညွန့်က တစ်ခါမှ လာအသုံးမပြုဖူးပါ။ ရုံမှာပြတဲ့ကားထဲကတော့ သူစိတ်ဝင်စားတာပါလျှင် တစ်ခါတစ်ရံ လာဝင်ကြည့်ပါသည်။

စက်ကိုတော့ အားလုံးကိုင်တွယ်တတ်နေပြီးသားမို့ အခု သူ့ဟာသူ လာဖွင့်နေတာပင်။ မိုက်ကရိုဖုန်းသံကြောင့် ဗီစီဒီကာရာအိုကေကို ဖွင့်နေမှန်း သိရသည်။ ဦးထွန်းနိုင်နှင့် ရွှေဘုန်းလကျ်ာ တစ်ယောက်ကိုတစ်ယောက် မတိုင်ပင်ဘဲ ဖျတ်ခနဲ ကြည့်မိလိုက်ကာ ဦးထွန်းနိုင်က ...

"မင်းညီမတော့ စိတ်ရှုပ်ရှုပ်နဲ့ သီချင်းတွေပဲ အော်ဆိုတော့မလား မသိဘူး၊ မျက်နှာ ကြည့်ရတာလည်း အလုပ်အဆင်ပြေခဲ့ပုံ မပေါ်ပါဘူးကွာ၊ ဟင်း ... ဟင်း"





ဦးထွန်းနိုင်ရဲ့ တဟင်းဟင်း အရယ်သည်လည်း ဝမ်းသာလို့ ရယ်သံ အလျဉ်းမဟုတ်။ သူ့စိတ်ကိုသူ ဖြေသိမ့်ကာ ဖော့ပစ်လိုက်တဲ့ အရယ်ပင်။ ဦးထွန်းနိုင်ဟာ သူ့အသိစိတ် သူ့ဆင်ခြင်မှုနှင့်သူ အရက်ကို နိုင်လာသည်မှာ ခုဆိုရင် ကြိုက်လို့သောက်သော အဆင့်ပဲ ရှိပါတော့သည်။

မသောက်ရ မနေနိုင်လို့ အတင်းကာရော သောက်ရတာမျိုး မဟုတ်တော့။ တချို့ရက်တွေ လုံးဝမသောက်။ တချို့ရက်တွေမှာ သောက်သည်။ မိသားစုအပေါ် ရစ်တာ ဂျီကျတာ ပြဿနာရှာတာတွေ လုံးလုံး မရှိတော့ဘဲ တကယ့် ဖခင်ကောင်းတစ်ယောက်နေရာ ပြန်ရောက်နေပါပြီ။

"သူ စိတ်ညစ်လာတယ် ထင်တယ် အန်ကယ်"

"အေး"

"ကျွန်တော် ခဏသွားလိုက်ဦးမယ်"

"အေး ... သွားလိုက်"

ရွှေဘုန်းလကျ်ာက ဗီဒီယိုရုံထဲ တက်လာခဲ့သည်။ အညွန့်က ထွန်းအိန္ဒြာဗို ဗီစီဒီတစ်ချပ် ဖွင့်ထားကာ ခပ်တိုးတိုး လိုက်ဆိုနေပါသည်။ ပထမတော့ နောက်နားမှာရပ်၍ သူ နားထောင်နေသည်။ ပါရမီရှိတဲ့ အညွန့်ဟာ သီချင်းထဆိုလိုက်တော့လည်း ဆိုတတ်နေ ကောင်းနေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အညွှန့် သီချင်းညည်းသံ တစ်ကြိမ်မှ မကြားဖူးခဲ့သော်လည်း ထ,ဆိုလိုက်တော့ နားထောင်ကောင်းနေသည်။ တစ်ပုဒ်ပြီးသွားလျှင် အညွှန့်သည် ရွှေဘုန်းလက်ျာကို လှည့်ကြည့်သည်။ ရှက်သလိုလို မျက်နှာလေးက တစ်မျိုးလေးပင်။ နောက်တစ်ပုဒ်ကို လှမ်းဖွင့်လိုက်ကာ ...

"ဘယ်လိုနေလဲ ကိုရွှေဘုန်း"

"အညွှန့်က တဲလဲန့်ရှိတယ်။ နားထောင်ကောင်းတယ်"

"တကယ်လား"

"တကယ်ပေါ့"

အညွှန့်က နောက်တစ်ပုဒ်ကို စိတ်ပါလက်ပါ ခပ်ကျယ်ကျယ် ဆိုနေပါသည်။ နားထောင်ရင်းက ရွှေဘုန်းလက်ျာစိတ်ထဲ မကောင်းမကျ သံသယရှိလာသည်။ အညွှန့် သီချင်းဆိုနေတုန်းတန်းလန်းမို့ သူ ဘာမှမပြောဘဲ အောင့်၍ နားထောင်နေသည်။ အညွှန့်က စိတ်ပါလက်ပါ ကောင်းအောင် သီဆိုနေပြီး သီချင်းသံဆုံးသွားလျှင် ရွှေဘုန်းလက်ျာက ရှေ့တိုးသွားလိုက်ကာ ...

"အညွှန့် ... အညွှန့် ဘာလုပ်မလို့လဲ"

အညွှန့်က လှည့်လာကာ မသဲမကွဲ ပြုံးသည်။

"အညွှန့် ဘာလုပ်မလို့လဲ၊ အညွှန့် အပျင်းပြေ ဆိုနေတာ မဟုတ်ဘူး"





"ရှင်က ဘာထင်လို့လဲ ကိုရွှေဘုန်းရဲ့"

ရွှေဘုန်းလက်ျာသည် ရုတ်တရက် ဘာမှမပြောဘဲ အညွှန့် မျက်နှာကိုသာ အဖြေရှာနေမိသည်။ အညွှန့်က သူ့နှင့်မျက်လုံးချင်း ရင်မဆိုင်ဘဲ အကြည့်လွှဲထားသည်။

"အညွှန့် စားသောက်ဆိုင်တွေ ဘာတွေမှာတော့ အလုပ်လုပ်ဖို့ စိတ်မကူးနဲ့နော်၊ စိတ်မကူးဘူး မဟုတ်လား အညွှန့်"

အညွှန့်က နောက်သီချင်းတစ်ပုဒ်ကို ရွေးချယ်ဖွင့်ရင်း ...

"စိတ်မကူးပါဘူး"

"တကယ်နော်"

"တကယ်ပါ"

အညွှန့် သီချင်းဆက်ဆိုနေ၍ သူ့ဘေးမှာ နှောင့်ယှက်သလို မနေချင်တော့ပါ။ အပြင်ပြန်ထွက်လာခဲ့ပါသည်။ ဦးထွန်းနိုင်ကိုလည်း ဘာမှပြောမနေတော့ဘဲ ကိုယ်လုပ်စရာရှိတာသာ ဆက်လုပ်နေလိုက်သည်။ သို့ပေမဲ့ သူ့စိတ်ထဲမှာ တစ်မျိုးပင်။ သူ့ကို အညွှန့် မတိုင်ပင်တဲ့အတွက် သူ ဘာမှလဲ မသိရ၊ ဘာမှလဲ တောတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ဘာမှန်းမသိတဲ့ မတင်ကျမှု ရှိနေကာ တစ်ရက်ပြီးတစ်ရက် အညွန့်ကို စောင့်၍သာ ကြည့်နေရပါသည်။ အညွန့်ကလည်း နေ့စဉ် နေ့လယ်အားချိန်တွေမှာ သီချင်းမှန်မှန် ဆိုနေတာပင်။

ထစ်ညနေ အညွန့် အပြင်က ပြန်လာတဲ့အခါ လက်ထဲမှာ စက္ကူအိတ်ထုပ်များ ကြွပ်ကြွပ်အိတ်ထုပ်များ တရှုံ့ ပါလာသည်။ အိမ်ကပြင်မှာ ပက်လက်ကုလားထိုင်နှင့် ထိုင်နေသော ဦးထွန်းနိုင်က လှမ်းမြင်မြင်ချင်း ...

"သမီး ဘာတွေ ဝယ်လာလဲဟော့"

"အဝတ်အစားတွေပါ ဖေဖေ"

"များလှချည်လား၊ ဘာလုပ်ဖို့လဲ သမီးရဲ့"

"အညွန့် အလုပ်ရပြီ ဖေဖေ၊ အဲဒီမှာ သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ် ဝတ်စားရမယ်ဆိုပြီး အလုပ်ရှင်က အဝတ်အစားဖိုး သတ်သတ် ထုတ်ပေးလိုက်လို့ အဝတ်အစားတွေ ဝယ်လာတာပါ"

"ဟုတ်လား ... ဘာအလုပ်လဲ သမီး"

"ကစ်ချင်မှာထ် တစ်ခုပါပဲ ဖေဖေ၊ နိုင်ငံခြားသားတွေ အဝယ်များတဲ့ ကစ်ချင်မှာထ်တစ်ခုမှာ အရောင်းပေါ့"

"ဩော်"





"တစ်ခုပဲ ရှိအောက ညနေဆိုင်းပဲ အညွန့် အလုပ်ရတယ် ဖေဖေ၊ အညွန့် တာဝန်ချိန်က ညဆယ်နာရီခွဲမှ ပြီးမယ်၊ ဆိုင်က ပြန်ပို့ရင် အိမ်ကို ညဆယ့်တစ်နာရီလောက်မှ ရောက်မယ်"

"ဟင် ... မိုးချုပ်လိုက်တာ"

"ဟုတ်ကဲ့ ဖေဖေ၊ မိုးတော့ ချုပ်တယ်၊ ဒါပေမဲ့ လုပ်ရမှာ က နေ့တစ်ပိုင်းပဲ၊ သမီးအလုပ်ချိန်က သုံးနာရီစ,မှာဆိုတော့ နှစ်နာရီခွဲမှာ ကြိုတဲ့ဖယ်ရီကား ရောက်မယ်၊ မနက်တစ်ပိုင်လုံး သမီး အအားရတယ်၊ ပြီးတော့ လခကလည်း နှစ်သောင်းတောင် ရတယ် ဖေဖေ၊ အဲဒါကြောင့် မိုးချုပ်ပေမဲ့ သမီးလုပ်မယ်လို့ ဆုံးဖြတ်လိုက်တာပါ၊ နက်ဖြန်စဝင် ရမယ် ဖေဖေ"

ဦးထွန်းနိုင်က မတင်မကျ ငေးနေကာ ...

"ဆိုင်က ဘယ်မှာလဲ"

"ကမ္ဘာအေးဘုရားလမ်းပေါ်မှာပါ"

"အင်း ... လခကတော့ ကောင်းပါရဲ့၊ အပြန်က မိုးချုပ်လှတယ်ကွယ်"

"သမီးနဲ့ အချိန်တူ ညမှပြန်ရမဲ့ ကောင်မလေးတွေလည်း ရှိတယ် ဖေဖေ၊ ညနေတစ်ပိုင်းနဲ့ လခနှစ်သောင်းမို့လို့



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်တာ၊ လုပ်ကြည့်လိုက်ဦးမယ်လေ မေမေ အဆင်မပြေရင် ဒီကြားထဲ တခြားအလုပ်တစ်ခုလည်းရှာပြီး ရရင် ပြောင်းလုပ်လိုက်တာပေါ့”

“အေးလေ ... ခဏတဖြုတ်တော့ စမ်းလုပ်ကြည့်တာပေါ့”

ရွှေဘုန်းလက်ျာသည် အညွန့် အဝတ်လျှော်မည့် အချိန်ကိုသာ စောင့်နေကာ ချောင်းနေသည်။ အညွန့်ကလည်း သူ့ကို ရွှေဘုန်းလက်ျာ စကားပြောခွင့် မရအောင်ကို ရှောင်နေသည်။ မေးတော့ မြန်းတော့ စစ်တော့ ဆေးတော့မည်ကို သိကာ ပတ်၍ရှောင်နေသည်မှာ သုံးလေးရက် အထိပင်။

ညဘက်တွင် ဗီဒီယိုရုံတွင်ပင် ပိတ်ဖိုသိမ်းဖို့ ရုံသော့ ခတ်ဖို့ကိစ္စတွေကို အထွင့်ကို တာဝန်ပေးခဲ့ကာ ဆယ်နာရီခွဲ တည်းက လမ်းကလေးထိပ်ကို ထွက်ပြီး ဖယ်ရီရပ်လောက်ပြေး နေရာ၌ ဆောင့်ကြောင့်ထိုင်ကာ စောင့်ခဲ့ပါသည်။

အညွန့်သည် ဖယ်ရီကားပေါ်က ဆင်းလာလျှင် ရွှေဘုန်းလက်ျာ စောင့်နေတာကို တွေ့ပါလျက် ခပ်သုတ်သုတ် ရှေ့ကအပြေးနှင်သည်။ ထွက်ပြေးလုနီးနီးပင်။ အညွန့် ... အညွန့် နှင့် သူက လိုက်ခေါ်သော်လည်း မီလာသော်လည်း “ပင်ပန်း တယ်ကွာ၊ နောက်နေ့မှ စကားပြောကွာ၊ အိပ်ချင်ပြီကွာ” စသဖြင့် မရမက ရှောင်ထွက်သွားသည်ချည်းပင်။ စကားကို အစပ်





အမေးမခံဘဲ နေပုံက ရွှေဘုန်းလက်ျာရဲ့ မတင်မကျ သံသယတွေကို ပိုပြီးအားကောင်းရှင်သန်စေသည်။

တစ်ညမှာတော့ ရွှေဘုန်းလက်ျာသည် အတော်သည်းသည်းမခံနိုင်လောက်အောင် ဖြစ်နေပြီဖြစ်ရာ ဖယ်ရီကားပေါ်မှ အညွန့် ဆင်းလာသည်နှင့် တစ်ဟုန်ထိုး ပြေးကပ်ကာ အညွန့် လက်မောင်းကို ဆွဲဆုပ်ကိုင်ထားလိုက်သည်။

တီရှပ်ကိုယ်ကျပ်လက်တို ပန်းရောင်အတောက်လေးနှင့် ပန်းရောင်နှင့် အနက်ပွင့် လုံချည်လေး ဝတ်ထားသော အညွန့်သည် ဘာမှ ဒီလောက် ဝတ်စားထားတာလည်း မဟုတ်ရဘဲနှင့် တအားကို လိုက်ဖက်လှပနေပါသည်။ အညွန့်ရဲ့ လက်တစ်ဖက်က တစ်ရှူးစနှင့် နှုတ်ခမ်းဆိုးဆေ ပန်းရောင်တောက်တောက်တို့ကို ပွတ်ဖျက်နေရင်းမို့ သူက တစ်ရှူးစကိုပါ ဆွဲယူပစ်လိုက်ရင်း အညွန့်ကို အထပ်ထပ် အပြန်ပြန် ကြည့်နေမိပါသည်။

“လွှတ်စမ်းကွာ ... နာလိုက်တာ”

အညွန့်က မျက်ရည်လည်ကာ အော်သည်။

“နာပစေ”

သူပါ မျက်ရည်လည်ချင်လာကာ ခပ်မာမာ ပြန်အော်လိုက်ပါသည်။

“ကျွတ် ... ရှင် ဘာဖြစ်နေတာလဲ ကိုရွှေဘုန်း”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကော ဘာဖြစ်နေလဲ"

"ဘာဖြစ်လို့လဲ"

"ပုံမှန်ဆိုရင် ငါ့ကို ဒီလောက် ရှောင်ရှားနေဖို့ လိုလား ညမိုးချုပ်လွန်းလို့ ဒီထိပ်ထွက်စောင့်ကြိုမှန်း သိသားနဲ့ ထွက်ထွက်ပြေးနေတာ ဘာသဘောလဲ"

"ဘာကိစ္စ ထွက်ပြေးရမှာလဲ၊ ကိုယ့်အိမ်ကိုယ် ရောက်ချင်လှပြီ၊ နားချင်ပြီ"

"အဲဒါ မင်းသက်သက်မဲ့ ကပ်ပြီးရှောင်တာပေါ့၊ ဘယ်လောက် နားချင်ချင် အလုပ်စဝင်နေတဲ့ ဒီလေးငါးရက်အတွင်း ငါမေးချင်တာလေး တစ်ခွန်းနှစ်ခွန်းတောင် မပြောနိုင်အောင် ဖြစ်စရာမှ မရှိတာ။ ဒါ ရှောင်တာ ထွက်ပြေးတာပဲပေါ့"

"ကျွတ်"

အညွန့်က သူ့ကို မျက်စောင်းထိုးရင်း ...

"အဖေတစ်ယောက်လုံး မေးစမ်းပြီး ကျေနပ်သွားပြီဟာကို ရှင်က ဘာတွေ ထပ်မေးနေရဦးမှာလဲ၊ ပြီးတော့နော်၊ ရှင် ကျွန်မကို မင်းရယ် ငါရယ် မပြောနဲ့၊ မကြိုက်ဘူး၊ ရှင် လက်အောက်ငယ်သား မဟုတ်ဘူး"





"အညွန့်ရယ် ... အညွန့်ကို ကျွန်တော် စိတ်ပူနေတာ အညွန့် မသိဘူးလား"

"ရှင် ဘာကို ပူနေလဲ"

"အညွန့် အခုလုပ်နေတာ လုံးဝ ကစ်ချင်မှာထဲ မဖြစ်နိုင်ဘူး"

"ကျွတ် ... ရှင် တော်တော်ခက်ပါလား"

"ခက်တယ် ထင်လည်း ခက်တယ်ပဲ ထားပါ၊ အညွန့် ဘာအလုပ် လုပ်နေလဲ၊ ကျွန်တော့်ကို စားသောက်ဆိုင်တွေမှာ မလုပ်ပါဘူးလို့ ကတိပေးထားတယ်နော် အညွန့်"

"အင်းလေ ... ခုလည်း ဘယ်မှာလုပ်လို့လဲ"

"ဒါဖြင့် ဘယ်မှာလုပ်နေလဲ"

"ကျွတ် ... ရှင် တယ်ခက်ပါလား၊ ပြောပြီးနေပြီပဲ၊ ထပ်ထပ် ပြောမနေနိုင်ဘူးရှင်"

"ဆိုင်နာမည် ဘာလဲ"

"ဒရင်းမ်ပဲလေ့စ်"

"ဒရင်းမ်ပဲလေ့စ် ကစ်ချင်မှာထဲ ဆိုတာ တစ်ခါမှတောင် မကြားဖူးဘူး"

"ရှင် မကြားဖူးတာတွေ လောကမှာ အပြည့်ရှိမှာပေါ့၊ ရှင်က ကျွန်မတို့အိမ်ရောက်မှ ဟိုဟာလေး ဒီဟာလေး စ,ကြားဖူးနားဝ ရှိပြီးတော့မျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ထားတော့၊ အပြန် ဒီလောက်မိုးချုပ်တာ အညွန့်ရယ်၊ ဖယ်ရီပေါ်မှာ အညွန့် တစ်ယောက်တည်းရယ်"

"ဒါတော့ ကျွန်မက နောက်ဆုံး ဆင်းရတာကို"

"အဲဒီကားဒရိုင်ဘာရော ခုမှတွေ့ရတာ ဘယ်လောက် စိတ်ချရမလဲ"

"ဒရိုင်ဘာက အဘိုးကြီး၊ အသက်ခြောက်ဆယ်လောက်ပါ၊ ကောင်မလေးတွေ ပို့ရမှာမို့ ပြဿနာရှင်းအောင် အလုပ်ရှင်က အဘိုးကြီး တမင်ရွေးခန့်ထားတာ၊ ပြီးတော့ ရှင်ဒီမှာ ကြည့် ကိုရွှေဘုန်း"

အညွန့်က သူ့ပခုံးမှာ လွယ်ထားသော အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်လိုက်ကာ ဖျောက်ခနဲ ဖွင့်သည်။ သူ လန့်ကာ နည်းနည်းပင် တွန့်သွား၏။ ခလုတ်ပွင့်၍ ထွက်လာသော ဓားမြှောင်လေးက လရောင်နှင့် လက်နေသည်။

"ကျွန်မ ဒါကို ဆောင်ထားတယ်၊ အညွန့် ဆိုတာဟာ အသက်ရှင်ရက်နဲ့တော့ ကိုယ့်နာမည် ကိုယ်သိက္ခာ ကိုယ့်အရှက်ကို အထိပါးခံမဲ့မိန်းမ မဟုတ်ဘူးဆိုတာ ရှင် နားလည်ထားပါ ကိုရွှေဘုန်း၊ မတော်တဆလို့ ကျွန်မ ဘယ်နေရာမှာ အလုပ် လုပ်နေ လုပ်နေ ကျွန်မက သိက္ခာရှိတဲ့မိန်းမ





တစ်ယောက်ပဲ၊ ဒါကို ရှင် သိထား၊ ကျွန်မကို သံသယတွေနဲ့ စောင့်ကြည့်မနေနဲ့၊ ရှင် ပင်ပန်းတယ်၊ ကျွန်မလည်း အနေကျပ်တယ် ...

ကျွန်မ ဘာမှ မဖြစ်နိုင်ဘူး၊ ကျွန်မကိုယ် ကျွန်မ ထိန်းသိမ်းစောင့်ရှောက်တယ်၊ ရှင် စိတ်ပူပေးနေတာကိုပဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီအလုပ်ကို ကျွန်မ လုပ်နေပြီ ကိုရွှေဘုန်း၊ ကျန်တာတွေ ရှင်မေ့ထားတော့"

ရွှေဘုန်းလက်ျာသည် အညွန့် လက်မောင်းကို လွှတ်ပေးလိုက်ကာ စိတ်မကောင်းလှသော မျက်လုံး ဆွေးဆွေးများနှင့် အညွန့်ကို ငေးကြည့်သည်။

"ကစ်ချင်မှာထ်တော့ မဟုတ်ဘူး မို့လား"

အညွန့်က အတန်ကြာ မဖြေ။ အတော်ကြာမှ သက်ပြင်းချကာ ...

"မဟုတ်ဘူး၊ ဒါဖြင့် ဘယ်မှာလဲလို့ ရှင် ထပ်မမေးပါနဲ့တော့ ကိုရွှေဘုန်းရယ်"

ရွှေဘုန်းလက်ျာသည် သူ့နှုတ်ခမ်းများကို သူ တင်းတင်းကျပ်ကျပ် စေ့ပိတ်ထားကာ ငြိမ်သက်နေပါသည်။

"ကဲ ... လာ သွားစို့ ကိုရွှေဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



အညွန့်သည် ကလေးတစ်ယောက်လို စိတ်မကောင်းဖြစ်နေသော ရွှေဘုန်းလက်ျာကို လက်ကိုလှမ်းဆွဲ၍ ရှေ့က လျှောက်ခဲ့သည်။ တစ်ရှူးသစ်တစ်ရွက်နှင့်လည်း နှတ်ခမ်းနီတို့ကို ပွတ်ပြီးပွတ်ဖျက်လာသည်။ ရွှေဘုန်းလက်ျာသည် အညွန့် လက်ဖျားလေးကို တင်းတင်းပြန်ဆုပ်ညှစ်ကာ ဝမ်းနည်းနေသော ကလေးငယ်ကဲ့သို့ ပါလာပါသည်။





## ၉

အိမ်က ထွက်လာစဉ်က မိုးမရွာ၊ ရွာရင်လည်းပဲ သူ့မှာ ယူလာစရာ ထီးမရှိပါ။ မိုးမရွာခင် ထွက်လာတာမို့ တီရှပ်ကလေးနှင့် ပုဆိုးသာ ဝတ်လာမိပါသည်။ ဒီအိမ်ရောက်ကတည်းက အိမ်ကပါလာသော ဘောင်းဘီရှည်တွေကို ပစ်ပယ်ချောင်ထိုးထားလိုက်ပြီ ဖြစ်ကာ ပုဆိုးကိုသာ ဝတ်ဖြစ်နေပါသည်။

မိုးလည်း ရွာချလိုက်ရော ရွှေဘုန်းလက်ျာ့ရဲ့ တစ်ကိုယ်လုံးမှာ စိုစိုရွှဲတုတ်တုတ်နစ်သွားရပါသည်။ မိုးကလည်းစ,ရွာသည်မှစ၍ မတိတ်တော့ပါ။ အငြိုးနှင့်ကို သဲသဲမဲမဲ ရွာနေပါတော့သည်။ စရွာစဉ်ကတော့ နီးစပ်ရာ ခိုလှုံလို့ရမည့် ဆိုင်တစ်ဆိုင်ဆိုင်ထိုင်ကာ ခဏစောင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မတိတ်နိုင်ဘဲ ကြာလာတော့ သူ အေးအေးဆေးဆေး ထိုင်မိုးခိုမနေနိုင်တော့ပါ။ သူ့အိမ်က ထွက်လာကတည်းက လေးနာရီကျော်မှ။ မြို့ထဲရောက်တော့ လေးနာရီခွဲပြီးကာ ငါးနာရီပင် ထိုးခါနီးပေပြီ။

ကိုယ်သိထားရတာကလည်း ကမ္ဘာအေးဘုရားလမ်းဆိုတာ တစ်လုံးသာ။ လမ်းမကြီးပေါ် မဟုတ်ဘဲ လမ်းသွယ်ထဲတွေ ဖြစ်နေရင်လည်း ဘယ်လိုမှ ရှာဖို့လွယ်မည် မဟုတ်တော့။ အဲဒီကြားထဲ အညွန့်က ပြောစဉ်ကတည်းက ညာပြောသွားတာဆိုရင်တော့ သွားပြီ။ ဒါပေမဲ့လည်း အညွန့် အလုပ်လုပ်တဲ့နေရာကို သိကို သိရမည် ဆိုသည့် ရည်ရွယ်ချက် ဆုံးဖြတ်ချက်နှင့် သူ့ဇွဲကိုတော့ မချပါ။

သူ့ရဲ့လမ်းလျှောက်ခရီးကို ရွှေဂုံတိုင် မီးပွိုင့်နေရာလောက်က စ,ခဲ့ကာ ခဏအကြာမှာပဲ မိုးက ရွာချလာသည်။ ပုလဲကွန်ဒိုနား နီးနေပြီမို့ သူက ဆရာစံလမ်းထဲ ချိုးလျှောက်လိုက်ကာ ဗိုင်ကေကေအိမ်မှာ ဝင်ထိုင်လိုက်ပါသည်။ မိုးက တိတ်မည့်ပုံမရသေးတာမို့ ကြေးအိုးတစ်ပွဲပင် မှာစားလိုက်ပါသေးသည်။

အေးအေးဆေးဆေး စားနေတဲ့ ကြေးအိုးတစ်ပွဲကုန်တဲ့အထိတောင် မိုးက သည်းမည်းတုန်းပင် ဖြစ်နေတော့ သူ အချိန်ဆွဲမနေချင်တော့။





ဆိုင်က ကောင်လေးတစ်ယောက်ကို ဆိုင်က မထွက်ခင် မေးခဲ့ပါသေးသည်။

"Dream Palace ဒရင်းမ်ပဲလေ့စ် ဆိုတဲ့ ကစ်ချင်မှာထဲ ဒီနားမှာ ရှိသလား ညီလေး"

"ဒီလမ်းထဲတော့ မရှိဘူး အစ်ကို၊ ဒီနားတစ်ဝိုက်လည်း ဒရင်းမ်ပဲလေ့စ် ဆိုတာတော့ မကြားဖူးသေးဘူး"

ရွှေဘုန်းလက်ျာသည် မိုးကိုမစောင့်တော့ဘဲ မိုးထဲ ဒီတိုင်း ထွက်ချလာပါသည်။ ကမ္ဘာအေးဘုရားလမ်းပေါ် မိုးရွာထဲ လသာနေတဲ့အလား ဝေါင်းစင်းစင်း လျှောက်လာကာ လမ်းဘယ်ဘက်ခြမ်း ညာဘက်ခြမ်းတို့ကို ပိုက်စိတ်တိုက်ကြည့်ရင်း ဒရင်းမ်ပဲလေ့စ်ဆိုသည့် ဆိုင်းဘုတ်ကို ရှာသည်။

ဈေးဆိုင်နှင့် တူတာလေးတွေ တွေ့လျှင် အမည်မတူသော်လည်း မယောင်မလည် ကြည့်လိုက်။ ကုက္ကိုင်းကို လွန်လာလျှင်တော့ ဟိုဘက်ဒီဘက် ဘာဆိုင်မှ မရှိတဲ့ နေရာကြီးမှာ ဒီတိုင်းကြီး လျှောက်လာရပါသည်။ မိုးကလည်းရွာ၍ အမှောင်ဆောသည်။

သူ့နံဘေးမှာ တက္ကစီတွေ အရှိန်နှေး၍ ကားငှားမလား လုပ်သွားကြပါသည်။ သူ့အနေနှင့်က ကားငှားလို့မှ မဖြစ်တာ။ ကုက္ကိုင်းကနေ မိကာဆာဟိုတယ် ရောက်တဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံကြီးတွေသာ ရှိပြီး မျှော်လင့်စရာ ဘာမှမရှိ။ အင်းလျားလိတ်ကို ကျော်ကာ တဖြည်းဖြည်း အတော်မှောင်လာသည်။

သူ့မှာ ညောင်းရမှန်း ချမ်းရမှန်း မသိပါ။ သူ့အဖို့ ဒီလောက်စရီးဝေး လမ်းလျှောက်ဖူးတာသည်လည်း ပထမဆုံး၊ မိုးရွာထဲ လမ်းလျှောက်ဖူးတာသည်လည်း ဒါ ပထမဆုံးသာပင်။ တစ်စတစ်စ ပါရမီမီးပွိုင့်ကို ရောက်လာပါသည်။

တဖြည်းဖြည်း သူ အတွေးဝင်လာသည်မှာ အညွှန်းလမ်းအမည်ကို ညာပြောထားပြီ ထင်သည်ဆိုတာပင်။ မီးပွိုင့်ကျော်၍ စိတ်ဓာတ်ကျစပြုကာ ဆက်လျှောက်လာလျှင် သူ့မျက်လုံးများသည် ဘယ်ဘက်လှမ်းလှမ်းက နီယွန်အစိမ်းရောင် မီးဆိုင်းဘုတ်ကလေးတစ်ခုသို့ ရောက်သွားသည်။

ရှေ့စာလုံးဟာ Dream ထင်ပါရဲ့ဟု အားတက်သရောနှင့် တည့်တည့်မြင်ရအောင် ခြေလှမ်းကိုပင် အပြေးလှမ်းလိုက်ပါသေးသည်။ ဟုတ်ပါသည်။ ခြံဝင်းတစ်ခုရဲ့ ခြံစည်းရိုးမှာ နီယွန်စာလုံးစိမ်းများနှင့် Dream Palace ဆိုသော ဆိုင်းဘုတ်ကို တွေ့လိုက်ရပါသည်။

အဲဒီအောက်က ဆက်မြင်လိုက်ရသော စာလုံးက Karaoke တဲ့။ ရွှေဘုန်းလက်ျာသည် ထိုဆိုင်းဘုတ်ကို ခြေစုံရပ်





ကာ ခေတ္တရပ်စိုက်ကြည့်နေမိပါသေးသည်။ ကစ်ချင်မှာထုံဆို အညွှန်းရယ်။ ခုတော့ ကာရာအိုကေဆိုင်။ ခုခေတ်ဖွင့်သော ကာရာအိုကေဆိုင် ဆိုတာတွေကို ထွက်သမျှ စာစောင် ဂျာနယ် မဂ္ဂဇင်းတွေ ဖတ်နေတဲ့ ရွှေဘုန်းလက်ျာက ကြားဖူးနားဝ ဗဟုသုတ အပြည့်ရှိပါသည်။

သူသည် ဝမ်းနည်းသလို နှမြောသလို ရင်ထဲတလိပ်လိပ်နှင့် ရင်ခုန်သံတွေ တဒုတ်ဒုတ် မြည်ဟည်းလာကာ သက်ပြင်းတစ်ချက် ရှိုက်၍ စိတ်ကို မာန်တင်းလိုက်ပါသည်။ သူက ဒီဘက် ပလက်ဖောင်းမှာမို့ လမ်းဖြတ်ကူးလိုက်ကာ ဖွင့်ဟထားတဲ့ ခြံတံခါးမှ အထဲသို့ လှမ်းဝင်လိုက်ပါသည်။

မကျဉ်းမကျယ် ခြံရှေ့ကွက်လပ်မှာ ကားတချို့ရပ်ထားသည်။ ခြံရှေ့မျက်နှာစာ ပလက်ဖောင်းတစ်လျှောက်က ကားတချို့ဟာလည်း ဒီကိုလာကြတာပဲ ဖြစ်နိုင်သည်။ စုစုပေါင်း ကားတွေ မနည်းလှပါ။ သူက တိုက်တံခါးဝမှ တံခါးစောင့်ညှိုကြိုလူငယ်ဆီ လျှောက်သွားလိုက်သည်။ မိုးက သည်းရာမှ ခပ်ဖွဲဖွဲ စဲစပြုသော်လည်း သူ့တစ်ကိုယ်လုံးကတော့ ရပ်ပျက်ဆင်းပျက် ရွှဲနစ်နေတာမို့ လူငယ်က သူ့ကို တအံ့တဩ ကြည့်နေပါသည်။

"ညီလေးရေ ... အစ်ကို တစ်ခုမေးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ခင်ဗျ"

"ဒီဆိုင်မှာ အညွန့် ဆိုတဲ့ မိန်းကလေး အလုပ်လုပ်သလား လို့"

"အညွန့် ... ဪ ... လူသစ်အစ်မကြီး မဟုတ်လား ရှိပါတယ်"

"ဟုတ်လား ... ကိုယ် တွေ့ခွင့်ရမလား"

"အဲဒီအစ်မကြီးက အခန်း(၁၀)မှာပါ၊ သူ့အခန်းမှာ ဧည့်သည်ရှိပါတယ် အစ်ကို၊ အစ်ကို အဲဒီအခန်းကို ဝင်ချင်ရင်တော့ စောင့်ရမယ်၊ အခန်းအားမှရမယ်၊ တခြား အခန်းအအားတွေတော့ ရှိပါတယ်"

ကြားရသော စကားလုံးတွေက သူ့ရင်ကို ပူလောင်စေသည်။ သူသည် လောလောဆယ်လည်း အညွန့်ကို တွေ့နိုင်သည် မဟုတ်သဖြင့် အကြံတစ်ခုရကာ ...

"အခု ဘယ်အခန်းအားလဲ"

"အထဲမှာ မေးလိုက်ပါ အစ်ကို"

တံခါးကို ဟပေးလိုက်၍ ရွှေဘုန်းလကျာက အထဲ ဝင်လိုက်ပါသည်။ ကျောက်ပြားခင်း အတွင်းဧည့်ခန်းဟာ သားသားနားနား ရှိပါသည်။ ကောင်တာမှ လူငယ်သည် တီရှပ်နှင့် ပုဆိုးစိုစို တုတ်တုတ်နှင့် ခပ်စုတ်စုတ်ရှိသော ရွှေဘုန်းလကျာကို





အကဲခတ်နေသည်။ ဤနေရာမျိုးကို လာသူတွေဟာ အများအားဖြင့် ကားကြီး ကားကောင်းတွေနှင့် ကြော့သန့် မွှေးပျံ့၍ လာကြသူတွေပင်။

"ဘယ်အခန်းအားလဲ ညီလေး"

သူ့စကားကြောင့် လူငယ်က လှုပ်လှုပ်ရှားရှားဖြစ်ကာ ...

"တစ်ယောက်တည်းလား အစ်ကို"

"ဟုတ်တယ်"

"အခန်းတစ် အားပါတယ်"

"ဪ ... အခု ဝင်လိုက်ရင် ရလား"

"ရပါတယ်၊ ဒီအခန်းပါ အစ်ကို"

"ဪ ... တဆိတ်လောက်ကွာ၊ ဒီမှာ ပိုက်ဆံဘယ်လိုပေးရလဲ"

"ဪ ... ပြီးမှ ကျသင့်ငွေ ဘီလ်ပို့ပေးပါမယ်"

"မဟုတ်ဘူးလေ၊ ဘယ်လောက်ကျလဲ၊ ငွေဘယ်လိုယူလဲ လို့ပါ"

"ဪ ... ဒီအခန်းက တစ်နာရီ နှစ်ထောင့်ငါးရာပါ၊ အခန်းအလိုက် ဈေးနှုန်းကွာခြားပါတယ်"

"ဪ ... အင်း ... အင်း၊ ဝင်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ခေါင်းညိတ်ကာ ဘဲလ်လှမ်းတီးလိုက်ပုံ ပေါ်ပါသည်။ အခန်းတစ်တံခါးက ပွင့်ဟလာကာ မိန်းကလေး တစ်ယောက်က တံခါးဝမှ အပြုံးနှင့် ရပ်ကြိုနေပါသည်။ ရေစိုနေသော ရွှေဘုန်းလက်ျာကို တအံ့တသြ မျက်လုံးပြူးနှင့်ပင် အခန်းထဲ ရောက်လျှင် တံခါးပိတ်လိုက်၏။

အခန်းထဲမှာတော့ တီဗီနှင့် ဗီစီဒီ၊ သားရေဆိုဖာသုံးလုံး၊ မှန်စားပွဲငယ် နှစ်လုံး၊ ဗီစီဒီခွေများ ထည့်သည့်စင်၊ အဲကွန်း တပ်ထား၍ အခန်းက အေးနေရာ စိုလာသော သူ့မှာ ချမ်းစိမ့်သွားပါသည်။

"အစ်ကို အဝတ်တွေ စိုလာပါလား"

"ဟုတ်ကဲ့ ... ဟို ... ကျွန်တော် မိုးမိလာလို့"

"ဘာမှာပေးရမလဲ အစ်ကို၊ အပူ အအေး၊ ဘီယာ၊ လေကာ မှာလို့ရတယ်နော်၊ အဲကွန်းလည်း ပိတ်ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့၊ ဟို ... ကော်ဖီပူပူ တစ်ခွက်လောက်"

ကောင်မလေးက အပြင်ထွက်သွားကာ သွားမှာပြီး ပြန်ဝင်လာပါသည်။ ဆိုဖာတစ်ခုမှာ ဝင်ထိုင်ကာ ...

"အစ်ကို ဘာသီချင်း ဆိုမလဲ"

"သြော် ... ဟို ... ကျွန်တော် မဆိုတော့ပါဘူး"

"ဟင်"





ကောင်မလေးက ဟာသတစ်ခုကို ပွဲကျသလို တဟင်းဟင်း ရယ်နေကာ ...

"ဒါဖြင့် ညီမ ဆိုပြရမှာလား"

"သြော် ... အဲဒီလို ဆိုပြရသလား"

"အစ်ကိုကဆို ဆိုရင် ဆိုရမှာပေါ့၊ အဲလို ဆိုပြရရင်တော့ အစ်ကိုက သောက်ဆူးပေးရမှာပေါ့"

"ဟုတ်လား၊ မဆိုပြပါနဲ့တော့"

ကောင်မလေးက သူ့ပခုံးကို လက်သီးဆုပ်နှင့် ရုတ်တရက် မနာမကျင် ခပ်ဖွဖွ ထုလိုက်ကာ ...

"ဟင် ... အစ်ကိုလည်း မဆို၊ ညီမလည်း ဆိုမပြရ၊ ဒီလိုချည်း ဒီအခန်းထဲ ဘာထိုင်လုပ်ဖို့ အစ်ကို လာတာလဲ၊ ကော်ဖီသောက်ဖို့ သက်သက်ဆိုရင် လက်ဖက်ရည်ဆိုင် သွားလို့ ရတာပဲဟာ"

ရွှေဘုန်းလက်ျာရဲ့ နောက်ပြောင်နေဟန် မရှိသော အလေးအနက် မျက်နှာကိုကြည့်ကာ ရယ်ဟဟ ပြောနေသော ကောင်မလေးရဲ့ မျက်နှာလည်း နည်းနည်း တည်တံ့လာပါသည်။

"ဒီလိုပါ၊ ကျွန်တော် ခင်ဗျားကို သောက်ဆူးပေးပါ့မယ်၊ ဒါပေမဲ့ ကျွန်တော် သီချင်းလည်း မဆိုဘူး၊ နားလည်း



www.burmeseclassic.com

www.burmeseclassic.com



မထောင်ချင်ဘူး၊ နည်းနည်းသိချင်တာ မေးမယ်၊ ဗဟုသုတ သဘောလောက်ပါ၊ ရမလား"

"ဘာမေးမှာလဲ"

"ဒီလိုပါဗျာ၊ ကျွန်တော်က ဒီလိုဆိုင်မျိုးလည်း မရောက်ဖူးတော့ ဗဟုသုတ သိချင်တာပါ၊ ဒီဆိုင်မှာ ခင်ဗျားတို့က ဘာလုပ်ရမလဲ၊ အလုပ်တာဝန်ပေါ့၊ ကပ်စ်တမ်မာကို ဘာလုပ်ပေးရမလဲ၊ သူတို့ကကော ဘာတောင်းဆိုလဲ၊ လခဘယ်လောက်ရလဲ၊ ဘယ်လိုစည်းကမ်း နားလည်မှုတွေရှိလဲ၊ အဲဒါတွေပါ"

"ရှင်က ဘာလုပ်မလို့လဲ၊ ရှင်က ဘာလဲ၊ ထောက်လှမ်းရေးလား"

"မဟုတ်ပါဘူး၊ ကျွန်တော့်ညီမ တစ်ယောက်က ဒီဆိုင်မှာ အလုပ်လုပ်နေပါတယ်"

"သြော်"

"အဲဒါ ဒီမှာလုပ်တာကို သူ မပြောဘဲ ညာထားတယ်၊ ကျွန်တော် ခုမှသိရတာနဲ့ ဝင်လာတာ၊ အစကတည်းက သူက ညာထားတော့ သူ့ကိုမေးရင်လည်း အမှန်မသိရမှာစိုးလို့ ခင်ဗျားဆီက မေးကြည့်တာ"





"ရှင့်ညီမက ဘယ်သူလဲ"

"မပြောလို့ မရဘူးလားဗျာ"

"မရဘူး၊ ရှင်ပြောတာ ဟုတ်မဟုတ် သိချင်လို့ ညီမနာမည်မေးကြည့်တာ၊ ဒီမှာ ဘယ်အခန်း ဘယ်သူဆိုတာ ကျွန်မသိတယ်၊ ရှင်ပြောတဲ့နာမည် မှန်ရင်တော့ ယုံရမှာပေါ့၊ အဲဒါဆိုရင်တော့ ပြောပြဖို့ သိပ်အပန်းမကြီးပါဘူး"

"ကျွန်တော့်ညီမက အညွန့်ပါ"

"သြော် ... ဟိုလူသစ်လေးပဲ၊ အဲဒီကောင်မလေးက တော်တော်ချောတယ်နော်၊ အလုပ်ဝင်တာ လေးငါးခြောက်ရက်ရှိဦးမှာ၊ လူကြိုက်များတယ်၊ အခန်း ၁၀ မှာလေ၊ တအားလှတော့ အခု အဲဒီအခန်းကို လူကြိုက်များနေတယ်"

"သူတို့ ခင်ဗျားတို့က ဘာလုပ်ရတာလဲဗျာ"

"ကိုယ့်အခန်း တာဝန်ကျတာပေါ့၊ ကိုယ့်အခန်းကိုလာတဲ့ ဧည့်သည်တွေကို ဆော့ဗ်လုပ်ရတာပေါ့၊ သူတို့ မှာစားတာတွေ အပြင်ကို မှာပေး ယူပေး ထည့်ပေးပေါ့၊ ဧည့်သည်တွေ သီချင်းဆိုဖို့ ဗီစီဒီတွေထည့်ပေး၊ လဲပေးရတာပေါ့၊ သူတို့က ကိုယ့်ကို ဆိုခိုင်းရင်လည်း ဆိုပြရတာပေါ့"

"ဒါပဲလား"

"ဒါပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းသည်တွေက အရက်လည်း မှာသောက်လို့ ရနေတော့ ထိကပါး ရိကပါး မလုပ်ဘူးလား"

ကောင်မလေးက လှပသော မျက်စောင်းလေးထိုးရင်း …

"ဒါတော့ လူပေါ်မူတည်တာပဲ၊ ထိကပါး ရိကပါးလုပ်တဲ့ ညည်းသည်လည်း လုပ်တာပေါ့၊ မလုပ်တဲ့လူလည်း မလုပ်ဘူးပေါ့၊ ရှင့်လိုပေါ့"

"ကျွန်တော်လို ညည်းသည်ကတော့ မရှိနိုင်ဘူးလေ၊ ကျွန်တော်က ဘာမှလုပ်ဖို့ လာတာမှ မဟုတ်ဘဲ၊ ဒီလိုအခန်းတွေမှာ ဈေးကြီးပေးပြီး သီချင်းဆိုဖို့ လာတယ်ဆိုတာ သူတို့အတွက် တစ်ခုခု ထူးတာရလို့နေမှာပေါ့ဗျာ၊ လာတာတွေကလည်း အမျိုးသားတွေချည်းပဲမို့လား"

"အင်းပေါ့ … များသောအားဖြင့်တော့ ယောကျ်ားတွေချည်းပဲ လာတာပဲ၊ တစ်ယောက်တည်း လာတာလည်း နည်းတယ်၊ နှစ်ယောက်၊ သုံးယောက်၊ တစ်ခါတလေ အုပ်လိုက်ကြီး၊ အဲလိုလူအများကြီးဆန့်တဲ့ အခန်းကျယ်ကျတော့ ဈေးများတယ်"

"မိန်းမတွေ မလာကြကတည်းက ရှင်းနေတာပဲဗျာ"





"ဘာရှင်းနေတာလဲ ရှင်က၊ ဒီမှာ ဆိုးဆိုးဝါးဝါး ဘာမှ လုပ်လို့မရဘူး"

"မဆိုးမဝါးကော"

"ဒါတော့ ရှင်လည်း ယောကျ်ားပဲ၊ လက်ကိုင်တယ်၊ သူတို့နား ထိုင်ခိုင်းတယ်၊ တစ်ခုခုခိုင်းရင် ထိတို့ ပုတ်ပြီး ခိုင်းတယ်၊ ဒါတွေရှိတယ်၊ ဆိုးဆိုးဝါးဝါးတော့ ကျွန်မတို့ကလည်း ဘယ်လက်ခံမလဲ"

ကောင်မလေး ထိန်းထိန်းသိမ်းသိမ်း ပြောနေတာကိုလည်း နားလည်ကာ ဘယ်လောက်အနေအထား ရှိမည်ကိုလည်း မှန်းဆကြည့်နိုင်သည်။

"လခ ဘယ်လောက်ရလဲ"

"ဟင်း ဟင်း၊ အခြေခံလစာ ငါးထောင်ထဲရယ်"

"ဟင် နည်းလှချည်လား"

"ညည်းသည်မှာစားတဲ့ အစားအစာ ဘီလ်ပေါ်က ရာခိုင်နှုန်း ရတယ်၊ ပြီးတော့ ညည်းသည်ကပေးသွားတဲ့ ဘောက်ဆူး ရတယ်၊ လုံးဝပိုက်ဆံမရသလောက်ပဲလို့ ပြောနိုင်တဲ့နေ့ တောင် တစ်ထောင် ထောင့်ငါးရာ ရတယ်"

တစ်လ ဆိုရင် အနည်းဆုံး လေးသောင်းလောက် ဝင်ငွေရှိမည်သာ ဖြစ်သည်။ ဒါပေမဲ့ ရိုးရိုးကလေး စားစား



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် ဝင်လာတဲ့ ယောကျ်ားအုပ်စုကို မိန်းကလေးတစ်ယောက်တည်းက အခန်းထဲမှာ ပြုစုယုယ Serve လုပ်ရတဲ့အလုပ်။ ယဉ်ကျေးသူ လာနိုင်သလို ရိုင်းစိုင်းသူလည်း လာနိုင်သည်။

အဆင့်ရှိသူ လာနိုင်သလို အဆင့်မရှိသူလည်း လာနိုင်သည်။ မိန်းကလေးကို ရိုးရိုးသားသား သက်ညှာဆက်ဆံသူ ရှိနိုင်သလို အခွင့်အရေးယူ လက်တည့်စမ်း ဆက်ဆံသူလည်း ရှိနိုင်သည်။ ဘယ်လိုတွက်တွက် ပတ်ဝန်းကျင် အထင်လွဲလောက်သည့် အထင်မကြီးလောက်သည့် အလုပ်မျိုး ဖြစ်ပါသည်။

ရုပ်ရည်လေး ဘမ်းပြဆွဲဆောင်ရမည့် အလုပ်မို့လည်း အချောအလှတွေကို ခန့်ထားရတာ ဖြစ်မှာပေါ့။ ဒီကောင်မလေးလည်း အတော်ချောမောလှပပါသည်။

"ကျွန်တော် ပြန်ချင်ပြီ၊ ဘီလ်တောင်းပေးပါဗျာ"

ဘီလက်ရောက်လာလျှင် အခန်းခ နှစ်ထောင့်ငါးရာ၊ ကော်ဖီတစ်ခွက် ငါးရာနှင့် သုံးထောင်ကျသည်။

"ကော်ဖီတစ်ခွက်က ငါးရာတဲ့လားဗျာ"

"ဒါတော့ ရှင် တစ်ရာလောက်ပဲ ပေးသောက်ချင်ရင် လက်ဖက်ရည်ဆိုင်မှာ သွားသောက်ပေါ့ရှင်"

ရွှေဘုန်းလက်ျာက ပိုက်ဆံသုံးထောင်နှင့်အတူ ...





"အခု ခင်ဗျားနဲ့ မိနစ်နှစ်ဆယ်လောက် စကားပြောတာ ဘောက်ဆူးက ငါးရာပေးရင် ရလား"

"ဒါတော့ ရှင်ပေးချင်သလောက် ရရမှာပေါ့၊ ရပါတယ်၊ ပေးမနေပါနဲ့ရှင်၊ ရှင့်ညီမအတွက် ရှင်စိုးရိမ်ပူပန်ပြီး လာစုံစမ်းတာ ကျွန်မ သိနေမှတော့ နေရင်းထိုင်ရင်း ဘောက်ဆူးယူမနေချင်တော့ပါဘူး"

"မဟုတ်တာဗျာ"

သူက သုံးထောင့်ငါးရာကို စားပွဲပေါ် ချထားလိုက်ပါသည်။ ကောင်မလေးကို သွားမယ်နော်ဟု နှုတ်ဆက်ကာ ကောင်မလေး ဖွင့်ပေးသော အခန်းတံခါးမှ သူ လှမ်းအထွက်တွင် ဝန်ထမ်းယူနီဖောင်းနှင့် လူရွယ်တစ်ယောက် ကောင်တာဆီပြေးလာကာ ...

"အခန်းတစ်ဆယ်မှာ ပြဿနာတက်လို့ဟေ့၊ ဆရာ့ကို ခေါ်လိုက်"

ကြားလိုက်ရတဲ့ စကားကြောင့် ရွှေဘုန်းလက်ျာ ခြေလှမ်းတုံ့ မျက်လုံးပြူးသွားရသည်။ ကောင်တာက လူငယ်ဖုန်းတစ်ချက် နှိပ်လိုက်ရုံနှင့် နောက်ဘက်အခန်းတံခါးတစ်ခုပွင့်ကာ အသက်သုံးဆယ်ကျော် လူတစ်ဦး ထွက်လာပါသည်။

"ဘာလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းတစ်ဆယ်မှာ ဆရာ၊ ရုန်းရင်းဆန်ခတ်ဖြစ်လို့"

"ဘာဖြစ်တာလဲ"

"ဘာလုပ်လို့လဲ မသိဘူး ဆရာ၊ ကောင်မလေးက ပါးရိုက်တာ ဆိုလား မသိဘူး တိုင်တယ်၊ လူသစ်လေ ဆရာ"

သူတို့တွေ ခြေလှမ်းကျဲနှင့် သွားရာသို့ ရွှေဘုန်းလက်ျာက ကပ်ကာပါသွားသည်။ ရင်ထဲ၌လည်း သောကရော ဒေါသရော ရောယှက်ဗလောင်ဆူကာ ပွလောင်နေပါသည်။

"ဟော့လူ ... ဟော့လူ ... ခင်ဗျားက ဘာလဲ၊ ဘာလို့လိုက်လာတာလဲ"

"အဲဒီအခန်းတစ်ဆယ်က ကျွန်တော့်ညီမဗျ"

"ဟာ ... ဘာတွေ လာရှုပ်နေတာလဲ၊ ဘာတွေလဲ၊ ခင်ဗျားက ဘာလာလုပ်တာလဲ"

"သူက အခန်းတစ်က ထွက်လာတဲ့ ကပ်စ်တမ်မာပါ"

"ဟင် ... နေပါဦး၊ ခင်ဗျား ညီမက ! "

"အညွှန့်"

"နေဦးလေ၊ ခင်ဗျား ဝင်လိုက်မလာနဲ့ဦး၊ ရန်တွေ ဖြစ်ကုန်ဦးမယ်၊ ဒီမှာ ရုန်းရင်းဆန်ခတ်တော့ လာလုပ်လို့ မရဘူးနော်၊ ဟော့ကောင် ... သူ့ကို ဆွဲထားစမ်း"





အပြင်မှာတင် ရွှေဘုန်းလက်ျာနှင့် ဝန်ထမ်းတို့ ရုန်းရင်းဆန်ခတ်ဖြစ်ပြန်ကာ မန်နေဂျာ ဖြစ်ဟန်တူသူက အခန်းတစ်ဆယ်ထဲ ဝင်သွားပါသည်။ အခန်းထဲမှ အပြန်အလှန် အော်ဟစ်ဖြေရှင်း တိုင်တန်းသံတွေကြားမှ အညွှန့် အသံကို ကြားလိုက်ရလျှင် သူ ပွထူသွားကာ ...

"အညွှန့် ... အညွှန့် အပြင်လာစမ်းကွာ"

သူသည် သူ့ကိုကာထားသော လူငယ်ကို တွန်းထိုး၍ အခန်းတံခါးကို ဖွင့်ကာ ဝုန်းခနဲ ဝင်သွားပါသည်၊ သူ့ကိုမြင်သည်နှင့် တဆတ်ဆတ်တုန်သော ခန္ဓာကိုယ်ကလေးနှင့် မနည်းမာန်တင်းရပ်တည်နေသော အညွှန့်က သူ့ထံ လှစ်ခနဲ ပြေးဝင်လာသည်။ ရွှေဘုန်းလက်ျာသည် သောကဒေါသစိတ်မောတို့နှင့် အညွှန့် ပခုံးကို ဆီးဖက်ထားလိုက်ရင်း ...

"ဘာဖြစ်လဲ အညွှန့်၊ သူတို့ ဘာလုပ်လဲ"

"အညွှန့်ကို သူတို့ ဘေးကို အတင်းဆွဲခေါ်ကပ်ထိုင်ပြီး ဖက်တယ်၊ ပြီး ... ပြီးတော့ ပါးလိမ်ဆွဲတယ်၊ ပြီးတော့ ဖက်နမ်းမလို့လည်း လုပ်တယ်"

"ဟာ ... တောက်၊ ခင်ဗျားတို့ ဒီလူတွေကို ဒီလိုပဲ ခွင့်ပြုသလား၊ ဒီလောက်တောင် မိုက်ရိုင်းရသလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုန်းလက်ျာက ရှုးရှုးရှားရှား ဖြစ်လာ၍ ကပ်စ်တမ်မှာထဲက လူတစ်ယောက်က ခပ်မှုံးမှုံးရပ်နှင့် ရှေ့တိုးကာ ...

"ဟော့ကောင် ... မင်းက ဘာကောင်လဲ၊ ကိုကြည်စိုး ... ဒါဘယ်ကကောင်လဲ၊ ကျုပ်တို့က လာနေကျ ဖောက်သည်တွေနော်၊ ဒီကောင်မလေးက ဆတ်ဆတ်ထိမခံ နိုင်လွန်းတယ်၊ ဒီကောင်ကကော ဘယ်ကလဲ"

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ဒီကောင်မလေးက ဒီလကုန်ကမှ ရောက်တာ ခင်ဗျားတို့လည်း သိပါတယ်၊ နားမလည်လို့ပါ"

"ဟာ ... ဒီလိုနဲ့ ပြီးလို့ရမလား၊ ဟောဒီမှာ ဒီကောင့်ပါးကို ဖြန်းခနဲ ရိုက်ချလိုက်တာ၊ ဘာမှတောင် မလုပ်ရသေးဘူး"

"ဒါ ဘာမှမလုပ်ရသေးဘူးလား၊ မိန်းမပျိုတစ်ယောက်ကို ဖက်လားနမ်းလား ပါးဆွဲနားဆွဲလား လုပ်တာ ဘာမှမလုပ်တာလား၊ ခင်ဗျားတို့ နမတွေကို အဲဒါမျိုး အချိန်မရွေး လုပ်လို့ရလား"

"ဘာ ... ဟော့ကောင်"

ထိုလူက ရှေ့တိုးကာ ရွှေဘုန်းလက်ျာကို ထိုးမလို ကြိတ်မလို ပြင်သည်။ နှစ်ဦးနှစ်ဖက်ကို လူအင်အားနှင့် ဗိုင်းဆွဲထားကြရပါသည်။





"ငါတို့ ညီမတွေ ဒီအလုပ် လာမလုပ်ဘူးကွ၊ နားလည်လား၊ မင်းညီမ ဘာလို့ လာလုပ်လဲ၊ ဒီလိုအကိုင်ခံဖို့လာလုပ်တာပဲ မဟုတ်ဘူးလား"

"ခင်ဗျား ... ခင်ဗျားကြီး ဒီလိုမိုက်မိုက်ရိုင်းရိုင်း ခွေးစကားမပြောနဲ့ဗျ၊ ဒါတွေလုပ်ရမှန်း မသိလို့ အလုပ်ဝင်မိလို့သာ သူ မခံဘဲ ပါးပြန်ရိုက်တာပေါ့၊ သူတစ်ပါး သားပျိုသမီးပျိုကို ဒီလိုစော်ကားချင်ရင် ပါးရိုက်တာမက ခံသင့်သေးတယ်"

"ဟော့လူ ... ခင်ဗျားပါးစပ် ပိတ်ထား၊ အညွှန့် နှင့်အစ်ကို ဘာလာရှုပ်တာလဲ ... တောက်၊ ဇာတ်လမ်းကရှုပ်တယ်၊ နင်အခု ဒီအစ်ကိုကြီးတွေကို ပြန်ပြီးတောင်းပန်လိုက်စမ်း"

"မတောင်းပန်နိုင်ဘူး၊ ကျွန်မ ... ကျွန်မက ဓာတ်ပြားဖွင့်ပေး သီချင်းကူဆိုပြ အစားအစာဆော့ဗ်လုပ်ပေး၊ ဒီလိုပဲထင်လို့ ဒီအလုပ်ကို ဝင်တာ"

"အေးလေ ... နင်လည်း မရှိလို့ လုပ်စားတာပဲမှလား၊ နင်လည်း ဘောက်ဆူးတွေ ဒီလောက်ရနေတာ၊ နည်းနည်းပါးပါး သည်းခံပါလား၊ ပွဲပါသွားသလား"

"အေးလေ ... မင်း ဒီလောက် အကဲပါနေရင် အထိမခံနိုင်ရင် ကိုယ့်အိမ်ထဲ ကိုယ်ထိုင်နေ ဘာမှလုပ်မစားနဲ့၊ ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com



မို့း လာလုပ်စားပြီး ဒီလောက်လာပြီး အကြောတင်းမနေနဲ့၊ အခု တောင်းပန်စမ်း"

အညွန့်သည် အံကိုကြိတ်ကာ မျက်ရည်ပြည့်သော မျက်လုံးကြီးတွေနှင့် ထိုလူကို စူးစူးရဲရဲ ကြည့်ရင်း ...

"ရှင်တို့သာ ကျွန်မကို တောင်းပန်၊ ရှင်တို့လို တိရစ္ဆာန်စိတ်ရှိတဲ့ ဟာတွေကို တစ်သက် မတောင်းပန်ဘူး ... ထွီ"

"တောက် ... ဒီဟာမ"

ဝုန်းဝုန်း ဝုန်းဝုန်းနှင့် ရှေ့တိုးတဲ့လူကတိုး ဆွဲတဲ့လူကဆွဲ၊ တခြားက ဝန်ထမ်းတွေပါ ပြေးလာကာ လူချင်းခွဲပြီးနောက် မန်နေဂျာက အညွန့်ကို ဆွဲခေါ်ထုတ်သွားပါသည်။ အညွန့်သည် ငိုက်စိုက်စိုက် ပါသွားရင်း ရွှေဘုန်းလက်ျာလက်ကို မလွှတ်၍ သူပါ တစ်တန်းတည်း ပါသွားသည်။

ဟိုအခန်းထဲမှာတော့ တောင်းပန်သံတွေ၊ ရန်လုပ်သံတွေ ဆူညံနေလျက် နောက်ထပ် မိန်းကလေး တစ်ယောက်ကို ခေါ်၍ ထည့်ပေးလိုက်ကြပါသည်။ မန်နေဂျာရုံးခန်းထဲရောက်လျှင် မန်နေဂျာက ဒေါသသံနှင့် ...

"ဒီမယ် ... မင်းကို ငါ အလုပ်ထုတ်တယ်"

"ဦးကြည်စိုး ထုတ်မနေနဲ့၊ ပင်ပန်းတယ်၊ ကျွန်မက ကျွန်မဘာသာ ထွက်ပြီးသား"





"မင်းက ဒီလိုလား၊ အေးလေ၊ ဒါဆိုရင်လည်း မင်းကို အဝတ်အစားဖိုး ထုတ်ပေးထားတဲ့ ပိုက်ဆံလေးသောင်း ခုချက်ချင်းဆပ်၊ ဟိုကောင် ပြန်ယူ၊ ဒီပိုက်ဆံ မဆပ်မချင်း မင်း ဒီက မပြန်ရဘူး"

ရွှေဘုန်းလက်ျာသည် အညွန့်ကို ထားခဲ့ဖို့သာ စိတ်မချနိုင်သော်လည်း ပိုက်ဆံပြန်ဆပ်ဖို့ကို တစ်ထိုင်တည်း ဆုံးဖြတ်ပြီး ဖြစ်သည်။

"ဘာဖြစ်လို့ ဆပ်ရမှာလဲ၊ လုံးဝမဆပ်နိုင်ဘူး"

"ဟာ ... မဆပ်ရင်၊ မင်း မပြန်နဲ့၊ ဒါပဲလေ"

"ဒီအဝတ်အစားတွေ မက်လို့လည်း မဟုတ်ဘူး၊ ဒီလိုလည်း စော်ကားခံရသေး၊ လျော်ပြီးမှ အလုပ်ထွက်ရသေးဆိုရင် ဦးကြည်စိုး မတရားသဖြင့်လုပ်တာ ငုံ့မခံနိုင်တာ"

"ဒါ နင့်အပြစ်ပဲ၊ နင်သည်းတာပဲ၊ ပါးလေးဆွဲတာ ဘာဖြစ်သွားလဲ"

"ဦးကြည်စိုးနှမကို ဦးကြည်စိုးမိန်းမကို ဦးကြည်စိုးသမီးကို ယောကျ်ားသုံးလေးယောက် ဝိုင်းပြီး ပါးဆွဲနားဆွဲရင်ကော ရှင် ဒီလိုပဲ ငြိမ်ခံနိုင်းမှာပဲလား၊ နှမချင်း သမီးချင်းစာပါ၊ ဣန္ဒြေသိက္ခာနဲ့ နေလာတဲ့ မိန်းကလေးအဖို့တော့



www.burmeseclassic.com

www.burmeseclassic.com



အဖက်လောက် ခံရရင်လည်း အသက်ချင်း လဲသင့်လဲမှာပဲ၊ ရှင့်အမျိုးတွေ ကျရင်တော့ ဘယ်အခြေအနေထိ ငြိမ်ခံမလဲ ကျွန်မ မသိဘူး"

"တောက် ... အတော်လူပါးဝတဲ့ ဟာမ၊ နင် ဒီပိုက်ဆံ မဆပ်ဘဲ လုံးဝ ဒီကမပြန်ရဘူး ဒါပဲ"

"ဒီပိုက်ဆံက ရှင်တို့ အဝတ်ဝယ်ခိုင်းလို့ ဝယ်လိုက်တာ ရှိတော့တာမှ မဟုတ်ဘဲ၊ အဲဒီအင်္ကျီထဘီတွေ ယူမယ်ဆိုရင်တော့ လာပို့မယ်၊ ကျွန်မ အလုပ်ဝင်ဖို့ လာလျှောက်တော့ တကယ်ပဲ နားမလည်လို့ ဗဟုသုတမရှိလို့ ဘာတွေများ လုပ်ရပါမလဲ၊ ဆိုးဆိုးဝါးဝါးများ ရှိသလားလို့ မေးပါတယ်၊ ဘာမှ မလုပ်ရပါဘူး၊ သီချင်းလေး ဖွင့်ပေး ဟိုဟာယူပေး ဒီဟာယူပေး လုပ်ရတာပါ၊ သူများကို Scrave လုပ်ရတာမျိုး ဂုဏ်ငယ်တယ် ထင်ရှင်တော့ မဖြစ်ဘူးပေါ့လို့ ဦးကြည်စိုး ပြောလို့ အလုပ်ဝင်ခဲ့တာ ...

ကျွန်မက ဒီကပြန်တာနဲ့ နီးရာရဲစခန်းဝင်ပြီး တိုင်မှာပါ၊ မသိနားမလည်ပဲ ရိုးရိုးသားသား အလုပ်ဝင်တဲ့ မိန်းကလေးတွေကို အဖက်မခံ အနမ်းမခံလို့ ရှင်ဒီလိုဘီလူးကြိမ်း ကြိမ်းတာတွေ ပြောပြမှာပါ၊ ကာရာအိုကေခန်းထဲ





မှာ မူးနေတဲ့ ယောကျ်ားတွေဟာ ပေါက်ကရတွေ ရိုင်းရိုင်းစိုင်းစိုင်းတွေ မိန်းမပျိုလေးရှေ့ ပြောပြီး ဟိုကိုင်ဒီကိုင် ဟိုပုတ်ဒီပုတ် လုပ်တာတွေ တိုင်မှာ ...

အညွန့်ကို ကြောက်ကြောက်နဲ့ ငြိမ်ခံမဲ့ မိန်းမလိုတော့ ဦးကြည်စိုး မထင်လေနဲ့၊ ဆင်းရဲလို့ လုပ်စားတာ၊ ဒါပေမဲ့ ရိုးရိုးသားသားပဲ လုပ်စားမှာ၊ ကိုယ့်ကို အထိပါးခံပြီး ငွေရှာမဲ့ အစားထဲ မပါဘူး၊ ဒါကို ဦးကြည်စိုး မှတ်ထားပါ၊ ရှင့် အဝတ်အစားဖိုးကိုလည်း မဆပ်ဘူး၊ အလုပ်ကလည်း ထွက်မယ်၊ အဲဒီအပြင် ကျွန်မကို ကြိုအသိမပေးဘဲ ခုလို ထိကပါး ရိကပါး အလုပ်ခံရတဲ့ထိ ဖြစ်အောင် ရှင်တို့ ဒီလူတွေကို ခွင့်ပြုထားတာအတွက် ကျွန်မကို တောင်းပန်ပါ ...

မတောင်းပန်ဘူး ဆိုရင်တော့ ရှင်တို့ရဲ့ Dream Palace ကာရာအိုကေခန်းတွေအကြောင်း ကျွန်မ ရဲကိုတိုင်မယ်"

ဦးကြည်စိုး မျက်နှာမှာ ပျက်ထွက်သွားရပါသည်။ တင်းတင်းမာမာ အထက်စီး မျက်နှာထားမှာလည်း ချက်ချင်း လျော့ကျသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကလည်းဟာ၊ ဘာပဲလုပ်စားစား စိတ်ကိုလျှော့ထားမှပေါ့၊ ခုလိုဟာက မတော်တဆ ဖြစ်တာပါ၊ ဒီကောင်တွေ မူးလို့ ဖြစ်မှာပါ၊ တခြားအခန်းက နင်တို့ဘာပြဿနာ ကြားလို့လဲ၊ နင့်စိတ်လေးကလည်း ဆတ်လို့ပါ၊ ငါတို့လည်း ကိုယ့်ဆိုင်က မိန်းကလေးကို ဒီလိုလုပ်တာ ဘယ်ကြိုက်ပါ့မလဲ"

"ဒါဖြင့် ဘာလို့ ကျွန်မဘက်က မရပ်လဲ၊ ညည့်သည်တွေ စိတ်ဆိုးမှာ ငွေမရမှာကို မိန်းကလေးတစ်ယောက် နစ်နာမှာ စော်ကားခံရမဲ့ကိစ္စထက် ရှင်တို့ အရေးထားတယ်"

"အေးပါဟာ၊ ရတ်တရက်တော့ နင် ပါးရိုက်တာကပဲ ပေါ်လွင်တာကိုး၊ ဘာပဲဖြစ်ဖြစ် ရန်းရင်းဆန်ခတ် ဖြစ်ရတာတော့ ဘယ်ကောင်းမလဲ၊ ဒါကြောင့် ကိုယ့်လူ ကိုယ့်တပည့်ကိုပဲ ဆူမိတာပေါ့၊ နင် ဟိုတိုင် ဒီတိုင်တော့ မလုပ်နဲ့ဟာ၊ ဘာမှမဟုတ်ဘဲ ပြဿနာတွေ ရှုပ်မယ်၊ ကဲ ... ပြော ပြော ... နင် ဒီလိုသိက္ခာကျရတဲ့အတွက် ငါတို့ဘယ်လိုပေးလျော်ရမလဲ၊ နင် ဒီကအလုပ်လည်း ထွက်မယ်ဆိုတော့ မုန့်ဖိုးဘောက်ဆူး ပေးလိုက်မယ်လေ၊ မုန့်ဖိုးဘယ်လောက်ယူမလဲ ပြော"





အညွန့်က မဲပြုံး ပြုံးရင်း ...

"မလိုပါဘူး ဦးကြည်စိုး၊ ကျွန်မလို အရှက်သိက္ခာထိန်းသိမ်းတဲ့ မိန်းမကောင်းတစ်ယောက်ကို ထိန်းသိမ်းရကောင်းလားလို့ မာန်မဲဟိန်းဟောက် ကြိမ်းမောင်းမိတာ မှားကြောင်း ဝန်ခံပြီး တစ်သက်စာအတွက် တောင်းပန်ပါ"

"ဟင် ... ...၊ ကဲ ... ကဲ ... နင့်လို မိန်းမကောင်းလေးကို ဒီလိုကြိမ်းမောင်းမိတာ မှားပါတယ်ဟာ၊ နင်ရှေ့လျှောက် ဒီလိုပဲ ဆက်ထိန်းသိမ်းသွားနိုင်ပါစေ၊ မ,ဖုရားလေးရယ်၊ ကျေနပ်ပါဟာ၊ ငါလည်း ပိုင်ရှင်မဟုတ်၊ ငါလည်း လုပ်စားရတာ ခေါင်းရှုပ်လွန်းလို့ ဒုက္ခထပ်မပေးပါနဲ့၊ ဘယ်မှမတိုင်ပါနဲ့ မတန်းပါနဲ့၊ ကဲ ... ကြွ ... ကြွ၊ ပြန်တော့"

အညွန့်နှင့် ရွှေဘုန်းလက်ျာ လက်ချင်းဆုပ်တွဲထားတဲ့အတိုင်းပင် ချာခနဲလှည့်၍ ဆိုင်ပြင်ကို ထွက်လာခဲ့ကြပါသည်။ ခုနက နည်းနည်းစဲသွားတဲ့ မိုးဟာ ခပ်ဖွဲဖွဲကလေး ပြန်ရွာလာပါသည်။

ခြံပြင်ရောက်တဲ့အခါ လက်ချင်းဆုပ်တွဲထားတာကို မဖြုတ်ဖြစ်ဘဲ ပလက်ဖောင်းပေါ်မှာ ရပ်ရင်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေမိကြပါသည်။ ထိုအကြည့်ထဲမှာ စကားတွေ အများကြီးပါပဲ။ တစ်ယောက်ရဲ့ စိုးရိမ်ခြင်း ပူပန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ပေးလိုခြင်း ညှာတာသနားခြင်း ကတိတောင်းခံခြင်း နှစ်သိမ့်အားပေးခြင်း ရောနှောသော အကြည့်တွေနှင့် နောက်တစ်ယောက်ရဲ့ နောင်တရခြင်း တုန်လှုပ်ခြင်း အားကိုးခြင်း မြတ်နိုးခြင်း ဝမ်းနည်းအားငယ်ခြင်း ရောနှောသော အကြည့်တို့ဟာ အပြန်အလှန် ရူးရူးစိုက်စိုက် ဆုံတွေ့နစ်မြောနေပါသည်။

ခေါင်းပေါ်ကျနေတဲ့ မိုးရေစက်တို့ကိုလည်း ဂရုမပြုမိပါ။ တခြား ဘာကိုမှလဲ သတိမရပါ။ ဤအချိန်တွင် တစ်ယောက်ကိုတစ်ယောက် ရင်ထဲ အသည်းထဲမှ လိုအပ်စွာ ရင်းနှီးတောင့်တစွာ အပြန်အလှန် ခံစားနားလည်မှုသာ ရင်ထဲပြည့်သိပ်နေသည်။

"အညွန့်"

"ကိုရွှေဘုန်း"

"နောက်ကို ကိုယ့်သဘောနဲ့ကိုယ် ဘာမှမလုပ်နဲ့တော့နော်၊ အညွန့်မှာ ကျွန်တော် တစ်ယောက်လုံး ရှိတယ်၊ ကျွန်တော့်ကို အညွန့် အားကိုးလို့ရတယ်၊ ကျွန်တော် အညွန့်တို့ကို တစ်သက်လုံး စောင့်ရှောက်မယ်၊ အညွန့်ကို ကျွန်တော် သိပ်ချစ်တယ် သိလား၊ အညွန့် ယုံလားဟင်"

"အညွန့် သိတယ်၊ ယုံပါတယ် ကိုရွှေဘုန်းရယ်"

"အညွန့် လက်ခံလား၊ ကျွန်တော့်ကိုကော အညွန့် ချစ်သလားဟင်"





အညွန့်က မျက်စိလေးကို ခပ်ရှက်ရှက် မှေးမှိတ်ကာ ...

"အညွန့်လည်းလေ ကိုရွှေဘုန်းကို ချစ်မိပါတယ်၊ အားလည်းကိုးပါတယ်"

"တကယ်နော် အညွန့်"

"တကယ်ပါ ကိုရွှေဘုန်းရယ်"

"ပြန်ပြင်လို့ မရဘူးနော်"

"ပြန်ပြင်ရမဲ့ စကားမျိုး မဟုတ်ပါဘူး ကိုရွှေဘုန်းရယ်၊ အညွန့်ရဲ့ ဟိုးရင်ထဲ အသည်းထဲကနေ အညွန့်တို့နဲ့ ဂုဏ်ဒြပ်အဆင့်ချင်း မတူတဲ့ ကိုရွှေဘုန်းကို အတန်တန်ဆင်ခြင်တဲ့ကြားက ချစ်ခဲ့မိတာပါ"

"အား ... ကျွန်တော် ဝမ်းသာလိုက်တာ အညွန့်ရယ်၊ ကျွန်တော် ပျော်လိုက်တာ၊ ကျွန်တော်လေ အညွန့်ကိုလက်ထပ်မယ်၊ အညွန့်တို့ မိသားစုကို မလေးမစား မဖြစ်စေရဘူး၊ အိမ်က ကျွန်တော့် အုပ်ထိန်းသူတွေကို သေချာပြောပြခွင့်တောင်းပြီး လူကြီးစုံရာနဲ့ တလေးတစား လာကြောင်းလမ်းခိုင်းမှာ၊ အညွန့် စကားကို မဖျက်ရဘူးနော်၊ ကတိပေးပြီးသားနော်"



www.burmeseclassic.com

www.burmeseclassic.com



အညွန့်က ဝမ်းနည်းဝမ်းသာ မျက်ရည်လေးလည်ကာ ...

"သြော် ... ဒီစကားက အညွန့်က ပြောရမဲ့သူပါ ကိုရွှေဘုန်းရယ်"

"ဟယ် ... သားလေး"

ရုတ်တရက် အနီးကပ်မှ ပေါ်ထွက်လာသော အလန့်တကြား အသံကြောင့် ရွှေဘုန်းလကျ်ာနှင့် အညွန့်တို့ လန့်ဖျပ် လှည့်ကြည့်မိကြသည်။ ရွှေဘုန်းလကျ်ာသည် ချာခနဲ လှည့်ကြည့်လိုက်သည်နှင့် သူနှင့် လက်တစ်ကမ်းပင် မကွာသော အနီးဆုံး၌ ကပ်၍ ရောက်ရှိနေသော ကြီးကြီး၊ မေမေနှင့် မမကို တွေ့လိုက်ရလျှင် ဒိန်းခနဲ ထုမှုသွားပါသည်။

"သားလေး ... သားလေး"

သူ့ရဲ့ လွတ်နေသော လက်တစ်ဖက်ကို မေမေနှင့် ကြီးကြီးက မလွှတ်တမ်း ဆုပ်ကိုင်လိုက်တော့ကာ ဘာပြောရမှန်း မသိတိုင်း တတွတ်တွတ် ခေါ်နေသံတွေသာ သူ့အနား ဆူညံရှုပ်ထွေးသွားပါသည်။

"ရက်စက်လိုက်တာ သားလေးရယ်၊ လုပ်သွားရက်လိုက်တာ၊ ခု ဘယ်လဲ၊ ကြည့်စမ်း မိုးတွေရွဲနေလိုက်တာ ဖျားတော့မှာပဲ၊ ဟဲ့ ... မြကြာဖြူ သားလေးခေါင်းပေါ် ထီးမိုးပေးစမ်း"





"သူက စိုနေပြီလေ၊ ကြီးကြီးက နေမကောင်းတဲ့ဟာ"

"ဟဲ့ ... လျှာမရှည်နဲ့၊ ထီးက နှစ်ချောင်းတောင်၊ နင် သားလေးကို ထီးမိုးလိုက်၊ သားလေးရယ်၊ ဝမ်းသာလိုက်တာ၊ လာ ... လာ ... အိမ်ပြန်ကြရအောင်နော်၊ တစ်ခါတည်း ပြန်လိုက်ခဲ့"

"ဟုတ်တယ်၊ မင်းကြီးကြီး နေမကောင်းဘူး သိရဲ့လား သားလေး၊ ခုလည်း ဒီခြံထဲက ဆရာဝန်ဆီကို လာတာ၊ ပြန်အထွက်မှာ မင်းနဲ့တန်းတိုးတာ၊ အောင်မယ်လေး ... သမာဓေဝ နတ်ကောင်းနတ်မြတ်တွေ ကယ်မလို့"

ရွှေဘုန်းလကျ်ာသည် ရှန်းမရသော လက်ကို အသာရုန်းရုန်းကြည့်နေရင်း ...

"မဟုတ်ဘူး မေမေ၊ ကျွန်တော် တစ်ခါတည်းတော့ မလိုက်နိုင်သေးဘူး"

"ဘာဖြစ်လို့လဲသား"

"ဒီမှာ ပါသေးတယ်၊ နောက်မှ ပြန်လာပါမယ်၊ ကျွန်တော်လည်း အိမ်ကိုလာဖို့တွေ ပြောစရာတွေ ရှိပါတယ်၊ လာမှာပါ၊ ဒါပေမဲ့ အခုကတော့ ..."

"အမယ်လေး ... ကျွန်တော်တဲ့၊ အပြောအဆိုကအစ စိမ်းနေလိုက်တာ၊ ဒီရှစ်လ ကိုးလလောက်အတွင်း ရုပ်ကအမူ

www.burmeseclassic.com



အရာပါ ပြောင်းသွားလိုက်တာ၊ အသားတွေလည်း ညိုလို့၊ လူကလည်း ပြည့်ဖြိုးကြွခိုင်လို့၊ ငါတို့မှာတော့ တဖိန်ဖိန် တလိန်လိန် သားရယ်၊ မင်း သိပ်ရက်စက်တာ၊ သူက ဘယ်သူလဲ"

ခုမှပင် အညွန့်နှင့် လက်ချင်းတွဲထားတာကို ဂရုပြုမိကြကာ ထိုလက်တွဲထားတာကိုပဲ ကုန်းကြည့် ကိုင်းကြည့်။ ရွှေဘုန်းလက်ယာရဲ့ လက်တစ်ဖက်ကို နှမြောတွန့်တိုနေကြသလို ခုပဲ ဆွဲဖြုတ်လိုက်ချင်သလို လှုပ်လှုပ်ရှားရှား ဖြစ်နေကြလေသည်။

"သူက အညွန့်တဲ့"

"ဘယ်က အညွန့်လဲ"

"ကျွန်တော် ရောက်နေတဲ့အိမ်ကပါ"

"ဟင် ... ဘုရား ဘုရား ... ဒီကောင်မလေးအိမ် မင်းက ဘာကြောင့် ရောက်နေရတာလဲ၊ အစိပ္ပာယ်မရှိတာ၊ လာ ကိုယ့်အိမ်ကိုယ်ပြန်မယ်"

"ဟုတ်တယ်သား၊ ကြီးကြီးကို ဆရာဝန်က စိတ်ချမ်းသာအောင် မနေရင် ဝေဒနာမသက်သာဘဲ ဆိုးဖို့ပဲရှိတယ် ပြောလိုက်တာ၊ ကြီးကြီး နှလုံးရောဂါနဲ့ အိပ်ရာထဲလဲနေတာ လနဲ့ချီနေပြီ၊ ဒီနေ့က နည်းနည်းသက်သာလို့ ဆရာဝန်အိမ် လိုက်ပြတာ၊ ခါတိုင်းက အိမ်ခေါ်ကုရတာ"





"ကဲ ... လာ ... လာ ... မိုးရွာကြီးထဲ သွားကြစို့၊ ဟိုမှာ ကားရော ဒရိုင်ဘာရော၊ လာလေ သား၊ တစ်ခါတည်းသွားကြစို့"

"မဖြစ်သေးဘူး ကြီးကြီး၊ သူ့ကို ဒီလိုချည်း ထားခဲ့လို့ ဘယ်ရမလဲ"

"ဟင် ... သူ့အိမ် သူပြန်မှာပေါ့၊ ဘာလို့ မရရမလဲ"

"သူ့ကို ကျွန်တော် လာကြိုတာ၊ အိမ်ပြန်ပို့ရမှာပေါ့"

"ဘယ်ကလာကြိုတာလဲ၊ မင်းတို့ ဒီထဲက ထွက်လာတာတွေ့တယ်၊ သူက ဒီကာရာအိုကေဆိုင်မှာ ဘာလာလုပ်တာလဲ"

အညွန့်သည် အဘွားကြီးနှစ်ယောက်ထက် သူ့ကို နားလည်စာနာဟန် စိုက်ကြည့်နေသော မြကြာဖြူဘက် ဦးတည်ကာ ...

"အညွန့် ဒီမှာ အလုပ်လုပ်တာပါ"

"ဟယ်"

"ကာရာအိုကေဆိုင်မှာ ! ..."

"ဟုတ်ကဲ့ ... အညွန့် ဒီမှာ ဘာမှမသိဘဲ နားမလည်ဘဲ အလုပ်ဝင်လုပ်မိတာ၊ ခြောက်ရက်ပဲ ရှိပါသေးတယ်၊ ဒီနေ့တော့ အလုပ်ထွက်လာတာပါ၊ ကိုရွှေဘုန်းက စိတ်ပူလို့



www.burmeseclassic.com

www.burmeseclassic.com



လာကြိုတာပါ၊ ကိုရွှေဘုန်း ... လိုက်သွားလိုက်လေ၊ လူကြီးတွေ မိုးထဲ ရပ်စောင့်နေရတာ အားနာစရာကြီး"

"ဟာ ... ဘယ်ဖြစ်ဦးမလဲ၊ အညွန့် တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာပေါ့"

"အညွန့်က ကိုယ့်ဟာကိုယ် သွားတတ် ပြန်တတ်သားပဲ၊ လိုက်သွားပါ ကိုရွှေဘုန်း၊ အညွန့်ကို အားမနာနဲ့၊ လူကြီးတွေ ခုမှ ပြန်တွေ့တာ ဝမ်းသာနေမှာပေါ့၊ တစ်ခါတည်း ခေါ်ချင်မှာပေါ့"

"ဟုတ်တယ် ... ဟုတ်တယ် ... ညည်းကြည့်ရတာလည်း ရွှေဘုန်းလက်ျာ အကြောင်း အစုံသိပြီးသား ဖြစ်ပုံပါပဲ၊ ရွှေလိုဥပြီး ကဏလပ်ပေါ်တင် အမြတ်တနိုးထားတာ၊ ခုကြည့်စမ်း ... ဝတ်စားထားတာ၊ ပုဆိုးကည့်ညွှံစုတ်စုတ်၊ အကျႌက စွပ်ကျယ်သာသာ၊ ငါ ရင်နာလိုက်တာ၊ ငါ့သားပုံစံက နွမ်းပါးနေတာပဲ"

မြကြာဖြူက ကြီးကြီးဘက်လှည့်ကာ ...

"ကြီးကြီး ... အိမ်မှာ ဘာတွေပြောပြီး ဘာတွေမြှုမြင်ဖို့ ကတိပေးထားလဲ မမေ့နဲ့နော်၊ ရွှေဘုန်းလက်ျာကို မဆုံးရှုံးချင်ရင် ဘယ်လိုအကျင့်လုပ်ပါလို့ သမီး ပြောထားသားနဲ့၊





ဘာပဲဖြစ်ဖြစ် ဒီက ညီမလေးကို လမ်းလယ်ကောင် ဒီတိုင်းထားပစ်ခဲ့လို့တော့ ဘယ်ဖြစ်ပါ့မလဲ"

"ဟုတ်ပါတယ် ... ဒါတော့ ကြီးကြီးတို့လည်း ဒီလောက်မရိုင်းပါဘူး၊ အိမ်ပြန်ပို့ပေးရမှာပေါ့လေ"

"နေပါစေရှင်၊ ရပါတယ်၊ ကိုရွှေဘုန်း လက်ကိုလွှတ်တော့လေ၊ အညွန့် ပြန်မယ်"

"ဟာ ... အညွန့် ဒီတိုင်းပြန်လို့ ဘယ်ဖြစ်မလဲ၊ အညွန့် ပြန်တတ်တာ သိပေမဲ့ ပစ်စလက်ခတ် ဆန်လွန်းပါတယ်၊ ကျွန်တော် ပြန်ပို့မယ်"

"မလိုပါဘူး ကိုရွှေဘုန်းရယ်၊ စိတ်ဖြောင့်ဖြောင့် လိုက်သွားပါ"

"ဒီတိုင်းတော့ အညွန့်ကို ပြန်မလွှတ်နိုင်ဘူး၊ မေမေ ... ကျွန်တော်လည်း ခုချက်ချင်းတော့ ဘယ်လိုက်နိုင်မလဲ၊ ကျွန်တော့်ပစ္စည်းပစ္စယ အဝတ်အစားတွေ အညွန့်တို့အိမ်မှာဥစ္စာ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် အဲဒီကိုတော့ ပြန်ရဦးမယ်"

"ဘယ်ဖြစ်မလဲ သား၊ မင်း ပြန်ပေါ်မလာရင် ဘယ်လိုက်ရှာရမှန်းမသိ၊ နောက်တစ်ခါ ထပ်ပျောက်သွားအောင် လွှတ်လိုက်ဝံ့ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အိမ်ကို ပြန်ကို ပြန်လာတော့မှာလို့ ကတိပေးပြီပဲ"

အရင်လို ပျော့ညက်မနေဘဲ တည်တံ့ခိုင်မာသော ရွှေဘုန်းလက်ျာ လေသံကြောင့် အဘွားကြီးနှစ်ဦးသား မျက်ရည့်ပင် လည်လာပါသည်။

"ကဲ ... ဒီလိုလုပ်ပါ မောင်လေးရယ်၊ ကြီးကြီး တကယ်နေမကောင်းတာ အမှန်ပဲ၊ ဒီနားလည်းရပ်ပြီး အချိန်ကြာနေပြီ၊ မင်းကို မေမေနဲ့ ကြီးကြီးတို့ ဘယ်လောက်တမ်းတပူဆွေးတာ မင်း အသိဆုံး ဖြစ်မှာပါ၊ ဒီကညီမလေး အညွန့်ကို မမနဲ့ ဒရိုင်ဘာနဲ့ အိမ်ပြန်ပို့မယ်၊ မင်းပစ္စည်းတွေပါ တစ်ခါတည်း ယူလာခဲ့မယ် ...

မင်းရယ် မေမေရယ် ကြီးကြီးရယ် ကားငှားပြီး အတူအိမ်ပြန်လိုက်"

"ဟုတ်တယ် သား ... ဟုတ်တယ်၊ ကဲ ... ဒရိုင်ဘာခေါ်စမ်း မြကြာဖြူ၊ ကားငှားခိုင်းရအောင်"

ဒရိုင်ဘာကြီးက အနားတွင် အသင့်ရောက်နေပါပြီ။

"ညီမလေး ... မမပြောတာ အဆင်ပြေတယ် မဟုတ်လား"

"သြော် ... ဒီလောက်ပြောတာ မြကြာဖြူရယ်၊ မေးစရာလိုသေးလား"





"အညွန့် ဘာသာ ပြန်နိုင်ပါတယ် မမ၊ တကူးတက ..."

"သူ့ပစ္စည်းတွေလည်း ယူသွားရမှာပဲ၊ တကူးတက မဟုတ်ပါဘူး ညီမရယ်"

အညွန့်သည် ရွှေဘုန်းလက်ျာကို မျက်လွှာစင်းစင်း ပင့်ပင့်လေးနှင့် ငေးခနဲ ကြည့်လိုက်ပါသည်။ ပစ္စည်းတွေပါယူသွားတော့မှာ၊ ကိုရွှေဘုန်းကို ခုတစ်ထိုင်တည်းပဲ အပြီးခွဲရပြီပေါ့နော်။ အိမ်က အပြီးထွက်သွားရတော့ပြီပေါ့နော်။

"အညွန့်"

"ကိုရွှေဘုန်း ... ကြီးကြီးတို့ အန်တီတို့နဲ့ လိုက်သွားလိုက်နော်၊ မမက ပြန်ပို့မယ်ဆိုရင် အရမ်း အဆင်ပြေနေပြီပဲ၊ မပို့လည်း ရပါတယ် မမရယ်၊ ကိုရွှေဘုန်း ပစ္စည်းတွေ တစ်ခါတည်း ယူမယ်ဆိုလို့သာပါ၊ ကဲ ... အညွန့်တို့သွားမယ် ကိုရွှေဘုန်း"

အညွန့်သည် ရွှေဘုန်းလက်ျာ တင်းတင်းကျပ်ကျပ် ဆုပ်ဆွဲထားသော လက်ထဲမှ သူ့လက်ကလေးကို အတင်းဆောင့်ဆွဲ ရုန်းထွက်လိုက်ပါသည်။ ရွှေဘုန်းလက်ျာကို သပ်ဖြွယ်ကြည့်တော့။ သူ့ရဲ့ စိတ်အားကို ခုချိန်ကစပြီး သူ မာန်တင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်တောက်ပနေသော မှာခ်တူးကားကြီး နောက်ခန်းကို မြကြာဖြူ ဖွင့်ပေး၍ အညွန့် ဝင်ထိုင်အပြီး၌ ရွှေဘုန်းလက်ျာက မြကြာဖြူ အနား လှစ်ခနဲကပ်ကာ ...

"မမ ... ဟိုမှာ ဗီဒီယိုရုံ ဖွင့်ထားတဲ့ တီဗီတွေ စက်တွေ ဘာမှယူမလာနဲ့နော်၊ အဲဒီအလုပ်က စီးပွားရေးကလေးလို ခိုင်နေပြီ၊ အညွန့်တို့ မိသားစု ..."

မြကြာဖြူက ရွှေဘုန်းလက်ျာကိုကော ဝင်ပြောမည် ပြင်သည့် အညွန့်ကိုရော လက်ဝါးလေးကာရင်း ...

"စိတ်ချ မောင်လေး၊ တကယ်က ညီမလေးကို အိမ်လိုက်ပို့ရုံပါ၊ အဝတ်အစားတွေ ယူမယ်ဆိုတာလည်း ခရီးကြုံပါ၊ ဘာမှ ပြန်မသယ်လာသေးလည်း ရတာပဲ၊ လုံးဝမတွေ့တော့မှာလည်း မဟုတ်ဘူးလေ၊ မမ ဘာလုပ်ရမလဲ နားလည်တယ်၊ မောင်လေး ... စိတ်ချ၊ မင်းသာ ကြီးကြီးတို့နဲ့ပြန်တော့"





## ၁၀

နေ့တိုင်းပဲ မျှော်ခဲ့မိပါသည်။

နေ့တိုင်းကနေ ရက်သတ္တပတ်၊ ရက်သတ္တပတ်တို့မှ လကိုစွန်းခဲ့သည်အထိ နံနက်ခင်းမှာ ရောက်လာမလား၊ နေ့လယ်မှာ ရောက်လာမလား၊ ညနေစောင်းမှာ ရောက်လာမလားနှင့် ညမိုးစုပ်စုပ်ချုပ်၍ အိပ်ရာဝင်ချိန်ရောက်မှပင် ဤတစ်နေ့အတွက် မျှော်လင့်ချက်ကို နောက်တစ်ရက်အတွက် သိမ်းဆည်းလိုက်ရသည် ချည်း ဖြစ်ပါသည်။

မေမေလည်း ထူထောင်ကာ ရောဂါပျောက် သလောက်ရှိကာ ကျန်းမာဝဖြိုး စိုပြည်လာပြီ ဖြစ်ပါသည်။ ဆေးတချို့ လျှော့ချနိုင်ပြီဖြစ်၍ စရိတ်လည်း လျော့လာပြီ။ မေမေ့တော့ တိုးပွားလာသော ကြက်တွေ၊ တိုးပွားလာသော ဝင်ငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် စိတ်မာတတ်တက်ကြွ အားသစ်လောင်းကာ အရက်ကို တစ်ခါ တစ်ရံမှ အပျော်သဘော နည်းနည်းသောက်၍ ပြတ်သလောက် နီးနီးရှိနေပါပြီ။

အညွန့်က ကိုယ့်ရပ်ကွက်နှင့် သိပ်မဝေးလှသော ဟိုဘက်တစ်ရပ်ကွက်က ကွန်ပျူတာနှင့် မိတ္တူကော်ပီကူး၊ ပလတ်စတစ်လောင်းသော ဆိုင်မှာ မိတ္တူကော်ပီစက်ကိုင်၍ တစ်နေကုန် ကော်ပီဆွဲ ပလတ်စတစ်လောင်းပေးရသော ဝန်ထမ်းအဖြစ်လခ သောင်းနှစ်ထောင်နှင့် အလုပ်ဝင်နေခဲ့တာ ကြာပါပြီ။

အညွန့် ဝင်ငွေ ကြက်ခြံဝင်ငွေတို့ဟာ အိမ်စရိတ်ကို ကောင်းကောင်း နိုင်ပါသည်။ မေမေ့ကိုလည်း မုန့်ဟင်းခါးဆိုင် ပြန်မထွက်စေတော့ပါ။

"ဒီစက်တွေက ဒိုမက်စတစ်ခေါ်တဲ့ စက်အဟောင်း တီဗီအဟောင်းတွေပါ၊ မောင်လေး ဝယ်ကတည်းက ဒါတွေ အားလုံး အစုံလိုက်မှ တစ်သိန်းခွဲကျော်ကျော် ကျတာ၊ နှစ်သိန်းတောင် မပြည့်ဘူး၊ ဒါတွေ ပြန်သယ်မသွားပါရစေနဲ့၊ မောင်လေးကလည်း မှာလိုက်တာ အညွန့် ကြားပါတယ်"

အညွန့်ကို ပြန်ပို့တဲ့ညက မမြကြာဖြူက ဤသို့ဆိုလျှင် ...





"ဒါပေမဲ့ ကိုမှုန်း ပစ္စည်းတွေ ယူမထားချင်ပါဘူး၊ ပြန်သယ်သွားပေးမရယ်"

အညွန့်ကတ်ပြတ်ငြင်းသည့်တိုင် မမြကြာဖြူက ဖေဖေနှင့် မေမေ့ကိုပါ ထည့်ကာ ...

"ဒီလို လုပ်ရအောင်ပါ အန်ကယ်၊ ဒါတွေ အိမ်သယ်သွားတော့လည်း အိမ်မှုိနေမှာပါ၊ ထားစရာနေရာ မရှိပါဘူး၊ ဒါတွေကို လောလောဆယ် ဒီမှာပဲထားပြီး အန်ကယ်တို့ရဲ့ စီးပွားရေး တစ်ခုနေနဲ့ပဲ ထားလိုက်ပါတော့၊ ရွှေဘုန်းလက်ရာပိုင်တဲ့ ပစ္စည်းတွေမို့ အလကား ယူမထားချင်တာလည်း နားလည်ပါတယ် ...

ဒီတော့ ... ကရုဏာဝင်ငွေထဲကပဲ စုထား စုထားပြီး ဒီစက်တွေ တန်ဖိုးကို ဖြည်းဖြည်းပြန်သွင်းပေါ့၊ မဟုတ်ဘူးလား အန်တီရယ်၊ ဒီမိသားစုအပေါ် မောင်လေးထားတဲ့ သံယောဇဉ် ဒီမိသားစုက မောင်လေးအပေါ်ထားတဲ့ သံယောဇဉ်တွေကို သူ့ ဖုန်းဆက်တိုင်း ပြောနေကျမို့ ကျွန်မ အားလုံးနားလည် သိရှိနေပါတယ် ...

အန်တီတို့ အန်ကယ်တို့ ဇွတ်ပြန်ထည့်ပေးလိုက်ရင် ရွှေဘုန်းလက်ရာလည်း စိတ်မကောင်းဖြစ်မှာ၊ အန်ကယ်တို့လည်း သဘောပေါက်ပါလိမ့်မယ်၊ မိသားစုလို သဘောထား

www.burmeseclassic.com



ပြီး မောင်လေးကို ကူညီစောင့်ရှောက်ပြီး ဒီကိုးလလောက် အချိန်အတွင်း မလေမလွင့် မပျက်မစီး ထိန်းသိမ်းထားတဲ့ ကျေးဇူးတွေကို ကျွန်မတို့တစ်သက် ဆပ်မကုန်ပါဘူး၊ ဒီကျေးဇူးတန်ဖိုးဟာ ဒီစက်တွေတန်ဖိုးနဲ့ ဘယ်လိုမှယှဉ် ဖြစ်လို့ မရတာပါ ...

ဒီတော့ ... မောင်လေးလည်း စိတ်မဆင်းရဲရအောင် ကျွန်မပြောတဲ့နည်းလမ်းနဲ့ပဲ ငွေပြန်သွင်းသွားရင်း တစ်နေ့ အန်ကယ်တို့ ငွေအကြေချေပြီးတဲ့အခါ အိမ်စီးပွားရေးလေး လည်း ဖြစ်သွားတာပေါ့၊ ကျွန်မ အစီအစဉ် ကောင်းတယ် မဟုတ်လား အန်ကယ်၊ ဒီလိုပဲ ဆောင်ရွက်ပေးပါလို့ ကျွန်မက တောင်းဆိုချင်ပါတယ်"

ဦးထွန်းနိုင်က သက်ပြင်းချကာ ...

"ဒီက သမီးပြောသလို ရွှေဘုန်းလက်ျာကို မလေမလွင့် မပျက်မစီးအောင် ထိန်းသိမ်းစောင့်ရှောက်ထားတယ်ဆိုတဲ့ စကားကြားရတော့ လိပ်ပြာမလုံဖါဘူး၊ သူ့အပေါ်မိသားစု ဝင်လို သံယောဇဉ်ရှိကြတာကတော့ အမှန်ပါ၊ ဒါပေမဲ့ သူ မပျက်စီးအောင် အန်ကယ်တို့က တကူးတက ဘာမှ ထိန်းကျောင်း စောင့်ရှောက်ပေးခဲ့ရတာ မရှိတာ အမှန် ပါ ...





ဝန်ခံရရင် ပြောရရင် အိမ်ဦးနတ်ဖြစ်ပြီး အလကား လေလွင့်ပြီး ဘာမှ အသုံးမတည့် ဖြစ်နေတဲ့ အန်ကယ့်ကို သာ သူက မသိမသာ ထိန်းကျောင်းသွားပြီး လမ်းပေါ် တည့်မတ် တင်ပေးသွားသေးတာပါကွယ်၊ အင်မဒေန် သဘောထားကြီး စိတ်ကြီးနဲ့ ဖြောင့်မတ်ဖြူစင်တဲ့ လူငယ် ပါ၊ သူစ,ပေးသွားခဲ့လို့ပဲ အိမ်ရဲ့စီးပွားရေးကအစ သူ့လမ်း ကြောင်းပေါ်မှာ ခိုင်ခိုင်မာမာကလေး ဖြစ်စပြုနေတာပါ ...

ကျေးဇူးရှိခြင်းရှိ သူကသာ အန်ကယ်တို့အပေါ် ကျေးဇူးရှိပါလိမ့်မယ်၊ စေ့စေ့တွေးလေ သူ့ကို ကျေးဇူးတင် စရာတွေ ပေါ်လာလေပါ၊ ဒီတော့ ကျန်တာတွေ ထည့်မ တွက်ပဲ သူ့ရဲ့ဒီကျေးဇူးတရားတွေကိုလည်း သဘောပေါက် တဲ့ ခင်မင်သံယောဇဉ်နဲ့ပဲ သူနဲ့ သူ့အစ်မ သမီးတို့ ဒီလို လုပ်ချင်ပါတယ်ဆိုရင် ဖြည့်ဆည်းလိုက်လျောတဲ့သဘော သက်သက်နဲ့ လက်သင့်ခံမှာပါ"

ညည်သည့်တွေနှင့် စကားပြောခဲ၊ ဝိုင်းထဲပါခဲလှသော မေမေကပင် ...

"မောင်ရွှေဘုန်း သူ့အိမ်သူပြန်ပြီ ဆိုတော့ ဝမ်းအနည်းသား သမီးရယ်၊ တစ်နေ့တော့ သူ့အိမ်သူ ပြန်ရမဲ့ အသိုင်းအဝိုင်း နဲ့ လူကလေးပါလို့ နားလည်ထားပေမဲ့ ဒေါ်ဒေါ် စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတောင် ဖြစ်မိပါတယ်၊ မောင်ရွှေဘုန်း အိမ်ကိုရောက်လာပြီး ကိုးလနီးပါး အတူနေစားပြီးမှ ပျောက်ကွယ်သွားတာ ဒေါ်ဒေါ့်စိတ်ထဲတော့ သိကြားမင်း လူယောင်ဖန်ဆင်းခဏလာကူညီပြီး ပြန်ပျောက်ကွယ်သွားသလိုပါပဲ”

အညွန့် ငိုချင်စိတ် ထိန်းထားခဲ့ရတာ မျက်လုံးလေးတွေရဲကာ တုန်တုန်ယင်ယင် ယောင်ယောင်မှားမှား ရှိနေတာတွေကို မမမြကြာဖြူ ရိပ်မိခဲ့ပါသည်။ အဲဒီကတည်းက အညွန့်သည် ဗိဒီယိုရုံမှ ရသမျှ ဝင်သမျှ ငွေတို့ကို တစ်ပြားတစ်ချပ်မတို့မထိဘဲ သေတ္တာတစ်ခု၌ သိုးသန့်သိမ်းသည်။

ငွေစက္ကူကြွေတွေ များလာလျှင် ဈေးမှာရေတွက်၍လဲ။ ဒီငွေကလေးတွေကို အရိပ်တကြည့်ကြည့်နှင့် စုခဲ့တာ တဖြည်းဖြည်း များလာပြီ။ မြကြာဖြူက တဖြည်းဖြည်းစုပြီး ပြန်သွင်းသွားဖို့သာ ဆိုပေမဲ့ ဘယ်လိုနည်းနှင့် လာပေးရမည် လာယူမည်စသဖြင့်တော့ အတိအကျ မဆိုခဲ့လေရာ တစ်လပြည့်တဲ့နေ့ကတော့ ချလာယူနိုး လာယူနိုး၊ ခါတိုင်းထက် မျှော်ရပါတော့သည်။

အညွန့် အရိပ်အခြည်သည် ရွှေဘုန်းလက်ျာ မရှိတော့ကတည်းက တက်ကြွရှင်သန်ခြင်း လျော့ပါးကာ ထိုင်းမှိုင်းသွားတော့တာ ဖေဖေလည်းအတွေ့၊ မေမေလည်းအတွေ့။ အထွင်ကတော့ ထမင်းစားရင်လည်း ...





“ဟာ ... ဒါဆို ကိုရွှေဘုန်း သိပ်ကြိုက်တာ၊ ရှူးရှဲနဲ့ ချွေးတွေပြန်ပြီးတော့ စားတတ်တာ” ... စသဖြင့်။

ရုံအတွက် အခွေထွက်ငှားလည်း ...

“ကိုရွှေဘုန်း ဆိုရင် လူကြိုက်များမဲ့ကား ရွေးတတ်တာ”... စသဖြင့်။

ကိုရွှေဘုန်း ကိုရွှေဘုန်းနှင့် သူ့မတော့ တလွတ်တလပ် တမ်းတနိုင်အားရှိကာ ကိုရွှေဘုန်းကို သတိရလို့ဆိုပြီး ဟိုဘက်ခန်းလေး၌ပင် သွားအိပ်ရှာသူပင်။ အထွင် မှာက အဖေလည်း အရောမဝင်ရဲတာ အကျင့်ပါနေကာ ကျန်အိမ်သားကမိန်းမသားတွေမို့ ယောက်ျားဖော် ကိုရွှေဘုန်းကို အစ်ကိုရင်းကဲ့သို့ချစ်ကာ လေးစားအထင်ကြီးစိတ်ကလည်း အပြည့်မို့ပင်။

အညွန့် မှာတော့ အထွင် ကဲ့သို့ ပွင့်လင်းလွတ်လပ်စွာ နှုတ်ကဆိုညည်း တမ်းတနိုင်ဖို့ အခွင့်အရေး မပေးပါ။ လွမ်းဆွတ်သတိရသမျှကို ရင်ထဲ၌ချည်း မြိုသိပ်ရပါများ၍ ရင်ထဲဝမ်းထဲအမြဲပင် အပြည့်ကျပ်နေကာ အရင်ကလိုပင် အစားမစားနိုင်ပါ။

ဖေဖေက သတိတရ ပြောတာတွေ၊ မေမေက အမှတ်တရ စမြုံ့ပြန်တာတွေ၊ အထွင်က တလွမ်းတဆွေး တ,တာတွေကိုသာ နားသောတဆင်လျက် ရင်ထဲ နာကျင်ရလေသည်။ တကယ်တော့ အညွန့် စိတ်ထဲမှာ အဲဒီညက စတွက်လျှင် အလွန်

www.burmeseclassic.com



ဆုံး တစ်ပတ်ပဲ။ တစ်ပတ်အတွင်း သူ မဖြစ်မနေ ပေါက်ချလာဦးမှာလို့ ခိုင်ခိုင်မာမာ ယုံကြည်ခဲ့မိတာပင်။

ခုတော့လည်း ယုံကြည်ချက်ဟာ တစ်စတစ်စ လျော့ပါးပျက်ပြယ်ချင်လာသည်။ သူဟာ ဒီအိမ်ကလေးနှင့် ဘာမှ မဆိုင်အောင် မြင့်မားကွာလှမ်းတဲ့ ဘဝတစ်ခုထဲက လူပဲလေ။ ဒီအိမ်ကလေးဟာ သူ့အတွက် တစ်ထောက်ခိုနားရာ ကွန်းကလေး လောက်သာ အရေးပါမှာ ထင်ပါရဲ့။ အစစ ပြည့်စုံ၍ အရာရာ အဆင်သင့်ဖြစ်သော သူ့နဂိုဘဝ၌ ပြန်ပြီး အံဝင်ခွင်ကျ ဖြစ်သွားပြီ ထင်ပါရဲ့။

သွယ်လှပ်ပါးလျလာသော သမီးကို မေမေကပင် တိုးတိုးတိတ်တိတ် ...

"သမီး ... နေကောင်းရဲ့လားကွယ်၊ မေမေ့သမီး ကြည့်ရတာ မေမေ စိတ်မချမ်းသာလိုက်တာ ပျော်ပျော်ရွှင်ရွှင်ကို မရှိဘူး"

"သမီး ဘာမှမဖြစ်ပါဘူး မေမေ"

"သမီး ဘာဖြစ်နေတယ် ဆိုတာ မေမေ သိပါတယ်၊ မေမေတို့လည်း ငယ်ရာက ကြီးလာတာပါပဲ၊ သမီးစိတ်ကို သမီး ဖြေသိမ့်ပါ၊ မေမေတို့လည်း မောင်ရွှေဘုန်းကို သတိရကြတာပါပဲ၊ သမီး ဒီလောက်တောင် ခံစားရတာ မောင်ရွှေဘုန်းနဲ့ သမီး မေတ္တာတွေ ဘာတွေများ မျှမိခဲ့ပြီးပြီလား သမီး ... ဟင်"





အမေ ဆိုသည်မှာ ဒါပါပဲ။ သားသမီးကို အရိပ်အကဲ နားလည်မှန်းဆတတ်ရာမှာ "အမေ"ဆိုတဲ့ ပုဂ္ဂိုလ်ကို ဘယ်သူမှ မမီနိုင်ပါ။ မေမေ ပြောမှ ငိုချင်ရက် လက်တို့ ဖြစ်ကာ အညွန့် မျက်ရည်ကျခဲ့ရသည်။ ဘာမှမဖြေနိုင်ဘဲ မျက်ရည်ပေါက်ပေါက် ကျလာသော သမီးဖြစ်သူ မျက်ရည်စတို့ကို တို့သုတ်ပေးရင်း ...

"သူက လူကောင်း သူကောင်းလေးပါ၊ သူ့ဘက်က ပြောင်းလဲသွားခဲ့တယ် ဆိုရင်တောင် သားပတ်ဝန်းကျင်က မပြောင်းရ မနေအောင် တိုက်တွန်းလှုံ့ဆော်တဲ့ အကြောင်း ရင်းတွေ ခိုင်လုံလို့ နေမှာပါလေ"

ဟုတ်မှာပါ။ မေမေ ပြောတာ မှန်မှာပါ။ သူဟာ ရင်ထဲက မပါတဲ့ ချစ်စကားတစ်ခွန်းကို အပျော်သက်သက် ပေါ့တီးပေါ့ဆ ပြောထွက်မည့်သူရယ်လို့ အညွန့်လည်း မထင်ပါ။ မမျှော်လင့်ဘဲ ကြုံကြိုက်လိုက်ရတဲ့ ရုန်းရင်းဆန်ခတ် ထိတ်လန့် စရာ အဖြစ်တစ်ခုကြောင့် ရင်ထဲက အားကိုးအားထား တွယ်တာ မိသမျှ လွှတ်ခနဲ ပွင့်ထွက် အဖြေပေးလိုက်မိတာဟာ စကားအဖတ် တင်ရုံသာ ကျန်ရစ်တော့မည်လား။



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် အညွှန့်တို့ မိသားစုထဲ အမှတ်မထင် လာရောက် ပတ်သက်လာပြန်သူ တစ်ယောက် ရှိခဲ့ပါသည်။ "ကျော်စွာ"ဟု အမည်ရတဲ့ ထိုသူဟာ အထွန်း ကျောင်းအပြန် တစ်ရက်မှာ အထွန်း စီးနင်းလာတဲ့ စက်ဘီးလေးကို မတော်တဆ ကားခေါင်းကြီးထိုးပြီး တိုက်မိမလိုဖြစ်ရာက စက်ဘီးရောလူပါ လဲကျပွန်းပဲ့သွားခဲ့ရတဲ့ အထွန်းကို အကြောင်းပြု၍ တောင်းပန်ကူညီ စောင့်ရှောက်ရင်း ပေါ်ပေါက်လာသူပင်။

ပွန်းပဲ့ရုံကလေးသာ ရှိခဲ့တဲ့ အထွန်းကို သုံးလေးရက် ဆက်တိုက် အတန်တန် ငြင်းတဲ့ကြားက ဖွတ်ပင် ဆေးခန်းကို ခေါ်ခေါ်သွားကာ ဆေးထည့် ဆရာဝန်ပြ မုန့်ပဲသရေစာတွေ တစ်ပုံတခေါင်း ဝယ်လာရင်းက အားနာစရာကောင်းလောက်အောင် ယဉ်ကျေးရည်မွန် သိတတ်သူတစ်ယောက်အဖြစ် ပတ်သက်သိကျွမ်း ခဲ့ရတာပင်။

ရွှေဘုန်းလကျော် အိမ်ကပြန်သွားသည်မှ ရေတွက် လျှင် ကိုကျော်စွာ ဆိုသူနှင့် ဆယ်ရက်အတွင်းလောက်မှာ သိကျွမ်း သွားကြတာ။ ဘာကားမှန်းတောင် သူတို့ ရေရေရာရာ မခေါ်တတ်





သော ကားအကောင်းစားကြီးကို လမ်းကျဉ်းလေးထဲ မရမက ဘက်ခ်ဆုတ်ဝင်ကာ ညနေဘက်တို့ကျ ပေါက်ချလာတတ်ပါ သည်။

"ဒူးလေးပဲ ပွန်းတာပါ မေမေရာ၊ ဒီလူကြီးက မရမက အိမ်လိုက်ပို့ရင်း မမကို မြင်လို့ ကြွေပြီးတော့ ဆက်တိုက် ထပ်ရောက်နေတာပါ၊ သူက ရည်ရည်မွန်မွန် ယုယုယယနဲ့ ဘာမှမဖြစ်ပါဘူးဆိုမှ တွဲလျှောက်တာမျိုး လုပ်နေတော့ စိတ်ကျဉ်းကျပ်တာ ရှက်တောင်ရှက်ပါတယ်"

အထွန်း စကားကြောင့် မေမေက ရယ်သည်။

"ဘာပဲဖြစ်ဖြစ် သားရယ်၊ အိမ်မှာ မင်းအစ်မ ရှိတယ်ဆိုတာ မသိသေးဘဲနဲ့ကို လူမှုရေးစိတ်ဓာတ်နဲ့ ကြင်ကြင်နာနာ အိမ်ထိလိုက်ပို့တာပါ၊ အိမ်ရောက်မှ မင်းအစ်မကို တွေ့တာ ပါ၊ အဲဒီကျမှ ပိုကြင်နာသွားသလားတော့လည်း မပြောတတ် ဘူးပေါ့ကွယ်"

လူကြီးလူကောင်းဆန်ဆန် ရည်မွန်ကျခြေရသူဖြစ်၍ ဖေဖေရော မေမေပါ ယဉ်ကျေးစွာ အရေးပေး လက်ခံဆက်ဆံရ တော့တာပင်။ လေးငါးရက်ဆက်တိုက် ငြင်းမရ ပြန်ပေးမရ အစားအသောက်ဘူး၊ ပုလင်း၊ အသီးအနှံတို့ကို လက်ခံရပြီးတဲ့ နောက် ...



www.burmeseclassic.com

www.burmeseclassic.com



“ဒီနားတစ်ဝိုက်က မြေကြီးတွေ ဈေးသိပ်ရှိလှဦးမှာ မဟုတ်ဘူးနော် အန်ကယ်၊ ကျွန်တော် ဒီလို အစွန်အဖျား နေရာလေးမှာ မြေလေးတွေ နိုင်သလောက် စုဝယ်ထားချင်လို့ ဒီနားမှာ ရောင်းမဲ့အိမ်များ ရှိသလား မသိဘူး”

“ဒီနားက အလုပ်ခွင်ဝေး ကျောင်းဝေးမို့ ဈေးကောင်းရရင်တော့ ရောင်းချင် ပြောင်းချင်တာတွေ မကြာခဏ ပြောသံကြားပါတယ်၊ ရှိလိမ့်မယ်ကွယ့်”

“ရောင်းချင်တဲ့သူများ ရှိရင် တကယ် ဝယ်ချင်လို့ပါ၊ မေးကြည့်ပေးနိုင်ပါမလား အန်ကယ်”

“အေး ... မေးကြည့်ထားပါ့မယ်”

ဘာရယ်မဟုတ် မေးစမ်းကြည့်တော့ ဦးထွန်းနိုင်တို့နှင့် ကပ်ရက်အကွက်၊ နောက်ထပ် ဘေးက ကပ်ရက်အကွက်၊ နေရာခြားပြီး နောက်ဘက်ထဲမှာတစ်ကွက် စသဖြင့် ရောင်းချင်သူတွေ ရှိနေရာ ကိုကျော်စွာကို ပြန်ပြောမိသည်နှင့် တစ်ပြိုင်နက် ကိုကျော်စွာက အချိန်မဆိုင်း ဒီကနေ့ နက်ဖြန်ပဲ ဝယ်ယူငွေချေချင်ပါသည် ဖြစ်လာသည်။

ဈေးစကားပြောဆို ဆစ်ဆွက်ခြင်းမှာ နှစ်ရက်သာကြာပါသည်။ ဦးထွန်းနိုင်တို့နှင့် ကပ်ရက် ပေလေးဆယ်ခြောက်





ဆယ်ကွက်ကိုလည်းကောင်း၊ နောက်ထပ်ဆက်ရက် ရှယ်တူအကွက်ကိုလည်းကောင်း။ နှစ်ကွက်တွဲလုံးကို တစ်ကွက် သိန်းသုံးဆယ်နှင့်ဆစ်ကာ ရှေ့နေတွေ ဘာတွေ ခေါ်လာစာချုပ်ပြီး သုံးရက်အတွင်း ဖျတ်ခနဲ ဝယ်ယူလိုက်လေသည်။ ဦးထွန်းနိုင်မှာ သက်သေလက်မှတ်လည်း ထိုးရ၊ ငြင်းမရအောင် ဖွတ်လာ၍ လက်အုပ်ချီကန်တော့သွားသော ပွဲခဟု အမည်တပ်သည့် ငွေနှစ်သိန်းကိုလည်း လက်ခံရ။

ကိုကျော်စွာကို ကြည့်ရသည်မှာ ကိုယ့်ကိုရစ်ဝဲဖို့ အစပျိုးနေသူဟု အလိုလိုသိ၍ အညွှန့်က ဖေဖေ့ကို အပြစ်တင်မိသည်။

“ဟဲ့ ... ဖေဖေ ဒီလောက်ငြင်းတာ သမီးလည်း အတွေ့ပဲ၊ ပွဲခရဖို့ ပြောပေး မေးပေးတာလည်း မဟုတ်ဘူး၊ ဖွတ်မရ မက ပေးတာ ဘယ်တတ်နိုင်မှာတုန်း၊ ဒီငွေကို မမက်မိရိုး အမှန်ပါဗျာ၊ ငြင်းရတာ အားပေါက်လွန်းလို့ ယူလိုက်ရတာပါ”

အဲဒီနောက်တော့ ကပ်ရက်မှာ ကိုယ်ပိုင်မြေကွက် ရှိသွားသော ကိုကျော်စွာဟာ နေ့တိုင်းလာဖို့ အားနာနေစရာ မလိုတော့ပါ။ ရက်မဆိုင်းဘဲ တဲသာသာ အိမ်လေးတွေ [illegible]မျက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း အလယ်ခြံစည်းရိုး ဖျက်ကာ ဝါးကပ်စည်းရိုးအသစ် ကာရင်း မြေညှိ မြေဖို့ရင်း ပေရှစ်ဆယ် ခြောက်ဆယ် ဖြစ်သွားသော အကွက်ရဲ့ထောင့်မှာ မီတာပုံးသိမ်းရန် အဆင်ပြေရုံ တစ်ယောက်စာ သစ်သားအိမ်ခန်းလေး လာဆောက်ရင်း နေ့တိုင်း ညနေတိုင်း ရောက်လာပါတော့သည်။

ရင်းနှီးကျွမ်းဝင်အောင် နည်းအမျိုးမျိုး မရိုးရအောင် ကြိုးစားမည့်ပုံနှင့် ကိုကျော်စွာဟာ သူ့ခြံထဲ ပြင်ဆင်ဖျက်ဆောက်နေတဲ့ အလုပ်သမားတွေကို စောင့်ကြည့်ရင်း ဒီဘက်ကူးလာကာ ...

"ဒေါ်ဒေါ်ရယ် ... ကျွန်တော် ဗိုက်တအားဆာလွန်းလို့၊ အားနာနာနဲ့ပဲ ဘာများ စားစရာရှိလဲလို့"

"ဟယ် ... ဒေါ်ဒေါ်ကတောင် ပြန်အားနာသွားပြီ၊ မောင်ကျော်စွာ အတွက် အဆင်ပြေမဲ့ ကော်ဖီလေး မုန့်လေးက မရှိဘူးကွယ်"

"ဟာ ... ကော်ဖီတွေ ဘာတွေ မလိုဘူး၊ ထမင်းကြမ်းလေးပဲရှိရှိ၊ ငါးပိဖုတ်ပဲရှိရှိ ကျွန်တော် ကြိုက်တတ်ပါတယ်"

"အို ... ဒီအချိန်ရောက်မှဟာ ထမင်းပူလည်း ကျက်ပြီးပြီ၊ ဟင်းလည်း ရှိပါတယ်၊ ဒေါ်ဒေါ်ဟင်းလေး ပူပေးမယ်"





"မပူနဲ့ ဒေါ်ဒေါ်၊ ထမင်းရရင်ပြီးပြီ၊ ကြက်ဥလေးတစ်လုံးပဲ ကြော်ပြီး ထမင်းပေါ် ပုံပေးပါနော်၊ တခြားဟင်းလည်း မစားတော့ဘူး၊ ကျွန်တော်က ထမင်းဖြူကို အဲဒီလို ကြက်ဥကြော်တို့ ဘာတို့နဲ့ စားတတ်တာ၊ အားနာပါတယ် ဒေါ်ဒေါ်ရယ်၊ ဗိုက်သိပ်ဆာလာလို့ပါ"

"အို ... အားနာစရာမှ မဟုတ်တာကွယ်"

နောက်ပိုင်းတို့တွင်လည်း ထမင်းကို ဇလုံနှင့်ထည့် ခွန်းတပ်ပြီး အိမ်ကပြင် အဆင့်မှာတင် ထိုင်စားရင် စားတတ်သည့် ဟိတ်မရှိ ဟန်မရှိ ကိုကျော်စွာကို အားလုံးပဲ ရင်းနှီးခင်မင်လာကြပါသည်။

ခင်မင်လာတာ တစ်လကြာလောက်မှာ သူ့သစ်သားအိမ် ယာယီကလေးလည်း ပြီးစီးတဲ့အခါ သူက ဖေဖေ့ကို သူ့ခြံဟာ လောလောဆယ် အလကားပိုနေတဲ့တူတူ ဖေဖေ့ကြက်ခြံကို ချဲ့ထွင်ဖို့ အသုံးပြုဖို့ ရက်ရောစွာ ခွင့်ပြုကမ်းလှမ်းသည်။ ဤကိစ္စဟာ မိသားစုတွင်းမှာ ဆန္ဒမဲတွေ ကွဲကုန်စေပါသည်။

"ဒီ ကျော်စွာ ဆိုတဲ့ သူငယ် အမှတ်မထင် ပေါ်သက်လာ ပုံဟာ မောင်ရွှေဘုန်း မမျှော်လင့်ဘဲ ရောက်လာပတ်သက်လာတာနဲ့ ဆင်တူရိုးမှားပဲနော်၊ ခုလည်း သူ့ခြံကို ပေးဘုံး



www.burmeseclassic.com

www.burmeseclassic.com



နေပြန်ပြီ၊ အိမ်ရဲ့စီးပွားရေးကို ဆွေမျိုးလို တစ်ဖက်တစ်လမ်း ကူညီတာကလည်း မောင်ရွှေဘုန်း အတိုင်းပဲ"

"အညွှန့်တော့ သူ့ခြံမှာ ဖေဖေ ကြက်ခြံ မချဲ့စေချင်ဘူး ဖေဖေ၊ ကျေးဇူးတွေ တင်နေရမဲ့ကိစ္စ မဖြစ်ချင်ပါဘူး ဖေဖေရယ်၊ ခပ်ရှင်းရှင်း နေရအောင်ပါ"

"ဖေဖေကတော့ ဒီကြက်ခြံလေးက အလုပ်ဖြစ်ပြီး အောင်မြင်နေတော့ ချဲ့ခွင့်ရရင် သိပ်ချဲ့ချင်တယ်၊ သူ့ခြံကွက်ကလေးက ရှင်းသွားတော့ သဘောကျချင်စရာပဲကွာ၊ ကြက်ခြံကို အဲဒီဘက် ချဲ့ရရင် သိပ်ကောင်းမယ်၊ လုပ်ရင်လည်း ဖေဖေက ဘယ်အလကားယူ လုပ်ပါ့မလဲ၊ ခြံငှားခ ပေးထားမှာပေါ့"

"ပတ်သက်နေရဦးမယ် ဖေဖေရယ်"

"ပတ်သက်ရတယ် ဆိုတာလည်း သူ့ဟာသူ ကိုယ့်ဟာကိုယ်ပါ၊ အိမ်ပေါ်တင်ထားရတာမျိုးလည်း မဟုတ်"

"တစ်ခုခုကြောင့် သူ့အပေါ် ကျေးဇူးတင် ထောက်ထားနေရမှာမျိုး ဖြစ်မှာစိုးလို့ပါ"

"အေးလေ ... သူ့ပုံကြီးက မမကို ကြိုက်နေတာ အသိသာကြီး၊ နောက်ဆို ပြောတော့မှာ"





"ဟုဲ ကောင်လေး"

"ပြောရတာလည်း ရှက်ပါတယ်၊ ဒါပေမဲ့ တကယ်လို့ အထွန့် ပြောတဲ့ကိစ္စမျိုး ကြုံလာရင် သမီးက ကိုကျော်စွာကို ငြင်းမှာ၊ ငြင်းခါမှ မျက်နှာပျက်ရပြုရ၊ ဆက်ဆံရခက်တာမျိုးဖြစ်ရင် အဲဒီကျမှ ပွားများနေမဲ့ ဖေဖေ့ကြက်တွေ ထားစရာမရှိ ရွှေ့စရာမရှိ ဒုက္ခရောက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရမယ်၊ အရှည်ကြီး မျှော်ကြည့်ရင် မသင့်ဘူးလားလို့ပါ၊ ခုအတိုင်းလည်း သမီးတို့ စားလောက်ပိုလျှံနေတာပဲ ဖေဖေရယ် ...

သူ အတင်းရောတာ ဝင်ထွက်တာ ခဏတွင်းခြင်းရင်းနှီးပစ်တာ၊ နောက်ဆုံး ဒီခြံဝယ်ပစ်လိုက်တာကအစ ငွေပေါ်တဲ့သူပီပီ ဒီနားမှာ သူ့ပိုင်နက်လေးရှိရင်ပြီးရော လုပ်ထားလိုက်လားမသိဘူး၊ ကိုယ့်ကိုယ်ကိုယ် အထင်တကြီး တွက်ပြောတာ မဟုတ်ဘူး၊ ဒီလူ လူကောင်းဖြစ်ပုံ ရပေမဲ့ အရောဝင်ပုံက မရိုးပါဘူး ဖေဖေ၊ ရည်ရွယ်ချက်နဲ့လို့ပဲ"

ဖေဖေက သိပ်ကို လုပ်ချင်နေသည်။ လက်ထဲလည်း ပွဲခဆိုတဲ့ငွေ ရှိနေလို့ပင်။ ငွေနှစ်သိန်း ရရချင်းကတော့ "မောင်ရွှေဘုန်းကို သွားဆပ်လိုက်မလား" မေးပါသည်။ မဆပ်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုဆိုရင် ကိုယ့်မှာ သူ့အကြွေးလေးနဲ့ အမျှင်တန်းတစ်ခု ရှိနေသေးသလိုလို။ ကြွေးကျေသွားရင် ပတ်သက်စရာ မကျန်၊ အပြီးပြတ်သွားတော့မလားလို့လည်း တွေးမိသေးတာ အမှန်ပင်။

ပြီးတော့ သူ့ကြွေးလေးကို သူ့ထံကရသည့် ဝင်ငွေလေး စုဆောင်းရင်းကပဲ ဖဲ့ဆပ်ချင်ပါသည်။ နောက်ဆုံးမှာတော့ ဖေဖေ့ရဲ့ ပြင်းပြတဲ့ ဆန္ဒကို တားမရတော့ပါ။ ကိုကျော်စွာနှင့် စကားပြောဆိုပြီး ဟိုဘက်ခြံကို တစ်လ မြေငှားခ သုံးထောင်နှင့် ဖေဖေက ငှားရမ်းကာ ကြက်မွေးမြူရေးကို ချဲ့ထွင်လိုက်ပါသည်။

တိုးပွားလာတဲ့ ကြက်ကောင်ရေနှင့်အတူ ဝင်ငွေပါ တက်လာကာ ချောင်ချောင်လည်လည် ပိုပိုလျှံလျှံ ရှိလာသည်။ တစ်မိသားစုလုံး မကြောင့်မကြ စိတ်လက်ချမ်းသာ နေနိုင်လာခြင်း အပေါ် ကြည်နူးရွှင်လန်းနေကြချိန်မှာ တစ်စတစ်စ ညှိုးချုံးလာသူကတော့ အညွန့်ပင်။

ဟိုးအရင် နဂိုစိတ်နဲ့ဆို "သူတောင်မှ နေနိုင်သေး တာ"လို့ မာန်တင်းပြီး မခံချင်စိတ်နှင့် ပိုလို့တောင် တင်းဦးမည် ဖြစ်သော အညွန့်မှာ သူ့ကို ချစ်မိပြီးကာမှ ကိုယ့်နှလုံးသား ဘယ်လောက်ပျော့ညံ့တာကို သိနားလည်ခွင့် ရခဲ့တာပင်။ ကိုယ့်စိတ်ကို ကိုယ်ဆုံးမကာ ဆောက်တည်ပေမဲ့ ဘာစားစား ခံတွင်း





မတွေ့ဘဲ မစားချင် မစားနိုင်တာရယ်၊ မျက်ရည်စိုစွတ်သော ခေါင်းအုံး၌ အိပ်မပျော်ခဲ့တာရယ် ...။

မမမြကြာဖြူ ပေးခဲ့တဲ့ အိမ်ဖုန်းနံပါတ်လေးကို အလွတ်ရနေကာ အလုပ်လုပ်နေတဲ့ ကော်ပီယာဆိုင်မှာ လူရှင်းတဲ့ အခါတွေကျ ဆိုင်ကဖုန်းနှင့် စိတ်မထိန်းနိုင် မအောင့်နိုင်ဘဲ ဖုန်းခေါ်လိုက်မိတတ်ပါသည်။ တစ်ဖက်က ဟယ်လိုလို့ ထူးလိုက်လျှင် ဝမ်းနည်းအားငယ်စွာ ဖုန်းခလုတ်လေးကိုဖိ၍ ချပစ်ခဲ့မိတာသည် အကြိမ်ကြိမ်။

ဤအကြိမ်များစွာထဲမှာ ယောကျ်ားသံနှင့် တိုးတာ သုံးလေးကြိမ် ရှိပါသည်။ တစ်အိမ်လုံးမှာ ရွှေဘုန်းလကျ်ာ တစ် ယောက်သာ ယောကျ်ားသား ရှိတာ အသိမို့ သူဖြစ်မှာ သေချာ နေတဲ့ နှလုံးသားဟာ ဆုပ်ညှစ်ခံရသလို နာကျင်လှပါသည်။ ဘာကြောင့်များ သူ နေနိုင်အားပါလိမ့်။

နှစ်လခွဲလောက်အတွင်း သူ တစ်နာရီလေးမှ မအား လပ်တာတော့ မဖြစ်နိုင်လောက်ပါ။ သူပင် နေထိုင်အိပ်စားခဲ့တဲ့ အိမ်မို့လည်း ဘယ်လောက်မိုးချုပ်ပါစေ လာပါက တံခါးအသင့် ဖွင့်ပေးမည့်အိမ် ဆိုတာလည်း သူ သိနိုင်ပါလျက်နှင့်။ ဘဝခြင်း ကွာခြားနိမ့်ပါးတဲ့ အညွန့် ဆိုတဲ့ မိန်းကလေးကို သူ့ရဲ့ တစ်ခဏ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ် ဘဝမှာပဲ ချစ်နိုင်ပြီး သူ့ရဲ့မြင့်မားတဲ့ ဘဝမှန် ပြန်ရောက်တဲ့အခါ လက်တွဲနိုင်လောက်တဲ့သတ္တိ မရှိတော့တာလား။

ဒါမှမဟုတ် အရစ်ကျငွေ လာမဆပ် လာမသွင်းတာကိုပဲ သူ့ပစ္စည်းတွေ အလွယ်တကူ ယူထားလိုက်ပြီလို့ ထင်မြင်ယူဆ အထင်သေးသွားသလား။ ဒါလည်း မဖြစ်နိုင်ပါ။ ကိုရွှေဘုန်းဟာ အညွန့် အပေါ် ဤမျှနှင့် ဤသို့အထင်သေးရက်မည့်သူ မဟုတ်တာလည်း အညွန့် အသိသားနှင့်။

ငွေစုထားတဲ့ သေတ္တာလေးထဲက ငွေလေးတွေ တဖြည်းဖြည်း တိုးပွားများပြားလာတာကို ထုတ်ကြည့်ရင်း အညွန့် ဝမ်းနည်းရသည်။ သူ ဒီအိမ်လေးကို ရောက်လာကာစ သူ့အတွက် သတင်းစာကြော်ငြာကို တွေ့ကာ သူ့ကို အိမ်ကပြေးလာတဲ့ လူတစ်ယောက်လို့ သိခဲ့ရစဉ်က ဖေဖေ့ကို သူပြောပြတဲ့ သူ့ ဘဝဇာတ်လမ်းထဲမှာ သူ့ကို သူ့အိမ်က မိန်းမပေးစားဖို့ စီစဉ်သည် ဆိုတာလည်း ပါပါသည်။

ထိုကောင်မလေးနှင့်လည်း ဖွတ်အတင်း စီစဉ်တော့မည် လုပ်လာတာမို့ ထိုမိသားစုကို အိမ်ကို ဖိတ်ကြားတဲ့နေ့မှာပဲ သူ ထွက်လာခဲ့တာတဲ့။ အခု သူအိမ်ပြန်ရောက်လာတော့ ထိုကိစ္စ





ကိုများ ထပ်စီစဉ်ကြပြန်လေသလား။ ခုလောက်ဆိုရင် ... ခုလောက်ဆိုရင် ...။

နှစ်လခွဲလောက်ကြာတဲ့ထိ လုံးဝပေါ်မလာ မဆက်သွယ်တဲ့အခါ အညွန့်ရဲ့ မျှော်လင့်ချက်တို့ဟာ မကျန်ရစ်သလောက် ပျက်ပြားပဲ့ကြွေကုန်ပါပြီ။ ဒီလောက်ထိအောင်ကတော့ သူတမင်တကာကို မလာတော့တာပါပဲလို့သာ နားလည်ရတဲ့အခါ နှလုံးသားထဲက ဆုံးရှုံးလက်လွှတ်ရခြင်း ဝေဒနာအပေါ် ဖြေသိမ့်စရာ ရှာမရတော့ပါ။

"မမနော် ... အဲဒီ ကိုကျော်စွာကို သွားမကြိုက်လိုက်နဲ့နော်"

"ဘာကိစ္စကြိုက်ရမှာလဲ အထွင့်ရယ်၊ နင်ကတစ်မျိုး"

"သူ့ကို ခင်ပေမဲ့ ကိုရွှေဘုန်းကို ချစ်သလို မချစ်ဘူးသိလား၊ သူက တစ်မျိုးကြီးပဲဗျ၊ သူဌေးကြီး ဖြစ်ပေမဲ့ ကားကောင်းကြီးစီးပြီး အကောင်းစားတွေ ဝတ်ထားပေမဲ့ ကိုရွှေဘုန်း အစုတ်ဝတ်ထားတာလောက်တောင် မသိမ်မွေ့ဘူး၊ ရုပ်မထွက်ဘူး၊ မပြောတတ်ဘူးဗျာ၊ ကွာခြားနေတယ်၊ ပုဆိုးဖြန့်ဝတ်လိုက်တဲ့ ဟန်ပန်မျိုးကအစ ကိုရွှေဘုန်းလို အခင့်အတန်းမြင့်မြင့် ဣန္ဒြေရရ မဖြစ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဘုန်းကလည်းဗျာ သိပ်နေနိုင်တာပဲ၊ ဒီလောက်ထိ အပြတ်နေနိုင်တယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ တစ်ခုခု မှားနေသလိုပဲ"

တစ်ခါတစ်ရံ အထွင့် ဤသို့ စကားတွေ စိတ်လိုလက်ရ ပြောနေလျှင် အညွန့်မှာ မျက်ရည်အလည်သားနှင့် မချိပြုံးကလေး တပ်ဆင်ပိုင်ငေးနေမိပါသည်။





## ၁၁

စာမေးပွဲနားနီးမှ အားနည်းကာ အညွန့် မူးနေ၍ တစ်ညနေမှာ ဆေးခန်းသွားပြရပါသည်။ ကိုကျော်စွာ ရှိနေချိန်ဖြစ်၍ ဘယ်လိုငြင်းငြင်း သူလိုက်ပို့မည် လုပ်သည်။

"ဒီထိပ်ကိုထွက်ပြီးရင် သုံးလေးလမ်းကျော်ပဲ လျှောက်ရမှာပါ၊ မဝေးပါဘူး၊ ဆိုက်ကားနဲ့သွားလည်း ရပါတယ်"

"မဟုတ်တာဗျာ၊ ကျွန်တော်လည်း အားနေတာပဲ၊ လိုက်ပို့ပါရစေ၊ လာပါ အညွန့်ရဲ့ အားမနာပါနဲ့"

နောက်ဆုံးတော့ သူနှင့်သွားလိုက်ရပါသည်။ ဆရာဝန်က သွေးအားလည်းနည်းကာ ပရက်ရှာလည်း ကျနေသည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် မူးနေ၍ အကြောဆေးတစ်လုံး ထိုးပေးလိုက်ပါသည်။ သောက်ဆေးတွေလည်း ပေးလိုက်သည်။

အိမ်ပြန်ရောက်လျှင် အိမ်ရှေ့က ကုလားထိုင်လေးမှာပင် အညွန့် ခပ်မှိုမှို ထိုင်နေဆဲ ကိုကျော်စွာကလည်း အနားမှာ ထိုင်ကာ ...

"စာမေးပွဲလည်း နီးနေပြီနော် အညွန့်"

"ဟုတ်တယ် ... သုံးရက်ပဲ လိုတော့တယ်"

"စာမေးပွဲဖြေရင် ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ရပါတယ် ... နေပါစေ၊ မလိုပါဘူး ကိုကျော်စွာ"

ဆေးခန်းပို့တာက မေမေပါ ပါ၍ အရေးမဟုတ်။ ကိုကျော်စွာနှင့်အတူ နှစ်ယောက်တည်းတော့ ဟိုဟိုဒီဒီ သွားမနေချင်ပါ။

"လိုက်ပို့ပါ့မယ် ... ကျွန်တော်လည်း အားနေတာပဲ"

"ရှင်ကကုမ္ပဏီတစ်ခု ထောင်ထားတယ်ဆိုပြီး ဘာဖြစ်လို့ ဒီလောက်တောင် အားနေတာလဲ"

"စိတ်ချရတဲ့ ဝန်ထမ်းတွေ ရှိပါတယ်"

"ဝန်ထမ်းက ဝန်ထမ်းပဲပေါ့၊ ကိုယ့်စီးပွားရေး လုပ်ငန်းကြီး ကိုယ်တိုင် ဂရုစိုက်ရမှာပေါ့"





"ဂရုစိုက်ပါတယ်၊ ကျွန်တော်က အညွန့်တို့ မိသားစုကိုလည်း ဂရုစိုက်ချင်သေးတော့ ..."

အညွန့်က ကိုကျော်စွာကို ဖျတ်ခနဲ ခပ်တည်တည်လေး လှည့်ကြည့်လိုက်ပါသည်။ ကိုကျော်စွာက အိုးတိုးအမ်းတမ်း အနေခက်သွားပုံရကာ မျက်နှာများပင် နီမြန်းလာပါသည်။ ဘယ်လိုလူပါလိမ့်။ ဒေါ်ပွပြမည့်သူပင် သူ့ပုံစံကြောင့် ဒေါ်ပွရခက်ရသည်။ သူ့ပုံစံက သူ့ဟာသူပြောပြီး သူ့ဟာသူ စိတ်ရှုပ်နေသလို မျက်နှာလည်း အထားရ ခက်နေသည်။

ဆံပင်ကိုလည်း ကုတ်နေကာ စိတ်ကျဉ်းကျပ်ပုံကြီးက ဖွတ်တိုးပြီး ...

"ဟို ... ဟိုလေ၊ အညွန့် စိတ်မဆိုးဘူးဆိုရင်"

"ဘာလဲရှင့်"

"တစ်ခုလောက် ပြောချင်လို့"

"စိတ်ဆိုးစရာလို့ ထင်ရင် စ,ကတည်းက မပြောနဲ့တော့ရှင်"

"မပြောလို့လည်း မဖြစ်ပါဘူးဗျာ၊ ဒီနေ့ ပြောကိုပြောရမှာ၊ ပြောရမယ် ဆိုပါမှ အညွန့်ကလည်း နေမကောင်း"

"ရှင်ပြောပုံက သူများကပဲ ရှင့်ကို အတင်းအကျပ် ချုပ်နှောင်ထားသလိုလို"



www.burmeseclassic.com

www.burmeseclassic.com



“အညွန့် စိတ်မဆိုးနဲ့နော်”

“ကဲပါရှင် … ဆိုးရင်လည်း ခံလိုက်၊ လာမဲ့ဘေး ပြေးတွေ့ပေါ့၊ ကျွန်မကလည်း စိတ်ဆိုးစရာရှိ မြန်မြန်ဆိုးလိုက်ချင်ပြီ”

“ကျွတ် … ဒုက္ခပါပဲဗျာ”

သူ့ပုံစံကြောင့် စိတ်မဆိုးနိုင်ဘဲ ရယ်တောင်ရယ်ချင်မိသည်။ သူ ဘာပြောမည်ကိုလဲ မှန်းဆနိုင်နေပါသည်။

“ကဲ … ပြော … ပြော ကိုကျော်စွာ၊ မြန်မြန်ပြော မြန်မြန်ပြီးတာပေါ့”

“အင်း … ပြောမှပါပဲ၊ ဒီလိုပါ … ဟို … အညွန့်ကို ကျွန်တော် ချစ် … ချစ်တယ်လို့၊ အညွန့် လက်ခံရင် လက်ထပ်ပါရစေလို့”

“ကျွန်မကလည်း အဲဒါ ပြောမယ်ထင်လို့ မြန်မြန်ပြောခိုင်းတာပါ ကိုကျော်စွာ၊ ရှင် မြန်မြန်ပြောတော့ ကျွန်မလည်း မြန်မြန်ငြင်းလို့ရတာပေါ့၊ ကျွန်မ ရှင့်ကို မချစ်နိုင်ပါဘူး၊ ကိုကျော်စွာကို ခင်မင်ပါတယ် တကယ်ပါ၊ လူကောင်းတစ်ယောက်လို့လည်း ယုံကြည်ပါတယ်၊ ကျွန်မ မချစ်နိုင်တာက အချစ်ကို စိတ်မဝင်စားလို့၊ နားမလည်လို့ စသဖြင့်ကြောင့် မဟုတ်ပါဘူး …





ခုလည်း မချစ်နိုင်၊ နောင်အတော်ကြာထိလည်း မချစ်နိုင်၊ ဘယ်တော့မှ မချစ်နိုင်မှာမို့ အပြတ်ငြင်းထားတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ ချစ်သူရှိပါတယ်”

“ဩော် … ဟုတ်လား၊ ကျွန်တော် ဒီမှာ ဝင်ထွက်ခင်မင်နေတာ နှစ်လကျော်ပြီး တစ်ခါမှလည်း အညွန့် ချစ်သူကို မတွေ့ပါလား”

“သူက အဝေးမှာပါ”

“အဝေးမှာ ဆိုတာက !”

“ကျွန်မနဲ့ မနီးစပ်တဲ့ တစ်နေရာမှာပါ ကိုကျော်စွာ၊ နှစ်လကျော်အတွင်း ကိုကျော်စွာ မတွေ့ရဆို သူ့ကို ကျွန်မ မတွေ့တာလည်းပဲ နှစ်လကျော်ပြီကိုး၊ အချိန်တွေ ဘယ်လောက်ကြာကြာပါ၊ နီးနီးဝေးဝေးပါ၊ ကျွန်မရင်ထဲမှာတော့ ကျွန်မမှာ ချစ်သူရှိတယ်၊ ကျွန်မ သူ့ကို ချစ်တယ်၊ နောက်ထပ် ဘယ်သူ့ကိုမှ ထပ်ချစ်မှာ မဟုတ်တဲ့အတွက် စဉ်းစားဦးမယ်တို့ဘာတို့ ကြိုးရှည်လည်း လှန်မထားပါဘူး၊ ဒီကိစ္စကို လုံးဝ လက်လျှော့မေ့လျော့လိုက်ပါ၊ မိတ်ဆွေအဖြစ်တော့ တစ်သက်လုံး နေလို့ရပါတယ်၊ ဒါပေမဲ့ ချစ်သူအဖြစ်တော့ ဘယ်တော့မှ လုံးဝချစ်မှာ မဟုတ်ပါဘူး တစ်သက်လုံးအတွက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြတ်ပါပေတယ်ဗျာ၊ မချစ်နိုင်ဘူးဆိုတော့လည်း မချစ်နိုင်ဘူးပေါ့ဗျာ၊ ကျွန်တော်လည်း ဒါကို ပြောရမှာ ပါးစပ်က မထွက်ပဲ ခက်နေတာ၊ ခုတော့ ကျွန်တော်က ချစ်ရေးဆိုတယ်၊ ခင်ဗျားက ငြင်းတယ်၊ တစ်မျိုးအေးတာ ပေါ့ဗျာ"

"ရှင် ကျွန်မကို လာနှောက်နေတာလား"

"မနှောက်ပါဘူး အညွန့်ရယ်၊ မနှောက်ရပါဘူး၊ စာမေးပွဲ ဖြေရင်ကော လိုက်ပို့ပေးလို့ မရဘူးလား၊ မှူးမော်နေမှာ စိုးလို့ပါ၊ နှစ်ယောက်တည်း မသွားလာချင်ရင် ဒေါ်ဒေါ့ကို ခေါ်ခဲ့ပေါ့"

"ရှင် သဘောပေါက်လွယ်သားပဲ၊ ဒါပေမဲ့ မေမေ စာမေးပွဲ ချိန် အကြာကြီး ထိုင်စောင့်နေရရှာမှာပေါ့၊ ရှင့်ကို ပို့ခွင့် မပြုတာကလည်း ရှင့်ကို မယုံကြည် မလေးစားလို့ မဟုတ် ပါဘူး ကိုကျော်စွာ၊ ကျွန်မ ချစ်သူ မဟုတ်တဲ့ ယောကျ်ား တစ်ယောက်ရဲ့ ဖေးမကူညီမှုကို ကျွန်မ လက်သင့်မခံနိုင် လို့ပါ"

ကိုကျော်စွာက အညွန့်ကို စိုက်ကြည့်ရင်း ခေါင်းသာ တဆတ်ဆတ် ညိတ်နေသည်။ သူ ကြည့်နေတဲ့ မျက်လုံးတို့က ဖြူစင်ပါသည်။ အဲဒီ တစ်ချက် ဒီလူကို ခင်မင်မိသည်။ ပါးစပ်က





ချစ်ရေးဆိုနေပေမဲ့ အမူအရာ အကြည့်စကားတို့က ရိုးသားသည်။ ကူလီကူမာ အခွင့်အရေး ယူတာလည်း မရှိ။ တစ်ခွန်းတည်း ငြင်းရုံနှင့် ဘာဆင်ခြေ စောဒကမှ မတက် ထပ်ကွန့် မပူဆာ မတောင်းဆိုဘဲ ငြိမ်သက်လက်ခံလိုက်ပုံက ရယ်ချင်စရာတောင် ကောင်းနေပါသည်။

"စာမေးပွဲကလည်း ဖြေလိုက်ရသေးတော့ လူလည်း တစ် ခြမ်းစာလောက်ပဲ ကျန်တယ်၊ အစားကမစား၊ အိပ်ရေးတွေ ကပျက်၊ သမီးရယ် ကိုယ့်ကိုယ်ကိုယ် ပြန်မွေးယူပါဦး"

မေမေ အဲသလို ပြောလျှင် မျက်ရည်လည်နေကျမို့ ခုလည်း မျက်ရည်လည်ရသည်။ သမီးဖြစ်သူ ဘာကြောင့် မစားနိုင် မအိပ်နိုင်သလဲ မေမေ အသိပဲဟာ။ ခုလည်း မှူးနှောက်ကာ လူက အနှံချင်နေသည်။ ဒီနေ့အဖို့ကတော့ နှောက်ကျသွားပြီမို့သာ။ ဖြစ်နိုင်ရင် ချက်ချင်း ထွက်ကာ သွားဖို့ ကြံစည်ထားရာဆီ သွား လိုပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲရက်အတွင်းကတည်းက ဗီဒီယိုရုံက ပိုက်ဆံတွေကို အထွင့်ပဲ ကောက်၊ အထွင့်ပဲ သိမ်းဖို့ နိုင်းထားပါသည်။ ပိုက်ဆံတစ်သိန်းခွဲပြည့်ရင် ပြောဟု မှာထား၍ စာမေးပွဲ ဒုတိယနေ့ကတည်းက အထွင့်က ဝမ်းသာအားရ လာပြောပါသည်။ တစ်သိန်းခွဲပြည့်ပြီတဲ့။

ခုတော့ ဒီနှစ်ရက်သုံးရက်အတွင်း ကျော်တောင်ကျော်သွားပြီပေါ့။ တစ်သိန်းခွဲပြည့်သည်နှင့် သူက မဆက်သွယ် မတောင်းယူပေမဲ့ ကိုယ်က သွားဆပ်မည်လို့ ရည်ရွယ်ထားခြင်းတွင် သူ့ပိုက်ဆံကို အလောသုံးဆယ်ကြေအောင် ဆပ်လိုမှုထက် ဤအကြောင်းပြချက်တစ်ခုနှင့်သာ သူ့ထံ သွားရောက်တွေ့ဆုံစရာ ရှိသောကြောင့်က ပိုလေသည်။

သူ ဘာလုပ်နေလဲ ... သူ ဘယ်လို ဖြစ်သွားလဲ ... သူ နေကောင်းလား ... သူ ပြောင်းလဲသွားပြီလား ... သူ ဘယ်လိုဆက်ဆံမလဲ။ ဒါတွေ ဒါတွေကို ကြားနိုင် မြင်နိုင် အကဲခတ်နိုင်ဖို့ရာ ဤအကြောင်းပြချက်ကြီးကို ကိုင်၍ ကိုယ်တိုင် သွားမှသာ ဖြစ်ပေမည်။

"ဆေးခန်းဖွင့်ချိန် ဆေးခန်းသွားလိုက်ဦးနော် သမီး"

"မသွားတော့ပါဘူး မေမေရယ်၊ ခဏအိပ်လိုက်ရင် အားရှိသွားမှာပါ"





"မဟုတ်တာ အညွန့်ကလည်း၊ ဒေါ်ဒေါ် ပြောသလိုလုပ်ပါ၊ လူကလည်း ချည့်နဲ့နဲ့နဲ့ မြင်ရတာတောင် စိတ်ဆင်းရဲပါတယ်၊ ကျွန်တော် လိုက်ပို့မယ်"

ထုံးစံအတိုင်း အိမ်မှာ နာရီပေါင်းများစွာ ရောက်နေတတ်သည့် ကိုကျော်စွာ ရှိနေ၍ ကိုကျော်စွာကလည်း ဝင်ပြောပါသည်။

"ရှင် လိုက်ပို့ချင်ရင် ရှင့်ကို အကူအညီ တစ်ခုတော့ တောင်းချင်တယ်"

"တောင်းလေ ... ဘာလဲ"

"နက်ဖြန် ကိုကျော်စွာ အားလား"

"အားတာပေါ့"

"ရှင်ကတော့ မအားတာကို မရှိပါဘူး"

"နက်ဖြန် တနင်္ဂနွေနေ့လေ၊ ပိုတောင် အားသေးတယ်"

"ကျွန်မ တစ်နေရာသွားချင်တာရှိလို့ ကိုကျော်စွာ လိုက်ပို့ပေးနိုင်မလားလို့ပါ၊ ဒီတစ်ခါတော့ ကိုကျော်စွာ အကူအညီယူမှ ဖြစ်မယ်၊ ကျွန်မ သွားမဲ့နေရာက ကားဂိတ်တွေဘာတွေလဲ မနီးလှဘူး၊ ပြီးတော့ ဘယ်လို ဖြစ်ပျက်ကြုံတွေ့ရမယ် မသိဘူး၊ ချက်ချင်း ပြန်ချင်ရင် အဆင်သင့် ပြန်နိုင်အောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ သမီးရဲ့"

"အင်းလျားလမ်း"

"ဘယ်ကိုလဲ"

"ကိုရွှေဘုန်းတို့အိမ်ကိုပါ မေမေ"

ဖြေပြီးပြီးချင်း ခေါင်းငုံ့သွားမိကာ ရှက်စနိုးစိတ်နှင့် တိုးသက်စွာ ...

"ဟို ... ပိုက်ဆံသွားဆပ်ချင်တာပါ၊ ကြာလည်းကြာလှနေပြီ၊ ဘာပဲဖြစ်ဖြစ် သူ့ပစ္စည်းတွေ ကိုယ့်လက်ထဲမှာဆိုတော့ ဟို ... ပိုက်ဆံကလည်း တစ်သိန်းခွဲပြည့်ပြီမို့လို့"

"အေးပေါ့ ... အေးပေါ့၊ ဒါကတော့ သွားကိုဆပ်ရမဲ့ကိစ္စပဲ၊ ဒါပေမဲ့ နေလေးဘာလေး ပိုကောင်းမှ သွားပါလားအေ၊ တစ်ရက် နှစ်ရက် အိပ်အိပ်စားစား နားလိုက်ပါဦး"

"ရပါတယ် မေမေရယ်၊ ပင်ပန်းမဲ့ကိစ္စမှ မဟုတ်ဘဲ"

"ညည်းရုပ်ကလည်း ပိန်ချုံးစုတ်ပြတ်နေတာ၊ ပါးတွေကို ချောင်ရှို့၊ နည်းနည်းပါးပါး ကိုယ့်ရုပ်ကိုယ် မွေးပြီး သပ်သပ်ရပ်ရပ်လေးရှိမှ သွားပါတော့လား"

သြော် ... မေမေ ... မေမေ။ သူ့သမီးကို ချစ်သူဆီ သွားရာမှာ သနရုပ်ပ ကြည့်ပျော်ရှုပျော် ရှိစေလိုရှာသည်။





နဂိုကမှ မလာတော့တဲ့ သမီးချစ်သူဟာ ဒီလိုပုံ တွေ့လိုက်ရင် ပိုလို့စိတ်ပျက်ဖို့သာ ရှိတာပဲလို့ မေမေ မချင့်မရဲ ဖြစ်ပုံပင်။

"မလိုပါဘူး မေမေရယ်၊ ပိုက်ဆံတစ်သိန်းခွဲ ပြည့်ရင် ပြည့်တဲ့နေ့ သွားမယ်လို့ ဆုံးဖြတ်ထားတာပါ၊ ပိုက်ဆံ ပြည့်တော့ စားမေးပွဲရက်တွင်း ဖြစ်နေတယ်၊ ဒီနေ့ စာမေးပွဲ ပြီးပြီဆိုတော့ သွားပါရစေ မေမေရယ် ... နော်"

"ညည်းသဘောပါအေ၊ လူက ကြည့်ရတာ ယဲ့ယဲ့ဖြစ်နေလို့ ပြောရတာပါ"

မျက်နှာချောင်ကျသွား၍ ပြူးဝိုင်းသော မျက်လုံးလေးမှာ မျက်ကွင်းတွေကျပြီး ပိုပြူးနေသယောင်ပင်။ အားမရှိ၍ လူက ငေါင်းစင်းစင်းလေး ဖြစ်နေသည်။ သွားလာဟန်ကအစ မာန်မပါ မတက်ကြွ။

သို့သော် သူ့သမီးရင်ထဲ ဘယ်လောက် ကျွမ်းမြည့် ခံစားနေရတာ ဒေါ်ဝင်းဝင်း အသိမို့ ဖွင့်မတားရက်ပါ။ ဟိုကျမှ သမီးအတွက် ပိုပြီး စိတ်ဆင်းရဲစရာ ကြုံတွေ့သိရှိလိုက်ရလည်း တစ်ခါတည်းရှင်းတာပါပဲ။ ဒါမှပဲ စိတ်ပြတ်သွားမည်။ သုံးလနီးပါး ကြာတဲ့ထိ ရောက်မလာတဲ့ မောင်ရွှေဘုန်းကို လာချင်စိတ် ရှိလိမ့်တော့မည်ကို မထင်ပါ။ လာချင်ရင် အနီးလေး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်စွာ ပို့ပေးနိုင်မလား"

"ပို့ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ဒေါ်ဒေါ် ပြောသလို နှစ်ရက်သုံးရက် စောင့်လိုက်ပါလား၊ လူလည်း အားရှိသွားတာပေါ့၊ နှစ်ရက်သုံးရက်ဆိုရင် လလည်း ကုန်ပြီ"

"လကုန်တာနဲ့ ဘာဆိုင်လဲရှင်"

"ဆိုင်တော့မဆိုင်ပါဘူး၊ ဘာရယ် မဟုတ်ဘူး ပြောလိုက်တာပါ"

"ဟင့်အင်း ... ကျွန်မ နက်ဖြန်သွားချင်တယ်၊ ကိုကျော်စွာ လိုက်မပို့ဖြစ်လည်းပဲ ကိုယ့်ဟာကိုယ် သွားဖြစ်အောင်သွားမယ်"

"ပို့မှာပါဗျာ"

"တားမရလည်း သွားပေါ့အေ၊ ညကို စောစောအိပ်၊ ဟိုကျမှ မူးမိုက်နေမှာ စိုးရိမ်လို့"

မေမေ ဘာကို စိုးရိမ်သည်ကို အညွှန့်လည်း ရိပ်မိ၍ ...

"မောင်းတော့ မထုတ်လောက်ပါဘူး မေမေ"

"ကိုယ့်စိတ်ကိုယ် ထိန်းပေါ့၊ သမီးက အသိဉာဏ် ဆင်ခြင်ဉာဏ် ကြီးပါတယ်၊ အကောင်းကိုရော အဆိုးကိုရော ကြိုတွက်ထားပေါ့အေ"





နက်ဖြန်အတွက် ကြိုတင်စိတ်စော၍ မောရသော သည် ရင်ကို တလှပ်လှပ် တုန်စေကာ လက်ဖျားများကိုလည်း အေးစက်စေသည်။ ဘယ်လောက်ပဲ စောစောအိပ်ရာဝင်ပါစေ တော်တော်နှင့် အိပ်မပျော်ပါ။

"ကိုကျော်စွာ ရှင့်ကြည့်ရတာ လမ်းကြောသိနေသလိုပဲ၊ အင်းလျားလမ်း တစ်လုံးပဲ ကျွန်မ ပြောရသေးတာ၊ အင်းလျားလမ်းက မီးပွိုင့်ရဲ့ ဟိုဘက်ခြမ်း ဒီဘက်ခြမ်း ရှိတယ် မဟုတ်လား၊ ရှင် ဒီဘက်ခြမ်းကို ကွေ့လိုက်တယ်၊ ဘယ်လဲ သိလို့လား"

"သြော် ... ဟိုဘက်ခြမ်းမှာက တက္ကသိုလ်အဆောက်အအုံတွေနဲ့၊ ကန်ပေါင် ဘုတ်ကလပ် ဘာညာတွေပဲ များတယ်၊ ဒီဘက်ထင်လို့ပါ ပြောလေ ဆိမ့်လိမ်စာ"

"အိမ်လိပ်စာ ကျွန်မ မသိဘူးရှင့်၊ ရှာရမှာ၊ ရွှေမေတ္တာခြံ ဆိုတာပဲ သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရွှေမေတ္တာခြံက ဒီဘက်မှာပဲ မှန်ပါတယ်"

"ဟုတ်လား ... ရှင် သိလား"

"သိပါတယ်"

အညွှန့်သည် ကားနောက်ခန်းမှာ တစ်ယောက်တည်း ထိုင်ရင်း တအားခုန်နေတဲ့ ရင်ကို ဖိထားရသည်။ ကားထဲမှာ ခဲကွန်းဖွင့်ကာ အေးစိမ့်နေသော်လည်း အညွှန့် ကိုယ်ပေါ်မှာတော့ ဇောချွေးပြန်နေပါသည်။ ကိုကျော်စွာသည် ကားကို အင်းလျား လမ်းမကြီးမှ လမ်းသွယ်သေးသေးတစ်ခုထဲ ချိုးကွေ့ဝင်ချလိုက်ကာ ခြံတစ်ခြံရဲ့ရှေ့မှာ တုံ့ခနဲ ရပ်လိုက်ပါသည်။

"ရွှေမေတ္တာခြံ"

ခြံတံခါး အုတ်တိုင်မှာ ဆိုင်းဘုတ်နှင့်။ အညွှန့်သည် ခြံစည်းရိုးသံပန်း ရွှေရောင်တို့ကိုလည်းကောင်း၊ အတွင်းထဲက မြက်ခင်းကို ပတ်၍ပွင့်နေသော နီနီဝါဝါ ပန်းပင်ပုလေးများကို လည်းကောင်း၊ တိုင်လုံးကြီးတွေ ထုတ်ကာ ဆောက်ထားသော ခမ်းနားသည့် နှစ်ထပ်ခွဲတိုက်ကြီးကိုလည်းကောင်း ငိုင်၍ ငေးမော ကာ ကားပေါ်ပင် ငြိမ်သက်နေလေသည်။

"ဒီခြံပဲလေ အညွှန့်၊ ရောက်ပြီလေ"

အညွှန့်က ပိုက်ဆံထည့်ထားသည့် ကြွပ်ကြွပ်အိတ် လေးကို လိပ်လျက် တင်းတင်းဆုပ်ကိုင်ရင်း စိတ်ကို မာန်တင်း အားမွေးလိုက်ပါသည်။





"ရှင် ဒီမှာပဲ စောင့်နေနော်"

"ဟုတ်ကဲ့"

အညွှန့် ကားပေါ်မှ ဖြည်းဖြည်းဆင်းလျက် နေးကွေး လေးတုံ့သော ခြေလှမ်းတို့နှင့် ခြံတံခါးနားသို့ ဖြည်းညင်းစွာ တိုးကပ်လျှောက်သွားရင်းပင် တိုင်လုံးရှည်ကြီးတွေရဲ့ အပေါ်ဝရန် တာ ထုတ်ထားသည့် နေရာမှာ ဝရန်တာကို မှီရပ်၍ ဖုန်းပြောနေ သော ရွှေဘုန်းလကျ်ာကို လှမ်းမြင်လိုက်ရပါသည်။

တထိတ်ထိတ် ခုန်နေသော ရင်တွေ ငြိမ်သက်သွား သလို ပတ်ဝန်းကျင်က အသံဗလံတွေ တိတ်ဆိတ်သွားသလို တစ်လောကလုံးကို နေရောင် ရွှေရွှေလင်းလင်းကြီး ဖြာခနဲ ဆလိုက် ထိုးလိုက်သလို ထင်မြင်လိုက်မိလျက် နားတွေ မျက်လုံးတွေ ပြာ၍ တဆတ်ဆတ် တုန်ယင်လာသည်။

အဲဒီတုန်းပဲ ရွှေဘုန်းလကျ်ာက လမ်းမဘက်ကို ဖုန်းပြောရင်း အမှတ်မထင် လှည့်လိုက်ရာ အညွှန့်နှင့် မျက်နှာချင်း ဆိုင် ဖြစ်သွားပါသည်။ ရွှေဘုန်းလကျ်ာသည် ဖုန်းပြောရင်း နားမှ ဖုန်းခဏကွာသွားကာ အံ့သြသွားပုံပေါ်လွင်လျက် ရုတ်တ ရက် အတွင်း ချာခနဲ အိမ်ထဲ လှည့်ဝင်သွားပါသည်။

မြင်တယ်။ သူ ကိုယ့်ကို မြင်ပါတယ်။ အညွှန့်ကို မြင်ပါလျက် ဖျတ်ခနဲ လှည့်ဝင်သွားသည့် သူ့သဏ္ဍာန်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အညွှန့် ဒူးများပင် မခိုင်သလို ယိုင်သွားကာ ခြံတံခါးသံပန်းကို လက်နှင့် ဆုပ်ကိုင်လိုက်ရပါသည်။ ချက်ချင်းလိုပင် အိမ်တံခါးဝမှ အိမ်အလုပ်သမားနှင့်တူသော မိန်းကလေးတစ်ယောက် ထွက်လာသည်။

ဘဲလ်လည်းမတီး၊ အသံလည်း မပြုဘဲ ထွက်လာနိုင်သည်မှာ ရွှေဘုန်းလကျာ ပြောလိုက်လို့သာ။ ကိုယ်တိုင် ထွက်မလာတာငို့ အညွှန့်သည် မိန်းကလေးအနား မရောက်မီပင် ပြန်လှည့်ပြေးချင်ပြီ။ ဘာကို ကြောက်နေတာလဲ အညွှန့်။ သူ ရက်စက်ပြီဆိုရင်လည်း ရက်စက်တာကို တစ်ထိုင်တည်း သိသွားရပါစေတော့။ နောက်ထပ် ဒီကို ရောက်လာဖို့က ဘယ်တော့မှ မလွယ်တော့ပါ။

"ဘာကိစ္စ ရှိလို့ပါလဲ"

"ဒီအိမ်က ကိုရွှေဘုန်းလကျာဆိုတာ"

"ဩော် ... အစ်ကိုလေး မရှိပါဘူး၊ အပြင်သွားပါတယ်"

"ကျွန်မ သူ့ကို တွေ့လိုက်တယ်"

"မ ... မရှိပါဘူးရှင်"

"မရှိရင်လည်း ... မရှိဘူး ဆိုရင်လည်း ရပါတယ်၊ ဒီ ... ဒီအထုပ်လေးကို သူ့ကို ပေးပေးပါ၊ အကြွေးလာဆပ်တာပါလို့၊ လိုသေးရင်လည်း တစ်ယောက်ယောက် ထပ်လွှတ်ပြီး ပို့ခိုင်းပါ့မယ် ဆိုတာ ..."





"အညွှန့် ... အညွှန့်"

ပြောနေရင်းဟ မျက်လုံးတွေပြာကာ မျက်စိရှေ့ကို ငွေမှုန်စ လက်လက်တွေ ကြဲချလိုက်သလို ပြောင်ပြောင်လက်လက်တွေ မြင်လိုက်ရ၊ နားတွေ အူနေသည့်ကြားက နောက်ဘက်မှ ကိုကျော်စွာ အလန့်တကြား စိုးရိမ်တကြီး အော်သံကို ကြားလိုက်ရ။ အဲဒီနောက်တော့ ရှေ့က မြင်ကွင်းတို့က လည်နေလေသည်။

"အညွှန့် ... ဟာ ... ဒုက္ခပဲ၊ မိပု ခြံတံခါး ဖွင့်လိုက်၊ သွားခေါ်၊ အစ်ကိုလေးကို သွားခေါ်၊ အညွှန့် ..."

နားထဲမှာ ဆူဆူညံညံ ဝရုန်းသုန်းကားတွေနှင့် တစ်လောကလုံး တရစပ် လည်နေတော့တာမို့ အညွှန့်က မျက်လုံးကလေးကို မှေးမှိတ်လိုက်လျှင် လောကကြီးက မှောင်အတိကျ၍ တိတ်ဆိတ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

သတိရလာလျှင် အညွန့်သည် ဖြူဖွေးသန့်ရှင်း၍ အေးမြနေသော ဆေးရုံခန်းတစ်ခုရဲ့ ခုတင်ပေါ် ရောက်နေကာ လက်တစ်ဖက်မှာ ဒရစ်ပ်ပိုက်တန်းလန်းနှင့် ကိုယ့်ကိုယ်ကိုယ် သတိပြုမိသည်။

အခန်းထဲမှာ လူတွေမှ အများကြီး။ မိန်းကြီးတစ်သိုက်။ ဖေဖေ မေမေ အထွင့်ရှိတို့အားလုံး။ ကိုကျော်စွာ။ ပြီးတော့... သူ။ ရွှေဘုန်းလက်ျာက အညွန့် မျက်နှာနား ငုံကြည့်ကာ ...

"အညွန့် ... အညွန့် ... သတိရပလား"

အညွန့်က ဖြည်းဖြည်းကလေး ခေါင်းညိတ်သည်။





"ပြောပေး၊ ပြော ...၊ ရှင်းပြကြ၊ ကြီးကြီးတို့ မေမေတို့ အားလုံး ရှင်းပြလေဗျာ"

ရွှေဘုန်းလက်ျာသည် အညွန့် သတိရတာ သေချာလျှင် ဒေါသထွက်လာပုံနှင့် အခန်းထဲ လှည့်ပတ်ကာ အံတကြိတ်ကြိတ် အော်ဟစ်နေသည်။

"ရှင်းပြပေးလေဗျာ"

"အေးပါ ... အေးပါ ... သားလေးရယ်။ သမီး ညွှန့်ညွှန့် ကြီးကြီးက ရွှေဘုန်းလက်ျာရဲ့ ကြီးကြီးပါ"

"ညွှန့်ညွှန့် မဟုတ်ဘူး အညွန့်"

ရွှေဘုန်းလက်ျာက စိတ်လိုက်မာန်ပါသံနှင့် ဝင်ပြင်သည်။

"အင်း ...၊ အညွန့် ... အညွန့်၊ ဒါက သူ့မေမေ၊ ဒါက သူ့ဒေါ်လေး၊ အဘွားက အိမ်မှာ ကျန်ခဲ့တယ်"

"ကြီးကြီး ... ဆွေမျိုးကုန်အောင် ရေတွက်မနေနဲ့၊ ပြောစရာရှိတာ ပြောပါ"

"မေမေ ပြောပါ့မယ် သားရယ်၊ အညွန့်ရေ... သမီးလေး၊ အန်တီတို့ကကွယ် ငါ့သမီးလေးကို မယုံကြည်တဲ့သဘောလည်း မဟုတ်ဘူး၊ ဒါပေမဲ့ မပြေးသော်ကန်ရာရှိ မိန်းကလေးဟာ ငါ့သားအပေါ် တကယ်မေတ္တာစစ်ရဲ့ ချစ်တာ

www.burmeseclassic.com



ဟုတ်ရဲ့လား၊ သိချင်ပါတယ်၊ သေချာချင်တယ်ပေါ့ကွယ်၊ အညွန့် ဖေဖေ မေမေတို့ကိုလည်း ဒါတွေ ပြောပြပြီးပါပြီ"

အညွန့်သည် မျက်လုံးဝိုင်းနှင့် ကိုရွှေဘုန်း မေမေကို ငေးကာ နားထောင်နေရှာသည်။

"အန်တီတို့ကိုလည်း မပြစ်မမြင်ပါနဲ့၊ သူ့ကို သိပ်ချစ်ကြတော့ သူ လက်ထပ်မဲ့ မိန်းကလေးဟာ သူ့အတွက် အကောင်းဆုံး အမှန်ဆုံး အရိုးသားဆုံး အဖော်မွန်တော့ ဖြစ်စေချင်တာပါ၊ ငွေပဲ မက်ပြီး ကြိုက်သလား၊ နိုးစပ်လို့ပဲ စသဖြင့် ဒီလို တွက်မိတဲ့အတွက် ဒီက ညီမတို့လည်း နားလည်မယ် ထင်ပါတယ်"

"နားလည်ပါတယ် အစ်မရယ်၊ သူသူ ကိုယ်ကိုယ် မိဘတိုင်း ကိုယ့်သားသမီးမှာ အမှားမကြုံစေလိုတာ မွေ့တာပေါ့"

ဒေါ်ဝင်းဝင်းက ဝင်ပြောပါသည်။

"သားက ပြန်ရောက်ရောက်ချင်း အညွန့်ဆိုတဲ့ မိန်းကလေးကို သူ လက်ထပ်မယ်လို့ ပြောပါတယ်၊ သမီးတို့အိမ်မှာ သူ နေထိုင်လာတဲ့ အဖြစ်အပျက်တွေ ပြောပြပါတယ်၊ ဒီတော့ အန်တီတို့က ဟုတ်ပြီ၊ အညွန့်ဟာ သားကို ငွေကြေးကြောင့်မဟုတ် နိုးစပ်မှုကြောင့်မဟုတ် တကယ်ကို မေတ္တာစစ်နဲ့ နှစ်နှစ်ကာကာ ချစ်ရိုးမှန်ရင် ပေးစားမှာပါ၊





ဒါပေမဲ့ ဒါကို သိရအောင် စမ်းသပ်စောင့်ကြည့်ပါရစေဦး ဆိုပြီးတော့ ..."

"ဒီမှာ ကြည့်ပါဦး မေမေ၊ အညွန့်က အရင်နဲ့ တူသေးရဲ့လားလို့"

"မေမေမှ သေချာမမြင်ဖူးပဲကွယ်၊ ဟိုးတစ်ညက မှောင်ထဲမည်းထဲ မိုးထဲ ခဏတွေ့ရတာ"

"ပိန်းချုံးသွားလိုက်တာ၊ ခုလည်း အားတွေနည်းလို့၊ သူ ဘယ်လောက်ခံစားရရှာတယ် ထင်လဲ ကြီးကြီးရဲ၊ အညွန့်က ပျော့ညံ့ညံ့ မဟုတ်ဘူး၊ ဒါ သူ သူ့မာန်ကို သူတင်းမှာ ဖြစ်တဲ့ကြားက ဒီလောက် ဖြစ်သွားတာ၊ သုံးလမပြည့်ခင် အတွင်း ချုံးကျသွားလိုက်တာ"

"ခုလည်း အကောင်းဆုံး ဆရာဝန်ကြီးနဲ့ အပ်ပြီး အကောင်းဆုံး ဆေးရုံမှာ တင်ထားတာပဲ သားရယ်၊ ခုအားလုံး ပြီးပြီပဲ"

ရွှေဘုန်းလက်ဖျားက အညွန့် ခုတင်နား ကပ်ကာ ...

"အညွန့်ရယ် တစ်အိမ်လုံးကပဲ ကျွန်တော့်ကို ဒီလို စောင့်ကြည့်ရမယ် ကတိတောင်းခဲ့တာ၊ အညွန့်ကို သုံးလစောင့်ကြည့်မယ်တဲ့၊ အညွန့်ဘက်က ပြောင်းလဲသလား၊ နိုင်မလားသလား၊ ဆေးရင် သွေးအေးသွားမလား၊ စောင့်ကြည့်တဲ့

www.burmeseclassic.com



သုံးလအတွင်း ကျွန်တော် အညွန့်ကို လုံးဝ မတွေ့ရ၊ မသွားရ၊ မဆက်သွယ်ရ ဆိုတဲ့ကတိနဲ့ ...

အညွန့်ကို ကျွန်တော် ယုံတယ်၊ သုံးလ မပြောနဲ့ သုံးနှစ်ပစ်ထားလည်းပဲ မပြောင်းလဲနိုင်ဘူးလို့ ကျွန်တော် ယုံပါတယ်၊ မတွေ့ရလို့ လွမ်းတာပဲရှိတယ်၊ ယုံကြည်ထားလို့လည်း ကဲ ... ကြိုက်သလောက် စောင့်ကြည့်စမ်းသပ်ပါလို့ ကျွန်တော် သဘောတူပေးလိုက်တာပါ”

ဩော် ... အချစ်စစ်မှ ဟုတ်ရဲ့လား စမ်းသပ်ခံရတဲ့ ဘဝ။ ရင်ထဲနင့်ကာ ဝမ်းတော့နည်းမိပါသည်။ သို့သော်လည်း ကိုရွှေဘုန်းရဲ့ လူကြီး သူမတွေဟာ အစွန်းရောက်တွေ ဆိုတာ အရင်ကတည်းက သိပြီးသားမို့ ဗွေယူမနေချင်တော့ပါပေ။

“ကိုကျော်စွာ ဆိုတာလည်း ကြီးကြီးဆိုင်က လက်ထောက်မန်နေဂျာပါ၊ ဟိုဘက်ခြံကို ကိုကျော်စွာ ဝယ်တယ်ဆိုတာလည်း တကယ်တော့ ကျွန်တော်ပဲ ဝယ်တာ၊ အန်ကယ် အလုပ်လုပ်လို့လည်း ပိုအဆင်ပြေအောင်၊ ကိုကျော်စွာ လာစရာအကြောင်းလဲ ရှိအောင်ပါ။ ဒါ လူကြီးတွေ အစီအစဉ်တွေပဲလေ၊ ကိုကျော်စွာကို သူဌေးတစ်ယောက်အဖြစ် အညွန့်အနီးကိုလွှတ်၊ ကျွန်တော် အိမ်မှာ အတိုက်အခံ ရန်ပွဲတွေ ဘယ်လို ဖြစ်ရတာ ကိုကျော်စွာ အသိဆုံးပါ။ သူလည်း စိတ်





ညစ်ညစ်နဲ့ လုပ်ရတာ၊ နောက်ဆုံးတော့ သုံးလပဲလေ သုံးလပြည့်ရင် ဒါတွေ ပြီးပါပြီဆိုပြီး ကျွန်တော့် စိတ်တွေကို ချိုးနှိမ်ပြီး ဖိနှိပ်ပြီး အလုပ်ပဲ ဖိလုပ်နေခဲ့တယ်၊ အခုပဲ သုံးလပြည့်ဖို့ သုံးရက်ပဲ လိုတာ၊ ကျွန်တော် ခုနက ဝရံတာပေါ်က ဆင်းလာပြီး အညွန့်ဆီ လာမယ်အလုပ် သုံးလမပြည့်သေးဘူး ဆိုပြီး အိမ်ထဲမှာ ရန်ဖြစ်နေရတာ၊ အဲဒီတုန်း ဒေါ်လေး လွှတ်လိုက်လို့ မိပုက ထွက်သွားတာ”

“သမီးရယ် ... ကြီးကြီးတို့ကလည်း ဒီသား ဒီတူလေး တစ်ယောက်ကို ခံတွင်းထဲ ငုံထားလို့ရရင် ငုံထားချင်အောင် ချစ်မိကြတာ၊ သူ့အတွက်ဆိုရင် သည်းသည်းလှုပ် အလေးအနက်တွေချည်းပဲ အရာတိုင်းကို မြှုမှုမိတယ်၊ ခုလည်း သမီးလေးကို ခံစားရစေချင်စိတ် မပါပါဘူး၊ သူ့အတွက် သစ္စာရှိရှိ သူ့ကို ချစ်တဲ့ သတို့သမီးလေး ရစေချင်လို့ပါ၊ စေတနာ ဆန္ဒဇောတွေပါ ...

ကြီးကြီးတို့စိတ်ထဲ သမီး ဒီလောက် ခံစားရလိမ့်မယ်လို့လဲ မထင်ရိုးအမှန်ပါ၊ ခုတော့ သူကလည်း အိမ်မှာ တစ်နေ့တစ်နေ့ ယေကတ်မှုန်ကုပ်ပြီး စိတ်ချမ်းသာတယ်လို့ကို မရှိ၊ သမီးမလည်း ခံစားရရှာ၊ ခုလိုမြင်ရတော့ ကြီးကြီး ရင်ထဲ မကောင်းပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက မျက်ရည်လည်လာပါသည်။

"အားလုံး ပြီးပါပြီ၊ ဒီအဖြစ်အပျက်တွေထဲမှာ သမီး နာကျင်ခဲ့ရ၊ ခံစားခဲ့ရတာတွေ အားလုံး မေ့ပစ်လိုက်ပါတော့နော်၊ တကယ်တော့ ကြီးကြီးတို့လည်း သူ စိတ်ချမ်းသာတာကိုပဲ မြင်လိုတာပါ၊ မောင်ကျော်စွာကို ခုလို လွှတ်ရတာအတွက်လည်း နားလည်ပေးပါ၊ စော်ကားမော်ကား သဘောတွေ မပါပါဘူး၊ ငါ့သမီးရဲ့ အချစ်ကို ယုံကြည်စိတ်ချချင်တာပဲ ရှိပါတယ်ကွယ်"

အညွန့်သည် ကိုကျော်စွာကို လှမ်းကြည့်မိပါသည်။ ခုတော့ ရည်းစားစကားကို ပြီးပြီးရော အမြန်ဆုံးပြော၊ ငြင်းလိုက်မှ စိတ်အေး အမောပြေသွားပုံရသေးတဲ့ ကိုကျော်စွာပုံစံကိုလည်း ဘာကြောင့်မှန်း သဘောပေါက်ရပြီ။

"ကျွန်တော် ပြောတယ်လေ အညွန့်ကို၊ ဒီနေ့ မသွားပါနဲ့ဦး၊ လကုန်မှ သွားပါလို့၊ လကုန်ရင် သုံးလစေ့ပြီ၊ လကုန်တဲ့ရက် ညဆိုရင်ပဲ အစ်ကိုလေး ကဆုန်ပေါက် ပြေးချလာတော့မှာ ကျွန်တော် သိပြီးသား၊ ဒါကြောင့် အပင်ပန်းခံပြီး သွားမနေပါနဲ့တော့လို့ တားတာပါ၊ အညွန့်ကလည်း ခုဆိုခုကိုး"





တကယ်တော့ ခွင့်မလွှတ်ချင်သည့်ဘက်က တွေးလျှင် ကိုယ် မသိရဘဲ ကိုယ့်ကို စမ်းသပ်စောင့်ကြည့် ခံနေရတဲ့ အဖြစ်ဟာ ခံပြင်းချင်စရာ ကောင်းနေပါသည်။ ဒါပေမဲ့လည်း အားလုံး ရှင်းလင်းသိရှိချိန်မှာ ပျော်ရွှင်စိတ်ချမ်းသာသွားတဲ့ ရင်ထဲက ငြိမ်းအေးချမ်းသာမှုကို ဒီခံပြင်းမှုတွေက တိုးမပေါက်သာတော့ပါ။

အညွန့် သက်ပြင်းလေးတစ်ချက် ချလိုက်ပါသည်။

"ကျွန်တော် အလုပ်ပဲ ဖိလုပ်နေတယ်၊ ကျွန်တော် ကုန်တိုက်တစ်ခုဖွင့်ဖို့ လုပ်ထားတယ် အညွန့်၊ သုံးလပြည့်တဲ့နေ့မှာ ဒီကုန်တိုက်ဖွင့်ပွဲ လုပ်နိုင်အောင် ကမန်းကတန်း ပြင်ဆင်စီစဉ်ရတယ်၊ အဆောက်အအုံက အသင့်မို့ ခုဆိုရင် အားလုံး စီစဉ်ပြီး ဝန်ထမ်းတွေပါ ခန့်ပြီးနေပြီ။ နောက်သုံးရက်မှာ ဖွင့်ပွဲလုပ်မှာ၊ အဲဒီဖွင့်ပွဲနေ့မှာ အညွန့်ကို လာခေါ်ပြီး ကုန်တိုက်ဖွင့်လှစ်ပေးခိုင်းမလို့ပါ၊ ကုန်တိုက်ကိုလည်း 'ညွန့်ကုန်တိုက်"လို့ပဲ ရိုးရိုးလေး နာမည်မှည့်ပြီးသား"

အညွန့် မျက်နှာကလေး ပြုံးလာရပါသည်။

"အန်ကယ်နဲ့ ဒေါ်ဒေါ်ကိုလည်း ကျွန်တော့်ဘက်က မှားယွင်းတာများရှိရင် တောင်းပန်ပါတယ်၊ အန်ကယ့်ရှေ့မှာ ခုလို သက်ာတွေ ရှင်းရပြုရ ပြောဆိုနေရတာလည်း အားနာပါတယ်၊ **ခွင့်လွှတ်ပါ အန်ကယ်**"

www.burmeseclassic.com



"မလိုပါဘူးကွာ၊ မင်းက လှငယ်ထဲမှာ ငါ လေးစားပြီး သားလှငယ်တစ်ယောက်ပါ၊ မင်းကို ကျေးဇူးတင်စရာလည်း ထို့မိသားစုမှာ တစ်ပုံတစ်ပင်ပါ၊ အားလုံး ကျေကျေနပ်နပ် အေးအေးချမ်းချမ်း ဖြစ်သွားရင် ဝမ်းသာရမှာပေါ့"

အညွန့်က ဝမ်းနည်းဝမ်းသာနှင့် နားထင်တစ်ဖက် လိမ့်ဆင်းလာသော မျက်ရည်ဥလေးကို တို့သုတ်လိုက်ပါသည်။ ရွှေဘုန်းလက်ျာက အညွန့်နား,နား တိုးကပ်ကာ ...

"ငိုစရာမရှိတော့ဘူးနော် အညွန့်၊ အညွန့် မျက်ရည်မကျနဲ့တော့၊ ဒီလဆန်းမှာ ကုန်တိုက်ဖွင့်မယ်၊ နောက်လကျရင် ကျွန်တော်တို့ လက်ထပ်ကြတော့မယ်နော်၊ ဟိုးညက ကတိုက်ကရိုက် ပြောလိုက်ရ၊ ကြားလိုက်ရတဲ့ စကားလေး ပြန်ကြားပါရစေဦး၊ တစ်ခွန်းလောက် ပြန်ပြောပါဦးနော်"

အညွန့်သည် မျက်စိလေး မှေးမှိတ်ကာ တိုးတိတ်စွာ ...

"ကိုရွှေဘုန်းကို အညွန့် သိပ်ချစ်ပါတယ်၊ အားလည်းကိုးပါတယ်၊ ကိုရွှေဘုန်းနဲ့ ကွဲကွာနေရတဲ့အချိန်တွေ နောက်ထပ် တစ်သက်လုံး ထပ်မကြုံပါရစေနဲ့ ... လို့"

ထင်းမိုမို

စေတနာစာပေ

BURMESE CLASSIC

www.burmeseclassic.com